# အမှာစာ

ဤ “အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ ” မည်သောကျမ်းသည် ကျွန်တော်၏ရောင်းရင်းကိုစိုးလွင်(ငြိမ်းချမ်းလျှပ်စစ်)က ရေး သားပြုစုသေ ကျမ်းဖြစ်ပါသည်။ ကိုစိုးလွင်သည် အရဗီစာပေသာမက အရဗီစကားကိုလည်း ကျွမ်းကျင်စွာတတ်မြောက်သောမြန်မာပြည်ဖွားပညာရှင်တစ်ဦး ဖြစ်သည်။ ဤကျမ်းသည် သူ၏ အရဗီကိုကျွမ်းကျင်မှုအပေါ်မှာပေါ်ထွန်းလာ ခြင်းဖြစ်သည်။ အချို့သည် အရဗီသဒ္ဒါကို တတ်သည်။ အချို့သည်အရဗီစာ ရေးတတ်၊ ဖတ်တတ်သည်။ သို့ရာတွင် အခြားအရဗီစကားပြောသူ၏ စကားကိုလိုက်မမှီပဲ အချိုးတစ်ဝက်သာခံစားရခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အလ်အဇ်ဟရ်တက္ကသိုလ်သည် မွတ်စလင်မ်ကမ္ဘာသာမက ကမ္ဘာတစ်ဝှမ်းရှိ တက္ကသိုလ်များတွင် အဟောင်းနွမ်းဆုံးတက္ကသိုလ်တစ်ခုအဖြစ်တည်ရှိရုံမက ကမ္ဘာပေါ်ရှိမည်သည့်တက္ကသိုလ်ကိုမဆို ဆက်လက်ပြီး ဘွဲ့လွန်ပညာသင်ယူပို့ချခွင့်ရရှိသော အစ္စလာမ့်ဘာသာရေးဆိုင်ရာ တက္ကသိုလ်တစ်ခု အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တည်ရှိနေသည်။ ဖါသိမီယာမင်းဆက်ကာလ တည် ထောင်စဉ်ကစ၍ ယနေ့အထိ ကမ္ဘာအဝှမ်းရှိ မည်သည့်အစိတ်အပိုင်းတွင် နေထိုင်သူဖြစ်စေ၊ အစ္စလာမ်ရေးရာနှင့်စပ်လျဉ်းသော ဘာသာရပ် အလုံးစုံကို အထူးပြု လေ့လာ၍ ရရှိနိုင်ပါသည်။ အစ္စလာမ့်သမိုင်း၊ အစ္စလာမ့်စီးပွားရေး၊ အစ္စလာမ့်နိုင်ငံရေးရာ၊ အစ္စလာမ့်အုပ်ချုပ်ရေးစနစ်၊ အစ္စလာမ့်လူမှုဆက်ဆံရေး စသည်ဖြင့်မျက်မှောက်တိုင်ကြုံတွေ့ရသော ပြဿနာရပ်များကို ကျမ်းတော်မြတ်ကုရ်အာန်နှင့်တမန်တော်မြတ်၏ ဟဒီဆ်သြဝါဒတို့၏ ကိုးကားချက်ဖြင့် ပို့ချသည်။ စင်စစ်အားဖြင့် အဇ်ဟရ်အာလင်မ်တို့သည် မွဂ်ျသဟိဒ်များဖြစ်ပြီး၊ ကိုယ်တိုင်ကိုယ်ကျအိဂ်ျသိဟာဒ်ဆုံးဖြတ်ချက်များကို ချမှတ်ပြသနိုင်စွမ်းရှိကြသည်။

ဖိကဟ်ဓမ္မသတ်များကို ပို့ချရာတွင်၊ ဟနဖီ၊ ရှာဖီအီ၊ ဟန်ဗလီ၊ မာလကီဖိကဟ်ဓမ္မသတ်များသာမက ရှိအာ တို့၏ ဂျာဖရီယဟ်ဖိကဟ်များကိုလည်း ပို့ချသည်။ ဤကျောင်းထွက် ဘွဲ့ရအာလင်မ်များသည် ဒါဝသ်ပြုလုပ်ငန်းကိုဆောင်ရွက်ရာတွင် သဘောထားကြီးသည်။ အီဂျစ်ပြည်သား အာလင်မ်အများစုသည် ရှာဖီအီကျောင်းတော်ဝါဒီများ ဖြစ်ကြသောလည်း၊ သူတို့ရောက်လေရာ ဒေသတွင်ဒေသနှင့်အံဝင်ဂွင်ကျသော ဓမ္မသတ်ကို ကျင့်သုံးလေ့ရှိကြသည်။ ဥပမာအားဖြင့်အလ်-အဇ်ဟရ်အာလင်မ်တို့သည် အမေရိကန်ပြည်ထောင်စုတွင် အစ္စလာမ့်ရေးရာကိုကျင့်သုံးရာတွင် ဟနဖီဖိကဟ်ကို အသုံးပြု၏။ အကြောင်းမူကား၊ အိမာမ်အဗူဟနီဖာသခင်သည် “အဲဟ်လေ့ရာအီ” ဖြစ်သည်။ တစ်နည်းအားဖြင့် ကိယာဆ်ဟုခေါ်သည့် ဆင်ခြင်တုံတရားကို အထူးပြုသည်။ အမေရိကန်ပြည်ထောင်စု၏ လူနေမှုစနစ်နှင့် အံဝင်ဂွင်ကျသောဖိကဟ်ဓမ္မသတ်ကို လေ့လာကြည့်သောအခါ အလ်အဇ်ဟရ် အာလင်မ်များသည် ဟနဖီ ဖိကဟ်ကိုတွေ့ရှိခဲ့သည်။သူတို့သည် သူတို့၏ ပင်ကိုယ်လက်ခံကျင့်သုံးနေသော ရှာဖီအီဖိကဟ်ကို အတင်းအဓမ္မထိုးမပေးချေ။ ဤသည်ကပင်လျှင် အလ်အဇ်ဟရ်တက္ကသိုလ်ကြီး၏ ကြီးမားလှသော သဘောထား ထားရှိအောင်သွန်သင်ပေးသော စွမ်းဆောင်ချက်ပင် ဖြစ်သည်။

၂၀ ရာစုကုန်ဆုံးချိန် နှစ် ၂၀ အလိုမှစ၍ အလ်အဇ်ဟရ်တက္ကသိုလ်သည်ကမ္ဘာအဝှမ်းရှိအာလင်မ်များကို ခေါ်ကာ တက္ကသိုလ်ရှိ ရှေခ်ပါမောက္ခဆရာကြီးများဖြင့် မွမ်းမံသင်တန်းကို ပို့ချခဲ့သည်။ ဤသင်တန်းသို့ မြန်မာနိုင်ငံမှ အာလင်မ်များသည်လည်း တက်ရောက်ခဲ့ရာ အများအားဖြင့် တက်ရောက်သူတို့သည် အရဗီစာပေနှင့်စကား မကျွမ်းကျင်မှုကြောင့် ကိုင်ရိုမြို့ကိုလည်ပတ်ပြီး ပြန်လာခဲ့ရသည်ကများ၏။ ဤကျမ်းပြုသူ ကိုစိုးလွင်(ငြိမ်းချမ်းလျှပ်စစ်)နှင့်အာလင်မ်အချို့သာလျှင် ယင်းကျောင်း၏ ပို့ချချက်များကို သေချာကျနစွာ ဆည်းပူးကာ အမိမြန်မာနိုင်ငံသို့ပြန်လာနိုင်ခဲ့ဖြစ်သည်။

ဤမွမ်းမံသင်တန်းတွင် ကျောင်းတော်ကြီး၏ ပါမောက္ခချုပ်နှင့် မဟာ ဌာနမှူးပါမောက္ခများသည် သင်တန်းသားများနှင့် တွေ့ဆုံကာ မေးမြန်းစရာများ၊ကို ပွင့်လင်းစွာမေးမြန်းဆွေးနွေး စေခဲ့သည်။ ကမ္ဘာအဝှမ်းမှ လာရောက်သောအရဗီစာတတ်ပညာရှင်များသည်။ သူတို့နားမလည်သော အကြောင်းများ၊ သို့လော သို့လောဖြစ်နေရသော ဓမ္မသတ်ဆိုင်ရာ အချက်အလက်များကို မေးမြန်းလာရာတွင် ဆရာကြီးရှေခ်များအနေဖြင့် ချက်ချင်းပင် ကျမ်းကိုးကားများဖြင့် ပြန်လည် ဖြေကြသည်ကို အံ့သြစွာတွေ့မြင်ခဲ့ရသည်။ ကိုစိုးလွင်သည် အရဗီစာပေကိုကျွမ်းကျင်စွာ ရေးဖတ်နာလည်းသည့်အတွက် ဤဆွေးနွေးချက်များကို ကျေညက်စွာ သိမြင်ခွင့်ရရုံမက ဤကျမ်းအားဖြင့် ပြန်လည်၍အများပညာတတ်မွတ်စလင်မ်တို့ နားလည်သိမြင်နိုင်စေဖို့ ဖြန့်ဝေနိုင်ရန် ကျမ်းပြုစုခြင်း ဖြစ် ပါသည်။

ဤကျမ်းတွင် ဖေါ်ပြချက်များသည် ကျွန်ုပ်တို့အတွက် အသိတရားပွားများဖို့ **Feeding** အစာကျွေးခြင်း သဘောဖြစ်ပါသည်။ ဤကြီးမားလှသောစွမ်းဆောင်ချက်များအရ အစာမကျေခဲ့လျှင်၊ စာဖတ်သူအနေဖြင့် အစာမကျေ၊ အစာအိမ်ရောဂါသာဖြစ်တန်ရာ၏။ ယနေ့ခေတ်ကာလတွင် ကမ္ဘာကြီးသည် ကျေးရွာသာသာဖြစ်လာရုံမက **IT (Information**

**Technology)** အရ အခြေခံသော အသိတရားဗဟုသုတပိုမို မြန်ဆန်စွာ သိမြင်လာရသည်အချက်၊ အနာဂါတ်ခေတ်ကာလတွင် ကြုံတွေ့ရမည့် ဘာသာရေးဆိုင်ရာ အစာမကျေမှုများကို ကမ္ဘာ့မွတ်စလင်မ်ပညာရှင်များက အင်တာနက်မှနေ၍ ဖြေရှင်းအသိပေးလျက်ရှိရာ၊ မျှားမကြာမီသောကာလသည် အလိမ်အညာများ ကွက်ကွက်ကွင်းကွင်း ပျောက်ကွယ်သွားမည်ဖြစ်သည်။ ဤကျမ်းသည် ယင်း သို့လော သို့လော ဟူသော ဝဲဂယက်တွင် နစ်မြုပ် အချိန်ကုန်ခမ်းနေသော သူတို့အတွက် အလယ်အလတ် လမ်းကြောင်းမှ အပ အခြားနည်းလမ်း မရှိကြောင်း ရှင်းပြသည့် ကျမ်း ဖြစ်ကြောင်းကို ဖတ်ရှုခံစားမိပါကြောင်း တင်ပြမှတ်ချက်ချ လိုက်ရပါသည်။

ဂျာဝိဒ်သန်း
**BSc. (Chem)**

## بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝

## ကျမ်းဦးစကား

اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ۝ =ချီးကျူးထောမနာခြင်းအပေါင်းသည်စကြဝဠာအနန္တနှင့် ဝေနေယျ သက်ရှိသက်မဲ့အားလုံး တို့အား မရှိရာမှရှိရာသို့ဖန်ဆင်းပြုစုပျိုးထောင်ထိန်းသိမ်းစောင့်ရှောက်တော်မူသော အလ္လာဟ် အရှင်မြတ်အတွက်သာလျှင်ဖြစ်ပေသည်။

هُوَ اللّٰهُ اَحَدٌ اَللّٰهُ الصَّمَدُ = ထိုအရှင်မြတ်သည်သာလျှင်တစ်ပါး တည်းသောချို့တဲ့မှုအပေါင်းမှ စင်ကြယ်တော်မူသောအရှင်ဖြစ် ပေသည်။

اَلْحَمْدُ لِلّٰهِ ကျွန်တော်သည် ဤစာအုပ်ကိုရေးသားရန် ရည်ရွယ် ခဲ့သည်မှာ နှစ်အတန်ကြာ ကာလကပင်ဖြစ်ပေသည်။ သို့သော် အခွင့်အရေး မကြုံခဲ့ပါ။ အဘယ် ကြောင့်ဆိုသော် ကျွန်တော် တင်ပြမည့် အကြောင်းအရာသည် အစ္စလာမ့်သမိုင်းတစ်လျှောက် အစ္စလာမ့် ဓမ္မသတ်ဥပဒေများ ပြောင်းလဲလာပုံ အဆင့်ဆင့်ကိုတင်ပြ ထားသော အကြောင်းအရာဖြစ် ပေသည်။ ထိုကဲ့သို့ တင်ပြရာ၌ အစ္စလာမ့် သမိုင်းနှင့် ပတ်သက်သောရှု ထောင့်စုံမှရေးသားထားသည့် စာအုပ်များကိုဖတ်ရှုရသကဲ့သို့ အခြား တစ်ဖက်တွင်လည်းအစ္စလာမ့် ဓမ္မသတ်ဆိုင်ရာ ဖိကဟ်ကျမ်းများ၊ ဟဒီစ် ကျမ်းများကို အကျယ်ဖွင့် ဆိုချက်ကျမ်းများကို လေ့လာဖတ်ရှု ရပေသည်။ ထိုကဲ့သို့ လေ့လာဆည်းပူးရန်နှင့် ရေးသားရန်အတွက် အဓိက လိုအပ် ချက်မှာ အချိန်နှင့်လိုအပ်သော စာအုပ်များဖြစ်ပေသည်။

အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်ဖြင့် နှစ်ထောင်ပြည့်နှစ် နောက်ပိုင်းလောက်မှ စတင်၍ ကျွန်တော်ရေးသားမည့် စာအုပ်အတွက် လိုအပ်ချက်စာအုပ်များနှင့် ဖတ်ရှုလေ့လာခွင့်ဆိုသော အချိန်ကို ထုတ်နိုင်ခဲ့လေသည်။ ကျွန်တော်သည် ဤစာအုပ်ကိုရေးသားရ ခြင်းနှင့်ပတ်သက်၍ မိမိကိုယ်မိမိ အထပ်ထပ် ပြန်လည်စမ်းစစ်မိသည်။ နောက်ဆုံးထွက်လာ သည့်အဖြေသည်ကား မှန်ကန်သောအကြောင်းအရာတစ်ခုကို တင်ပြရမည်မှာ မွတ်စလင်မ်တစ်ဦး၏ တာဝန်ဖြစ်သည်ဟူသော အချက်ပင် ဖြစ်သည်။

ထိုကဲ့သို့ မှန်ကန်သော အကြောင်းအရာတစ်ခုကိုတင်ပြရာ၌အကျိုး သက်ရောက်မှုအတိုင်းအတာသည်လည်း အခြေအနေနှင့်အချိန်အခါပေါ် တွင် မူတည်၍ အကျိုးဖြစ်ထွန်းနိုင်မည်ဟု ယုံကြည်ခဲ့ပါသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်တော်၏ဘိုးဘေး၊ မိဘများလက်ထက်မှကျွန်တော်တို့ ခပ်ရွယ်ရွယ် အချိန်အထိ ထိန်းသိမ်းလာခဲ့သော အစဉ်အလာတစ်ရပ်မှာ မိမိတို့၏ ရှေ့ဆောင်လူကြီးများ၏ ပြောဆိုသော စကားများကို အတတ်နိုင်ဆုံး နာခံကြသည်၊ လိုက်နာကျင့်သုံးကြသည်။ ထိုကဲ့သို့ လိုက်နာကျင့် သုံးရခြင်းများနှင့်ပတ်သက်၍ မရှင်းလင်းသောအချက်အလက်များကို ပြန်လည်မေးခွန်း ထုတ်ခြင်း၊ စောဒကတတ်ခြင်းများသည် ထိုခေတ် ထိုကာလ၏ လောကဝတ်အရ ရိုင်းစိုင်းသော အပြုအမူအဖြစ် ခံယူခဲ့ကြပေသည်။

ယနေ့ခေတ်ကာလ လူငယ်လူရွယ်များသည် ၄င်းတို့ခေတ်၊ ၄င်း တို့ပတ်ဝန်းကျင်၊ ၄င်းတို့လေ့လာဆည်းပူး ကြသည့်ကျောင်းများ၊ ပညာရပ်များ သည် လက်တွေ့ကျသည်။ မရှင်းလင်းသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးခွန်း ထုတ်ရာ၌ ရှုထောင့်စုံမှမေးကြသကဲ့သို့ ဖြေကြားပေးသော ဆရာ များကလည်း ရှုထောင့်စုံမှ အသေးစိတ်ကို ပြန်လည်ရှင်းပြသောစနစ်ကို ကျင့်သုံးကြလေသည်။ ထိုကဲ့သို့ ကျောင်းများ ပတ်ဝန်း ကျင်များမှ ကြီးပြင်းလာကြသော လူငယ်လူရွယ် များအနေဖြင့် အစ္စလာမ်သာသနာနှင့် ပတ်သက်၍ ၄င်းတို့ကိုယ်တိုင်ကလည်း လေ့လာလိုက်စား ကြသည်။ မရှင်းလင်းသော ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး လက်တွေ့ကျကျသိချင်သူများ ဖြစ်ကြပေသည်။ ထိုကဲ့သို့ လူငယ်လူရွယ်များနှင့် ယခင်ရှိရင်းစွဲအစဉ်အလာများကို ထိန်းသိမ်းလာခဲ့ကြသော ရှေ့ဆောင်လူကြီးများ၏ စပ်ကြားတွင်

မတူညီ သော ကွာဟချက်က မဟာတံတိုင်းကြီးသဖွယ် ခြားလျက်ရှိနေပေသည်။

ထိုကဲ့သို့သောကာလတွင် ပေါ်ထွက်လာသော ကျွန်တော်၏ စာအုပ်သည် ရှေးအစဉ်အလာကို ထိန်းသိမ်းကြသော မွတ်စလင်မ်များ အတွက် ရာနှုန်းပြည့်စိတ်ကြိုက်ဖြစ်နိုင်ချင်မှ ဖြစ်နိုင်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်တော်ကိုယ်တိုင်ကြီးပြင်းလာသော ပတ်ဝန်းကျင်သည် ရှေးအစဉ်အလာကို ထိန်းသိမ်းလွန်းသော ပတ်ဝန်းကျင်မှုဖြစ်သည်။ ကျွန် တော်၏စာအုပ် တွင်ပါဝင် သော မြောက်များစွာသော အကြောင်းအရာ များအနက်မှ အချက်တစ်ချက် နှင့်ပတ်သက်၍ တင်ပြပါမည်။ ထိုအချက် သည် ကျွန်တော်ကိုယ်တိုင် ကလေးဘဝမှ ၁၉၉၉ ခုနှစ်လောက်အထိ လိုက် နာကျင့်သုံးလာပါလျက် ထိုကဲ့သို့ လိုက်နာကျင့်သုံးရသည့် အကြောင်းရင်း နှင့်ပတ်သက်၍ တိကျသေချာသည့် အဖြေကိုမရရှိခဲ့ပေ။ အလ္လာဟ်အရှင် မြတ်၏ကျေးဇူးတော်ကြောင့် ၁၉၉၉ ခုနှစ်တွင် ကိုင်ရိုမြို့ရှိ အလ်အဇ်ဟရ် အစ္စလာမ့်တက္ကသိုလ်ကြီးတွင် သုံးလသင်တန်းတက်ခွင့်ရခဲ့သည်။ ထိုအချိန်တွင် သင်တန်းဆရာများဖြစ်ကြသော ဘာသာရပ်ဆိုင်ရာ ပါမောက္ခများက ၎င်းတို့သင်ကြားပို့ချချက်များနှင့်စပ်လျဉ်းပြီး မေးခွန်းများမေးရန် တက်ရောက် လာကြသော သင်တန်းသားများကို ဖိတ်ခေါ် ခဲ့ပါသည်။

ကျွန်တော်သည် ငယ်စဉ်ကလေးဘဝမှလိုက်နာကျင့်သုံးခဲ့ပြီး ထိုကဲ့သို့ လိုက်နာကျင့်သုံးခဲ့ရ သည့် အကြောင်း ရင်းကို မသိခဲ့သော "ယောကျ်ားကလေးများ ခြေမျက်စေ့အထိဝတ်စားဆင်ယင်ခြင်းကို အစ္စလာမ်တရားတော်က မည်သည့် အတွက်ကြောင့် ဟရာမ်ဟူ၍ တားမြစ်ခဲ့ပါသနည်း"ဟူသော အချက်ကို မေးခဲ့သည်။ ထိုမေးခွန်းကို ဖြေဆိုသောဆရာအပါအဝင် အခြားနိုင်ငံများမှ တက်ရောက်သော သင်တန်းသားများအနေဖြင့် မေးစရာမဟုတ်သောမေးခွန်းကို မေးသည်ဟုပင် ထင်မြင်ယူဆကြလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ကိစ္စရပ်များနှင့်ပတ်သက်သော ဟဒီဆ်များသည် ဟစ်ဂျရီ ၂၅၆ ခုနှစ်လောက်က စတင်ပေါ်ပေါက်ပြီး ထိုကျမ်းပါ ဟဒီဆ်များကို အကျယ်တဝင့် ရှင်းလင်းထားသော ရှင်းလင်းချက် ကျမ်းများသည်လည်း ဟစ်ဂျရီ ၇၀၀ ခုနှစ်လောက်ကထဲက ရှိပြီးဖြစ်ကြောင်းကို ပဏာမရှင်းပြသည်။ ဖေါ်ပြပါ ခြေမျက်စေ့အုပ်သည့်
အထိ ဝတ်စားဆင်ယင်ခြင်းနှင့် အခြားအခြားသော ကိစ္စရပ်အတော် များများကို ဗုခါရီကျမ်းပါ ဟဒီဆ်များ၊ ထိုကျမ်းကို အကျယ်ဖွင့်ဆိုထား သော အစ်ဗနေဟဂျရ်၏ ဖသဟွလ်ဗာရီကျမ်း၊ မွတ်စလင်မ်ကျမ်းပါ ဟဒီဆ် များနှင့် ထိုကျမ်းကိုအကျယ်ဖွင့်ဆိုသော အီမာမ်နဝါဝီ၏ ဖွင့်ဆို ချက်များကို မူရင်းကျမ်းဖွင့်ဆိုချက်ကျမ်း၊ ကဏ္ဍ၊ စာမျက်နှာ၊ ဟဒီဆ်အမှတ်၊ သုံးသပ် ချက် အမှတ်များအားဖြင့် ရှင်းလင်းထားသော ဒေါက်တာယူဆွဖ် ကရ် ဒွါဝီ ၏ "တမန်တော်မြတ်၏ စွန္နတ်များဖြင့် ဘဝတည်ဆောက်ကြစို့" ဆိုသောအရဗီမူရင်းကျမ်းကို ကျွန်တော်အပါအဝင် တက်ရောက် လာကြ သော သင်တန်းသားအားလုံးကို တစ်အုပ် စီလက်ဆောင်အဖြစ် ပေး ခဲ့သည်။

အထက်ပါကျမ်းတွင် ရှင်းလင်းထားသော အကြောင်းအရာများအနက် ကျွန်တော်တို့၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများအတွင်းရှိ မွတ်စ လင်မ် များအတွက် သိသင့်သိထိုက်သောအကြောင်းအရာ၊ အချက်အလက်များကို ရွေးချယ်၍ မြန်မာစာပေဖြင့် ဘာသာပြန်ဆိုခဲ့သည်။ ထိုစာအုပ်မှ ဘာသာပြန်ဆိုခဲ့သော အကြောင်းအရာများကို ကျွန်တော်၏စာအုပ်တွင်သီးခြားကဏ္ဍတစ်ခုအဖြစ် ဖေါ်ပြထား ပါသည်။ ကျွန်တော်အထက်က ဆိုခဲ့သည့်အတိုင်း ထိုစာအုပ်သည် အခြေအနေနှင့်အချိန်အခါပေါ်တွင် မူတည်၍ အကျိုးသက်ရောက်မှုအတိုင်းအတာသည် ယနေ့ခေတ်လူငယ်များအတွက် ကျမ်းမြတ်ကုရ်အာန်၊ ဟဒီဆ် များ၊ ဖိကဟ်များ၊ ဟဒီဆ်စုဆောင်းခဲ့သူများ၊ ဟဒီဆ်များကို အကျယ် ဖွင့်ဆိုသူများ၊ တမန်တော်မြတ်(ﷺ)နှင့် ဆွဟာဗာများ၊ သာဗိအီန်များ၊ ခေတ်ရှရီအာဓမ္မသတ်များ၊ ခလီဖဟ်အမည်ခံ သက်ဦးဆံပိုင် အုမိုင်ယဟ်မင်း ဆက်များနှင့် အဗ္ဗာဆီယဟ်မင်းဆက်များခေတ် ဓမ္မသတ် ဉပဒေများ၊ ထိုမင်းဆက်များနှင့် ခေတ်ပြိုင်အီမာမ်ကြီးများ အကြောင်းများအပြင် ပါရှင်းအင်ပါယာ၊ မဂိုအင်ပါယာ၊ အော်တိုမန်အင်ပါယာများ၊ ခေတ် ရှရီအာ ဓမ္မသတ်များ ပြုပြင်ပြောင်းလဲလာပုံများကို လက်လှမ်းမှီသရွေ့အတတ်နိုင်ဆုံး
တင်ပြထားသော စာအုပ်ဖြစ်ပေသည်။

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

ထိုစာအုပ်တစ်အုပ်တည်းကို ဖတ်ရုံဖြင့် စာအုပ်ပေါင်းများစွာကိုဖတ်ရှုလေ့လာရဘိသကဲ့သို့ အထက်ဖေါ်ပြပါ အကြောင်းအရာများနှင့်စပ်လျဉ်း ပြီး ပေါ်ပေါက်လာပုံသမိုင်းခုနှစ်များဖြင့် ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုး ပြထားပါသည်။ ကျွန်တော်၏စာအုပ်နှင့် ဆက်စပ်မှုရှိသော အကြောင်း အရာများဖြစ်သည့် အစ္စလာမ်ဓမ္မဗိမာန် နှစ်သုံးဆယ် အထူးထုတ်မဂ္ဂဇင်းမှ (ကွယ်လွန်သူ) သီရိ ဦးနူရ်ကိုလေး ၏ "ကာဖိရ်ဖသ်ဝါ၏ အနိဋ္ဌာရုံစစ်တမ်း" တက္ကသိုလ်မောင်မောင်သန်း(ခ)ဂျာဝိဒ်သန်း၏"ဆာရ်ဆက်ယဒ်၏ ကြီးမားလှသော စွန့်လွှတ် စွန့်စား ပြုချက်များ" ဆောင်းပါးများမှ အချို့အပိုဒ် များကိုကူးယူဖေါ်ပြခဲ့ပြီး၊ ဆရာဦးမြတ်သူ၏ "သမိုင်းစာမျက်နှာပေါ်မှသင်ခန်းစာ များ " ဆောင်းပါးကို အစမှအဆုံးတိုင် ပြန်လည်ဖေါ်ပြခဲ့သည်။ ဖေါ်ပြပါ ဆောင်းပါးများနှင့်စပ်လျဉ်း၍ ဆောင်းပါးရှင်များထံ ကြိုတင် ခွင့်ပြုချက်မတောင်းခံပဲ ဖေါ်ပြခဲ့သည်ကို ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံအပ်ပါ သည်။

## အထူးကျေးဇူးတင်လွှာ

အရဗီစာပေနှင့်စပ်လျဉ်း၍ လက်ဦးဆရာများဖြစ်ကြသော၊ ဆရာ ဦးမြတ်သူ MSc. ဆရာ ဘီလာလ်ရန်နိုင် B.A., LLB. တို့သည် အရဗီ စာပေကို သင်ကြားပေးရာ၌ မိမိတို့ သိရှိထားသမျှ ဆရာစားမချန်အိပ် သွန်ဖာမှောက်သင်ကြားပေးခဲ့ပါသည်။ အခြားတစ်ဖက်တွင်လည်း ၎င်းတို့ တက်ရောက်လျက်ရှိသော ဆရာဃာဇီ၏ ကျမ်းမြတ်ကုရ်အာန်နှင့် ဗူခါရီ ကျမ်း ဖွင့်ဆိုချက်သင်တန်းသို့တက်ရောက်စေခဲ့ပါသည်။ ထိုသင်တန်း မှ တစ်ဆင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိအလ်အဇ်ဟရ်အစ္စလာမ့်တက္ကသိုလ်တွင် သုံးလသင်တန်းတက်ခွင့်ရရှိခြင်း၊ ကျမ်းမြတ် ကုရ်အာန်၊ ဟဒီဆ်ကျမ်းများ၊ ဖိကဟ် ကျမ်းများ၊ ဖွင့်ဆိုချက်ကျမ်းများကိုအရဗီ စာပေဖြင့် လေ့လာ လိုက် စားနိုင်မှုများသည် ၎င်းတို့၏ကျေးဇူးကြောင့်ဖြစ်ကြောင်း၊ မှတ်တမ်းတင် အပ် ပါသည်။

ဤစာအုပ်ပေါ်ပေါက်လာရေးအတွက် လိုအပ်သောစာအုပ်များကိုနိုင်ငံရပ်ခြားရှိမိတ်ဆွေများထံမှ တစ်ဆင့်မှာယူပေးခဲ့သော **USMAN MADHA (CALIFORNIA)** ဗလီဂေါပကဥက္ကဋ္ဌအားလည်းကောင်း၊ အခြား လိုအပ်သောစာအုပ်များကို အင်တာနက်မှ မှာယူပေးခြင်း၊ ရေးထားသော စာအုပ်စာမူများကိုစာဖတ်ပရိသတ်များ၏ ရှုထောင့်မှဖတ်၍ ဝေဖန် ပေးခဲ့သော သားသမက် မောင်ရန်နိုင် **BSc., Geology .,Hon,MCSC** အားလည်းကောင်း အထူးကျေးဇူးတင်အပ်ပါသည်။

ဤစာအုပ်တွင် ကဏ္ဍတစ်ခုအဖြစ် သီးခြားဖေါ်ပြထားသော ဟဒီဆ်များဆိုင်ရာ၊ အထောက်အကူပြု ပညာရပ်များနှင့် ဒေါက်တာ ယူဆွဖ်ကရ်ဒ္ဓါဝီ၏"တမန်တော်မြတ်၏ စွန္နဟ်များဖြင့် ဘဝတည်ဆောက်ကြစို့" ဟူသော အရဗီမူရင်းကျမ်းကို မြန်မာဘာသာဖြင့် ပြန်ဆိုရာ၌ စိတ်ရော ကိုယ်ပါ ဝိုင်းဝန်းကူညီပေးခဲ့သော ဒေါက်တာမော်လဝီဆောင်းလွင်အောင် အားလည်းကောင်း၊ ဤစာအုပ်ထုတ်ဝေ နိုင်ရေးနှင့် မြန်မာစာသားများကို တည်းဖြတ်ပေးသော ငယ်ကျွမ်းမိတ်ဆွေကြီး ဦးခင်ညွန့် **BSc.,** အားလည်း ကောင်း၊ အမှာစာများရေးပေးသော ဆရာ ဂျာဝိဒ်သန်းအား လည်း ကောင်း အထူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။ အရဗီစာပေ များကိုလေ့လာရာ၌လည်းကောင်း၊ သင်တန်းများကို တက်ရောက်ရာ၌လည်းကောင်း၊ စာအုပ်များကို ဖတ်ရှုလေ့ လာရာ၌ လည်း ကောင်း၊ မိမိတတ်နိုင်သည့်ဖက်မှ ဘာသာရေးဆိုင်ရာ၊ ဟောပြောပို့ချမှုဆိုင်ရာ၊ လုပ်ငန်း များ၌လည်းကောင်း၊ ဤစာအုပ်ပေါ်ပေါက်လာ ရေးအတွက် အထောက်အကူပြု စာအုပ်များကို ဖတ်ရှုလေ့လာရာ၌ လည်းကောင်း၊ ဤစာအုပ်ကို ရေးသားပြုစု ရာ၌ လည်းကောင်း၊ ကုန်လွန်ခဲ့သောအချိန်များကို မိမိ၏ ရပိုင်ခွင့်အချိန်များမှ ကြည်ဖြူစွာ ခွဲဝေပေးခြင်းအားဖြင့် ပါရမီဖြည့်ပေးခဲ့သော ကျွန်တော်၏ချစ်ဇနီးအား အထူးကျေးဇူး ဥပကာတင်ရှိပါကြောင်းကိုလည်း မှတ်တမ်းတင်အပ်ပါသည်။

**ဦးစိုးလွင်**
**(ငြိမ်းချမ်းလျှပ်စစ်)**

www.QuranInBurmese.com



بسم الله الرحمن الرحيم

**الحمدللّه ربّ العالمين رضى لناالاِسلاَمِ ديناًو مُحَمَّدًا نَبِيًّاو هاديًاورسولاً ارسله بالحق الى النّاس كافةو بشيراً و نزيرا وداعيا الى اللّه باذنه وسراجا منيرا وانزلنا اليك الذكر لِتبين ما نزّل اليهم و لعلهم يتفكرون**

“ချီးကျူးထောမနာခြင်းအပေါင်းသည် စကြဝဠာအနန္တအား ပြုစုပျိုးထောင်တော်မူသော နိစ္စထာဝရအလ္လာဟ် အရှင်မြတ်အတွက်သာဖြစ် ပေ သည်။ ထိုအရှင်သည် အစ္စလာမ်သာသနာအား ကျွန်ုပ်တို့အတွက် “ ဒီန်” ဘဝ တည်ဆောက်မှု လမ်းစဉ်အဖြစ်နှစ်သက်သဘောတူခဲ့လေသည်။

ထိုအလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ်(ﷺ) အားနဗီ အဖြစ်လည်းကောင်း၊ လမ်းညွှန်သူအဖြစ်လည်းကောင်း၊ ရစူလ် အဖြစ်လည်း ကောင်း၊ နှိုးဆော်သူအဖြစ်လည်းကောင်း၊ အလင်းရောင်ပေးသော နေမင်း အဖြစ်လည်းကောင်း၊ အရှင်မြတ်ထံသို့ ဖိတ်ခေါ်သူ အဖြစ် လည်းကောင်း၊ လူသားတစ်ရပ်လုံးထံသို့ အမှန်တရားအတွက် ပြီးပြည့်စုံ သောလူသားအဖြစ် စေလွှတ်ခဲ့လေသည်။ ထိုတမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်ထံမှ စေလွှတ်ခြင်းခံရသော နဗီတမန်တော်များ၏ ဥသျှောင်၊ စကြဝဠာ အနန္တအတွက် မဟာကရုဏာရှင်အဖြစ် အထူးစေ လွှတ်ခံရသူဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် ၎င်း၏ **نعمة** စည်းစိမ်များအား လူသား တစ်ရပ်လုံးအတွက် ပြီးပြည့်စုံခဲ့လေသည်။ ထိုအရှင်သည်အစ္စလာမ် သာ သနာ ကို “ ဘဝ တည်ဆောက်မှုလမ်းစဉ် ” အဖြစ် အစဉ်တည်တန့်ခိုင်မြဲစေ ခဲ့လေသည်။ ထိုသာသနာတော်၏ လင်းရောင်ခြည်အား ဘယ်သောအခါမှငြိမ်းသတ်မည် မဟုတ်သကဲ့သို့ ထာဝရရှင်သန်လင်းဝင်းစေမည် ဖြစ်သည်။ ထိုအရှင်မြတ်၏ ဥပဒေများတွင် ချို့တဲ့မှုဟူ၍ စိုးစဉ်းမျှ အလျဉ်းမရှိခဲ့ပေ။ စကြဝဠာအတွင်းရှိ အရာခပ်သိမ်းတို့ကို ထိုအရှင်ကသာလျှင် ထိန်းသိမ်း စောင့်ရှောက်လျက် ရှိပေသည်။

ထိုအရှင်မြတ်သည် တမန်တော်မြတ်ထံသို့ ချပေးခဲ့သော ကျမ်းမြတ်ကုရ်အာန်နှင့် ထိုကျမ်းပါ အမိန့်ပညတ် ချက်များအပေါ် အသေးစိတ် လိုက်နာကျင့်သုံး၍ အကောင်အထည်ဖော်ပြခဲ့ သောတမန်တော်မြတ်၏ စွန္နဟ် ကျင့်စဉ်များသည်လည်း ကျမ်းမြတ်ကုရ်အာန်နှင့်အတူ ကိယာမသ် နေ့တိုင် အမြဲထာဝရ ရှင်သန်နေမည်ဖြစ်ပေသည်။

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅) အာယတ်တော်(၄၈)တွင်၊-

**وانزلنا اليك الكتب بالحق مصد قالمابين يديه من الكتب ومهيمنا عليه فاحكم بينهم بماانزل اللّه ولاَتتبع اهوآءهم عمّا جآءك من الحق ط لِكلّ جعلنا منكم شرعةوّمنهاجا ط**

“ ထို့အပြင် ငါအရှင်မြတ်သည် အသင်တမန်တော်ထံသို့ မှန်ကန် သောကျမ်းကို ထုတ်ပြန်ချမှတ်ပေးခဲ့လေသည်။ ယင်းကျမ်းသည် ယခင်ရှိ ခဲ့သောကျမ်းများကို ထောက်ခံလျက်ရှိ၏။ ထို့အပြင် ယင်းကျမ်းများကို လည်း ထိန်းသိမ်းလျက်ရှိ၏။ သို့ဖြစ်ပေရာ (အို-နဗီ) အသင်သည် ထိုသူတို့ စပ်ကြားဝယ် အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ပို့ချသော ကုရ်အာန်နှင့်အညီ တရားဆုံးဖြတ်ပါလေ။ ၎င်းအပြင် အသင်သည် မိမိထံရောက်ရှိလာသောမှန်ကန်သောကျမ်းကိုစွန့်၍ ၎င်းတို့၏အလိုဆန္ဒများကို မလိုက်လေနှင့်။ ငါအရှင်သည် **شرعة** ခေါ်ဥပဒေနှင့် **منهاج** ခေါ်နည်းဥပဒေကို အသင် တို့အနက် အသီးသီးတို့အဖို့ သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည် ”

ဖော်ပြပါအာယတ်တော်အရ တမန်တော်မြတ်ပင်လျှင် ကျမ်းမြတ် ကုရ်အာန်ဥပဒေနှင့် သာဆုံးဖြတ်ပိုင်ခွင့် ရှိပေသည်။ **شرعة** မှာကုရ် အာန် ဖြစ်ပြီး၊ **منهاج**မှာ ကုရ်အာန်ပါ ပညတ်ချက်များကို တမန်တော်မြတ် ကအသေးစိတ် အကောင်အထည် ဖော်ပြချက်ဖြစ် ပေသည်။ အစ္စလာမ် သာသနာ ဝင်မွတ် စလင်မ်များက

ကုရ်အာန်ပါဥပဒေများကို အသေးစိတ် အကောင် အထည် ဖေါ်ပြခဲ့သောတမန်တော်မြတ်၏ဆောင်ရွက်ချက်ကို စွန္နဟ်ဟု ခေါ်ဆိုကြသည်။ **سنّة النّبوى** ဆိုသည်မှာ တမန်တော်မြတ်၏ လုပ်ဆောင်ချက် သို့မဟုတ် ဆောင်ရွက်ချက် ဖြစ်သည်။

## ကျမ်းမြတ်ကုရ်အာန်ကပြောသောစွန္နဟ်

ကျမ်းမြတ်ကုရ်အာန်တွင် " စွန္နဟ် " ဆိုသောဝေါဟာရ(၁၃) ကြိမ်ပါဝင်ပေသည်။ ထို (၁၃)ကြိမ်စလုံးတွင် " စွန္န ဟ်" ၏အဓိပ္ပာယ်ကိုဥပဒေစည်းကမ်းဟူ၍ ဖွင့်ဆိုထားပါသည်။

**سنة الله فى الّذين خلوا من قبل ۚ ولن تجد لسنة للّهِ تبديلاً ○**

ဤသည် ရှေးအထက်ကျော်ကာလ၌ လွန်လေခဲ့ကြသောသူ တို့နှင့်ပတ်သက်၍ အလ္လာဟ် အရှင် မြတ်၏ ဥပဒေစည်းကမ်းပင်။ စင်စစ် အသင် သည် အလ္လာဟ်အရှင်မြတ်၏ ဥပဒေစည်းကမ်း၌ မည်သည့် ပြောင်းလဲမှုကို မျှ အသင်အလျဉ်း တွေ့ရလိမ့်မည်မဟုတ်။ (၃၃ း ၆၂) တွင်နှစ်ကြိမ်၊ စူရဟ် (၈ း ၃၈) တွင်တစ်ကြိမ်၊ (၁၅ း ၁၃) တွင်တစ်ကြိမ်(၁၇ း ၇၇) တွင်တစ်ကြိမ်၊ (၁၈ း ၅၅) တွင်တစ်ကြိမ်၊ (၃၃ း ၈၈) တွင်တစ်ကြိမ်၊(၃၅ း ၄၃) တွင်သုံးကြိမ်၊ (၄၀ း ၈၅) တွင်တစ်ကြိမ်၊ (၄၈ း ၂၃) တွင်နှစ်ကြိမ် ပါဝင်လေသည်။

ကျမ်းမြတ်ကုရ်အာန်သည် တမန်တော်မြတ်ထံသို့ (၂၃) နှစ်တိုင်ဆင့်ကဲဆင့်ကဲကျရောက်ခဲ့၏။ ထိုကျရောက် ခဲ့သော ဥပဒေများကို တမန် တော်မြတ်က အသေးစိတ်အကောင်အထည် ဖေါ်ပြခဲ့၏။ ထိုဖေါ်ပြချက်များကို စွန္နဟ် ဟုခေါ်သည်။ စွန္နဟ်ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်က ခင်းပေးသော လမ်းပေါ်သို့ တမန်တော်မြတ်က လျှောက်ပြခြင်းဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်နှင့်စွန္နဟ်ဆိုသည်မှာ ဒင်္ဂါးပြားတစ်စေ့၏ ခေါင်းနှင့်ပန်း ပမာဒွန်တွဲ၍ ရှိနေခဲ့သည်။ နောင် ကိယာမသ်နေ့တိုင်လည်း ရှိနေအုံးမည် ဖြစ်သည်။

*ကျမ်းမြတ်ကုရ်အာန်ပါ အချို့ဥပဒေများသည် တမန်တော်မြတ်၏ စွန္နဟ်မပါပဲ လိုက်နာကျင့်သုံး၍မရနိုင်ကြောင်း။ ဥပမာအဖြစ် တင်ပြရမည် ဆိုပါက၊- ကျမ်းမြတ်ကုရ်အာန် စူရဟ် (၁၇)၊ အာယတ် (၇၈) ၌၊

**اقم الصّلوٰة لدلوكِ الشّمس الٰى غسق الّيل وقراٰن الفجر ؕ انّ قراٰن الفجر كان مشهودا ○**

ဖေါ်ပြပါအာယတ်တွင် မွန်းလွဲချိန်ဇုဟွရ်ဆွလာသ်၊ ညနက်ပိုင်း အိရှာဆွလာသ်၊မိုးသောက်ယံ ဖဂျ်ရ်ဆွလာသ်ဝတ်ပြုရန်အမိန့်ပေးဝေါဟာရ ဖြင့် သုံးစွဲထားသည်။ အလားတူ စူရဟ်(၁၁) အာယတ်တော်(၁၁၄)တွင်၊-

**اقم الصّلوة طرفى النّهار وزلفا من الّيل**

နေ့၏အစွန်းနှစ်ဖက်ဆွလာသ်များကိုလည်းကောင်း၊ ညနှင့်နီးစပ်သော အစိတ်အပိုင်းဆွလာသ်ကို လည်းကောင်း၊ ဝတ်ပြုရန် မိန့် ဆိုထား သည်။ နေ့၏အစွန်းနှစ်ဖက်ဆိုသည်မှာ ဖဂျ်ရ်နှင့်အဆွရ် ဆွလာသ်ဖြစ်သည်။ ညနှင့်နီးစပ်သော ည၏အစိတ်အပိုင်းဆိုသည်မှာ မဂ်ရစ်ဗ်ဆွလာသ် ကိုဆိုလိုသည်။ စူရဟ်(၃၀) အာယတ်တော် (၁၈) တွင်၊-

"ဇုဟွရ်မွန်းလွဲချိန်နှင့် အိရှာအချိန်တွင် အလ္လာဟ် အရှင် မြတ်အားသတိရကြကုန်"

စူရဟ်(၂၀) အာယတ်တော် (၁၃၀) တွင်၊-

"အသင်၏မွေးမြူဖန်ဆင်းရှင်အား နေမထွက်ခင်အလျင်၌ လည်း ကောင်း၊ နေမဝင်ခင်အလျင်၌ လည်းကောင်း၊ ဖွင့်ဟချီးကျူးကြပါလေ" ဟု မိန့်ဆိုထားလေသည်။

ထိုအာယတ်တော်အားလုံးကို လေ့လာကြည့်မည်ဆိုလျှင် ဖဂျ်ရ်၊ ဇုဟွရ်၊ အဆွရ်၊ မဂ်ရစ်ဗ်၊ အိရှာဟူ၍ ဆွလာသ်ငါးကြိမ်စလုံး ဝတ်ပြုရန်အမိန့်ပေးဝေါဟာရများအားဖြင့် သုံးစွဲထားပြီး၊ ဆွလာသ်ဝတ်ပြုရန် နည်း လမ်းအသေးစိတ်ကိုမူ ကျမ်းမြတ်ကုရ်အာန်တွင် အသေးစိတ် ဖေါ်ပြထားခြင်းမရှိပေ။ ဖေါ်ပြပါဥပဒေများကို တမန်တော်မြတ်က အသေးစိတ်ဆောင်ရွက်ပြမှု "စွန္နဟ်" အပေါ်ကမ္ဘာတစ်ဝှမ်းရှိ ဗလီဝတ်ကျောင်းများ၊ အား လုံးသောမွတ်စလင်မ်များ ဆွလာသ်ငါးကြိမ်တူညီစွာ၊ ရကာသ်များ တူညီ စွာဝတ်ပြုနေကြခြင်းဖြစ်ပေသည်။

### အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ

*စွန္နဟ်ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်ကရေးသော ဇာတ်ညွှန်း ကို တမန်တော်မြတ်က သရုပ်ဆောင်သည့် သရုပ်ဆောင်ချက်ဖြစ်သည်။"စွန္နဟ်" ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်၏ အစိတ်အပိုင်းဖြစ်သည်။ စွန္နဟ်သည် ကျမ်းမြတ်ကုရ်အာန်နှင့်အတူ အမြဲထာဝရရှင်သန်နေမည်ဖြစ်သော တမန်တော်မြတ်၏ လုပ်ဆောင်ချက်ဖြစ်သည်။

## တမန်တော်မြတ် ပေးခဲ့သောလက်ဆောင်

**فاعقلوا ايها الناس قولى فاى قد بلّغت وقد تركت فيكم ماان اعتصمتم به فلن تضلوا ابدا امرا بينا كتاب اللّه وسنة رسوله**

အို-လူသားအပေါင်းတို့ ယခုတင်ပြမည့် ကျွန်ုပ်၏ မိန့်ခွန်း ကို အသင်တို့စဉ်းစားဆင်ခြင်ကြ။ ကျွန်ုပ်သည် အသင်တို့ထံသို့ လက် ဆောင်ပါးခဲ့မည်။ ထိုလက်ဆောင်ကို စွဲမြဲစွာကိုင်ထားခြင်းအားဖြင့် အသင်တို့ဘယ်သော အခါမှ လမ်းမှားသို့ရောက်လိမ့်မည်မဟုတ်။ ထိုလက် ဆောင်သည် ကျမ်းမြတ်ကုရ်အာန်နှင့် တမန်တော်၏စွန္နဟ်ဖြစ်သည်ဟု ဟဂ်ျဂျသွလ်ဝိဒဟ်တွင် တမန်တော်မြတ်၏ နောက်ဆုံးနှုတ်ဆက်မိန့်ခွန်းကို ဟစ်ဂျရီ ၁၀ ခု ဇူလ်ဟဂ်ျလ ၉ ရက်နေ့၌ အရဖသ်ကွင်းပြင် ရဟ်မသ် တောင်တွင် မိမိ၏ကုလားအုတ်ကျောပြင်ပေါ်မှ မိန့်ခွန်းခြွေခဲ့၏။ ထိုမိန့် ခွန်းနားထောင်ကြသော ဆွဟာဘာ အပေါင်းတစ်သိန်း တစ်သောင်း ငါးထောင်ခန့် ရှိလေသည်။

ဗုခါရီကျမ်းတွင် တမန်တော်မြတ်အား မမြင်ဘူးခဲ့သောသာဗေအီန် တစ်ဦးက အာအေ ယှဟ်သခင်မကြီးအား တမန်တော် မြတ်၏ကျင့် စဉ်နှင့် စပ်လျဉ်း၍ မေးခဲ့သည့်မေးခွန်းကို ဖြေကြားရာ၌၊

**كان رسول اللّه خلق القرا ن** = တမန်တော်မြတ်၏ကျင့်စဉ်သည် ကျမ်း မြတ်ကုရ်အာန်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်သည် တမန် တော် မြတ်၏ကျင့်စဉ်ဖြစ်သည်ဟု ဖြေကြားခဲ့သည်။

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၄) အာယတ်(၅၉)၊-

**يا يّها الّذين امنوا اطيعوا اللّه واطيعوا الرّسول واولى الامر منكم فان تنازعتم فى شيئى فردّوه----واليوم الاخر ذلك خير واحسن تاويلاً**

" အို-သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏အမိန့်ကို လိုက်နာကြလေကုန်။ ထိုနည်းတူစွာအသင်တို့ သည် ရစူလ်တမန်တော်၏ အမိန့်များကို လိုက်နာကြလေကုန်။ ထို့အပြင် မိမိတို့အနက်မှတာဝန်ရှိသူတို့၏ အမိန့်များကို လိုက်နာကြကုန်။ အကယ်၍ အသင်တို့သည်တစ်စုံတစ်ရာကိစ္စရပ်နှင့် စပ်လျဉ်း၍ အငြင်းပွားခဲ့ကြသော်၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း သက်ဝင်ယုံကြည်ကြပါလျှင်၊ ထိုအငြင်းပွားမှုကိစ္စရပ်ကို အလ္လာဟ်အရှင်မြတ်ထံတော်သို့ လည်းကောင်း၊ တမန်တော်မြတ်ထံ တော်သို့လည်းကောင်း၊ ပြန်လည်၍ပို့ကြလေကုန်။ ဤသို့ပြုလုပ်ခြင်း သည်ကား၊ အမှန်မြတ်ဆုံးဖြစ်သည့်အပြင် အကျိုးအားနိသင်အားဖြင့် အကောင်းဆုံးဖြစ်ပေသည် "

ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန်၏ အကျယ်ဖွင့်ဆိုမှုသည် မိမိတို့ အချင်းချင်းအငြင်းပွားသောကိစ္စရပ်များကို အလ္လာဟ်အရှင်မြတ်ထံ ပြန် လည်ပို့ခြင်း၊ ပြန်လည်လွှဲအပ်ခြင်းဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်နှင့်အညီ ဆုံးဖြတ်ခြင်းကိုဆိုလိုသည်။ တမန်တော်မြတ်ထံ ပြန်လည်လွှဲအပ်ခြင်းဆိုသည်မှာ တမန်တော်မြတ်၏စွန္နဟ်နှင့်အညီ ဆုံးဖြတ်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ ထိုအာယတ်ပါ တာဝန်ရှိသူ၏ အမိန့်ကိုလိုက်နာရမည်ဟု ဆိုခြင်းသည် ကျမ်းမြတ်ကုရ်အာန်နှင့်တမန်တော်မြတ်၏ စွန္နဟ်များ အကြောင်းကို ဘက်စုံမှ နားလည်သဘောပေါက်ပြီး ကျိုးကြောင်းဆင်ခြင်ကြံဆဆုံးဖြတ်နိုင်သော စွမ်းရည်နှင့်ပြည့်စုံသည့်သူများကို ဆိုလိုခြင်း ဖြစ်သည်။

ဖေါ်ပြပါအာယတ်၏ ရည်ညွှန်းချက်မှာ ကိစ္စရပ်တစ်ခုနှင့် စပ်လျဉ်း ပြီး အငြင်းပွားမှုပေါ်ပေါက်လာပါက ကျမ်းမြတ်ကုရ်အာန်တွင် အဖြေရှာရမည်။ တမန်တော်မြတ်၏စွန္နဟ်တွင် အဖြေရှာရမည်။ ကျမ်းမြတ်ကုရ်

အာန်နှင့်စွန္နဟ်များအကြောင်းကို စေ့ငုံစွာနားလည်သူ၏ အဆုံးအဖြတ်ကို နာခံရမည်။

ဥပမာ ကုရ်အာန်(၁၆ း ၆၄)တွင်၊-

ရစူလ်တမန်တော်၏ အမိန့်ကိုလိုက်နာကြလေကုန်။

**وَاَنۡزَلۡنَا اِلَيۡكَ الۡكِتٰبَ اِلَّا لِتُبَيِّنَ لَهُمُ الَّذِى اخۡتَلَفُوۡا فِيۡهِ**

" ငါအရှင်သည် အသင့်ထံသို့ ကျမ်းဂန်ကိုချပေးခဲ့၏။ အသင်သည် ထိုကျမ်းပါ ဥပဒေများကို ထိုသူတို့အား အသေးစိတ် ရှင်းလင်းပြ ရန်နှင့် စဉ်းစားဆင်ခြင်နိုင်ရန်အလို့ငှါ ဖြစ်ပေသည် "

ကျမ်းမြတ်ကုရ်အာန်ပါ ဥပဒေများကို လူသားတို့အတွက် တမန်တော်မြတ်က အသေးစိတ် ရှင်းပြချက်မှာ စွန္နဟ်ဖြစ်သည်။ စွန္နဟ်ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်၏ အရင်းအမြစ်ပင်စည်မှ ထွက်လာသော အကိုင်း အခက်အသီးအပွင့်တို့ကို ဆိုခြင်းဖြစ်သည်။ ကုရ်အာန်နှင့်စွန္နဟ်သည် ဥပဒေနှင့်ထိုဥပဒေအတိုင်း လိုက်နာကျင့်သုံးမှု နည်းဥပဒေဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်တွင် **اَقِمِ الصَّلٰوةَ** = ဆွလာသ်တည်ဆောက်ကြ၊ **واٰتوا الزّكٰوة** = ဇကာသ်(ဆင်းရဲသားကြေး)ပေးဆောင်ကြဟု မိန့်ဆိုချက် ပေါင်းများစွာ ပါဝင်ပေသည်။ ထိုမိန့်ဆိုချက်များနှင့်ပတ်သက်၍ ပြုလုပ်ခြင်း အသေးစိတ်ပါဝင်ခြင်းမရှိ။ ထိုကဲ့သို့ ကျမ်းမြတ် ကုရ်အာန်တွင် အမိန့်ပေး

ဝေါဟာရအားဖြင့် မိန့်ဆိုချက်များကို တမန်တော်မြတ်ကအသေး စိတ် ဆောင်ရွက်ပြချက်၊ လက်တွေ့ ကျင့်သုံးပြချက်များသည် တမန်တော်ခေတ်မှ တမန်တော်မြတ်နှင့်အတူ မဟာသာဝကများက လိုက်နာကျင့်သုံးခဲ့ကြသည်။ ဆွဟာဘာများနှင့်အတူ သာဗေအီန်များကလည်း လက် တွေ့ ကျင့်သုံးခဲ့ကြသည်။ ထိုစွန္နဟ်များသည် ကျမ်းမြတ်ကုရ်အာန် နှင့်အတူ ထာဝရ တည်ရှိနေမည်ဖြစ်သည်။

အဘယ်ကြောင်ဆိုသော်. . . . တမန်တော်မြတ်သည် ကျမ်း မြတ်ကုရ်အာန်အတိုင်းကျင့်ကြံ၍ ကျမ်းမြတ်ကုရ်အာန်သည် တမန် တော်မြတ်၏ကျင့်စဉ်ဖြစ်သည်။ အထက်ပါ စူရဟ်(၄) အာယတ်တော် (၅၉)အရ (အလ္လဟ် အရှင်မြတ်၏အမိန့်ကိုလိုက်နာကြ၊ တမန်တော်မြတ်၏ အမိန့်ကို လိုက်နာကြ၊ အသင်တို့အနက်မှ တာဝန်ရှိသူ၏အမိန့်ကို လိုက် နာကြ) ဆိုသည်မှာ ကျမ်းမြတ် ကုရ်အာန်ပါ ဥပဒေအတိုင်းလိုက်နာခြင်း၊ ကျမ်းမြတ်ကုရ်အာန်ပါ ဥပဒေများကိုတမန်တော်မြတ်က အသေးစိတ်ရှင်း လင်းပြချက်၊ ဆောင်ရွက်ပြချက်၊ စွန္နဟ်ဥပဒေအတိုင်းလိုက်နာခြင်း။ ထိုကျမ်း မြတ်ကုရ်အာန်ပါ ဥပဒေများနှင့်၊ ဥပဒေများ အပေါ် တမန်တော်မြတ်ကအသေး စိတ်ရှင်းလင်းပြချက်၊ ဆောင်ရွက်ပြချက်၊ စွန္နဟ်ဥပဒေ များ အကြောင်း ကို စေ့ငုံစွာဘက်စုံမှ နားလည်သဘောပေါက်သူ၏ အမိန့်ကို လိုက် နာခြင်း တို့သည် ကွဲပြားခြားနားသည့် အမိန့်သုံးမျိုးမဟုတ်ပေ။ ကျမ်းမြတ်ကုရ်အာန်ပါဥပဒေတစ်ခုတည်းကို လိုက်နာခိုင်းခြင်းဖြစ်သည်။ ဥပမာ ဆွလာသ် ဝတ်ပြု ခြင်းသည် ကျမ်းမြတ်ကုရ်အာန်ပါ အလ္လဟ် အရှင်မြတ်၏အ မိန့်ဖြစ် သည်။ ထိုကျမ်းမြတ်ကုရ်အာန်ပါ အလ္လာဟ် အရှင် မြတ်၏ အမိန့် ကိုတမန်တော်မြတ်က အသေးစိတ်ဆွလာသ် တည်ဆောက်ပြသည်။

ထိုတမန် တော်မြတ်၏ အသေးစိတ်တည်ဆောက် ပြသော ဆွလာသ် တည် ဆောက်မှုကို တမန်တော်မြတ်၏ ဆွဟာဘာကြီးများကလည်း တည် ဆောက်ခဲ့ကြသည်။ တမန်တော်မြတ် မရှိတော့သည့်နောက်ပိုင်း သာဗေအီန်များက၊ ဆွဟာဘာကြီးများ ဆွလာသ်တည်ဆောက်သည့် အတိုင်း တည်ဆောက်ခြင်းသည် ကျမ်းမြတ်ကုရ်အာန်ပါ အလ္လာဟ် အရှင် မြတ်၏ အမိန့်ကိုလည်းကောင်း၊ တမန် တော်မြတ်၏အမိန့်ကို လည်း ကောင်း၊ အသင်တို့အနက်မှ တာဝန်ရှိသူများ၏ အမိန့်ကို လည်းကောင်း၊ လိုက်နာကျင့်သုံးခြင်းပင် ဖြစ်ပေသည်။

## ဆွဟာဘာများခေတ် တရားဥပဒေဆုံးဖြတ်မှုဥပဒေ

ဆွဟာဘာကြီးများ၏ တရားဆုံးဖြတ်ချက်ဥပဒေသည် ကျမ်းမြတ်ကုရ်အာန်၊ တမန်တော်မြတ်၏စွန္နဟ်များကိုအခြေခံသည့် တရား ဆုံး ဖြတ်ချက်စနစ်ကို အသုံးပြုခဲ့ကြသည်။ ပေါ်ပေါက်လာသော ပြဿနာရပ်များကို " အိဂျ်မာ " ခေါ် စုညီခုံရုံးဖွဲ့၍ ထိုစုညီခုံရုံးမှ ကျမ်းမြတ် ကုရ်အာန်နှင့်စွန္နဟ်များကို အခြေခံ၍ " ကိယာဆ် " ဝိုင်းဝန်းချင့် ချိန်၍ ဆုံးဖြတ်ကြသည်။ တမန်တော်မြတ်၏နောက်ပိုင်း သမ္မတကြီး အဗူဘက္ကရ်

(ﷺ)သခင်၊သမ္မတကြီးအွမ္မရ်(ﷺ)သခင်၊ သမ္မတကြီး အွဆ်မာန် (ﷺ)သခင်၊ သမ္မတကြီး အလီ(ﷺ)သခင်တို့ လေးဦးစလုံးက ၎င်းတို့ အုပ်ချုပ် ချိန်တွင် မိန့်ဆိုသောအမိန့်မှာ "ကျွန်ုပ်သည် အသင်တို့နှင့်စပ်လျဉ်း၍ တရား တော်နှင့်အညီတရားသဖြင့် ဆုံးဖြတ်နေသည်နှင့်အမျှ ၊ အသင်တို့သည် ကျွန်ုပ် ၏အမိန့်များကို လိုက်နာကြ လေကုန်။ အကယ်၍ ကျွန်ုပ်သည် တရား တော်နှင့်ဆန့်ကျင်၍ အမိန့်ပေးခဲ့သည်ရှိသော်၊ အသင်တို့အပေါ်ကျွန်ုပ်၏အမိန့်ကို နာခံရန်တာဝန်မရှိ " ဟု မိန့်ဆိုခဲ့ကြသည်။ (ကရုဒ်)

ဆွဟာဘာကြီးများ စုံညီခုံရုံးဖွဲ့၍ ကျမ်းမြတ်ကုရ်အာန်နှင့်စွန္နဟ် များကိုအခြေခံသည့်ရားဆုံးဖြတ်ချက်များက **حكم الشرعى** အစ္စလာမ့် ဓမ္မသတ်ဥပဒေဟုခေါ်သည်။

## အီမာမ်အဗူဟာနီဖဟ်(ဟစ်ဂျရီ ၈၀-၁၅၀)

အိမာမ်အဗူဟာနီဖဟ်သခင်သည် သာဗေအီန်များ ခေတ် ကိုမှီသော ပုဂ္ဂိုလ်ဖြစ်သည်။ ၎င်း၏တရားဆုံးဖြတ်ချက်သည် သာဗေအီန်များ တရား ဆုံးဖြတ်သည့်အတိုင်း တရားဆုံးဖြတ် သူဖြစ်သည်။ ထိုတရားဆုံးဖြတ်ချက် ပညာရပ်များကို အီရာက်နိုင်ငံ၊ ကူဖာမြို့ ဂျာမေဗလီကြီးတွင် တပည့်ပေါင်း ၁၅၀၀ ကျော်ကို နေ့စဉ်လက်တွေ့ ပို့ချခဲ့သူဖြစ်သည်။ ၎င်း၏ခေတ်တွင် ပေါ်ပေါက်လာခဲ့သော ပြဿနာများကို လက်တွေ့ကျကျ ဖြေရှင်းပေးနိုင်ခဲ့ လေသည်။

ထိုခေတ်မှစတင်၍ ဓမ္မသတ် ဆုံးဖြတ်သည့်ပညာရပ်ကို "ဖိကဟ်" ဟုခေါ်ဆိုပြီး၊ ဓမ္မသတ်ဆုံးဖြတ်ရာတွင် ကျွမ်းကျင်သူကို " ဖကီဟ် " ဟုခေါ်သည်။ ၎င်း၏ ဓမ္မသတ်အတိုင်း လိုက်နာသူများကို "ဟနဖီမဇ်ဟဗ်" ဂိုဏ်းဝင်များဟု ခေါ်ဆိုကြသည်။ ၎င်းသည် အုမိုင်ယဟ်မင်းဆက်တွင် မွေးဖွား၍ အဗ္ဗာဆီ ယဟ်ဒုတိယမင်း ဆက် ခလီဖာ အဗူဂျာဖရ်အလ်မန်ဆူရ် (ဟစ်ဂျရီ ၁၃၈-၁၅၉) ၏ ခန့်အပ်သော တရားသူကြီးချုပ်ရာထူးအား ငြင်းပယ်သည့်အတွက်ကြောင့် သေဒဏ်ပေးခံခဲ့ရသည်။

## မာလစ်က်ဗင်န်အနဆ်(ဟစ်ဂျရီ ၉၃-၁၇၉)

အိမာမ်မာလစ်က်သည် မဒီနာမြို့သားဖြစ်သည်။ ဖိကဟ်ဓမ္မသတ် နှင့်ပတ်သက်၍ ကျော်ကြားသကဲ့သို့ ဟဒီဆ်များကိုစုဆောင်း၍ **MUWATTA** အမည်ဖြင့် အလွန်ကျော်ကြားသောဟဒီဆ်ကျမ်းကို ပြုစုခဲ့သူဖြစ်သည်။ ၎င်းသည် ဖိကဟ်၏သမိုင်းကို ဆန်းသစ်သူလည်း ဖြစ်သည်။ ဖိကဟ်ဓမ္မသတ်ဆုံးဖြတ်ရာ၌ ၎င်း၏ **MUWATTA** ကျမ်းပါ ဟဒီဆ်များကို အခြေခံ၍ဓမ္မသတ်ပြုခဲ့သည်။ ၎င်း၏ခေတ်ပြိုင်ပညာရှင်များ၏ ဝိုင်းဝန်းထိုးနှက်ခြင်းကိုအလူးအလဲခံခဲ့ရသည်။ ထိုခေတ်ပညာရှင်များ၏ ခံယူချက်မှာ ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံဖြစ်သည်ဆို သော ခံယူချက်ကို အိမာမ်မာလစ်က်က ဆန့်ကျင် ခဲ့သည်။ ၎င်းက ကျမ်းမြတ် ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံမဟုတ် အလ္လာဟ် အရှင်မြတ်၏ " ကလာမ် " စကားဖြစ်သည်ဟု ဆိုခြင်းကြောင့် ထောင် သွင်းအကျဉ်းချခံခဲ့ရသည်။ ထောင်တွင်း၌ နှိပ်စက်မှုဒဏ်ကြောင့် ထောင်မှလွတ်၍ မကြာခင်ကွယ်လွန်ခဲ့ရသည်။ ၎င်း၏ ဓမ္မသတ်အတိုင်း လိုက်နာသူများကို " မာလီကီမဇ်ဟဗ် ဂိုဏ်းဝင်များ" ဟု ခေါ်ဆိုကြသည်။

### ဟဒီဆ်များကို ပထမဦးဆုံးစုဆောင်းသူ

**IBN ISHAQ**(ဟစ်ဂျရီ-၁၅၁) သည် ပထမဦးဆုံး ဟဒီဆ် များကို စုဆောင်းခဲ့သူဖြစ်သည့်အလျောက် ၎င်းနှင့်ခေတ်ပြိုင် ပညာ ရှင်များက၊ ဆွဟာဘာများ၊ သာဗေအီန်များခေတ်တွင်ပြုလုပ် လေ့ပြုလုပ်ထမရှိသော ဟဒီဆ်များကို စုဆောင်းခြင်းအပေါ် အသစ် အဆန်းတီထွင်သူဟု ခေါ်ဆိုသမုတ်ခြင်းခံခဲ့ရသည်။ ထိုပုဂ္ဂိုလ်သည် တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိကျမ်းကို အရဗီဘာသာဖြင့် ပထမဦးဆုံးရေးသား ခဲ့သူဖြစ်သည်။ စာအုပ်၏အမည်မှာ (**SIRA- TUL RASU-UL-ALLAH** )ဖြစ်သည်။ ထိုစာအုပ်ကို **A. GULLAUME** က အရဗီဘာသာမှ

အင်္ဂလိပ်ဘာသာသို့ **THE LIFE OF MOHAMED** အမည်ဖြင့် **1955** ခုနှစ်တွင် **ENGLAND** နိုင်ငံ **LONDON** မြို့မှ ထုတ် ဝေခဲ့သည်။

## အိမာမ်ရှာဖီအီ (ဟစ်ဂျရီ ၁၅၀-၂၀၄)

ဂါဇာဒေသတွင်မွေးဖွား၍ ကလေးဘဝ၌ပင် မက္ကာမြို့သို့ ရွှေ့ပြောင်း နေထိုင်ခဲ့သည်။ ဖိကဟ်ပညာရပ်များနှင့် ဟဒီဆ်ပညာရပ်များကို မဒီနာမြို့ရှိ အိမာမ်မာလစ်က်ထံတွင် ဆည်းပူးခဲ့သည်။ ၎င်း၏အမည်မှာ မုဟမ္မဒ်ဗင်န် အစ်ဒရစ်ဖြစ်သည်။ ၎င်း၏အဖိုးမှာ ကလေးဘဝက တမန်တော်မြတ်ကိုမြင်တွေ့ခဲ့ဘူးခဲ့သော ဆွဟာဘာ တစ်ဦးဖြစ်သည်။ အမည်မှာ ရှာဖီအီ ဖြစ်သည်။ မုဟမ္မဒ် ဗင်န်အစ်ဒရစ်အား အိမာမ်ရှာဖီအီဟု ခေါ်ဆိုခြင်းမှာ ၎င်း၏အမည် နောက်ဆုံးတွင် အဖိုး၏အမည်ကိုတွဲ၍ မှည့်ခေါ်ခြင်း ကြောင့်ဖြစ်သည်။

ဖိကဟ်ဓမ္မသတ်များနှင့်စပ်လျဉ်း၍ အိမာမ် အဗူဟနီဖာသခင်၏ ဓမ္မသတ်များကို အတိုင်း အတာတစ်ခုအထိသာ နှစ်သက်ခဲ့သူဖြစ်သည်။ ဓမ္မသတ်ဆုံးဖြတ်ရာတွင်ကျမ်းမြတ်ကုရ်အာန် နှင့် တမန်တော်မြတ်ခေတ်၊ ဆွဟာဘာခေတ်၊သဗေအီန်များခေတ် ဟဒီဆ်များကိုစု ဆောင်း၍ ဓမ္မသတ်ဆုံးဖြတ်ခြင်းက ပို၍လျော်ကန်သည်ဟု ခံယူခဲ့သူဖြစ်သည်။ ၎င်း၏တပည့်များအား ဟဒီဆ်များ ကိုစုဆောင်းရန်နှင့် ထိုဟဒီဆ် များနှင့်ပတ်သက်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်ကို မှတ်ကျောက်အဖြစ်ထားရမည်။ လူတစ်ယောက်ပြောဆိုသောစကားသည် မည်မျှပင်ကောင်း စေကာမူ ကျမ်း မြတ်ကုရ်အာန်နှင့် ကိုက်ညီ ခြင်းမရှိပါက ထိုသူ၏အဆို သာလျှင် ဖြစ်သည် ဟု ဆိုခဲ့သည်။

(အလ်ဒူရဒ္ဒလ် ဘဟီယာကျမ်း၊ စာမျက်နှာ-၃၈)

ဗူခါရီကျမ်းကို ပြုစုခဲ့သူ မုဟမ္မဒ်ဗင်န် အစ္စမာအီလ် ခေါ်အိမာမ်ဗူခါရီသည် အိမာမ်ရှာဖီအီ၏ တပည့်တစ်ဦးဖြစ်သည်။ အိမာမ် ရှာဖီအီ ခေတ်တွင်**MUWATTA** ခေါ် အိမာမ်မာလစ်က်စုဆောင်းခဲ့သော ဟဒီဆ် ကျမ်းတစ်ဆောင်သာလျှင် ပေါ်ပေါက်ခဲ့သည်။ အိမာမ်ရှာဖီအီသည် အဗ္ဗာဆီယဟ်မင်းဆက် ခလီဖာ ဟာရွန်အလ်ရရှီဒ် **(A D 786-809 )** အုပ်ချုပ် သူနှင့် ခေတ်ပြိုင်ဖြစ်သည်။ အိမာမ်ရှာဖီအီသည်လည်း ကျမ်းမြတ် ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံမဟုတ်ဟု ခံယူ ချက်ကြောင့် ၎င်း၏ဆရာ အိမာမ်မာလစ်က်နည်းတူ ထောင်သွင်း အကျဉ်း ချခြင်းခံခဲ့ရသည်။ ထောင်မှလွတ်သည်နှင့် အီဂျစ်နိုင်ငံကိုင်ရို မြို့သို့ ပြောင်း ရွှေ့အခြေချ နေထိုင်ခဲ့သည်။

၎င်း၏ အုတ်ဂူနေရာတွင် အိမာမ်ရှာဖီအီ ဟူ၍ ယနေ့တိုင် တည်ရှိနေသည်။ ထိုအုတ်ဂူနှင့်တွဲလျက် ဗလီကြီးတွင် အိမာမ်ရှာဖီအီ၏ အတ္ထုပ္ပတ္တိကို ရေးသားထားလေသည်။ အိမာမ် အဗူဟနီဖာ ကွယ်လွန် သောနေ့တွင် အိမာမ်ရှာဖီအီကို မွေးဖွားခဲ့ကြောင်း ဖေါ်ပြထားပေသည်။ အိမာမ်ရှာဖီအီ၏ဓမ္မသတ်အတိုင်း လိုက်နာသူများကို " ရှာဖီအီ မဇ်ဟဗ် ဂိုဏ်းဝင်များ " ဟုခေါ်ကြ လေသည်။

## အဟ်မဒ်အစ်ဗနေဟမ်ဗလ်(ဟစ်ဂျရီ ၁၆၄-၂၄၁)

အီရာက်နိုင်ငံ ဘဂ္ဂဒါဒ်မြို့တွင် မွေးဖွားခဲ့သည်။ ဖိကဟ်နှင့်ပတ်သက် ၍ ကျွမ်းကျင်သကဲ့သို့ ဟဒီဆ်များကိုလည်း စုဆောင်းခဲ့သူဖြစ်သည်။ မွှဆ်နဒ်အမည်ဖြင့် ဟဒီဆ်ကျမ်းပြုစုခဲ့သူဖြစ်သည်။ ၎င်း၏ခေတ်တွင် ဓမ္မသတ်ပြုရာ၌ ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီဆ်ကျမ်းများပါ ဟဒီဆ်များကို အခြေခံသည့်စနစ်ကို မွတ်စလင်မ်လောကတစ်ခုလုံးကဲ့သို့ ကျယ်ကျယ် ပြန့်ပြန့် ရောက်စေခဲ့သူဖြစ်သည်။ ၎င်းသည် အဗ္ဗာဆီယဟ်မင်းဆက် မာမွန်ဗင်န်ဟာရွန်အလ်ရရှီဒ် (ဟစ်ဂျရီ ၁၉၂ -၂၃၀)နှင့်ခေတ်ပြိုင်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံမဟုတ် ဟူသော ခံယူချက်ကြောင့် ထောင်သွင်းအကျဉ်းချခံခဲ့ရသည်။ ၎င်း၏ ဓမ္မသတ်အတိုင်းလိုက်နာကျင့်သုံးသူများကို "ဟမ်ဗလီ မဇ်ဟဗ်ဂိုဏ်းဝင်များ " ဟုခေါ်ဆိုကြသည်။

## حُكَمُ الشَّرْعِىَ (ခေါ်) အစ္စလာမ့်ဥပဒေ

အစ္စလာမ်သာသနာတွင် شَارِع (ခေါ်) ဥပဒေရေးဆွဲသူမှာအလ္လာဟ် အရှင်မြတ်သာလျှင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ရေးဆွဲခဲ့သော အခြေခံ ဥပဒေမှာ ကျမ်းမြတ်ကုရ်အာန်ဖြစ်သည်။ ထိုကျမ်းပါ ဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ပြခြင်း၊ အမူအရာများအားဖြင့်၊ နှုတ်အားဖြင့်၊ အသေးစိတ် ကျင့်ကြံအားထုတ်ပြခဲ့သော တမန်တော်မြတ်၏ ဆောင်ရွက် ချက် များကို စွန္နဟ်ဟုခေါ်သည်။

ဖော်ပြပါ ကျမ်းမြတ်ကုရ်အာန်ဥပဒေများနှင့် ကုရ်အာန် ပါဥပဒေများအပေါ် အသေးစိတ် ဆောင်ရွက်ပြခဲ့သော တမန်တော်မြတ်၏လုပ်ဆောင်ချက်စွန္နဟ်များကို အခြေခံ၍ ဆွဟာဘာများ၊ သာဗေအီန် များ၏တရားဆုံးဖြတ်ချက်များကို **حكم الشرعى** ခေါ် အစ္စလာမ့် ဥပဒေ ဟု ခေါ်သည်။

**حكم الشرعى** ခေါ် အစ္စလာမ့်ဥပဒေကို လေ့လာလိုက်စားရာ ၌ အဓိက ကွဲပြားခြားနားသော အချက်နှစ်ချက်ကိုသိရန်မှာ အလွန်အရေးပါ သောကိစ္စရပ်ဖြစ်ပေသည်။

၁။ **دَلِيْلُ الْقَطْعِىَ** ခေါ် တိကျသေချာသော အထောက် အထားနှင့်ခိုင်လုံစွာ ဆုံးဖြတ်ချက်။

၂။ **دَلِيْلُ الظَّنِىّ** ခေါ် ထင်မြင်ယူဆချက်အားဖြင့် ဆုံးဖြတ်ချက်။

အိမာမ်ကြီးလေးပါးစလုံး၏ ဓမ္မသတ်များတွင် **دَلِيْلُ الْقَطْعِىَ** ခေါ် တိကျသေချာသော အထောက်အထားနှင့် ခိုင်လုံစွာ ဆုံးဖြတ်ချက်များတွင်တစ်ဦးနှင့်တစ်ဦး ကွဲလွဲချက်မရှိ။ တူညီကြပေသည်။

**دَلِيْلُ الظَّنِىّ** ခေါ် ထင်မြင်ယူဆချက်အားဖြင့် ဆုံးဖြတ်ချက်များတွင်တစ်ဦးနှင့်တစ်ဦး ကွဲလွဲချက်ရှိကြပေသည်။

ထိုကဲ့သို့ ကွဲလွဲချက်ရှိကြသော **دَلِيْلُ الظَّنِىّ** မှာ အစ္စလာမ့်သာ သနာတွင် မရှိမဖြစ် အရေးပါသော ကိစ္စရပ်များမဟုတ်ပေ။ ထိုကဲ့သို့ ဥပဒေများကို လှေနံဓါးထစ် တရားသေဝါဒအဖြစ် လိုက်နာကျင့်သုံးရမည်ဟု မည်သည့်အိမာမ်များကမှ မိန့်ဆိုထားခဲ့ခြင်း အလျဉ်းမရှိခဲ့ပေ။

အိမာမ်အဗူဟနီဖာသခင်က ဆိုသည်မှာ ကျွန်ုပ်သည် စကားတစ် ခုကိုဆို၏။ (သို့မဟုတ်) ဆုံးဖြတ်ချက်တစ်ခုကို ဆုံးဖြတ်၏။ ထိုပြောဆို ချက်၊ ထိုဆုံးဖြတ်ချက်သည် ကျမ်းမြတ်ကုရ်အာန်၏ မည်သည့်အာယတ်၊ တမန်တော် မြတ်၏ မည်သည့်စွန္နဟ်၊ ဆွဟာဘာများ၊ သာဗေအီန်များ၏ မည်သည့် အိဂ်ျမသေမဟ် "စုံညီခုံရုံးဆုံးဖြတ်ချက်"မှ ကိုးကားသည်ကို မသိပဲ မည်သူမျှ ကျွန်ုပ်၏ဆုံးဖြတ်ချက်အတိုင်း ပုံတူကူး၍ မဆုံးဖြတ်ရ။ ကျွန်ုပ်၏ဆုံးဖြတ်ချက်ထက်ကောင်းသော ဓမ္မဓိဋ္ဌာန်ကျသော ဆုံးဖြတ် ချက်ကို တွေ့ပါက ကျွန်ုပ်၏ဆုံး ဖြတ်ချက်ကို ပယ်၍ ကျွန်ုပ်၏ ဆုံးဖြတ်ချက် ထက်ကောင်းသော ဆုံးဖြတ်ချက်ကိုလက်ခံပါဟု မိန့်ဆိုခဲ့သည်။

(အလ်ဒူရရွလ်ဘဟီယဟ်ကျမ်း၊ စာမျက်နှာ-၃၈)

**دَلِيْلُ الْقَطْعِىَ** တိကျသေချာသော အထောက်အထားဆိုသည် မှာ ကျမ်းမြတ်ကုရ်အာန်တွင်လည်း **النص** ဟုခေါ်သော မူရင်းအသားပါသည့်အကြောင်းအရာများ၊ ဥပမာ ဆွလာသ်၊ ဇကာသ်၊ ဟဂ်ျ၊ ဆွိယာမ် ကဲ့သို့ သောစာသားများပါဝင်ပြီး၊ ထိုကိစ္စရပ်များကို အသေးစိတ်ဆောင်ရွက်ပြရုံ သက်သက်မဟုတ်ပဲ၊ တမန်တော်မြတ်က ဆွဟာဘာများနှင့် အတူ ဘဝတည်ဆောက်ခဲ့ခြင်းအားဖြင့် ရောက်ရှိလာသော ဥပဒေများတွင် ဆွလာသ်ငါးကြိမ်၊ ရကာသ်များကဲ့သို့ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အိမာမ် ကြီးများအသွင် ကွဲလွဲမှုမရှိပေ။ ကွဲလွဲစရာလည်း အကြောင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော်၊ ကျမ်းမြတ် ကုရ်အာန် စူရဟ်(၅) အာယတ်(၃)၊-

**اَلْيَو اكملت لكم دينكم و اتممت عليكم نعمتى ورضيت لكم الاِسلامَ دِينًا**

" ယနေ့သော်ကား ငါအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ဒီန်သာသနာကို ပြီးပြည့်စုံတော်မူခဲ့လေသည်။ ၎င်းအပြင် ငါအရှင်မြတ်သည် အစ္စလာမ်သာသနာကို အသင်တို့အဖို့ ဒီန်ဘဝတည်ဆောက်မှု လမ်းစဉ် အဖြစ်သဘောတူနှစ်မြို့တော်မူခဲ့လေသည် "

ဖော်ပြပါ အာယတ်သည် တမန်တော်မြတ် မကွယ်လွန်မီ အလျင် (၈၁) ရက်အလိုတွင် ကျရောက်ခဲ့ခြင်းသည်။

တမန်တော်မြတ်သက်တော် ထင်ရှားရှိစဉ်ကပင်၊ အစ္စလာမ်သာသနာသည် ပြီးပြည့်စုံပြီး ဖြစ်လေသည်။ အစ္စလာမ်သာသနာတွင် မရှိမဖြစ် လိုအပ်ချက်များဟူ၍ ကွက်လပ် များအဖြစ်ကျန်ရှိနေခဲ့ခြင်း အလျဉ်းမရှိခဲ့ပေ။

အိမာမ်များအတွင်း ကွဲလွဲချက်ရှိခဲ့သော **دَلیل الظّنّی** များကိုပြန်လည် စမ်းစစ်ကြည့်မည်ဆိုလျှင် အစ္စလာမ်သာသနာတွင် မရှိမဖြစ်လိုအပ် ချက်များ မဟုတ်သကဲ့သို့ တမန်တော်မြတ်ခေတ်၊ ဆွဟာဘာများခေတ်၊ သာဗေအီနီမျိုးခေတ်တွင် မရှိခဲ့သော ပြဿနာအသစ်များ ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်သည် ဖန်ဆင်းခံဟုတ်၊ မဟုတ်ဆိုသော ပြဿနာ နှင့်စပ်လျဉ်း ၍ အိမာမ်အဗူဟနီဖာသခင် လက်ထက်တွင် ပေါ် ပေါက်ခဲ့ခြင်း ပင် မရှိခဲ့သေးပေ။

အိမာမ်အဗူဟနီဖာသခင်၏ ဓမ္မသတ်အရ ဆံပင်ဆေးဆိုးခြင်း သည် ခွင့်းချက်မရှိ တားမြစ်ချက် "ဟရာမ်" ဖြစ်သည်။ ၎င်း၏ ကျော်ကြား သောတပည့်နှစ်ဦးဖြစ်ကြသည့် အိမာမ်မုဟမ္မဒ်နှင့် အိမာမ်ယူဆွဖ်တို့ ခေတ် တွင် ခွင်း ချက်ဖြင့် ဆံပင်ဆေးဆိုးပိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ ဆရာ၏ အယူ အဆနှင့်တပည့်တို့၏ အယူအဆကွဲလွဲခြင်းသည် ဆရာနှင့်တပည့်တို့ကြား ပဋိပက္ခဖြစ်ခြင်း မဟုတ်။ မိမိတို့၏ ပတ်ဝန်းကျင် ကာလံဒေသံအင်္ဂါအရ၊ အယူ အဆကွဲလွဲခြင်းဖြစ်ပေသည်။

ထိုကိစ္စရပ်နှင့်စပ်လျဉ်းပြီး အခြားအိမာမ်သုံးပါးစလုံးက ဆံပင် ဆေးဆိုးခြင်းနှင့်စပ်လျဉ်းပြီး ဆေးဆိုးပိုင်ခွင့်ရှိသည်ဟု ခံယူကြသည်။ အဘယ် ကြောင့်ဆိုသော်၊ အိမာမ်မာလစ်က်၏ MUWATTA ကျမ်းတွင် တမန် တော်မြတ်က ဆံပင်အား အနီရောင်ဒန်းဆိုးကြောင်း ဟဒီဆ်ပါဝင်သည်။ ဟစ်ဂျရီ ၁၇၉ ခုနှစ်၊ အိမာမ်မာလစ်က်သခင်နှင့် အိမာမ်ရှာဖီအီသခင်တို့လက်ထက်တွင် MUWATTA ကျမ်းတစ်ခုတည်းသာ ပေါ်သေးသည်။ အိမာမ် အဗူဟနီဖာသခင်လက်ထက်တွင် ဟဒီဆ်များကို တစ်စုတစ်စည်းတည်း ကျမ်းအဖြစ်ပေါ် ပေါက်ခဲ့ခြင်းပင် မရှိသေးပေ။ အိမာမ် အဟ်မဒ် အစ်ဗ နေဟမ်ဗလ်သခင်လက်ထက်တွင် MUWATTA (ဟစ်ဂျရီ-၁၈၉)၊ MUSNAD (ဟစ်ဂျရီ-၂၀၃)၊ MUSNAD (ဟစ်ဂျရီ-၂၄၁)ဟူ၍ ကျမ်း အဖြစ် သုံးကျမ်းပေါ်ပြီးဖြစ်သည်။

ဖော်ပြပါ ဟဒီဆ်ကျမ်းများတွင် အနက်ရောင်ဆံပင်ဆေးဆိုး၍သွား သော သူတစ်ဦးကို မြင်တွေ့သော တမန်တော်မြတ်က လှပတင့်တယ်သည် ဟု ချီးကျူးခဲ့သည်။ အလားတူ အနီရောင်ဆံပင်ဆေးဆိုးထားသူ တစ် ယောက် ကို မြင်တွေ့သောအခါ သာ၍ပင် လှပတင့်တယ်သည်ဟု ချီးကျူး ထားသော ဟဒီဆ်ပါဝင်ပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် အကျော်ကြားဆုံးဖြစ်သည့် ဗုခါရီကျမ်း၊ ဝတ်စားဆင်ယင်မှုကဏ္ဍတွင်၊ အခြေအနေနှင့် အချိန်အခါပေါ်တွင် မူတည်၍ ဆံပင်ဆေးဆိုးရန် အမိန့်များပေးထားသော ဟဒီဆ်များပါ ဝင်ပေသည်။

ထိုကဲ့သို့ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အိမာမ်ကြီးများအတွင်း၊ ဓမ္မသတ် များ ကွဲပြားခြားနားခဲ့ကြသည်။ ထိုကဲ့သို့ ကွဲပြားခြားနားခြင်းသည် **دلیل الظّنّی** ထင်မြင်ယူဆချက်အပေါ် ဆုံးဖြတ်ချက်ကွဲလွဲခြင်းဖြစ်သည်။ ထိုကဲ့သို့ကွဲလွဲသောအကြောင်းအရာများသည်လည်း အစ္စလာမ်သာသနာ တွင် မရှိမဖြစ်လိုအပ်ချက်များမဟုတ်ပေ။

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၄) အာယတ်(၁၀၁)တွင်၊-

**وَاِذَا ضَرَبْتُمْ فِی الْاَرْضِ فَلَیْسَ عَلَیْكُمْ جُنَاحٌ اَنْ تَقْصُرُوْا مِنَ الصَّلٰوةِ**

" ၎င်းအပြင် အကြင်အခါဝယ် အသင်တို့သည် ကမ္ဘာမြေပြင်ဝယ် ခရီးထွက်ကြကုန်၏။ ထိုအခါဝယ် အသင်တို့၏ ဆွလာသ်ဝတ်ပြုမှုကို လျှော့၍ပြုခြင်းအားဖြင့် အပြစ်မရှိချေ "

ဖော်ပြပါအာယတ်တွင် ခရီးသည်များအတွက် ဆွလာသ်ဝတ်ပြုမှုကို လျှော့၍ဝတ်ပြုခြင်းအားဖြင့် အပြစ်တစ်စုံတစ်ရာမရှိဟု ဆိုထားသော အာယတ်အပေါ် အိမာမ်အဗူဟနီဖာသခင်၏ ထင်မြင်ယူဆချက်အရ မိုင် ၅၀ ဝေးကွာသောခရီးသို့သွားသူ မွတ်စလင်မ်တစ်ဦးအဖို့ " ကဆရ်"ခရီး သည် ဆွလာသ်ဝတ်ပြုရမည်။ ၄ ရကာသ်ရှိသောဆွလာသ်များကို ၂ ရကာသ် သာလျှင် ဝတ်ပြုရမည်။ အပြည့်ဝတ်ပြုရန်မလို။ အလ္လာဟ် အရှင်မြတ်ကိုယ်တော်တိုင်ကလျှော့၍ဝတ်ပြုရန် မိန့်ဆိုထားသည်။ အပြည့် အဝ ဝတ်ပြုခြင်းသည်မပိုင် ဟု ၎င်း၏ဓမ္မသတ်တွင် ဆုံးဖြတ် ထားသည်။

ဖော်ပြပါ "ကဆရ်" ခရီးသည်များအတွက် အကွာအဝေး သတ်မှတ်ရာ၌ အိမာမ်လေးပါးစလုံး၏

www.QuranInBurmese.com


ဓမ္မသတ်များ တူညီနေသည်။ သို့သော် "ကဆရ်" လျှော့၍ဝတ်ပြုခြင်းနှင့်စပ်လျဉ်း၍ အခြားအိမာမ် သုံးပါးက ခရီးသည် များအပေါ် တွင်မူတည်သည်၊ ခရီးပန်းသူများအတွက် လျှော့၍လည်း ဝတ်ပြုပိုင်ခွင့်ရှိသည်။ အကယ်၍ ခရီးသည်အနေဖြင့် အပြည့်အဝ ဝတ်ပြုပါကလည်း အပြည့် ဝတ်ပြုပိုင်ခွင့်ရှိသည်ဟု ၎င်းတို့ ၏ဓမ္မသတ်များတွင် ဖေါ်ပြထားပေသည်။

အထက်အိမာမ် အဗူဟနီဖာသခင်နှင့် အခြားအိမာမ်သုံးပါး၏ဓမ္မသတ်များ ကွဲပြားခြားနားခြင်း၏အကြောင်းကို ပြန်လည်စမ်းစစ် ကြည့်မည်ဆိုပါက အိမာမ်အဗူဟနီဖာသခင်လက်ထက်တွင် ဟဒီဆ်များ သည် တစ်စုတစ်ဝေး တည်း ကျမ်းအဖြစ်ပေါ် ပေါက်ခဲ့ခြင်းမရှိသောကာလ ဖြစ်သည်။ ၎င်းလက်ထက် တွင် တမန်တော်မြတ်ထံမှ အွမ္မရ်သခင်၏ ဆင့်ပြန်ခဲ့သော ဟဒီဆ်တစ်ပုဒ်ကို အခြေခံ၍ ဥပဒေ ပြုခဲ့ခြင်းဖြစ်သည်။

တမန်တော်မြတ်က မိန့်ဆိုသည်မှာ ခရီး၏အကွာအဝေးနှင့် ပတ်သက်၍ လူတစ်ယောက် လေးရက်လမ်းလျှောက်ရသောခရီးတွင် ကဆရ် လေးရကာသ်ရှိသော ဆွလာသ်များကို နှစ်ရကာသ်သာ ဝတ်ပြုရ မည်။ ထိုကဲ့သို့ နှစ်ရကာသ်ဝတ်ပြုရန် အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် ချီမြှင့်ခဲ့ သည့်အတွက် အပြည့်ဝတ်မပြုရဆိုသော ဟဒီဆ်ကို တမန်တော်မြတ် ထံမှ အွမ္မရ် သခင်ကဆင့်ပြန်ခဲ့သည်။ ထိုဟဒီဆ်ကိုအခြေခံ၍ ဥပဒေပြုခဲ့ သော အဗူဟနီဖာသခင်၏ ဓမ္မသတ်အရ ခရီးသည်ဆွလာသ်ကို အပြည့် ဝတ်ပြု ခြင်းအားဖြင့် ဆွလာသ်အထမမြောက်ပေ။

အခြားအိမာမ်များလက်ထက်တွင် ဟဒီဆ်များသည် ကျမ်း အဖြစ် တစ်စုတစ်ဝေးတည်းရှိသောကာလ ဖြစ်သည့်အတွက် အာအေယှဟ် သခင်မ၊ အဗူဟူရိုင်ရဟ်ကဲ့သို့သော ဆွဟာဘာများစွာက ဆင့်ပြန်ထား သောဟဒီဆ်များ "တမန်တော်မြတ်က မိန့်ဆိုခဲ့သည့် ခရီးသွားရာ၌ ပင်ပန်း နွမ်းနယ်သူများအဖို့ လျှော့၍ဝတ်ပြုနိုင်သည် " အကယ်၍ အပြည့်အဝ ဝတ် ပြုပါကလည်းအပြည့်ဝတ်ပြုနိုင်သည်ဆိုသော ဟဒီဆ်များကိုအခြေခံ၍ ၎င်းတို့(၃)ပါးစလုံး၏ဓမ္မသတ်များတွင် ခရီးသည်များအပေါ် မူတည်၍ အပြည့်ဝတ်ပြုမှု သို့မဟုတ် လျှော့၍ ဖေါ်ပြပါ ကွဲလွဲချက်များသည် အစ္စလာမ်သာသနာတွင် မရှိမဖြစ်၊ အရေးကြီးသော ကိစ္စရပ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်သည် ဟနဖီမဇ်ဟဗ်ဂိုဏ်းဝင်ဖြစ်သည်။ ကျွန်ုပ်သည် ရှာဖီအီ၊ မလကီ၊ဟမ်ဗလီဆိုသော ဂိုဏ်းဂနအစွဲများကိုဖယ်၍ ဖေါ်ပြပါ အိမာမ်ကြီး များ၏ ကွဲလွဲသော ယူဆချက်များကို အမြင်ရှင်းရှင်းနှင့်ကြည့်မည်ဆိုပါက အစ္စလာမ် သာသနာသည်လွယ်ကူသော လမ်းညွှန်မှုဖြစ်သည်ဆိုသော အချက်ကို တွေ့မြင်ရမည်ဖြစ်သည်။

ခေတ်မှီတိုးတက်နေသော နိုင်ငံကြီးများတွင် တွင်Free Wayဟု ခေါ်သော အမြန်ပြေးကားလမ်းမကြီးများတွင် အမြန်နှုန်းဖြင့် ကား မောင်း၍ အလုပ်သွားလုပ်သောနေရာများနှင့် မိမိတို့၏အိမ်တည်နေရာများမှာ အနည်းဆုံး မိုင်ရာကျော်ရှိပေသည်။ ထိုကဲ့သို့ မိုင် ၅၀ ရှိသောခရီးအတွက် ယနေ့ခေတ်ကာလတွင် နာရီဝက် ခရီးမျှသာလျှင်ရှိ ပေသည်။

ကျမ်းမြတ်ကုရ်အာန်စူရဟ်(၅) အာယတ်(၆)တွင်၊-

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ إِذَا قُمْتُمْ إِلَى ٱلصَّلَوٰةِ فَٱغْسِلُوا۟ وُجُوهَكُمْ
وَأَيْدِيَكُمْ إِلَى ٱلْمَرَافِقِ وَٱمْسَحُوا۟ بِرُءُوسِكُمْ وَأَرْجُلَكُمْ إِلَى ٱلْكَعْبَيْنِ

" အို-သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့ဆွလာသ်ဝတ်ပြု မည်အခါ အသင်တို့၏မျက်နှာများကို ဆေးကြောကြ။ လက်များကို တံ တောင်ဆစ်အထိဆေးကြောကြ။ အသင်တို့၏ဦးခေါင်းများကို ပွတ်သတ် ကြ။ အသင်တို့၏ခြေထောက်များကို ခြေမျက်စေ့အထိ ဆေးကြောကြ"

ဖေါ်ပြပါကျမ်းမြတ်ကုရ်အာန်အာယတ်ပါ ဝုဇူရေသန့်စင်ရာ၌မျက် နှာဆေးကြောခြင်း၊ လက်ကို တစ်တောင်ဆစ်အထိဆေးကြောခြင်း၊ ခေါင်းကိုမဆပ်ပြုခြင်း၊ ခြေထောက်ကို ခြေမျက်စေ့အထိ ဆေးကြောခြင်းများကို ဖရဇ် တာဝန်အဖြစ် အိမာမ်ကြီး(၄)ပါးစလုံးက ၎င်းတို့၏ ဓမ္မသတ်များတွင် တူညီကြသည်။ ဖေါ်ပြပါ ဦးခေါင်းများကို ပွတ်သတ်ကြဆိုသောနေရာတွင် ဦးခေါင်း၏ရှေ့တွင် بِ ဆိုသောဝိဘတ်လိုက်သည့်အတွက် အဓိပ္ပာယ်မှာ ဦးခေါင်းများ၏အစိတ်အပိုင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ထိုကဲ့သို့ ဦးခေါင်းဟူသော အဓိပ္ပာယ်ကို ယူဆရာ၌ အိမာမ်အဗူဟနီဖာက ခေါင်း၏ သုံးပုံတစ်ပုံဟု ယူဆသည်။ အိမာမ်ရှာဖီအီက ခေါင်း၏ထိပ်ပိုင်းထိရုံဖြင့်ဝုဇူ

အထမြောက်သည်ဟု ယူဆသည်။ အိမာမ်မာလစ်က် နှင့် အိမာမ် ဟမ်ဗလ်တို့ ကမူ ဦးခေါင်းတစ်ခုလုံးဟုယူဆကြသည်။ ခေါင်းတစ်ခုလုံး ဆိုသောအချက်ကိုမူ (၄)ဦးစလုံးအဆိုတူသည်။ အိမာမ်အဗူဟနီဖာ နှင့်အိမာမ်ရှာဖီအီတို့က အကယ်၍အရေးပေါ် အကြောင်းကြောင်းကြောင့် အမြန်ဝုဇူရေသန့်စင်ရပါက တစ်ယောက်က ခေါင်း၏သုံးပုံတစ်ပုံ၊ အခြား တစ်ဦးက ဦးခေါင်းထိပ်ပိုင်းဟုယူဆခြင်းအားဖြင့် ၄င်းတို့၏ ဓမ္မသတ် များသည် ကွဲလွဲလျက်ရှိကြသည်။ ထိုကဲ့သို့ ကွဲလွဲရခြင်း၏ အရင်းအမြစ်ကိုသိထားခြင်းအားဖြင့် **دَلِيلُ الْقَطْعِى** ခေါ် အဓိကကျသော ကိစ္စရပ်များ၌ ကွဲလွဲခြင်းမရှိပဲ၊ **دلِيلُ الظَّنِّى** ခေါ် အဓိကမကျသော ကိစ္စရပ်များ၌သာ ကွဲလွဲ ခြင်းဖြစ်ပေသည်။

အလားတူ ဆွလာသ်ဝတ်ပြုရာ၌ အကြိမ်များ၊ ဖရဇ်ဆွလာသ်၊ ရကာသ်များတွင် ကွဲလွဲမှုမရှိပေ၊ လက်ပိုက်ရာ၌ ဟနဖီများက ချက်၏အပေါ်ပိုင်းသို့လက်ပိုက်သည်။ ရှာဖီအီနှင့်ဟမ်ဗလီများက ရင်ဘတ်ပေါ်သို့လက် ပိုက်သည်။ မာလီကီများက လက်ချ၍ဆွလာသ်ဝတ်ပြုကြသည်။ ဤသည်တို့မှာလည်း အဓိကအချက်များတွင် ကွာခြားခြင်းမဟုတ်ပေ။

အိမာမ်အဗူဟနီဖာသခင်သည် သာဗေအီန်ခေတ်ကိုမှီ သော ပုဂ္ဂိုလ်ဖြစ်သည်။ ၄င်းခေတ်ဓမ္မသတ်များသည် သာဗေအီန် များ၏ အိဂ်ျသေမဟ်“စုံညီခုံရုံးဆုံးဖြတ်ချက်” များကိုအခြေခံ၍ ဆုံးဖြတ်ခဲ့သည်။အချို့ကိစ္စရပ်များကို ဆုံးဖြတ်ရာ၌ **عقلى دليل** ခေါ် မိမိ၏အသိ ဉာဏ်ကိုအခြေခံ၍ ဆုံးဖြတ်သည်။ ထိုကဲ့သို့ မိမိ၏အသိဉာဏ်ကိုအခြေခံ၍ ဆုံးဖြတ်ခဲ့သောအကြောင်းအရာများသည် ကျမ်းမြတ်ကုရ်အာန်တွင် လည်း အမိန့်ပေးထားခြင်း၊ သို့မဟုတ် တားမြစ်ထားခြင်းမရှိသော ကိစ္စရပ်များ၊ ဥပမာ ရေကန်တစ်ခုထဲသို့ ကြောင်တစ်ကောင်ကျ၍ သေဆုံးသွားပါကထိုရေကိုသုံးခွင့် ရှိမရှိဆိုသောမေးခွန်းများအပေါ် အိမာမ်အဗူဟနီဖာသခင်က ကြောင်အသေကို ရေကန်မှထုတ်ပြီး ရေကန်၌ရှိသောရေ၏ သုံးပုံနှစ်ပုံကိုခပ်ပြီး သွန်လိုက်ခြင်းအားဖြင့် ရေကန်ထဲမှရေကို သုံးပိုင်သည်ဆိုသောဆုံးဖြတ်ချက်ရှိပေသည်။

ထိုကဲ့သို့ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ အိမာမ်ရှာဖီအီသခင်ကမိမိ၏အသိဉာဏ်ကို အခြခံခြင်းထက် တမန်တော်မြတ် ဆွဟာဘာ များခေတ်၊ သာဗေအီန်များခေတ်တို့တွင် ပြုလုပ်လေ့ ပြုလုပ်ထ ရှိသောကိစ္စရပ်များကို သိနိုင်ရန်မှာ ၄င်းတို့ခေတ်ကာလရှိ ဟဒီဆ်များကို နှုတ်အားဖြင့် စုဆောင်းထားချက်များစုဆောင်း၍ ထိုဟဒီဆ် များအတွင်း ၌ တမန်တော်မြတ်နှင့် ဆွဟာဘာများ၊ သာဗေအီန်များ၏ ကျင့် သုံးချက်များကို ရရှိနိုင်မည်၊ ထိုရရှိချက်များကိုအခြေခံ၍ ဥပဒေ ပြုခြင်းက ပိုမိုလျော်ကန်သည်ဟု ဆိုခြင်းဖြစ်သည်။

၄င်း၏ဆိုလိုချက်မှာ အစ္စလာမ်သာနာတော်တွင် လိုအပ်ချက်သည်ကွက်လပ်အဖြစ် ကျန်ရှိနေသည်၊ ထိုကွက်လပ်များကိုဖြည့်ရမည်ဟုဆိုခြင်းမဟုတ်ပေ။ နောက်ပိုင်းပေါ်ပေါက်လာသော အစ္စလာမ် သာသနာတွင် အဓိကမကျသောကိစ္စရပ်များကို ဆုံးဖြတ်ရာ၌ မိမိတို့၏အသိဉာဏ်ကို အခြေခံ၍ ဆုံးဖြတ်ခြင်းထက် စုဆောင်းရရှိသော ဟဒီဆ်များကိ အခြေခံ၍ဆုံးဖြတ်ခြင်းက ပို၍လျော်ကန်သည်ဟု ဆိခြင်းဖြစ်သပေသည်။

## တမန်တော်မြတ်ခေတ် ဥပဒေ

တမန်တော်မြတ်သက်တော် ၄၀ မှစတင်၍ကျမ်းမြတ်ကုရ်အာန်ကျရောက်လာခဲ့သည်။ တမန်တော်မြတ်ထံ စတင်ကျရောက်သောအာယတ်များသည် “သောဝ် ဟီဒ်” ခေါ်တစ်ပါးတည်းသောအရှင်အား ကိုးကွယ်မှုဆိုင်ရာ အာယတ်များ၊ လူမှုရေးဆိုင်ရာ အာယတ်များ၊ ကတိသစ္စာပိုင်းဆိုင်ရာအာယတ်များ၊ စားပိုင်ခွင့် သောက်ပိုင်ခွင့်မရှိသော အကြောင်းအရာများနှင့် စားပိုင်ခွင့် သောက်ပိုင်ခွင့်ဆိုင်ရာ အာယတ်များသည် တစ်ဆင့်ခြင်း၊ တစ်ဆင့်ခြင်း တမန်တော်မြတ်၏သက်တော် ၆၃ နှစ်ထိ၊ ၂၃ နှစ်တိုင်တိုင်ကျရောက်ခဲ့သည်။

တမန်တော်မြတ်ထံသို့ တစ်ဆင့်ခြင်း တစ်ဆင့်ခြင်း ကျရောက်ခဲ့ သော ဥပဒေများကို ဆွဟာဘာများနှင့်အတူ လက်တွေ့ဘဝတည် ဆောက်ခဲ့ခြင်းအားဖြင့် အစ္စလာမ်သာသနာကို ရုပ်လုံးဖော်ခဲ့လေသည်။ ဖော်ပြပါ ကျမ်းမြတ်ကုရ်အာန်တွင် အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ တရားဆုံးဖြတ်ရေး၊လူမှုရေး၊ စာချုပ်စာတမ်းဆိုင်ရာ ဥပဒေ၊ သက်သေထွက်ဆိုချက်ဆိုင်ရာစည်း ကမ်းချက်၊ အသိသက်သေဆိုင်ရာ စည်းကမ်းချက်၊ လင်ခန်းမယားခန်း၊

ပြတ်စဲမှုဆိုင်ရာ ဥပဒေ၊ အမွေခွဲဝေမှုဆိုင်ရာ ဥပဒေ၊ သေတမ်းစာဆိုင်ရာစည်းကမ်းချက်၊ လင်နှင့်မယား၊ မိဘနှင့်သားသမီး၊ ညီအစ်ကိုမောင်နှမ၊ အိမ်နီးနားချင်း၊ မွတ်စလင်မ်အချင်းချင်း၊ မွတ်စလင်မ်မဟုတ်သူများနှင့်ပတ်သက်သောကျင့်ဝတ်များ၊ ရောင်းဝယ်ဖေါက်ကားမှုဆိုင်ရာစည်းကမ်းချက်များ၊ အပြော အဆိုအသွားအလာ၊ ရယ်မောခြင်းဆိုင်ရာ စည်းကမ်းချက်များကဲ့သို့ အသေးစိတ်များပင် ပါဝင်လေသည်။

ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန်၏ အမိန့်ပညတ်ချက်များအတိုင်း လျှောက်လှမ်းခဲ့သော တမန်တော်မြတ်၏ ဖဝါးထပ်တူလိုက်ခဲ့ကြသည့် ဆွဟာဘာများ၏ ဂုဏ်ရည်ကို ကျမ်းမြတ်ကုရ်အာန်တွင် " အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား နှစ်သက်ခဲ့သည်။ အလားတူ ထိုသူတို့ကလည်းအလ္လာဟ်အရှင်မြတ်ကို နှစ်သက်ခဲ့သည် " ဟု ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။

ဖေါ်ပြပါ ဆွဟာဘာကြီးများအုပ်ချုပ်ခဲ့သော ခေတ်ကို **رَاشِدُ ون** အစ္စလာမ့်ဥပဒေနှင့်အညီ အုပ်ချုပ်ခဲ့သောခေတ်ဟု မှည့်ခေါ်ခဲ့ကြသည်။၎င်းတို့ခေတ် အစ္စလာမ်သာသနာသည် ကမ္ဘာတစ်ဝှမ်းဝယ် နေမင်း၏ အလင်းရောင်ပမာ လွှမ်းခြုံနိုင်ခဲ့သည်။ ၎င်းတို့ခေတ် အစ္စလာမ်သာသနာဝင် မွတ်စလင်မ်ဆိုသည်မှာ ကမ္ဘာ့လူသားတစ်ရပ်လုံးအတွက် စံပြခေါင်းဆောင်များဖြစ်ခဲ့ကြသည်။ ယနေ့တိုင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ စာသင်ကျောင်းများတွင် ဆွဟာဘာကြီးများ၏ တရားမျှတမှု၊ ကိုယ်ကျင့်တရားများနှင့်ပတ်သက်၍ သင်ကြားပေးလျက် ရှိနေပေသည်။

## ဘာသာရေးရှုပ်ထွေးမှုအစ

အုမိုင်ယဟ်မင်းဆက်သည်(AD-705 မှ AD-750 )အထိ ၄၅ နှစ်အုပ်ချုပ်ခဲ့သည်။ အဗ္ဗာဆီယဟ်မင်းဆက်သည်(AD-750 မှ AD-935 )အထိ ၁၈၅ နှစ်တိတိ အုပ်ချုပ်ခဲ့သည်။ အုမိုင်ယဟ်ဆိုသည်မှာ ဆွဟာဘာကြီးမုအာဝိယဟ်မျိုးဆက်မှ ပေါ်ပေါက်လာသောအမည် ဖြစ်သည်။ အုမိုင်ယဟ်မင်းဆက်ကို ခလီဖာ အလ်ဝလီဒ်( AD -705-717)အထိ အုပ်ချုပ်ချိန်မှစတင်၍ သတ်မှတ်ခဲ့ကြသည်။ ၎င်းခေတ်မှစတင်၍ သက်ဦးဆိုင်ပိုင်ဘုရင်စနစ်အဖြစ် လုံးလုံးလျားလျား စတင်ခဲ့သည်။ အုမိုင်ယဟ်နောက်ဆုံးမင်းဆက်မှာခလီဖာ ဒုတိယမန်ဆူရ်ဖြစ်သည်။ အုမိုင် ယဟ်မင်းဆက် ၄၅ နှစ်အတွင်း အစ္စလာမ်သာသနာတွင် များစွာသော အုပ်စုကွဲ၊ ဂိုဏ်းကွဲများ ပေါ်ပေါက်ခဲ့သည်။ ဖေါ်ပြပါ အုပ်စုကွဲ၊ ဂိုဏ်းကွဲများသည်နိုင်ငံရေးကို အခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။ အုမိုင်ယဟ်ခေတ်တရားဆုံးဖြတ်ရေးစနစ်သည် ဖိကဟ်ဓမ္မသတ်အားဖြင့် ဆုံးဖြတ်သည်။

အုမိုင်ယဟ်နောက်ဆုံးမင်းဆက် ခလီဖာ ဒုတိယမန်စူရ်AD-750 အား အဗ္ဗဆီယဟ်မင်းဆက်ခလီဖာ Abdul-al Abbas al Saffa (AD-750-54) ကအာဏာသိမ်းခဲ့သည်။ ထိုအာဏာသိမ်းပွဲတွင် အုမိုင်ယဟ်ဘက်တော်သားများ အစုလိုက်အပြုံလိုက် အသတ်ခံကြရသည်။ အထက်ပါ Abdul-al Abbas al Saffa သည် အဗ္ဗာဆီယဟ်မင်းဆက်၏ ပထမဦးဆုံး ခလီဖာဖြစ်သည်။ အဗ္ဗာဆီယဟ်ဟုခေါ်ရခြင်းသည် တမန်တော်မြတ်၏ ဘကြီးတော် အဗ္ဗာဆ်သခင်၏ အနွယ်မှဆင်းသက်လာသူဖြစ်သောကြောင့် ဖြစ်သည်။

Haroon al Rashid(A D, 786-809) လက်ထက်တွင် အဗ္ဗာ ဆီယဟ်မင်းဆက်အုပ်ချုပ်မှုသည် အထွတ်အထိပ်သို့ရောက်ခဲ့သည်။ အတွေးအခေါ်ပညာရပ်၊ ကဗျာ၊ သင်္ချာ၊ နက္ခတ္တဗေဒနှင့် ခေတ်သစ်၏ သိပ္ပံပညာရပ်များကိုGreekနှင့်Syriac ဘာသာများမှ အရဗီစာပေသို့ ဘာသာ ပြန်ဆိုခဲ့သည်။ ဘာသာရေးဆိုင်ရာ အယူဝါဒသည် တမန်တော်မြတ် ခေတ်။ မဟာသာဝကများခေတ်နှင့် လုံးဝကွဲပြားခြားနားခဲ့သည်။ ၎င်းခေတ် မှ စတင် ၍ ခလီဖာဆိုသည်မှာ ကမ္ဘာမြေပြင်ပေါ်မှ အလ္လာဟ် အရှင်မြတ်၏ အရိပ်ဖြစ်သည်ဆိုသော အယူဝါဒ စတင်ခဲ့သည်။ ထိုခေတ်ခလီဖာများသည် သေစေ ရှင်စေဟူသော အာဏာရှိသူများ ဖြစ်ကြသည်။

## Haroon al Rashid ခေတ် ဖိကဟ်ဓမ္မသတ်

ကျမ်းမြတ်ကုရ်အာန်သည် အလွန်တရာမှ နူးညံ့သိမ်မွေ့သောနှလုံးသားပိုင်ရှင် တမန်တော်မြတ်အပေါ်သို့ ကျခဲ့သော ကျမ်းဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရွတ်သရဇ္ဈာယ်ခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ် အား ဖူးတွေ့နိုင်သည်။ ကျမ်းမြတ်ကုရ်အာန်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်ခွင့်ရှိသူများမှာ၊ ဆူဖီကျင့်စဉ်များကို ကျင့်ကြံအားထုတ်ပြီးနာမ်ပိုင်းဆိုင်ရာတိုးတက်မြင့်မားသူများကသာ ဖွင့်ဆိုခွင့်ရှိသည်ဆိုသော အယူဝါဒများစတင် ခဲ့သည်။

ဘာသာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများတွင် သင်ကြားပေးသောဖိကဟ်ဓမ္မသတ်များအတွင်းတွင် Aristotle နှင့် Plato တို့၏အတွေး အခေါ်များ ရောထွေးခဲ့သည်။ ၄င်းခေတ် ပညာရေးစနစ်သည် ကျမ်းမြတ်ကုရ်အာန်ပါ ဥပဒေများကို အများမွတ်စလင်မ်များလိုက်နာလိုက်စားမှုမပြုနိုင်သော နည်းစနစ်ဆီသို့ ဦးတည်သည်။ ခလီဖာအမည်ခံ သက်ဦးဆံပိုင်ဘုရင်စနစ်တည်မြဲရေးမှာ မွတ်စလင်မ်အများစု ကျမ်းမြတ်ကုရ်အာန်ပါ အဓိပ္ပာယ်များနှင့် ကင်းဝေးနေရန်မှာ အဓိကအရေးပါသော အချက်ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော်၊ ကျမ်းမြတ်ကုရ်အာန်တွင် သက်ဦးဆံပိုင်အုပ်ချုပ်ရေးစနစ်သည် သာသနာပိုင်စနစ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အားယုံကြည်ကိုးစားလွန်းသောစနစ်၊ အခွင့်ထူးခံလူတန်းစား စနစ်များကို ပြင်းပြင်းထန်ထန် ထားမြစ်ထားသော ကျမ်းဖြစ်သည်။ အများမွတ်စလင်မ်များကျမ်းမြတ်ကုရ်အာန်ပါ ဥပဒေများနှင့်ဝေးလေလေ ၄င်းတို့၏ခလီဖာအမည်ခံသက်ဦးဆံပိုင်စနစ်သည် သက်တမ်းရှည်လေလေဆိုသော မူဝါဒများကို ကျင့်သုံးခြင်းအားဖြင့် အဗ္ဗာဆီယဟ်မင်းဆက်သက်တမ်း ၁၈၅ နှစ်ကြာအုပ်ချုပ်နိုင်ခဲ့သည်။

အုမိုင်ယဟ်မင်းဆက်နှင့် အဗ္ဗာဆီယဟ်မင်းဆက်များသည် အမည်အားဖြင့် ကွဲပြားခြားနားသော်လည်း အုပ်ချုပ်သည့်စနစ်သည်ကား အတူတူပင်ဖြစ်ပေသည်။ ထိုမင်းဆက်နှစ်ဆက်စလုံးသည် အဖေခလီဖာ၏ အရိုက် အရာကို ၄င်းတို့၏သားများက ဆက်ခံသော စနစ်ကို ကျင့်သုံးခဲ့ကြသည်။

အဗ္ဗာဆီယဟ်မင်းဆက်တစ်လျှောက် ပေါ်ပေါက်ခဲ့သော ဘာသာ ရေးဆိုင်ရာ ပြဿနာများမှာ ကျမ်းမြတ်ကုရ်အာန်သည် ဖန်ဆင်းခံဖြစ်သည်ဆိုသောသူများနှင့် ဖန်ဆင်းခံမဟုတ် ဆိုသောသူများအတွင်း ပဋိပက္ခများ ပင်ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်ပါ အလ္လာဟ်အရှင်မြတ်၏ "အရရှ်" "ကုရ်ဆီ" ဟူသောဝေါဟာရများကို ဖွင့်ဆိုရာ၌ အလ္လာဟ်အရှင်မြတ်ထိုင် သောပလ္လင်ဟု ဖွင့်ဆိုသူများနှင့် အလ္လာဟ်အရှင်မြတ်၏ အချုပ်အခြာအာဏာဟု ဖွင့်ဆိုသူများအတွင်း ပဋိပက္ခများ၊ ကျမ်းမြတ်ကုရ်အာန်ပါ ငါး မဖမ်းရန် သတ်မှတ်သောနေ့၌ ငါးဖမ်းသူများမျောက်ဖြစ်သွားသည် ဟူ သောအာယတ်အပေါ် အမှန်တကယ် မျောက်သတ္တဝါများဖြစ်သွားသည် ဟုယူဆသူများနှင့် အမှန်တကယ် မျောက်သတ္တဝါများ ဖြစ်သွားခြင်းမဟုတ်၊မျောက်နှင့်ခိုင်းနှိုင်းခြင်းသာ ဖြစ်သည်ဆိုသောသူများအတွင်း ပဋိပက္ခ၊ အလားတူ မွတ်စလင်မ်များအတွင်း အငြင်းပွားမှုမျိုးစုံ ရှုပ်ထွေးခဲ့သည်။ ၄င်းခေတ် ဖိကဟ်ဓမ္မသတ်များအတွင်းတွင် ကျမ်းမြတ်ကုရ်အာန်နှင့် စွန္နဟ်ကို အခြေမခံပဲ ၄င်းတို့၏ **عقلی دلیل** (ခေါ်) မိမိတို့၏ဉာဏ်ရည်ကို အခြေခံ၍ဆုံးဖြတ်ကြသည်။

## အဗူအလ်ဟစန်အလ်အရှ်ရီ (A D- 935)

အဗူအလ်ဟစန် အလ်အရှ်ရီသည် အဗ္ဗာဆီယဟ်မင်းဆက် တစ်လျှောက်ပေါ်ပေါက်ခဲ့သော ပြဿနာမြောက်များစွာအနက်ပြဿနာအချို့ ကိုဖြေရှင်းပေးနိုင်ခဲ့သည်။ ကျမ်းမြတ်ကုရ်အာန်သည် ဖန်ဆင်းခံဖြစ်သည်၊ မဖြစ်သည်ဆိုသော ပြဿနာနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်အာယတ်များသည် အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါတ်တော်ဖြစ်၍ အလ္လာဟ်၏ဖန်ဆင်းခံမဟုတ်။ ကျမ်းမြတ်ကုရ်အာန်အာယတ်များကို ရေးသားသောစက္ကူ များ၊ မှင်များသည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံဖြစ်သည်ဟု ဆုံးဖြတ်မှုအပေါ် အယူအဆမတူညီသော အုပ်စုနှစ်စုအတိုင်းအတာတစ်ခုအထိ ညီညွတ်စေခဲ့သည်။

ဟနဖီဝါဒသည် အုမိုင်ယဟ်မင်းဆက်မှ စတင်ပေါ်ပေါက်ခဲ့ပြီး အဗ္ဗာဆီယဟ်မင်းဆက်အတွင်းတွင် လူအများဆုံး လိုက်နာကျင့်သုံးသောဝါဒဖြစ်ခဲ့သည်။ နောက်ပိုင်း မာလကီ၊ ရှာဖီအီ၊ ဟမ်ဗလီဝါဒများပေါ်ပေါက်လာခဲ့သည်။ ထိုဝါဒများ၏ နောက်လိုက်များအတွင်း အုပ်စုကွဲများဖြစ်ခဲ့ကြသည်။ မိမိတို့ဆိုင်ရာဝါဒများကို ရှေ့တန်းတင်၍ ညီညွတ်မှုပြိုကွဲလျက်ရှိသူများကို အီမာမ်လေးပါးစလုံး၏ ဝါဒလမ်းစဉ်များကို လက်ခံရမည်။ လိုက်နာကျင့်သုံးရာ၌ မိမိတို့နှစ်သက်ရာ ဝါဒတစ်ခုခုကို လိုက်နာကျင့်သုံးသူများကို"အဲဟ်လေစွန္နဟ်ဝလ်ဂျမာအသ်" ခေါ် စွန္နီများဖြစ်သည်ဟု ဆုံးဖြတ်မှုအပေါ်ဝါဒမတူညီသောသူများကို ညီညွတ်စေခဲ့သူဖြစ်သည်။၎င်း၏ခေတ်တွင် ဟဒီဆ်စုဆောင်း သူများ၊ များပြားလာလေသည်။ အစ္စလာမ်ဓမ္မသတ်ဆုံးဖြတ်ရာတွင် ဟဒီဆ်များကို လုံးလုံးလျားလျားအခြေခံ၍ ဥပဒေပြုသောစနစ်ဖြစ်ခဲ့သည်။ ဟဒီဆ်ကျမ်းများပါ တမန်တော်မြတ်၏အသေးစိတ် သွားလာနေထိုင်ပုံများကို ထိုခေတ် မွတ်စလင်မ်ထုအတွင်း သွတ်သွင်းပေးနိုင်ခဲ့သူ ဖြစ်သည်။ တမန်တော်မြတ်သည် ဆင်းရဲသည့်ဘဝကို နှစ်သက်သည်။ ဆင်းရဲသည့်ဘဝသည် ချမ်းသာသည့်ဘဝထက် ပိုမြတ်သည်။ ချမ်းသာသူသည်။ ချမ်းသာသည့်အလျောက် ဇကာသ်၊ ဟဂျ်၊ ခိုက်ရာသ်ကဲ့သို့ သောအလှူ ဒါနများကို ဆင်းရဲသူများထက် ပိုမိုပြုလုပ်သော်ငြားလည်း၊ ဂျန္နသ် သုခဘုံသို့ဝင်ရာ၌ ဆင်းရဲသားများထက် နှစ်ပေါင်းငါးရာနောက်ကျပြီး မှ ဝင်ရောက်ရမည်ဆိုသော ဟဒီဆ်များသည် ထိုခေတ် အဗ္ဗာဆီယဟ်ခလီဖာများရဲ့အုပ်ချုပ်ရေးအောက်၌ လူအများစုဖြစ်သော ဆင်းရဲသားများအတွက်စွဲမက်ဖွယ်ရာ ဟဒီဆ်များဖြစ်ခဲ့သည်။ ဖော်ပြပါ အဗ္ဗာဆီယဟ်ခလီဖာများခေတ်တွင် ဆင်းရဲသောဘဝ ရောက်ရှိခြင်းပင်လျှင် ကံထူးသူများဟု ခံယူသူများပြားလာခဲ့သည်။

## ဆူဖီဝါဒ

အဗ္ဗာဆီယဟ်လက်ထက်တွင် ကျော်ကြားသော အမျိုးသမီးဆူဖီ သူတော်စင်မှာ Rabiah (A D- 801) ပေါ်ပေါက်ခဲ့သည်။ Abu YazidBustami(AD-874), Hasan al Mansur Anal Haq(AD-922), Junaid Bugdadi(AD-910) တို့သည် အဗ္ဗာဆီယဟ်ခေတ်တွင် ပေါ် ထွန်းခဲ့သော ကျော်ကြားသည့် ဆူဖီများဖြစ်ကြပေသည်။ အဗ္ဗာဆီယဟ်အုပ်ချုပ်ချိန်တွင် မွတ်စလင်မ်တစ်ဦးအဖို့ မိမိနှစ်သက်သော "တွရီကာ"ခေါ် ဆူဖီလမ်းစဉ်တစ်ခုခုကို လက်ခံကျင့်သုံးရသည်။ ထို"တွရီကာ" လမ်းစဉ်ကိုဦးဆောင်သူ ရှေ(ခ်)၏ အမိန့်ပညတ်ချက်အတိုင်း တစ်သွေမတိမ်းလိုက်နာ၍ဘဝတည်ဆောက်မှုကို "ဖနာဖေရှေ(ခ်)"ဟုခေါ်သည်။ ထိုကဲ့သို့ လိုက်နာ ကျင့်သုံးခြင်းသည် "ဖနာဖေရစူလ်" ခေါ် တမန်တော်မြတ်၏အမိန့်ပညတ်တော်အတိုင်း လိုက်နာကျင့်သုံးခြင်းမည်သည်ဟု ခံယူကြသည်။ ထိုကဲ့သို့သောသူသည် "ဖနာဖေလ္လာဟ်" အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ် တော်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြစ်သည်။ အစ္စလာမ်ကျင့်စဉ်ကျင့်ရပ်ဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ ထိုခေတ် မွတ်စလင်မ်များ၏ ခံယူချက်မှာ"အိလ်မေ့နဗူဝသ်" နှင့် "နူရေနဗူဝသ်" ဟူ၍ ပညာရပ် နှစ်မျိုးနှစ်စားရှိသည်။ "အိလ်မေ့နဗူဝသ်" ဆိုသည်မှာ တမန်တော်မြတ်၏ ကျင့်ကြံအားထုတ်ချက်၊ ဟောပြောချက်ဆိုသည့် ပညာရပ်များကဆွဟာဘာကြီးများ မှတစ်ဆင့်လက်ဆင့်ကမ်းရောက်ရှိလာသော သာသနာနှင့်ပတ်သက်သော၊ အများနှင့်သက်ဆိုင်သည့် ပညာရပ်ဟု ခေါ်သည်။

"နူရေနဗူဝသ်" ဆိုသည်မှာ တမန်တော်မြတ်၏ သီးသန့် ကျင့်ကြံတရားအားထုတ်မှုများကို တမန်တော်မြတ်နှင့် အလွန်နီးစပ်သော ဆွဟာ ဘာကြီးများအနက်မှ အနည်းငယ်မျှသော အရေအတွက်ဖြစ်သည့် ဆွဟာ ဘာကြီးများက ကျင့်ကြံအားထုတ်ခဲ့ခြင်းအားဖြင့် နှလုံးသားမှနှလုံးသားသို့လက်ဆင့်ကမ်းရောက်လာသော ကျင့်စဉ်ကျင့်ရပ်ဆိုင်ရာ ပညာရပ်ဟုခေါ်ဆိုသည်။

ဥပမာအားဖြင့် တင်ပြရမည်ဆိုလျှင်. . . . . ယနေ့လူအများသိ ထားသော "ကာဒရိယဟ် တွရီကာ နှင့် ကျစ်ရှ်တီယဟ်တွရီကာ" ဆိုသော
တွရီကာ ကျင့်စဉ်ကျင့်ရပ်များသည် အလီသခင်က တမန်တော်မြတ်ထံမှအထူးသီးသန့်ရရှိထားသော တမန်တော်မြတ်၏

အထူးကျင့်စဉ် ကျင့်ရပ် များဖြစ်သည်။ တွရီကာဝင်တိုင်းတို့သည် အချိန်တိုင်း ထွက်သက်နှင့်ဝင် သက်တိုင်း၌ အလ္လာဟ် အရှင်မြတ်အား " ဇိကိရ် " တသ သတိရ ကြသည်။

"နက်ရှ်ဗန္ဒီယဟ်၊ မုဂျဒ္ဒဒီယဟ်" ခေါ် တွရီကာကျင့်စဉ်မှာ၊ တမန်တော်မြတ်၏ အထူးကျင့်ကြံ အားထုတ် ချက်များမှ၊ ဆွဟာဘာကြီးအဗူ ဘက္ကရ်သခင်က သီးသန့်ရရှိခဲ့သော ကျင့်စဉ်ဖြစ်သည်။ ထိုတွရီကာဝင်တို့သည် မိမိတို့၏ နှလုံးခုံနှုန်းတိုင်း၌ "အလ္လာဟ်" ဟူ၍ "ဇိကိရ်" တသ သတိရကြသည်။

" အိလ်မေ့နဗူဝသ် " ခေါ် တမန်တော်မြတ်၏ မြင်တွေ့ရသော ပြင်ပဆိုင်ရာ ပညာရပ်များအတိုင်း လိုက်နာကျင့်သုံးခြင်းသည် တမန်တော်မြတ်၏ ရုပ်ပိုင်းဆိုင်ရာ စွန္နဟ်များကို အကောင်အထည်ဖေါ်ခြင်းဖြစ်သည်။

"နူရေနဗူဝသ်" သည် တမန်တော်မြတ်၏ စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်ဖြစ်သည်။ ထိုကဲ့သို့ တမန်တော်မြတ်၏ စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်ကျင့်ရပ်များဆိုင်ရာ ပညာရပ်များကို ပို့ချသော တွရီကာ တစ်ခုခုမှ ရှေ့ဆောင်နည်းပြ ဖြစ်သူ "ရှေ(ခ်)" ၏အမိန့်ပညတ်ချက်အတိုင်း ဘဝတည်ဆောက်ခြင်းသည်တမန်တော်မြတ်၏ စိတ်ပိုင်းဆိုင်ရာ စွန္နဟ်များကို အကောင်အထည်ဖေါ်နိုင်ပေမည်။ ဖေါ်ပြပါ တမန်တော်မြတ်ထံမှ ရောက်ရှိလာသော ပညာရပ် နှစ်မျိုးစလုံးကို လိုက်နာကျင့်သုံး၍ တမန်တော်မြတ်၏ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ စွန္နဟ်များနှင့်ပတ်သက်သော ပညာရပ်များကို တတ်မြောက်ခြင်း၊ လိုက်နာကျင့်သုံး၍ အလင်းရရှိသောပညာရှင်များကသာလျှင်၊ ကျမ်းမြတ်ကုရ်အာန်ပါ အမိန့်ပညတ်ချက်များကို ဖွင့်ဆိုခွင့် ရှိကြသည်။

Hasan al Mansur (922) သည် ဇိကိရ် အလ္လာဟ်အရှင်မြတ် အား တသ သတိရရင်း ပီတိသောမနဿစခန်း တစ်ခုသို့ ရောက်ရှိခဲ့သည်။ထိုအချိန်တွင် ၎င်းသူတော်စဉ်ကြီး၏နှုတ်မှ " Anal Haq " "انالحق၊" "ငါအလ္လာဟ်" " ငါသည် မှန်ကန်သော သစ္စတရား" ဟူ၍ထွက်ခဲ့လေသည်။ ထိုခေတ်အစ္စလာမ့် ဓမ္မသတ်ပညာရှင်များက သေဒဏ်ပေးခဲ့သည်။ ထိုကဲ့သို့ ထိုသူတော်စင်ကြီးနှုတ်မှထွက်လာသော "ငါအလ္လာဟ်" ဆိုသောဝေါဟာရနှင့် ပတ်သက်၍ အစ်ဗနေအရဗီသခင်က "ဝဟ်ဒဟ်ဝဂျုဒ်" ခေါ် အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်၏ဖန်ဆင်းခံတို့အကြား အတိုင်းအတာ အဆင့်အတန်းပေါ် တွင်မူတည်၍ အတားအဆီးမရှိ ထိတွေ့ရောပြွမ်းစိမ့်ဝင် ၍နှစ်ကိုယ့်တစ်စိတ်(ဝါ) နှစ်ကိန်းမှတစ်ကိန်းဖြစ်သွားသော အချိန်တွင်ထွက်ပေါ်လာသော ဝေါဟာရ ဖြစ်သည်ဟု ဖွင့်ဆိုခဲ့သည်။ ၎င်းက ပမာခိုင်း၍ပြသည်မှာ မီးတောက်မီးလျှံထဲသို့ သံတုံးတစ်တုံးကို ထည့်လိုက် ထိုသံတုံး သည် မီးထဲတွင်ရော၍ မီးနှင့်ခွဲခြား၍ မရနိုင်သည့်အဖြစ်မျိုးဖြစ်သွားသည်ဟုအထက်ပါ သူတော်စင်ကြီး၏ ဖြစ်ရပ်ကို ထောက်ခံခဲ့သည်။ ထိုကဲ့သို့ အယူအဆများကို လက်ခံသော ဆူဖီများလည်း ရှိပေသည်။

Junaid Bugdadi(910) သည် ထိုကဲ့သို့သော အယူအဆမှပြန် လည်ဆုတ်ခွာခဲ့သူဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင်မြတ် တို့၏အကြားတွင် မည်သည့်အခြေနေတွင်မျှ ထိတွေ့ရောပြွမ်းခြင်း၊ နှစ်ကိုယ့်တစ်စိတ်ဖြစ်ခြင်း(ဝါ)နှစ်ကိန်းမှတစ်ကိန်းမဖြစ်နိုင်ဟု ခံယူသူဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာများနှင့် အလ္လာဟ်အရှင်မြတ် ၏ဖန်ဆင်းခံတို့ စပ်ကြား၌သာလျှင် ရောပြွမ်းစိမ့်ဝင်ခြင်း၊ ထိတွေ့ခြင်းဆိုသော"ဝဟ်ဒဟ်ရှဟူဒ်" ဆိုသောဝါဒကို လက်ခံခဲ့သည်။

တွရီကာကျင့်စဉ်များအတွင်း၌ "ဝဟ်ဒဟ်ဝဂျုဒ်" (ခေါ်) အလ္လာဟ်အရှင်မြတ်နှင့်အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံတို့စပ်ကြား ထိတွေ့ရောပြွမ်းစိမ့်ဝင်ခြင်း (ဝါ)နှစ်ကိန်းမှတစ်ကိန်းဖြစ်သွားခြင်း ဆိုသောကိစ္စရပ်ကို လက်ခံသူများရှိလာ သကဲ့သို့ "ဝဟ်ဒဟ်ရှဟူဒ်" (ခေါ်) အလ္လာဟ်အရှင်မြတ်၏သက်သေလက္ခဏာများနှင့် အလ္လာဟ့်ဖန်ဆင်းခံတို့ စပ်ကြား၌သာလျှင်ထိတွေ့ရောပြွမ်းစိမ့်ဝင်ခြင်း(ဝါ)နှစ်ကိုယ့်တစ်စိတ်ဖြစ်နိုင်သည် ဆိုသောအယူ အဆ နှစ်ခုစတင်၍ ကွဲပြားခြားနားခဲ့သည်။

အထက်ဖေါ်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နောက်ပိုင်းတွင် Ahmed Sarhind(1625) ၏ **مكتوبات** အမည်ရှိ တွရီကာနှင့်ပတ်သည့်ရှင်းလင်းချက်တွင် တင်ပြထားသည်မှာ ကျမ်းမြတ်ကုရ်အာန် စူရဟ်(၆) အာယတ်တော်(၁၀၃)၌၊-

" စက္ခုများသည် ထိုအရှင်မြတ်အား (စိတ်ငုံ)မိနိုင်သည်မဟုတ်၊ သို့ရာတွင် ထိုအရှင်က စက္ခုများကို

www.QuranInBurmese.com


(စိတ်ငုံ)မိလျက်ရှိ၏ ”

ထိုအလ္လာဟ်အရှင်မြတ်အား စိတ်ငုံ၍မရနိုင်၊ တနည်းအားဖြင့် စိတ်ကူးနှင့်ပင်မှန်းဆ၍ မရနိုင်။ မှန်းဆ၍ရပါက ထိုအရှင်လည်းမဟုတ်၊ ထို အရှင်သည် မှန်းဆ၍ရခြင်း၊ မြင်တွေ့၍ရခြင်း၊ ထိတွေ့ခြင်းဆိုသောအရာ များမှ ကင်းစင်သော အရှင်ဖြစ်ပေသည်။

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅၃) အာယတ်တော်(၆၈)၌-

“ဧကန်မလွဲ ထိုအခါ သည် ၄င်းအားဖန်ဆင်းမွေးမြူတော်မူသောအရှင်၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များကို တွေ့မြင်ခဲ့ပေသတည်း ”

ထိုအာယတ်တော်အရ တမန်တော်မြတ်သည်ပင်လျှင် အလ္လာဟ် အရှင်မြတ်၏ ကြီးကျယ်ဆုံးသော သက်သေလက္ခဏာတော်ကိုသာတွေ့မြင် ခဲ့ရလေသည်။ ဖေါ်ပြပါအာယတ်များကို ကိုးကား၍ ဖေါ်ပြပါ “ဝဟ်ဒဟ်ဝဂျူဒ်”အယူဝါဒကို ဆန့်ကျင်၍ ရေးသားထားလေသည်။ ဖေါ်ပြပါ အဗ္ဗာဆီယဟ်ခေတ်မှ စတင်ခဲ့သော ပြဿနာပေါင်း မြောက်များစွာသည် ယနေ့ထက်တိုင်ပြဿနာအဖြစ် မွတ်စလင်မ်များ၏ ရိုးတွင်းချဉ်ဆီထဲသို့ စိမ့်ဝင်နေစဲဖြစ် ပေသည်။

## Yaqoob Ibn Ishaaq al Kindi(AD-870)

၄င်းသည် မွတ်စလင်မ်များအတွင်းတွင်အလွန်ကျော်ကြားသော နိုင်ငံခြားအတွေးအခေါ်ပညာရှင် တစ်ဦးဖြစ်သည်။ အီရာက်နိုင်ငံ ကူဖာမြို့တွင် မွေးဖွားပြီး ဘာဆရာမြို့တွင် ပညာဆည်းပူးခဲ့သည်။ မွတ်စလင်မ် လောကတွင် ပထမဦးဆုံး Aristotle နှင့် Plato တို့၏ အတွေးအခေါ် ဝါဒများအားဖြင့် နိစ္စထာဝရ အလ္လာဟ်အရှင်မြတ်တည်ရှိနေကြောင်းကို တင်ပြခဲ့သူဖြစ်သည်။ ထိုခေတ် အဗ္ဗာဆီယဟ်ခလီဖာများ လက်ထက်တွင် အစ္စလာမ် ဓမ္မသတ်များအတွင်း နိုင်ငံခြားအတွေးအခေါ်ဝါဒများကို ပါဝင် စေခဲ့သူဖြစ်သည်။

ဖေါ်ပြပါ နိုင်ငံခြား အတွေးအခေါ်များနှင့် တည်ဆောက်ထားသောဥပဒေများကို အစ္စလာမ့် ဓမ္မသတ်ဥပဒေအမည်တပ်၍ တရားဆုံးဖြတ်ခဲ့ကြသည်။ မွတ်စလင်မ်အချင်းချင်း အငြင်းပွားမှုများအတွင်း အချိန်ကုန်လွန်စေခြင်း၊ မှန်ကန်သော ပညာရှင်များ ကွက်မျက်ခံရခြင်း၊ ထောင်သွင်းအကျဉ်းချခြင်းခံ ကြရပေသည်။

॥॥॥॥॥॥॥॥॥॥॥॥

## ဥပဒေများ ဖေါင်းပွမှုခေတ်

(AD 786) မှ (AD 935) အတွင်းတွင် ကျမ်းမြတ်ကုရ်အာန် သည် ဖတ်ရွတ်သရဇ္ဈာယ်ရသောကျမ်းအဖြစ် တည်ရှိခဲ့သည်။ လူသားတို့ရေးသည့်ကျမ်းနှင့် လူသားတို့ရေးသည့်ဥပဒေများသည် လိုက်နာကျင့်သုံးရသော ကျမ်းများအဖြစ် ပေါများဖေါင်းပွလာခဲ့သည်။ ထိုခေတ် ထိုကာလများ ရှိ အစ္စလာမ့်ဥပဒေများဟု ခေါ်ဆိုသောဓမ္မသတ်ဥပဒေများမှာ ကျမ်းမြတ် ကုရ်အာန်ကို ဥပဒေအဖြစ်အခြေခံသောလမ်းကြောင်းမှ လုံးလုံးလျားလျားခွဲခွာခဲ့သော ခေတ်ဖြစ်ပေသည်။ ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန်ကို အခြေမခံသော လူမှုရေး ကျမ်းအမျိုးမျိုးတို့အားဖြင့် မွတ်စလင်မ်ထုအတွင်တွင် အုပ်စုကွဲ၊ ဂိုဏ်းဂနကွဲများလည်း ပေါ်များဖေါင်းပွ လာခဲ့သည်။ ဖေါ်ပြပါ မတူညီသော အုပ်စုကွဲ၊ ဂိုဏ်းဂနကွဲများက မိမိတို့ စိတ်ထက်သန်ရာ ဝါဒလမ်းစဉ် များကို ကွဲပြားခြားနားသည့် ကျောင်းများဖွင့်၍ သင်ကြားပေးခြင်းအားဖြင့် အယူအဆမတူညီသော ပညာရှင်များသည်လည်း ပေါများဖေါင်း ပွလာခဲ့ကြပေသည်။ ထိုကဲ့သို့ ကွဲပြားခြားနားသော ပညာရှင်များက ၄င်းတို့၏ ကျောင်းတော်ဝါဒစွဲ၊ ဆရာဝါဒစွဲများကို ရှေ့တန်းတင်၍ ဟောပြောခြင်း၊ရေးသားခြင်းများအားဖြင့် အယူအဆမတူညီကြသော မွတ်စလင်မ်များသည် လည်း ပေါများဖေါင်းပွလာခဲ့တော့သည်။

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

## လူရေးကျမ်းဟူသည် ကွဲလွဲမည်သာ

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၄) အာယတ်တော်(၈၂)တွင်၊-

اَفَلَا يَتَدَبَّرُوْنَ الْقُرْاٰنَ ۭ وَلَوْ كَانَ مِنْ عِنْدِ غَيْرِ اللّٰهِ لَوَجَدُوْا فِيْهِ اخْتِلَافًا كَثِيْرًا ○

" ၄င်းတို့သည် ကျမ်းမြတ်ကုရ်အာန်ကို ဂဃနဏ နှိုက်နှိုက်ချွတ်ချွတ်စေ့စုံစွာ လေ့လာသုံးသပ်ခြင်း မရှိကြလေသလော။ အကယ်၍သာ ယင်းကျမ်း မြတ်ကုရ်အာန်သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ မဟုတ်ပဲ အခြား သူတစ်ဦးဦးထံမှရောက်ရှိခဲ့သော ကျမ်းဖြစ်ခဲ့ပါမူ ထိုသူတို့သည် ၄င်းကျမ်း တွင်မြောက်များစွာသော ကွဲလွဲမှုတို့ကို ဧကန်အမှန် တွေ့ရှိကြကုန်အံ့ "

ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန် အာယတ်ကို ထောက်ရှုခြင်းအား ဖြင့်ကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ် အရှင်မြတ်ထံမှ ကျမ်းဂန်ဖြစ်သည်။ ထိုကျမ်းပါ အကြောင်းအရာများနှင့် ဥပဒေများတွင် ကွဲလွဲမှုတစ်စုံ တစ်ရာ မရှိကြောင်းကို ဆိုထားခြင်းဖြစ်ပေသည်။

လူသားတစ်ဦးဦးဖြစ်စေ၊ လူတစ်စုဖြစ်စေ ရေးသားထားသော ကျမ်းဖြစ်ပါက လုံးဝဥဿုံရှေ့နောက်မညီ ကွဲပြားခြားနားမည်ဖြစ်ကြောင်း အခိုင်အမာဆိုထားသော အာယတ်တော်ဖြစ်ပေသည်။

လူသား၏ သဘော သဘာဝသည် ဒေါသဖြစ်သည့်အခါ ပြော ဆိုရေးသားချက်များတွင် ကျေးဇူးရှင်ကိုပင် သတိမမူတတ်ပေ။ ကရုဏာ ပွားများသည့်အခါ ပြောဆိုရေးသားချက်များတွင် ဒေါသထား ရမည့် သူများကိုပင် မမြင်ချေ။ လောကီရေးရာများကို ပြောဆိုရေးသား ရာ၌၊ လောကုတ္တရာအကြောင်းများကိုလည်းကောင်း၊လောကုတ္တရာ အကြောင်း များကို ပြောဆိုရေးသားရာ၌ လောကီအကြောင်းများကို လည်းကောင်း၊ မေ့တတ်လေသည်။

အခြေအနေတစ်ရပ်တွင် ပြောဆိုရေးသားချက်သည် အခြားအခြေအနေတစ်ရပ်တွင် ပြောဆိုရေးသားချက်နှင့် ကွဲပြားဆန့်ကျင်သည်ကို တွေ့ ရတတ်ပေသည်။ အချို့အပြောအဆို အရေးအသားများသည် စာပေ မြောက်သော်လည်း၊ အချို့အပြောအဆို အရေးအသားများသည် စာပေမမြောက်ပေ။ အချို့အကြောင်းအရာများသည် မှန်ကန်သော်ငြားလည်း၊အချို့အချို့အကြောင်းအရာများသည် မှားယွင်းမှုများပါဝင်လေသည်။ အချို့ပြောဆိုရေးသားချက်များသည် ရှေ့နောက်မညီ အမြဲတစ်စေ ချို့တဲ့မှုများ ရောပြွမ်းလျက် ရှိနေပေသည်။

ကျမ်းမြတ်ကုရ်အာန်သည်ကား လူသားတို့၏ ပြောဆိုရေးသား ချက်တွင် ပါဝင်သော ချွတ်ယွင်းချက်များ နှင့်ကား လုံးဝ ကင်းရှင်းပေသည်။

(ဖေါ်ပြပါ အာယတ်အပေါ် သဖ်စီရ်အွဆ်မာနီ၏ သုံးသပ်ချက်)

## အစ္စလာမ့် အင်ပါယာကြီး သုံးပိုင်းကွဲခြင်း

AD 1500 မှ 1700 အကြားတွင် အီရန်နိုင်တွင် Safavidအင်ပါယာ(ခေါ်)ပါရှန်းအင်ပါယာ၊ အိန္ဒိယတွင် မဂိုအင်ပါယာနှင့် Anatolia (ခေါ်) တူရကီတွင် အော်တိုမန်အင်ပါယာဟူ၍ အစ္စလာမ် အင်ပါယာ သုံးပိုင်းကွဲခဲ့လေသည်။

## SAFAVID (ခေါ်) ပါရှန်းအင်ပါယာ

ယခင် အဇ္ဇာဆီယဟ်များ နည်းတူ သက်ဦးဆံပိုင် ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ အုပ်ချုပ်သူ လူတန်းစားသည် ကမ္ဘာမြေပြင်ပေါ်မှ အလ္လာဟ် အရှင်မြတ်၏ အရိပ်များဖြစ်သည်ဆိုသော ဝါဒကို ပြန်လည်အသက်သွင်းခဲ့ သည်။

Shah Abbas I (AD 1585-1629)အုပ်ချုပ်ချိန်တွင် Safavid အင်ပါယာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ၄င်းခေတ်တွင် အော်တိုမန်အင်ပါယာ၏ အချက်အခြာကျသော နယ်မြေများကို သိမ်းပိုက်နိုင်ခဲ့သည်။ ၄င်းအုပ်ချုပ်သော မြို့တော်မှာ Isfahan မြို့ဖြစ်သည်။ ၄င်းခေတ်ယဉ်ကျေး မှုမှာ Pre-Islamic Persian Cul-

ture (ခေါ်) အစ္စလာမ်မတိုင်မီ ပါရှန်း ယဉ်ကျေးမှုအတိုင်းဖြစ်သည်။ ၄င်းမြို့တော်ရှိ အဆောက်အဦးများ၊ ပန်းခြံများ၊ ဗလီဝတ်ကျောင်းများ၊ တက္ကသိုလ်များနှင့် နန်းတော်အပါအဝင် အဆောက်အဦးအားလုံးကို ရှေးပါရှန်း အနုပညာလက်ရာများဖြင့် ပုံဖေါ်ထားသည်။

ဆူဖီဝါဒကိုအခြေခံသော အစ္စလာမ်ဓမ္မသတ်ဖြင့်အုပ်ချုပ်ခဲ့သည်။ Mohamed Baqir Majlisi(1700) ခေတ်တွင်ဆူဖီဝါဒကို နှိပ်ကွပ်ပြီး၊အတွေးအခေါ်ပညာရပ်များကို အခြေခံသော ဓမ္မသတ်များဖြင့် ပြုပြင်ပြောင်းလဲအုပ်ချုပ်ခဲ့သည်။ ထိုအတွေးအခေါ်ပညာရပ်များကိုလည်း ဘာသာရေးကျောင်းများတွင် အခြေခံ၍ သင်ကြားပေးသောစနစ်ကို ကျင့်သုံးခဲ့သည်။ ထိုကျောင်းများမှ အတွေးအခေါ်ပညာရှင်များနှင့် ယခင်ရှိရင်းစွဲဆူဖီဝါဒကို အခြေခံသော ပညာရှင်များ၏ မတူညီသော ဝါဒလှိုင်းဂယက်များသည် Safavid အတွင်းရှိ အများမွတ်စလင်မ်များအတွင်းသို့ ရိုက်ခတ်လာခြင်းအားဖြင့် စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည်။

MIRDIMAD(AD-1631) နှင့် ၄င်း၏တပည့် MULLAHSADR(1640) တို့၏ခေတ်တွင်တွေးခေါ်မှုပညာနှင့် ဆူဖီဝါဒနှစ်မျိုးပေါင်း ၍ ဖိကဟ်ဓမ္မသတ်များ ရေးဆွဲခဲ့ကြသည်။ ၄င်းတို့၏ အတွေးအခေါ်အယူအဆများမှာ Aristotle နှင့် ခေတ်သစ်သိပ္ပံကို အခြေခံသော ဖိကဟ်ပညာ ရပ်ဖြစ်သည်။ (Al Afsan al Arabaab)THE FOUR FOLD JOURNEY ခေါ် လေးဖက်မြင် ဘုံစခန်းသို့ ခရီးပေါက်ခြင်းဆိုသော အယူအဆကို စတင်ခဲ့သည်။ ဖေါ်ပြပါစခန်းသို့ ပေါက်ရောက်သူများက သာလျှင် အုပ်ချုပ်ရေး၊ ဘာသာရေး၊ တရားဆုံးဖြတ်ရေးကိစ္စများကို ဆောင်ရွက်ခွင့်ရှိသည်ဆိုသော အယူဝါဒများကို ဆွဲကိုင်ခဲ့သည်။ ထိုကဲ့သို့ အသစ်အဆန်း ပေါ်ပေါက်လာခဲ့သော အယူဝါဒများအားဖြင့် ပညာရှင်တို့ကြားဝိဝါဒ ကွဲခဲ့ကြသည်။

အများမွတ်စလင်မ်များ၏ လိုအပ်ချက်ဖြစ်သော လူမှုရေး၊ စီးပွား ရေး၊ ပညာရေးများတွင် ၄င်းတို့၏ဓမ္မသတ်များက ကွပ်ကဲမှုအားနည်းလာ သည့်အပေါ် Safavid အင်ပါယာသည်လည်း အားနည်းမှေးမှိန်ခဲ့ရလေသည်။

## မဂို အင်ပါယာ

မဂိုအင်ပါယာကိုHumayun၏သားAkbar(1542-1605 AD) က အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ စတင်ခဲ့သည်။ ၄င်း၏အုပ်ချုပ်ရေးစနစ်တွင် စွလ်တန်(ခေါ်)ဘုရင်စနစ်ဖြင့် အိန္ဒိယမြောက်ပိုင်း ပန်ဂျာဗ်ပြည်နယ်၊ မလ်ဗာရ်နှင့် Deccan တို့တွင် တရားမျှတစွာ အုပ်ချုပ်နိုင်ခဲ့သည်။ ၄င်း၏အုပ်ချုပ်ရေးအောက်တွင် မွတ်စလင်မ်၊ ဟိန္ဒူ၊ ခရစ်ယာန်၊ ဗုဒ္ဓဘာသာ၊Jainဘာသာနှင့် Zoroastrian ဘာသာဝင်များ ရှိခဲ့ကြသည်။ မတူညီသော လူမျိုး၊ ဘာသာအားလုံး တန်းတူအခွင့်အရေးများ ရရှိခဲ့ကြသည်။

၄င်း၏စစ်တပ်တွင် လူမျိုးပေါင်းစုံပါဝင်ခဲ့သည့်အတွက် စစ်တပ်သုံးဘာသာစကားတစ်ခုကို တီထွင်ခဲ့သည်။ ထိုဘာသာစကားကို အရဗီ၊ ဖါရစီ၊ ဟင်ဒီ၊ ပါဠိ၊ အင်္ဂလိပ် ဘာသာများမှ ကောက်နှုတ်၍ တီထွင်ခဲ့ခြင်းဖြစ်သည်။ ထိုစစ်တပ်သုံး ဘာသာစကားမှာ ယနေ့အများသုံးနေသော "အွရ်ဒူ" ဘာသာစကားဖြစ်သည်။ ၄င်းသည် ဘာသာတရားအားလုံးကို လေးစားသူဖြစ်သည်။ (AD- 1575) နှစ်တွင် House of Worship ဘာသာပေါင်းစုံချစ်ကြည်ရေးဗိမာန်ကြီးကို တည်ဆောက်ခဲ့လေသည်။ ၄င်းမှာ ဆူဖီဝါဒကို လေ့လာလိုက်စားသူဖြစ်သည်။ ၄င်းခေတ် တရားရုံးဆုံးဖြတ်သူများမှာ သာသနာ့ပညာရှင်များဖြစ်ကြသည်။ Abufizal Allami (AD, 1551-1602)အတွေးအခေါ်ပညာရှင်နှင့် ပေါင်းဖက်မိသည်။ Akbar နှင့် Abufizal Allami တို့ပေါင်း၍ " ဒီနေအိလာဟီ " (ခေါ်) ဘာသာတရားအားလုံး သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းထံမှ ဖြစ်သည်ဆိုသော ဝါဒကို စတင်ခဲ့သည်။ ထို့နောက် Sulb-e-Kull (ခေါ်) စကြဝဠာငြိမ်းချမ်းရေး၊ Mohabatte-e-Kull (ခေါ်) စကြဝဠာချစ်ကြည်ရေးဆိုသော ခေါင်း စဉ်များဖြင့် ဝါဒသစ်များတည်ထောင်ခဲ့သည်။

၄င်း၏ခေတ်တွင် မွတ်စလင်မ်မဟုတ်သူများအား " ဂျစ်ဇယာ " ကင်းလွတ်ခွင့်ပေးခဲ့သည်။ အစ္စလာမ်သာသနာဆိုင်ရာ ပညာရပ် များကို သင်ကြားပေးသည့် ကျောင်းများ တွင် ဖါရစီ(ခေါ်) ပါရှန်းစာပေကို

အဓိကဘာသာအဖြစ်သင် ကြားသော စနစ်ကို ကျင့်သုံးခဲ့သည်။ အရဗီ စာပေနှင့်ရှိခဲ့သော ကျမ်းမြတ်ကုရ်အာန်၊ ဟဒီဆ်များ၊ ဖိကဟ်ကျမ်းများကိုပါ ပါရှန်းစာပေအားဖြင့် သင်ကြားခဲ့သည်။ ၎င်းခေတ်မှစတင်၍ အစ္စလာမ်သာသနာနှင့်ပတ်သက်သောဝေါဟာရ အတော်များများသည် ပါရှန်းစာပေ အခေါ်အဝေါ်များ ပါဝင်လာခဲ့သည်။ ဥပမာ- ကျမ်းမြတ် ကုရ်အာန်ပါ အလ္လာဟ်ဆိုသောဝေါဟာရကို ဖါရစီဘာသာစကား “ ခုဒါ” ဟူ၍လည်းကောင်း၊ ဆွလာသ်ဆိုသော ဝေါဟာရကို “ နမာဇ် ”ဟူ၍ လည်းကောင်း၊ ဆိွယာမ်ဆိုသောဝေါဟာရကို“ ရိုဇာ ” ဟူ၍ လည်းကောင်း၊ လိုင်လတွလ်ကဒရ် မြင့်မြတ်သောညကို “ ယှဗေဘရာသ် ” ဟူ၍လည်း ကောင်း၊ လိုင်လတွလ်မေ့ရာဂ်ျကို “ ယှဗေမေ့ရာဂ်ျ ” ဟူ၍လည်းကောင်း စသည်ဖြင့် များစွာသော ကျမ်းမြတ် ကုရ်အာန်ပါ ဝေါဟာရများကို ဖါရစီ အခေါ်အဝေါ်များအားဖြင့် ပြောင်းလဲခေါ်ဝေါ်သုံးစွဲသော စနစ်ကို စတင် ခဲ့သူဖြစ်သည်။

စွလ်တန်(ခေါ်)ဘုရင်ဆိုသူသည် အလ္လာဟ်အရှင်မြတ်၏ ကမ္ဘာမြေပြင်ပေါ်မှ အရိပ်ဖြစ်သည်ဟု ခံယူခဲ့သည်။ ထိုကဲ့သို့ အလ္လာဟ်အရှင်မြတ်၏အရိပ်ဖြစ်သော စွလ်တန်ဘုရင်ရှေ့သို့ အခစားဝင်သူအားလုံး ဦးညွှတ်၍ အရိုအသေပေးသောစနစ်ကို စတင်ခဲ့သူဖြစ်သည်။

Shah Jahan(1627-1658) လက်ထက်တွင် မွတ်စလင်မ်များ၏သိပ္ပံဆိုင်ရာစာအုပ်များနှင့် ဟင်ဒီကဗျာများကို San Skrist ဘာသာသို့ပြန်ဆိုခဲ့သည်။ ၎င်းခေတ်၌ တည်ဆောက်ခဲ့သော “သာဂ်ျမဟလ် ”အဆောက် အဦးသည် ဟိန္ဒူနှင့်မွတ်စလင်မ် ရိုးရာနှစ်မျိုးပေါင်း၍ထားသည့်ဗိသုကာ လက်ရာ ဖြစ်ပေသည်။

၎င်းခေတ်အုပ်ချုပ်ပုံ နည်းစနစ်နှင့် ဘာသာရေးဆိုင်ရာ ခံယူချက် သည် ၎င်းအဖိုး Akbar လက်ထက်ကကျင့်သုံးသွားသည့်အတိုင်း ဖဝါး ထပ်တူ လိုက်နာကျင့်သုံးခဲ့သည်။

## Ahmed Sarhind(1625)

၎င်းသည် အထက်မှတင်ပြခဲ့သည့် အယူဝါဒလမ်းစဉ်များကို ဆန့် ကျင်သည့် သာသနာ့ပညာရှင် ဆူဖီတစ်ပါးဖြစ်လေသည်။ ၎င်း၏ခံယူချက်မှာ ကျမ်းမြတ်ကုရ်အာန်နှင့် စွန္နဟ်များအားဖြင့် အခြေခံရှရီအာဥပဒေကသာလျှင် မွတ်စလင်မ်များကို လမ်းမှန်သို့ပို့ဆောင်နိုင်မည်။ လူသားတို့၏အတွေးအခေါ်အယူဝါဒများအားဖြင့် တည်ဆောက်ဖွဲ့စည်းထားသော ဝါဒလမ်းစဉ်များသည် မွတ်စလင်မ်များကို အကျိုးမပြုနိုင်သည့်အပြင် လမ်းမှားဖက်သို့ခေါ်ဆောင်သွားသည့် လမ်းစဉ်များဖြစ်သည်ဟု အများမွတ်စလင်မ်များအတွင်းသို့ ထိုးဖေါက်နိုင်ခဲ့သူဖြစ်ပေသည်။

Shah Jahan ဘုရင်၏အနီးတွင် အကြံပေးများဖြစ်ကြသော ‘‘အုလမာအေစူး’’ (ခေါ်) အသပြာသာသနာ့ပညာရှင် များအား လည်း ကောင်း ဝန်ကြီးအဖွဲ့အားလည်းကောင်း၊ အိပ်ဖွင့်ပေးစာ များပေးပို့ခဲ့သည်။ ၎င်း၏မှန်ကန်သော တရားစစ်တရားမှန်များကို ကြားနာရသော အများ မွတ်စလင်မ်များအဖို့ တစ်နေ့ထက်တစ်နေ့တိုးပွား၍ Ahmed Sarhind ၏တရားပွဲများသို့ စုရုံးလာကြသည်။

၎င်း၏ Khankah (ခေါ်) တရားဘာဝနာစီးဖြန်း သော ဓမ္မရိပ် သာသို့ စုရုံးလာခြင်းများကို သိရှိသွားသောSha Jahan ဘုရင်သည် Ahmed Sarhind အား နန်းတော်သို့ အခစားဝင်ရန် အမိန့်ထုတ်ခဲ့သည်။ Ahmed Sarhind အား ၎င်း၏ရှေ့မှောက်တွင် ဦးညွှတ်အရို အသေပေး ခြင်းကို ဆန့်ကျင်သောကြောင့် ထောင်သွင်းအကျဉ်းချ ခံရလေသည်။ ၎င်း၏ “ မက်သူဘာသ်အိမာမ်ရဗ္ဗာနီ ”ကျမ်းသည် ကျော်ကြား သည့်ကျမ်း တစ်ကျမ်းဖြစ်သည်။

## Aurang Zebe(AD 1658-1707) သည် Ahmed sarhind

၏အယူအဆများကိုနှစ်သက်ခဲ့လေသည်။ ဘုရင်ရှေ့မှောက်တွင် ဦးညွှတ်၍ အရိုအသေပေးသောစနစ်ကို ၎င်း၏ခေတ်တွင် ပယ်ဖျက်ခဲ့သည်။ ၎င်း၏ခေတ်တွင် နိုင်ငံတကာဆက်ဆံရေး အလွန်ကောင်းမွန်ခဲ့ သည်။ ခေတ်မှီတိုးတက်သော နည်းပညာများနှင့်အတူ ရိုးရာယဉ်ကျေးမှုအသစ် အဆန်းများလည်း ရောက်ရှိလာခဲ့သည်။ ၎င်း၏ နိုင်ငံအတွင်း၌ပင်ယခင်ရှိ ရင်းစွဲ ကွဲပြားခြားနားသော ရိုးရာယဉ်ကျေးမှုများက မွတ်စလင်မ်များအတွင်း သို့

www.QuranInBurmese.com



လက်ဦးမဆွကပင် လွှမ်းမိုးခံခဲ့ရပြီး ဖြစ်လေသည်။ ထိုကဲ့သို့ တိုင်းတစ်ပါး မှ အသစ်ရောက်ရှိလာသော ယဉ်ကျေးမှုများအားဖြင့် ဘာသာ၊ သာသနာ ဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာများကို အမြစ်မှနှုတ်ခြင်း ခံရသကဲ့သို့ မူရင်း ပျောက်၍ မျိုးပြုန်းခဲ့ရလေသည်။

ဖေါ်ပြပါ ရိုးရာယဉ်ကျေးမှုများကို အခြေခံသောဝါဒများက ထိုခေတ်အစ္စလာမ်ဓမ္မသတ်ဥပဒေများအတွင်းသို့ပင် ထိုးဖေါက်နေရာဝင်ယူခဲ့ပေသည်။

အမျိုးသမီးများသည် အမျိုးသားများထက် နိမ့်ကျသည်။ အမျိုး သမီးများသည် အမျိုးသားများနည်းတူ ဗလီဝတ်ကျောင်းများ၊ အစ်ဒဂါများ၊ သို့ ဝင်ရောက်ဝတ်ပြုခြင်း၊ ကဗရစတန်များအတွင်း ဝင်ရောက်ဇေယာ ရသ်ပြုခြင်းများကို တားဆီးပိတ်ပင်ခြင်း ဖသ်ဝါများသည် မဂိုဘုရင်များခေတ်၊၄င်းတို့ ၏ပတ်ဝန်းကျင်မှ လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုများဖြစ်ပေသည်။

မဂိုဘုရင်များတွင် ဖသ်ဝါပေးပိုင်ခွင့်ရှိသော ပညာရှင်များလည်းရှိခဲ့သည်။ ထိုဘုရင်မင်းဆက်မှ ဘုရင် အာလမ်ဂီရီ၏ဖသ်ဝါများကို အိန္ဒိယနိုင်ငံရှိ အချို့သော ဘာသာရေးကျောင်းများတွင် “ ဖသ်ဝါအာလမ်ဂီရီ ”အမည်ဖြင့် သင်ကြားလျက်ရှိပေသည်။ အထက်မှဖေါ်ပြခဲ့သော အမျိုးသမီးများ ဗလီဝတ်ကျောင်းများသို့ တက်ရောက်ဝတ် ပြုရေးဆိုင်ရာ တားမြစ်ထားသောစာအုပ်များ တွင် အထောက်အထားအဖြစ် “ ဖသ်ဝါအာလမ်ဂီရီ ခေါ် အာလမ်ဂီရီဘုရင်၏ ဖသ်ဝါများကို ကိုးကား၍ တားမြစ်သည်တို့ကိုတွေ့ရပေလိမ့်မည်။

ခေတ်အဆက်ဆက် မွတ်စလင်မ်သက်ဦးဆံပိုင်ဘုရင်များ အာဏာတည်မြဲရေးအတွက် သာသနာ့ပညာ ရှင်များ၏ အထောက်အပံ့သည် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့လေသည်။ ထိုခေတ်ကျောင်းများတွင် အလေးပေး၍ သင်ကြားပေးသော ပညာရပ်များအနက် အချို့ကို တင်ပြရမည်ဆိုပါက သာသနာ့ပညာရှင်များသည် နဗီတမန် တော်များ၏ အရိုက်အရာများကို ဆက်ခံခဲ့သော အမွေစားအမွေခံများဖြစ်သည်။ တမန်တော်မြတ်၏ အွမ္မသ် သားများအနက်မှ သာသနာ့ပညာရှင်များသည် ဗနီအစ္စရာအီလ် လက်ထက်မှပင်ပေါ်ခဲ့သော နဗီတမန်တော်များနှင့် အဆင့်အတန်းတူညီသည်ဆိုသော ဟဒီဆ်များကို ဦးစားပေး၍ သင်ကြားပေးခြင်း၊ မွတ်စလင်မ်အများစုအတွင်းသို့ ထိုကဲ့သို့ ဟဒီဆ်များကို ဟောပြောခြင်းအားဖြင့် စည်းရုံးနိုင်ခဲ့လေသည်။

ထိုခေတ်မွတ်စလင်မ်များသည် ဖေါ်ပြပါဟဒီဆ်များအရ ပညာရှင်များ၏ အဆိုအမိန့်များကို တစ်သွေမတိမ်းလိုက်နာကြသည်။ ထိုကဲ့သို့သောပညာရှင်များက မွတ်စလင်မ် သက်ဦးဆံပိုင်ဘုရင်များအတွက် မည်ကဲ့သို့အထောက်အကူပြုသည်ကို လေ့လာကြည့်မည်ဆိုပါက -------

အဗ္ဗာဆီယဟ်ခလီဖာများ အာဏာသက်ရှည်ကြာရေးအတွက် ထိုဘုရင်များ၏ မြှောက်စားခြင်းခံရသော ပညာရှင်များက သောကြာနေ့ ခွတ္တဗဟ်တွင် اَلْخَلِيْفَةُ ظِلُّ اللّٰهِ عَلَى الْاَرْضِ “ ခလီဖာဟူသည် ကမ္ဘာမြေပြင်ပေါ်မှ အလ္လာဟ်အရှင်မြတ်၏ အရိပ်ဖြစ်သည် ” ဟု ဆုတောင်းပေးကြသည်။

မဂိုဘုရင်များသည် စွလ်တန်အမည်ဖြင့် အုပ်ချုပ်သူများဖြစ်သည်။ထို မဂိုဘုရင်များ၏ မြှောက်စားခြင်းခံရသော ပညာရှင်များက သောကြာနေ့ခွတ္တဗဟ်တွင် اَلسُّلْطَانُ ظِلُّ اللّٰهِ عَلَى الْاَرْضِ “ စွန်တန်ဘုရင်များသည် ကမ္ဘာမြေပြင်ပေါ်မှ အလ္လာဟ်အရှင်မြတ်၏ အရိပ်ဖြစ်သည် ” ဟု ဆုတောင်းပေးကြရုံမက سُلْطَانُ اللّٰهِ အလ္လာဟ်အရှင်မြတ်၏ဘုရင် ဟုပင်တင်စား၍ ဆုတောင်းပေးခဲ့သော ခွတ္တဗဟ်များကို “ ခွတ္တဗဟ်ကျမ်း ” အချို့ဘာသာရေးကျောင်းများတွင် သင်ကြားပေးလျက်ရှိနေကြသည်။

ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်က “ငါအရှင်သည်ဘုရင်များ၏ဘုရင်ဖြစ်သည်။ တရားဆုံးဖြတ်သော တရားသူကြီးများ၏ တရားသူကြီးဖြစ်သည် ” ဟု မိန့်ဆိုထားပေသည်။ ဖေါ်ပြပါ အာယတ်များ နှင့်ဆန့်ကျင်၍ سُلْطَانُ اللّٰهِ = စွန်တန်သည် အလ္လာဟ်အရှင်မြတ်၏ဘုရင် ဖြစ်သည် ဆိုသော အသုံးအနှုန်းမျိုးကို အဗ္ဗာဆီယဟ်ခလီဖာများခေတ်၌ပင် သုံးနှုန်းခဲ့ခြင်း မရှိခဲ့ပေ။

ထိုကဲ့သို့ မဂိုဘုရင်များ ခေတ်တစ်လျှောက် အစ္စလာမ်ဥပဒေများနှင့်ဆန့်ကျင်သော လွဲမှားသည့် အယူဝါဒများကို

ကွက်ကွက်ကွင်းကွင်းထောက်ပြ၍ အမှန်တရားများကို ပို့ချခဲ့သော Ahmed Sarhind ၏ နောက်ပိုင်းတွင် SHAH VALLIULLAH(1703-1763) က Ahemed Sarhind ၏အယူအဆကို အခြေခံ၍ ကျမ်းမြတ်ကုရ်အာန်နှင့် စွန္နဟ် ဥပဒေများကို အများမွတ်စလင်မ်များအတွင်းသို့ ပြန်လည် ရောက် ရှိစေခဲ့သူဖြစ်ပေသည်။ ၎င်း၏ ကြိုးပမ်းမှု အရှိန်အဟုန်သည် နှစ်ဆယ် ရာစုတိုင် တည်ရှိခဲ့လေသည်။

ခေတ်အဆက်ဆက် သက်ဦးဆံပိုင်ဘုရင်များခေတ်တွင် " အုလမာအေစူး " (ခေါ်) အသပြာ သာသနာ့ပညာရှင်များပေါ်ပေါက် သကဲ့သို့ "အုလမာအေဟက် " (ခေါ်) အမှန်တရားနှင့်ပတ်သက်၍ တင်ပြရာတွင် မိမိတို့၏ အသက်စည်းစိမ်များကိုပင်လျှင် အလ္လာဟ်အရှင်မြတ်အတွက်၊ မှန်ကန်သော သာသနာအတွက်၊ အမှန်တရား အတွက် စွန့်လွှတ်စွန့်စား၍တင်ပြခဲ့သော မှန်ကန်သည့် သာသနာပညာရှင်များလည်း ပေါ်ပေါက်ခဲ့ လေသည်။

## အော်တိုမန် အင်ပါယာ

အော်တိုမန် အင်ပါယာကို (1453-AD)တွင် Constantinople ယခု Istanbul မှစတင်၍ ဆီးရီးယား၊ အီဂျစ်၊ မြောက်အာဖရိက၊ အရှေ့ဗီးယားနှင့် ဥရောပတွင် စွလ်တန်ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ၎င်းအော်တိုမန်၏ အုပ်ချုပ်မှုအောက်တွင် မွတ်စလင်မ်၊ ခရစ်ယာန်၊ ဂျူး၊ အရပ်၊ တူရကီ ကုန်သည်၊ အွလ်မာ၊ တွရီကာကဲ့သို့ အယူအဆမတူသူ အားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ၍ နေထိုင်နိုင်ခဲ့သည်။ မိမိတို့၏ ယုံကြည်ရာကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပဋိပက္ခအသွင်ဆောင်သော အပြောအဆို၊ အရေးအသားများကို ခွင့်မ ပြုခဲ့ပေ။

Sulaiman Qumuni(1520-1566 AD) လက်ထက်တွင် အော်တိုမန်သည် ခေတ်အမီဆုံးသော အခြေအနေကို ရောက်ရှိခဲ့သည်။ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နက္ခတ္တဗေဒမျှော်စင်များနှင့် သိပ္ပံဆိုင်ရာလုပ်ငန်းများကို တိုးတက်စေခဲ့သည်။ ၎င်းခေတ် အော်တိုမန်သည်ကမ္ဘာ့ အလည်တွင် စံပြဖြစ်ခဲ့သည်။ အခြေခံဥပဒေအဖြစ် ကျမ်းမြတ်ကုရ်အာန်ကိုပြဌာန်းသည်။ အစ္စလာမ့်တရားရုံးများတွင် **قاضی** (ခေါ်) တရားသူကြီးက တရားဆုံးဖြတ်သည်။ ဥပဒေအကြံပေးများအဖြစ် အုလမာသာသနာ့ပညာရှင်များနှင့် ခေတ်သစ် ဥပဒေပညာရှင်များကို ပူးတွဲ၍ ခန့်အပ်ခဲ့သည်။

၎င်း၏ခေတ်တွင် မွတ်စလင်မ်တိုင်း ကျမ်းမြတ်ကုရ်အာန်ကို နား လည်လိုက်စားရေးတာဝန်ကို အုလမာပညာရှင်များက တာဝန်ယူကြရ သည်။ ဘာသာရေးကျောင်းများတွင် ကျမ်းမြတ်ကုရ်အာန်ကို အဓိက ဘာသာရပ်အဖြစ် ပြဌာန်းခဲ့သည်။ ဟဒီဆ်၊ ဖိကဟ်ကျမ်းများနှင့် ခေတ်သစ်
ဝိဇ္ဇာ၊ သိပ္ပံနှင့် အတွေးအခေါ်ပညာရပ်တို့သည် ပူးတွဲသင်ကြားပေးသော စနစ်ကို ကျင့်သုံးခဲ့သည်။ ကျမ်းမြတ်ကုရ်အာန် ဘောင်အတွင်းမှ ခေတ်မီတိုးတက်သောနည်းပညာကို အခြေခံ၍ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစနစ်ကို တည်ထောင်ခဲ့သည်။ ၎င်းခေတ် ဝန်ကြီးများအဖွဲ့တွင် အလ္လာပေါင်းစုံမှ လူမျိုးအသီးသီး ပါဝင်ခဲ့သည်။

၎င်း၏ခေတ် တရားဆုံးဖြတ်ရေးမှာ ကျမ်းမြတ်ကုရ်အာန်ကို လုံးဝအခြေခံ၍ ခေတ်နှင့်အညီပေါ်ပေါက်လာသော ပြဿနာများကို ဖြေရှင်းပေးနိုင်ခဲ့သည်။ အော်တိုမန်လက်အောက်တွင် မှီတင်းနေထိုင်ကြကုန်သော အယူဝါဒမတူသူများ၊ ဘာသာရေးမတူသူများ၊ လူမျိုးမတူသူများအတွင်း တစ်ပြေးညီ အခွင့်အရေးများ ရရှိခဲ့သည်။ တရားမျှတမှု ရှိသည်။ ၎င်းခေတ်အုပ်ချုပ်ရေးများနှင့် တရားဆုံးဖြတ်ရေးများသည် ဆွဟာဘာကြီးများ၊ သာဗေအီန်များ ခေတ်နှင့် အနီးစပ်ဆုံး အုပ်ချုပ်နိုင်ခဲ့သည့်အတွက် အော် တိုမန်သည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

Abu al Sand Khola Chelebi(1490-1574) ခေတ်တွင် အော်တိုမန်တွင် အုလမာပညာရှင်များ၏ ဩဇာသည် လွှမ်းမိုးလာခဲ့သည်။ဘာသာရေးကျောင်းများတွင် သင်ကြားလျက်ရှိသော သင်ရိုးညွှန်းတမ်းများ အား ပြုပြင်ပြောင်းလဲခဲ့သည်။ အဗ္ဗာဆီယဟ်များလက်ထက်တွင် သင်ကြားခဲ့သော ဖိကဟ်ဓမ္မသတ်များကို အဓိက ဘာသာရပ်အဖြစ်သင်ကြားပြီး ခေတ်သစ် ဝိဇ္ဇာသိပ္ပံပညာရပ်များနှင့် အတွေးခေါ်ပညာရပ်များကို သင်ရိုးညွှန်းတမ်းမှ

www.QuranInBurmese.com


ထုတ်ပယ်ခဲ့သည်။ ကျမ်းမြတ်ကုရ်အာန်ပါ အခြေခံဥပဒေများနှင့် ကင်းဝေးစေသောစနစ်ကို ပြန်လည်အသက်သွင်းခဲ့သည့်အတွက် ၎င်းခေတ် တရားဥပဒေများတွင် ဘက်လိုက်မှုများ၊ တရားမမျှတမှုများ ရောပြွမ်းလာခဲ့ခြင်းကြောင့် အော်တိုမန်တွင် အတူလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခဲ့သော လူမျိုးမတူ၊ ဘာသာအယူဝါဒမတူသူများစပ်ကြားတွင် ယခင်မရှိခဲ့ဘူးသောပြဿနာများ ပေါ်ပေါက်လာခဲ့သည်။

ဖေါ်ပြပါ အော်တိုမန်ခေတ် အုလမာများသည် ဆူဖီဝါဒကို ပိုမိုအလေးပေးသောစနစ်ကို ကျင့်သုံးသည်။ ၎င်းခေတ် အုလမာများ၏ ဖသ်ဝါအရ ဘာသာရေးဆိုင်ရာ စာအုပ်များကို ပုံနှိပ်စက်ဖြင့်ရိုက်နှိပ်ခြင်းကို တားမြစ်ခဲ့သည်။ ခေတ်သစ် အသုံးအဆောင်ပစ္စည်းများကို သုံးစွဲခြင်း၊ ရောင်းဝယ်ဖေါက်ကားခြင်း၊ တည်ထွင်ခြင်းများသည် ၎င်းတို့၏ဓမ္မသတ်အရ တရားတော်နှင့်ဆန့်ကျင်သည်။ ဖေါ်ပြပါ အယူဝါဒ အတွေးအခေါ်များကို ဘာသာရေးကျောင်းများတွင် သင်ကြားပေးခဲ့သည်။ အလားတူ အများ မွတ်စလင်မ်များအတွင်းသို့လည်း ထိုကဲ့သို့ အတွေးအခေါ် အယူအဆ များကို သွတ်သွင်းပေးခဲ့ခြင်းအားဖြင့် တစ်ချိန်တစ်ခါက အလွန်ခေတ် မှီခဲ့သော အော်တိုမန်သည် စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး စသည်တို့တွင် အဖက်ဖက်မှ ယိုယွင်းပျက်စီးခဲ့ရလေသည်။ ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုကိုအဟန့်အတားပြုသော ဥပဒေများသည် အော်တိုမန်အတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်သူများ၏ လိုအပ်ချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ပေ။ ထိုကဲ့သို့ အယူဝါဒအားဖြင့် နှင့်ပင် ၁၈ ရာစုသို့ရောက်ရှိခဲ့လေသည်။

## ဂိုဏ်းဂဏများ၏ အနိဋ္ဌာရုံစုစ်တမ်း

တမန်တော်မြတ်၏ ကြိုးပမ်းလှုပ်ရှားခဲ့သော သက်တမ်းမှာ ကာလအားဖြင့်(၂၃)နှစ်တာသာရှိခဲ့သည်။ ယင်းကြိုးပမ်းချက် လုပ်ငန်းအတိုင်း အတာထိရောက်မှုမှာမူ ကိယာမသ်တိုင် ကျယ်ဝန်းလှပေသည်။ တမန် တော်မြတ်၏ ဘဝတာမှာ တစ်စက္ကန့်ဟူသော အချိန်ကလေးသည်ပင်လျှင်မွတ်စလင်မ်တို့၏ နှစ်ပေါင်းထောင်သောင်းမကထက် ပိုသည်ဟု ဆို ရပေမည်။ ၂၃ နှစ်တာအနက် သက်တမ်းတစ်ဝက်ကျော်ဖြစ်သော ၁၃ နှစ်ကာလကိုမူ မက္ကာမြို့တွင် ရုန်းကန်လှုပ်ရှားရင်းသာ ကုန်ဆုံးခဲ့လေသည်။ ဤကာလအတွင်း ကြောက်ခမန်းလိလိ ဘေးအန္တရာယ်ဒုက္ခမျိုးစုံကိုရင်ဆိုင် ခဲ့ရပြီး ခက်ခဲသော သမိုင်းကြောင်းကို အများအသိဖြစ်ပေသည်။ဤမျှ အသက်ဘေးနှင့်နီးလှသည့် အန္တရာယ်အဝဝကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ကြိုးပမ်း အားထုတ်ခဲ့ရသည့်အတွက် ရလဒ်မှာမူ မွတ်စလင်မ်မဟုတ်သောလူသုံးရာ ခန့်ကို အစ္စလာမ့် အေးရိပ်ဆာယာအောက်သို့ အရောက်ပို့ဆောင်နိုင်ခဲ့ လေသည်။

၁၃ နှစ်နောက်ပိုင်း ဟစ်ဂျရသ်ပြု ပြီး မဒီးနားမြို့တွင်(၁၀)နှစ်တာအထိ“ဒအ်ဝအ်” ပို့ချခဲ့သည်။ ဤမြို့ရှိ မွတ်စလင်မ်လူနည်းစု၏ ရှေ့ရေးအတွက်လည်းကောင်း၊ အဖိုးထိုက်တန်လှသည့် သာသနာတည်တန့် ခိုင်မြဲရေး အတွက်လည်းကေင်း၊ တမန်တော်မြတ်နှင့် မဟာသာဝကများအနေဖြင့် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရလေသည်။ ထိုတိုက်ပွဲများတွင် များစွာသောအသက်အိုးအိမ်စည်းစိမ်များ စွန့်လွှတ်ခဲ့ကြရလေသည်။

ဤသို့ဖြင့် တမန်တော်မြတ်၏ နောက်လိုက်နောက်ပါ ရဲဘော် ရဲဘက်များဖြစ်ကြသော ဆွဟာဘာကြီးများသည် မြူမှုန့်အစိတ်အပိုင်းကလေးမှသည် အွမ္မသ်တည်းဟူသော မွတ်စလင်မ်လူ့ဘောင်ထု ရေအလျင်ကို တစ်သွင်သွင်စီးဖြာမပျက်ရှိစေခဲ့သည်။ ဤသို့ဖြင့် တစ်စထက်တစ်စအင်အားတိုးပွားလာရာက ကြီးမားကျယ်ပြောလှသည့် သမုဒ္ဒရာကြီးအလားပင် ကျယ်ပြန့်လာခဲ့ပေသည်။ ဤပုဂ္ဂိုလ်အားလုံးတို့အပေါ် အလ္လာဟ်အရှင်မြတ်နှစ်မြို့တော်မူပါစေ။ ထိုဆွဟာဘာကြီးများ၏ လုပ်ဆောင်ချက် သည် ကမ္ဘာတည်သရွေ့တည်ရှိနေမည်မှာ အမှန်ပင်ဖြစ်ပေသည်။ တမန်တော် မြတ်၏ စံအတိုင်းအုပ်ချုပ်ခဲ့သော ခလီဖာကြီးများခေတ်တွင် အုပ်ချုပ်ရေး နှင့်ဘာသာရေးကို ဒွန်တွဲပြီး ကျမ်းမြတ်ကုရ်အာန်၊ တမန်တော်မြတ်၏စွန္နဟ် နှင့်အညီ စစ်မှန်သော ခိလာဖသ်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ လေသည်။

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၃၀) အာယတ်(၃၂)တွင်၊-

مِنَ الَّذِيْنَ فَرَّقُوْا دِيْنَهُمْ وَكَانُوْا شِيَعًا كُلُّ حِزْبٍ بِمَا لَدَيْهِمْ فَرِحُوْنَ ○

" ၎င်းတို့အနက်မှ ထိုသူတို့သည် မိမိတို့၏ ဒီန်သာသနာကို အစိတ်စိတ်အမြွှာမြွှာ ပြုလုပ်ခဲ့ကြပြီး ဂိုဏ်းဂဏအမျိုးမျိုး ဖြစ်သွားခဲ့ကြကုန်၏။ ထိုဂိုဏ်းဂဏအသီးသီးတို့သည် မိမိတို့၌ရှိသောဝါဒလမ်းစဉ်များနှင့်ပင် ကျေနပ်ဝမ်းမြောက်လျက် ရှိကြပေသည် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၆) အာယတ်(၁၅၉)တွင်၊-

اِنَّ الَّذِيْنَ فَرَّقُوْا دِيْنَهُمْ وَكَانُوْا شِيَعًا لَّسْتَ مِنْهُمْ فِىْ شَىْءٍ

" စင်စစ်စေကန် အကြင်သူတို့သည် သာသနာကို အစိတ်စိတ်အမြွှာမြွှာခွဲပစ်ခဲ့ကြ၏။ ၎င်းနောက် ထိုသူတို့သည် ဂိုဏ်းဂဏအသီးသီးကွဲကြ၏။ အသင်သည် ထိုသူတို့နှင့် မည်သို့မျှ မပတ်သက်ပေ "

ကျမ်းမြတ်ကုရ်အာန်တွင် ဂိုဏ်းဂဏများနှင့်စပ်လျဉ်းပြီး ထိုကဲ့သို့ တင်ပြခဲ့ခြင်းများစွာအနက် ဖေါ်ပြပါ အာယတ်နှစ်ပိုဒ်ကို ဖေါ်ပြခြင်းအားဖြင့် အစ္စလာမ်သာသနာ၏ ရပ်တည်ချက်အမှန်ကို သိနိုင်ပေသည်။

အထက်မှ တင်ပြပြီးဖြစ်သော ခေတ်အဆက်ဆက်မှ ပေါ်ပေါက် လာခဲ့သော ခလီဖာအမည်ခံ သက်ဦးဆံပိုင် ဘုရင်စနစ်တည်မြဲရေးသည်သာသနာပိုင်ဝါဒစနစ်ပေါ်တွင် အခြေခံလျက်ရှိခဲ့သည်။

ဖေါ်ပြပါ ဝါဒနှစ်ခုသည် တစ်ခုအပေါ်တစ်ခု အမှီသဟဲပြု၍သာ ရှင်သန်နိုင်သော ဝါဒများဖြစ်ပေသည်။ ထိုဝါဒနှစ်ခု၏ ဆိုးမွေများသည် တမန်တော်မြတ်နှင့် ဆွဟာဘာကြီးများ၊ သာဗေအီန်များ၊ အသက် အိုးအိမ် စည်းစိမ်အဝဝနှင့် အန္တရာယ်အသွယ်သွယ်ကို ခါးစီးရင်ဆိုင်ပြီးမှ ပြုစုပျိုး ထောင် ထားခဲ့သော အစ္စလာမ့် ပန်းဥယျာဉ်ကြီးအတွင်းမှ မွတ်စလင်မ်ပန်း မာလာများကို တစ်ပွင့်ချင်းတစ်ပွင့်ချင်း တစ်စစီ တစ်စစီ ဖွဲ့ချွေခဲ့လေသည်။

အစ္စလာမ့်သမိုင်းကို လေ့လာသုံးသပ်ကြည့်မည်ဆိုပါက လွန်ခဲ့ သော နှစ်ပေါင်းတစ်ထောင်နှင့် တစ်ထောင့်နှစ်ရာစပ်ကြားကာလတွင် ကာဖိရ်များနှင့် စစ်ဖြစ်မှုကြောင့် သွေးမြေကျခဲ့ရသော မွတ်စလင်မ်ဦးရေက နည်းပြီး မွတ်စလင်မ်အချင်းချင်း ဝါဒရေးရာကွဲပြားခြားနားမှု ပေါ်ပေါက်လာသော စစ်ပွဲများကြောင့် သွေးမြေကျခဲ့ရသော မွတ်စလင်မ်ဦးရေက ပိုမို များပြားသည်ကို ရင်နင့်ဖွယ်ရာတွေ့ရှိရပေသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းများသည် ကျမ်းမြတ်ကုရ်အာန်က ပိတ်ပင်တားဆီးထားသော ဂိုဏ်ဂဏစွဲဝါဒ များကြောင့် ဖြစ်ပေသည်။

## ခေတ်သစ်အတွေးအခေါ်နှင့် မွတ်စလင်မ်များ

Abu Hamid Muhammed al Ghazzali(AD-1111) သည် အီရာက်နိုင်ငံ၊ ဘဂ္ဂဒါဒ်မြို့ရှိ နေဇာမီယာကျောင်းမှ ကျောင်းဆရာဖြစ် သည်။ အစ္စလာမ့်ဓမ္မသတ်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူဖြစ်သည်။ မွတ်စလင်မ်များ ဘာသာရေးပညာများကို ဆည်းပူးရမည်ဖြစ်သကဲ့သို့ ခေတ်သစ်ပညာရပ်များနှင့် အတွေးအခေါ်ပညာရပ်များကိုလည်း တတ်မြောက်ရမည်ဟု အစောဆုံးတင်ပြခဲ့သူဖြစ်သည်။

မွတ်စလင်မ်များအတွင်းတွင် ဘာသာရေးပညာရှင်များရှိရန် လိုအပ်သကဲ့သို့ အဆောက်အဦးများ တည်ဆောက်ရန် ဗိသုကာပညာရှင်များ၊ ဆေးဝါးကုသရန် ဆေးပညာရှင်များ၊ လောကရေးရာကိစ္စရပ်များတွင် လို အပ်သော ခေတ်သစ်ပညာရပ်များကို တတ်ကျွမ်းသည့် ပညာရှင်များလည်း ရှိရမည်ဟု ဆိုခဲ့သူဖြစ်ပေသည်။ ၎င်းပြုစုရေးသားခဲ့သော I Yah-a-lum ad-deen " သာသနာပြန်လည်ထွန်းကားရေး " ဆိုသည့်ကျမ်းကို ပြုစုခဲ့သူ ဖြစ်သည်။ မွတ်စလင်မ်များသည် ကျမ်းမြတ်ကုရ်အာန်အလိုနှင့် ဟဒီဆ် ကျမ်းများပြီးလျှင် ၎င်း၏ကျမ်းအား ကိုးကားရေးသားပြောဆိုမှု ပြုကြသည်။၎င်းအား မွတ်စလင်မ့်အတွေးအခေါ်ပညာရှင် အဖြစ် အနောက်တိုင်းသား တို့က သိကြပေသည်။

Ahmed ibn Taymiya(1263-1328 AD) သည် အီရာက်နိုင်ငံ၊ ဘဂ္ဂဒါဒ်မြို့တွင်မွေး၍ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် ပညာ ဆည်းပူး ခဲ့သည်။ ၎င်းသည် ဟမ်ဗလီမဇ်ဟဗ်ဝင်ဖြစ်သည်။ ၎င်း၏ဖိကဟ်ဓမ္မသတ်များသည် ယခင်ရှိခဲ့သော မဇ်ဟဗ်လေးခုစလုံးမှ စတင်ခွဲထွက်ခဲ့သူဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်ကို အဓိကအခြေခံ၍

ဓမ္မသတ်ဆုံးဖြတ်သူဖြစ်သည်။ သုံးတွလာသ် တစ်ကြိမ်တည်းပေးခြင်းကို လုံးဝတွလာက် အထမမြောက်ကြောင်း ၄င်း၏ဓမ္မသတ်တွင် ပြဋ္ဌာန်းသည်။ တွလာက် အကြောင်းနှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်တွင် စူရဟ်တွလာက်ဟူ၍ ကဏ္ဍတစ်ခုအဖြစ် အကျယ်တဝင့်ဖော်ပြ၍ ရှင်းလင်းထားပြီးဖြစ်သည်။အလားတူ ဗူခါရီကျမ်း တွလာက်ကဏ္ဍတွင်လည်း စူရဟ်တွလာက်နှင့်စတင်ဖွင့်ဆိုထားသည်။ အွမ္မရ်သခင်၏သားက ၄င်း၏ဇနီး ကိုယ်မသန့်ချိန်တွင်
တွလာက်ပေးခဲ့သည့် အကြောင်းကို အွမ္မရ်သခင်က တမန်တော်မြတ်အားလျှောက်ထားရာ တမန်တော်မြတ်က အသင်၏သားအားပြောလိုက်၊ ကိုယ်မသန့်ချိန်တွင် တွလာက်ပေးခြင်းသည်မပိုင်၊ ပြန်ပေါင်းလိုကပြန်ပေါင်း၊ ပြန်မပေါင်းလိုက နောက်တစ်ကြိမ် ကိုယ်မသန့်ချိန်ကို ထပ်စောင့်၊ ပြန်လည်၍ ကိုယ်သန့်ချိန်တွင် တွလာက်ပေး ဟု မိန့်ဆိုထားသောဟဒီဆ်နှင့် စတင်ထားသည်။

ကျမ်းမြတ်ကုရ်အာန်အရလည်းကောင်း၊ ဟဒီဆ်ကျမ်းအရလည်း ကောင်း၊ တွလာက်ပေးခြင်းဆိုင်ရာ ဥပဒေရှိပြီးဖြစ်သည်။ ဖော်ပြပါ ဥပဒေများနှင့်ဆန့်ကျင်၍ တွလာက်ပေးခြင်း၊ ဆန့်ကျင်၍ပေးသော တွလာက်ကို ပိုင်သည်ဟု ယူဆခြင်းများသည် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီဆ်ကိုဆန့်ကျင်ခြင်းဖြစ်သည့်အပြင် မည်သူမဆို ကျမ်းမြတ်ကုရ်အာန်နှင့်ဆန့်ကျင်၍ ပြောဆိုသောစကားများကို လက်မခံရ။ လက်ခံရန်မလိုဟု ပြတ်ပြတ်သား သား ဆိုခဲ့သူဖြစ်သည်။ ၄င်း (MAJMU FATWA) သည် ခေတ်သစ် ပေါ်ပေါက်ခဲ့သော ပြဿနာမျိုးစုံကို ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းထားသောကျမ်းဖြစ်သည်။ (အဟ်လေဟဒီဆ်များသည် ၄င်း၏ဖသ်ဝါပေါင်းချုပ်ကျမ်း အားဖြင့် ဖြေရှင်းကြသည်။ ၄င်း၏ TAQI-AD-DIN IBN TAYMIYYAH (ခေါ်) သာသနာရှင်းလင်းချက်ဟူသောကျမ်းသည် ခေတ်အဆက်ဆက် အစ္စလာမ့်ဓမ္မသတ်ဥပဒေများအတွင်း စိမ့်ဝင်ခဲ့သော
နိုင်ငံခြားအတွေးအခေါ်ပညာရပ်များကို ဖော်ပြထားသော ကျမ်းဖြစ်သည်။
ထိုစာအုပ်သည် အီဂျစ်နိုင်ငံ အလ်အဇ်ဟာရ်တက္ကသိုလ်ရှိ ဆရာ များ၏ လက်ဆွဲစာအုပ်ဖြစ်ပေသည်။

## Sir Sayed Ahmed Khan (1817-1898)

၄င်းသည် အိန္ဒိယနိုင်ငံတွင် မွေးဖွားသည်။ ကျမ်းမြတ် ကုရ် အာန်တွင်သဘာဝသိပ္ပံဟူသော သဘာဝ ဓမ္မအကြောင်းများနှင့် စပ် လျဉ်း၍ ရှင်းလင်းချက်များပါဝင်သည့် မွတ်စလင်မ်တိုင်း ခေတ် ပညာ ဆည်းပူးရမည်၊ ဘာသာရေးကျောင်းများတွင် ခေတ်ပညာပူး တွဲသင် ကြားသော စနစ်ကို စတင်ခဲ့သူဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ALIGARH တက္ကသိုလ် ဟူ၍ တည်ထောင်ပြီး ခေတ်ပညာနှင့်ဘာသာရေးပညာကို ပူးတွဲသင်ကြား သော စနစ်ကို စတင်ခဲ့လေသည်။ မွတ်စလင်မ်များ ခေတ် ပညာတတ်ရမည်။

ကျမ်းမြတ်ကုရ်အာန်ကိုအခြေခံ၍ ခေတ်မှီတိုး တက် သော ခေတ်ရေစီး ကြောင်းနှင့်အညီ မိမိတို့၏ ယဉ်ကျေးမှုနှင့် အနောက် တိုင်းယဉ်ကျေးမှုမှ စတင်ခဲ့ထွက်စေခဲ့သူဖြစ်သည်။ ၄င်းခေတ် သာသနာ ပညာရှင်အများစု၏ ဓမ္မသတ်အရ မွတ်စ လင်မ် အင်္ဂလိပ်စာ သင် ကြားခြင်းသည် ကာဖိရ်သွေ့ဖည် သူတို့၏ ကျင့်စဉ်ဟုခံယူခဲ့ သောကာလ ဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ ဘုံဘေ၊ ကလကတ္တားနှင့် မဒရာဆ်မြို့တို့တွင် ၁၈၅၅ ခုနှစ်မှစတင်၍ တက္ကသိုလ် များဖွင့်လှစ်ခဲ့ပြီးဖြစ်သော်လည်း ၁၈၇၈ ခုနှစ် အလီဂရ်တက္ကသိုလ်အုတ်မြစ် ချသည့်အချိန် အထိမွတ်စလင်မ်ဘွဲ့ရ စုစုပေါင်း ၂၀ ဦးသာလျှင်ရှိခဲ့သည်။ ထိုအချိန်တွင် ဟိန္ဒူလူမျိုးများတွင် ဘွဲ့ရ ၁၃၁ ဦးရှိနေပြီဖြစ်သည်။

ထိုခေတ်တွင် ခေတ်သစ်ပညာရပ်များဖြစ်သော ဝိဇ္ဇာသိပ္ပံပညာရပ်များနှင့် စီးပွားရေးဆိုင်ရာ ပညာရပ်များကို ဆည်းပူးနိုင်စွမ်းခွင့်သည် မွတ်စလင်မ်တို့တွင် မရရှိခဲ့ပေ။ ဘာသာရေးဆိုင်ရာ ကျောင်းကြီးများရှိ သော်လည်း ယင်းကျောင်းများတွင် ဟဒီဆ်သြဝါဒတော်များနှင့် ထိုသြဝါဒတော်များဆိုင်ရာ ရှင်းလင်းချက်ကျမ်းများနှင့် ဟနဖီဓမ္မသတ်တစ်မျိုးတည်းကို အလေးပေးသင်ကြားခဲ့သော ကာလဖြစ်သည်။ ဖော်ပြပါ ဘာသာရေးကျောင်းများမှ အောင်မြင်လာကြသော ဆရာများသည် ဗလီဝတ်ကျောင်းများတွင် ရှေ့ဆောင်ပြုခြင်း၊ ဘာသာရေးကျောင်းခွဲများ ထပ်ဆင့်ဖွင့်ခြင်း၊

ထိုကျောင်းများတွင် ထပ်ဆင့်၍စာပြခြင်း များကိုသာ ပြုလုပ်လျက်ရှိခဲ့သည်။

ဖေါ်ပြပါ ကျောင်းများတွင် ဘာသာရေးသက်သက်သင်ကြားမှုပြုရုံဖြင့်၊ ကိုလိုနီနယ်ချဲ့လောင်းရိပ်အောက်မှ ရုန်းထွက်နိုင်မည်မဟုတ်၊ ရုန်းထွက်နိုင်မည့်နည်းလမ်းသည် မွတ်စလင်မ်တိုင်း ခေတ်ပညာတတ်ရမည်။ ခေတ်ပညာတတ်များဖြစ်မှသာလျှင် ကိုလိုနီများနှင့် ရင်ဘောင်တန်းနိုင်မည်ဟု ခံယူ၍ ALIGARH တက္ကသိုလ်ကြီးကို တည်ထောင်ခဲ့သူဖြစ်သည်။

ဖေါ်ပြပါ ခေတ်သစ်ပညာရပ်များနှင့် ပူးတွဲသင်ကြားသော ဘာသာရေးတက္ကသိုလ်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံရှိ သာသနာ့ပညာရှင်အများစုက Sayed Ahmed Khan အား ကာဖိရ်ဖတ်ဝါပေးခဲ့ကြသည်။ ထိုကဲ့သို့ ၎င်းအား ပေးခဲ့သော ဖတ်ဝါများအနက် မော်လာနာကရီမွလ္လာဟ်၏ဖတ်ဝါတွင်(ဤကျောင်းကြီးကို တည်ဆောက်ခြင်း၊ တည် ဆောက်မှုတွင် ပါဝင်ခြင်း၊ မြေနေရာနှင့် တိုက်တာအဆောက်အအုံပေးခြင်း၊ဤညစ်ငြမ်းသောနေရာ အဆောက်အအုံအမည်ကို မဒရ်ဆာဟုသတ်မှတ်ခြင်းသည် လူသားဖြစ်ခြင်းမှ နှုတ်သိမ်းခံရခြင်းဖြစ်သည်။ ဤသို့တည် ဆောက်မှုသည် ဂျဟန္နမ်ငရဲဘုံကို တည်ဆောက်ခြင်းဖြစ်သည်။) ဟုဖတ်ဝါပေးခဲ့သည်။

ထိုကဲ့သို့ သာသနာ့ပညာရှင်အများစုသည် ဖတ်ဝါဆိုသော လက်နက်ကိုအသုံးပြု၍ ခေတ်မှီအစ္စလာမ့် တက္ကသိုလ်ကြီးဖြစ်ပေါ်လာရေး ကို အဟန့်အတားပြုခဲ့ကြသည်။ Sayed Ahmed သည် မလျှော့သောဇွဲဖြင့် မွတ်စလင်မ်များထံ အလှူခံခဲ့ရာ အချို့နေရာများတွင် အလှူငွေအစားခဲများ ဖိနပ်များဖြင့် ပေါက်ခြင်းခံခဲ့ရသည်။ ၎င်းသည် မလျှော့သောဇွဲကိုရင်းပြီး ခေတ်မှီဘာသာရပ်များနှင့် ပူးတွဲသင်ကြားသော ဘာသာရေးတက္ကသိုလ် ကြီးကို တည်ထောင်နိုင်ခဲ့သည်။ ထိုကျောင်းကြီးမှာ ၁၈၈၀ ပြည့်နှစ်တွင် စတင်၍ ဘွဲ့ချီးမြှင့်နိုင်ခဲ့သည်။ ထိုကျောင်းကြီးမှ ဘွဲ့ရသူများသည်လည်း၊အိန္ဒိယနိုင်ငံအတွင်းရှိ အစိုးရရုံးများ၊ တရားရေးဌာနများတွင် အခြားသူများနည်းတူ အမှုထမ်းခွင့်ရရှိခဲ့ကြသည်။ ထိုကျောင်းကြီးမှတစ်ဆင့် အင်္ဂလန်နိုင်ငံ ကင်းဘရစ်ဂျ်နှင့် အောက်စဖို့(ဒ်)ကဲ့သို့သော တက္ကသိုလ်ကြီးများသို့ မွတ်စလင်မ်များ ပါရဂူမြောက် ပညာဆည်းပူးမှု အခွင့်အလမ်းများ ရရှိခဲ့ကြ သည်။ ထိုကျောင်းကြီးမှ အခြေခံ၍ မွတ်စလင်မ်ခေတ်ပညာတတ်များ တိုးပွားလာခဲ့လေသည်။

ဆိုက်ယဒ်ဆူလေမန်နဒ်ဝီ၊ ရှစ်ဗလီနုအ်မာနီ၊ မောင်လာနာ ဟာလီ၊ဒေါက်တာအဗ္ဗဒွလ်ဟိုဟ်၊ ကဲ့သို့သော ကမ္ဘာ့ကျမ်းပြုများကို ထိုကျောင်းကြီးမှ မွေးထုတ်ပေးခဲ့သည်။ ယနေ့ခေတ်ကာလတွင်Sayed Khan ၏ တော်လှန်သောအမြင်များ၊ လုပ်ဆောင်ချက်များကို ပြန်လည်စမ်းစစ် ကြည့်သောအခါ ၎င်း၏ လူမှုရေးနှင့်နိုင်ငံရေး လုပ်ဆောင်ပြချက်များကိုလုပ် ဆောင်ပြသည်သာမက၊ အနှစ်နှစ်အလလက ပိတ်နေခဲ့သော မွတ်စလင်မ် တို့၏ တုန့်ဆိုင်းနေသည့် ဂျာမွတ်တံခါးကို ခက်ခဲစွာဖွင့် ပေးနိုင်ခဲ့ခြင်း ပင်ဖြစ် သည်။ ၎င်း၏တွေးခေါ်မှုသည် နှစ်ပေါင်း ၆၀၀ အလျင်က မွတ်စလင်မ် တို့၏ ရှိရင်းစွဲအတွေးအခေါ်သာလျှင် ဖြစ်ခဲ့သည်။ ထိုအတွေး အခေါ်သည် ဘဂ္ဂဒါဒ်ကျဆုံးခန်းနှင့်အတူ မွတ်စလင်မ်များအတွက်ချိတ်ပိတ် ခံခဲ့ရသော တံခါးဖြစ် လေသည်။ နှစ်ပေါင်းများစွာကတည်းက အပိတ်ခံခဲ့ ရသောတံခါး ကို ဖွင့်ခြင်းမှာ အလွန်ခက်ခဲသော ကိစ္စဖြစ်ပေသည်။ Sayed Khan က မွတ်စလင်မ်တို့သည် ကျမ်းမြတ်ကုရ်အာန်ကို အခြေခံသော ဘဝတည် ဆောက်မှုလမ်းစဉ်ကို မပြုနိုင်သော ကာလပတ်လုံး နိမ့်ကျမှုဘဝမှ လွတ် ထွက်နိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်သူဖြစ်သည်။

မောင်လာနာဟာလီ၏ " ဟယာသေဂျာဝေဒ် " (ခေါ်) Sayed Khan ၏ အတ္ထုပ္ပတ္တိစာအုပ်တွင် Sayed Khan ၏ အဆိုတစ်ရပ်ကိုတင်ပြခဲ့သည်မှာ " ကျွန်ုပ်အား ဘာသာမဲ့ဒိဟ်ရိဟု ခေါ်ဝေါ်ခြင်းသည် အံ့သြဖွယ်ရာ မဟုတ်။ အကြောင်းမူကား ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းဝင်တို့သည် တစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ်မှတစ်ပါး မိမိတို့၏ ဘိုးဘေးစဉ်ဆက်မှ ဓလေ့အယူအဆများကို အရှင်သခင်အနေဖြင့် လက်ခံခဲ့ကြ၏။ နောက်ဆုံးတမန်တော်မြတ် မုဟမ္မဒ်(ﷺ)မှလွဲ၍ သူတို့ဘာသာ တမန်တော်များ၊ သခင်ကြီးများကို မွေးထုတ်နိုင်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ကျမ်းမြတ်ကုရ်အာန် မှလွဲ၍ အခြားကျမ်းများကို အားကိုးတစ်ကြီး ရင်ဝယ်ပိုက်ကြ၏။ကျွန်ုပ်တို့ သည် ဘုရားတု၊ ကျမ်းတု၊ တမန်တော်တုများကို ဖျောက်ဖျက်ရန်နည်းလမ်း မှာ ကျွန်ုပ်တို့၏ တမန်တော်ကြီး အီဗရာဟီမ်(عليه السلام) က လုပ်

www.QuranInBurmese.com


ဆောင်ခဲ့သော နည်းလမ်းပင်ဖြစ်ရပါလိမ့်မည်။

ကျွန်ုပ်တို့သည် စစ်မှန်သောအလ္လာဟ်၊ စစ်မှန်သောတမန်တော်၊ စစ်မှန်သောကျမ်းမြတ်ကုရ်အာန်ကို လူသားတို့အတွက် အားကိုးမှုပြုထိုက် သောအရာများ အဖြစ်တည်ဆောက်ပြခြင်းသည် ဤသို့သော ယုံကြည်ချက်များကြောင့် ကျွန်ုပ်တို့ကို အမြင်ကျဉ်းသူတို့က ဒိဋ္ဌိဘာသာမဲ့ဟု ဆိုခြင်းမှာ ဆိုထိုက်ပါသည်။ ကျွန်ုပ်တို့သည် သူတို့တည်ဆောက်ထားသော၊ သတ်မှတ်ထားသော အတုအယောင်များကို လက်ခံမည် မဟုတ်ပါ ”

နဝါဗ် မုဟ်စန်မာလစ်က်ထံ ပေးပို့သော စာတွင်ရေးသားပုံက၊-

“ ကျွန်ုပ်တို့အား တရားသေဝါဒလောက် မည်သည့်အရာကမျှ ဆုံးရှုံးမှု မဖြစ်စေခဲ့ပါ။ တရာသေဝါဒသည် အစ္စလာမ့်ယုံကြည်ချက်အတွက် အဆိပ်အတောက်နှင့် တူလှ၏။ ကျွန်ုပ်တို့သည် အတိတ်ကာလ ယဟူဒီ များကဲ့သို့ ဘာသာရေးလုပ်ကိုင် စားသောက်သူများကို အလ္လာဟ်နှင့် တစ်တန်း၊ တစ်စားတည်း သတ်မှတ်ခဲ့ကြသည်။ ဤကြီးမားလှသော အပြစ်များမှ ကင်းဝေးအောင် အလ္လာဟ်အရှင်မြတ်က ကယ်တော်မူပါစေ။

အကယ်၍ အလ္လာဟ်အရှင်က ကျွန်ုပ်တို့အား တရာသေဝါဒ၏ လမ်းလွဲလမ်းများမှ မလွတ်မြောက်စေပဲ စူးစမ်းတတ်သောအမြင်ကို မပေးခဲ့လျှင်၊ အမှန်ပင် ဘာသာမဲ့ဖြစ်သွားပြီဖြစ်သည်။ ကျွန်ုပ်အဖို့ အစ္စလာမ့်လမ်းညွှန်မှုတရားသည် နေမင်းကြီးထက်ပင် တောက်ပသော အလင်းကို ပေးသည့်အရာ အဖြစ်ခံယူပါသည် ” ဟု ဖေါ်ပြခဲ့သည်။

၁၈၈၄ ခုနှစ် လာဟိုမြို့ လူထုဟောပြောချက်တွင်၊-

ကျမ်းမြတ်ကုရ်အာန်၏ သွန်သင်ဆုံးမချက်သည် န္တားကျောင်းသားတစ်ဦးနှင့် ဆိုကရေးတီးကဲ့သို့သော အတွေးအခေါ် ပညာရှင်ကြီးတိုင်အောင်၊ယင်းကျမ်းကိုဖတ်ရှုပြီး အကျိုးခံစားခွင့် ရရှိပေမည်။ ကျမ်းမြတ်ကုရ်အာန်သာလျှင် ဤသို့ အားလုံးသောလူတို့ကို တစ်ညီတစ်ညွတ်တည်း လမ်းညွှန်ပြသ သည့် ထူးခြားသော ဝိသေသရှိသည့် ကျမ်းဖြစ်သည်။ ပညာမတတ် သော လူတစ်ဦးဖြစ်စေ၊ ပညာရှိသုခမိန်ကြီးဖြစ်စေ၊ ကျမ်းမြတ်ကုရ်အာန်၏အဓိပ္ပာယ်နှင့် လမ်းညွှန်ချက်ကို ရယူနိုင်ပါသည်။ ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်ချက်၊ ပို့ချချက်သည် သဘာဝနှင့်လည်း ဆန့်ကျင်ခြင်းမရှိပေ။

ကမ္ဘာပေါ်တွင် လူပြိန်းတစ်ဦးနှင့် အဆင့်မြင့်သော ဒဿနပညာရှင် တို့ တန်းတူညီမျှ သဘောတူသောကျမ်း ရှိပါသလော။ ယင်းကျမ်းသည် ဖတ်ချင်စဖွယ်လည်း ဖြစ်ရမည်။ အားလုံးကို ညီညွတ်စွာ အကျိုးပြုရမည်။အားလုံးကို ထိရောက်သော လွှမ်းမိုးမှုဖြစ်စေရမည်။ ဤသို့သော ကျမ်း သည် ကျမ်းမြတ်ကုရ်အာန်သာဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၌သာလျှင်ဖေါ်ပြပါ အရည်အချင်းများပါဝင်ပေသည်။ ဤသည်ပင်လျှင် ကျမ်းမြတ် ကုရ်အာန်၏ အံ့ဖွယ်ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်သည် လူသားတို့ ကမ္ဘာကြီးကို နေစကြဝဠာကလှည့်ပတ်နေသည်ဟု ဆိုသောခေတ်တွင်လည်း မှန်ကန်သကဲ့သို့ ကမ္ဘာကြီးက နေကိုလှည့်ပတ်နေပါသည်ဟု ဆိုသောခေတ်တွင်လည်း မှန်ကန်လျက်ရှိပါသည်။

မွတ်စလင်မ်တို့အဖို့ ကျမ်းမြတ်ကုရ်အာန်သာလျှင် မှတ်ကျောက်ဖြစ် ၍ မည်သည့်မှတ်တမ်းမှတ်ရာပင်ဖြစ်စေ၊ ကျမ်းမြတ်ကုရ်အာန်မှတ်ကျောက်တွင် စံတင်ကြည့်ပါ။ ကိုက်ညီလျှင် တမန်တော်မြတ်နှင့် ပတ်သက်သော အစစ်အမှန်ဖြစ်မည်။ ကျမ်းမြတ်ကုရ်အာန်နှင့် ဆန့်ကျင်ဖက်ဖြစ်လျှင်မူ၊ ဤသည်အစ္စလာမ့်ရန်သူတို့၏ အတိတ်ကာလက ထိုးနှက်ချက်ဟူ၍ပင်ဖြစ် သည်ဟု----အနောက်တိုင်းသားတို့က တမန်တော်မြတ်နှင့် ပတ်သက်ပြီး လုပ်ကြံရေးသားချက်ကို Sayed Khan က “ သဖ်ဆီရွလ်ကုရ်အာန် ” ကျမ်းတွင် ဖြေကြားချက်ကို ကောက်နုတ်တင်ပြထားခြင်းဖြစ်သည်။

Mohamed Abduh (AD 1849-1905) သည် အီဂျစ်နိုင်ငံမှပညာရှင်တစ်ပါးဖြစ်သည်။ ၎င်း၏အယူအဆမှာ ခလီဖာကြီးများခေတ်တွင်ကျမ်းမြတ်ကုရ်အာန်ကို အခြေခံဥပဒေအဖြစ် လက်ကိုင်ပြုပြီး တမန်တော်

မြတ်၏ ကျင့်သုံးပုံစွန္နဟ်အတိုင်း ကျင့်သုံးခဲ့ခြင်းအားဖြင့် ဘာသာရေးအငြင်းပွားမှုများမှ ကင်းဝေးခဲ့သည်။ မွတ်စလင်မ်အချင်းချင်း စည်းလုံးညီညွတ်မှုရှိသည်။ ၄င်းတို့ လျှောက်လှမ်းခဲ့သော ဘဝတည်ဆောက်မှုစနစ်သည် ခေတ်မှီတိုးတက်ဆုံးသော လမ်းစဉ်ဖြစ်ခဲ့သည်။ မွတ်စလင်မ်ဟူသည် ကမ္ဘာ့လူသားများအတွက် စံပြဖြစ်ခဲ့သည်။

ကျမ်းမြတ်ကုရ်အာန်သည် ခေတ်မှီသည်။ ခေတ်တိုင်းနှင့် အံဝင် ဂွင်ကျသည်။ တမန်တော်မြတ်ကိုယ်တော်တိုင် ကျမ်းမြတ်ကုရ်အာန်၏လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းခဲ့သည်။ ဆွဟာဘာကြီးများကိုလည်း ထို လမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သည်။ သဟ်ါသာဗေအီန် များကလည်းအထက်ပါ သာဗေအီန်ကြီးများနည်းတူ ကျမ်းမြတ်ကုရ်အာန်၏ လမ်း ကြောင်းပေါ်သို့ ဆက်လက်လျှောက်လှမ်းခဲ့ခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်း အတွင်းရှိ နေရာတိုင်း လူမျိုးတိုင်းအတွင်းသို့ အစ္စလာမ် ဟူသော အေးရိပ် ဆာယာက လွှမ်းခြုံနိုင်ခဲ့သည်။ အစ္စလာမ်သည် ဘက်လိုက်မှုကင်း ၍ လူတိုင်းအတွက် စွဲမက်ဖွယ်ရာ ဖြစ်ခဲ့သည်။ အစ္စလာမ့် ဂုဏ်ရောင်သည် ကမ္ဘာ့ အလယ်တွင် ပွဲလယ်တင့်ခဲ့သည်။

ဖေါ်ပြပါ အလ္လာဟ်အရှင်မြတ်က ခင်းပေးသော ခေတ်မှီလမ်း ကြောင်းပေါ်မှ လူသားများခင်းသော ပြဿနာလမ်းကြောင်းများ အပေါ်သို့ အရောက်ပို့ပေးကြသူများမှာ ခေတ်အဆက်ဆက် သက်ဦးဆံပိုင်စနစ်နှင့် သာသနာပိုင်စနစ်တို့ဖြစ်သည်ကို Mohamed Abduh က လေးလေး နက်နက် သိထားသူဖြစ်သည်။

ဖေါ်ပြပါ စနစ်အတိုင်း ရာစုနှစ်များစွာ ဖြတ်ကျော်လာခဲ့ကြသော
မွတ်စလင်မ်များ၏ အယူဝါဒအစွဲများကို ရေတိုစီမံကိန်းဖြင့် တိုက်ဖျက်၍ မရနိုင်ကြောင်းကိုလည်း ခန့်မှန်းနိုင်ခဲ့သူ ဖြစ်သည်။ အခြားတစ်ဖက်တွင် လည်း အီဂျစ်နိုင်ငံနှင့် မွတ်စလင်မ်များကို ကိုလိုနီလောင်းရိပ်အောက်မှ လွတ်မြောက်စေရန် တာဝန်ကရှိသေးသည်။ ထိုကဲ့သို့ ကိုလိုနီလောင်းရိပ်အောက်မှလွတ်ရန်နည်းလမ်းသည် မွတ်စလင်မ်တိုင်း ခေတ်ပညာတတ် ကျွမ်းပြီး ၄င်းတို့နှင့်ရင်ဘောင်တန်းနိုင်ရမည်ဟု ခံယူသူဖြစ်သည်။

ထိုကဲ့သို့ ခေတ်သစ်သိပ္ပံနှင့် အတွေးအခေါ်ပညာရပ်များကို အီဂျစ်နိုင်ငံကဲ့သို့ ဘာသာရေးကျောင်းများတွင် အရှိန်အဟုန်ဖြင့် အစားထိုး၍ မလွယ်ကူကြောင်းကိုလည်း သိထားသူဖြစ်သည်။ ထို့အတွက်ကြောင့် အခြေခံ မဒရ်ဆာကျောင်းများနှင့် အစ္စလာမ့်ပညာရေးရာ အကြံပေးအဖွဲ့ ဝင်များအတွင်းသို့ ကျမ်းမြတ်ကုရ်အာန်ကို အခြေခံသည့် ခေတ်သစ်ပညာ ရေးစနစ်ကို ထိုးဖေါက်ဝင်ရောက်စေခဲ့သူ ဖြစ်သည်။

၄င်းနှင့်ခေတ်ပြိုင် Rashid Dida(1865-1935) သည် သတင်း စာဆရာ၊ ရှေ့နေဘွဲ့ရသူလည်း ထိုကဲ့သို့ ခေတ်မှီတိုးတက်သောအယူဝါဒများကို အရဗ်နိုင်ငံများအတွင်းသို့ပင် ထိုးဖေါက်ဝင်ရောက်စေခဲ့သူဖြစ်သည်။ ၄င်း၏ ခေတ်တွင် ခေတ်သစ်သိပ္ပံပညာရပ်များ၊ အတွေးအခေါ်ပညာရပ်များ၊အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ အစ္စလာမ့်သမိုင်း၊ ကမ္ဘာ့သမိုင်းနှင့် အယူဝါဒဆိုင်ရာ ပညာရပ်များကို အစ္စလာမ့်အထက်တန်းကျောင်းများ၊ ကောလိပ် များတွင် ပူးတွဲသင်ကြားပေးသည်အထိ ခေတ်မှီ တိုးတက်လာခဲ့သည်။

Mohamed Iqbal (1876-1938)သည် အိန္ဒိယနိုင်ငံမှ ကဗျာ ဆရာအတွေးအခေါ်ပညာ ရှင် တစ်ဦးဖြစ်သည်။ ရှေ့နေဘွဲ့ကို အင်္ဂလန်နိုင်ငံ မှ ရရှိခဲ့ပြီး Ph. D. ဘွဲ့ကို ဂျာမဏီနိုင်ငံ မြူနစ်တက္ကသိုလ်မှ ရရှိခဲ့ သူဖြစ်သည်။ ၄င်းသည်လည်း ကျမ်းမြတ်ကုရ်အာန်ကို အခြေခံ၍ ခေတ်မှီတိုးတက်သောမွတ်စလင်မ် ခေတ်ပညာတတ်များ ပေါ်ထွက်လာရေးကို ကြိုးပမ်းခဲ့သူဖြစ် သည်။ ၄င်း၏ THE RECONSTRUCTION OF RELIGIOUS THOUGHT IN ISLAM (LAHORE-1989) စာအုပ် တွင်၊-

" အစ္စလာမ်သာသနာသည် မွေးဖွားသန့်စင်ကတည်းက ခေတ်မှီတိုးတက်မှုကိုအခြေခံသော သာသနာဖြစ်သည်။ အစ္စလာမ်သည် မှားယွင်းသောအယူဝါဒမျိုးစုံအတွင်း နစ်မျောလျက်ရှိသော အရဗ်များကို ခေတ်မှီတိုးတက်၍ သာယာဝပြောသော ဘဝတည်ဆောက်မှုလမ်းစဉ်ပေါ်သို့ အရောက် ပို့ပေးခဲ့သည်။ ထိုအရဗ်များမှတစ်ဆင့် ကမ္ဘာ့လူမျိုးပေါင်းစုံ၏ စွဲမက်လေးစားဖွယ်ရာ ဖြစ်ခဲ့သည်။ အယူဝါဒ ကွဲပြားခြားပြီး ရန်သူများ အဖြစ်ရှိခဲ့ကြသော လူသားများကို အစ္စလာမ်က တစ်အူတုံဆင်း ညီရင်း အစ်ကို မောင်ရင်းအစ်မအဖြစ်သို့

ဖန်တီးပေးခဲ့သည်။

ဖြတ်သန်းလာသော ခေတ်စနစ်များ၏ ဆိုးမွေမျိုးကြောင့် အစ္စလာမ် ၏ အနှစ်သာရမူရင်းပျောက်ဆုံးရခြင်းကို စောကြောမိသူဖြစ်သည်။ ၎င်း သည်လည်း ကျမ်းမြတ်ကုရ်အာန်ကို အခြေခံ၍ ခေတ်သစ်ပညာရပ်များ အားဖြင့် အစ္စလာမ်သာသနာကို ပြန်လည်ခေတ်မှီလိုသူ တစ်ဦးဖြစ်သည်။

Hasan al Banna (1906-1949) သည် အီဂျစ်နိုင်ငံမှ ကျောင်းဆရာတစ်ဦးဖြစ်သည်။ မွတ်စလင်မ်တိုင်း ခေတ်သစ်ပညာရပ်များကို တတ်ကျွမ်းရမည်။ ကျမ်းမြတ်ကုရ်အာန်ကို အခြေခံ၍ လူမှုရေး၊ နိုင်ငံရေး၊ တရားဆုံးဖြတ်ရေးများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရမည်။ ဘာသာရေး ကျောင်းများတွင် ခေတ်သစ်ပညာရပ်များကိုပါ ပူးတွဲသင်ကြားပေးသောစနစ်ကို အီဂျစ်နိုင်ငံမှစတင်၍ အခြားမွတ်စလင်မ်နိုင်ငံများ လက်ခံလာရေးကို ကြိုးပမ်းခဲ့သူဖြစ်သည်။ ၎င်း၏ရည်ရွယ်ချက်မှာ အီဂျစ်နိုင်ငံကို ခေတ်မှီတိုးတက်သော စံပြအစ္စလာမ့်အုပ်ချုပ်ရေးစနစ် တည်ထောင်၍ အခြားမွတ်စလင်မ် နိုင်ငံများအတွင်းသို့ ထိုစနစ်ရောက်ရှိရေးဖြစ်သည်။

စူးအက်ဒေသတွင် အနောက်တိုင်းသားလူနည်းစုက ခေတ်မှီ အဆောက်အဦးများအတွင်းမှထိုင်၍ အီဂျစ်လူမျိုးစုအား နေပူထဲတွင် အခိုင်းအစေများအဖြစ် ပင်ပန်းကြီးစွာ အလုပ်ကြမ်းလုပ်ကိုင်နေသည်ကို မြင်တွေ့၍မျက်ရေကျသည်အထိ ဝမ်းနည်းကြေကွဲခဲ့ရသူဖြစ်သည်။ ထိုကဲ့သို့ အီဂျစ် များ ဆင်းရဲရခြင်းသည် ဘာသာရေးပြဿနာဟု ယုံကြည်သူဖြစ်သည်။ ထို ခေတ်ကာလတွင် ဘာသာရေးနှင့်စပ်လျဉ်းသော ပညာရပ်များမှလွဲ၍ အခြားခေတ်သစ်ပညာရပ်များကို သင်ယူခြင်းသည် အစ္စလာမ့်ဥပဒေနှင့်ဆန့်ကျင်သည်ဟု ခံယူခဲ့ကြသည်။ ဟစန်အလ်ဘန်နာနှင့် အပေါင်းအပါတို့သည်ထိုခေတ်ကာလကပင်လျှင် ကျမ်းမြတ်ကုရ်အာန်ကို ခေတ်နှင့်အညီ ဖွင့်ဆိုနိုင်ခဲ့သူများဖြစ်ကြပေသည်။

ဟစန်ဘန်နာ၏ ယုံကြည်ချက်မှာ မွတ်စလင်မ်တို့ လူနေမှုအဆင့် အတန်းမြင့်မားရေးအတွက် အဓိကလိုအပ်ချက်မှာ စာမတတ်သူ ပပျောက် ရေးပင်ဖြစ်သည်။ ရပ်ကွက်၊ ကျေးရွာ မြို့ပြများမကျန် ညကျောင်းများဖွင့်ခြင်း၊
အထက်တန်းပညာရပ်များကို လူတိုင်းသင်ကြားခွင့်ရရှိရေးအတွက် လုပ် သားကော်လိပ်များဖွင့်ခြင်း။ ထိုညကျောင်းများမှ အထက်တန်းတက်ခွင့် စာမေးပွဲများ စစ်ဆေးပေးခြင်း၊ ခေတ်သစ်ပညာရပ်များ သင်ကြားလိုစိတ်ပေါ် ပေါက်ရန် လှုံ့ဆော်တရားဟောပြောခြင်း။

အကျိုးဆောင်အဖွဲ့များ ဖွဲ့စည်းပေးခြင်း။ ထိုအဖွဲ့ဝင်တို့မှ အမျိုးသမီးများပါဝင်လာရေးတို့ကို စည်းရုံးပေးခြင်း။ ကျမ်းမြတ်ကုရ်အာန်ပါ ဥပဒေများအကြောင်းကို အမျိုးသား၊ အမျိုးသမီး၊ ကလေး၊ လူကြီး အားလုံး အား သင်ကြားပေးခြင်းအားဖြင့် ခေတ်မှီသော အတွေးအခေါ် အမျှော် အမြင်များ ကို ထည့်သွင်းပေးခဲ့သူဖြစ်သည်။ ထိုအဖွဲ့ကလေးမှ လူမှုရေး ကိစ္စရပ်များတွင်အများမွတ်စလင်မ်များကို ပါဝင်စေခြင်း။ တစ်ဦးနှင့်တစ်ဦး ယိုင်းပင်းကူညီမှုပြုခြင်း။ ငွေကြေးတတ်နိုင်သူများကို စက်ရုံငယ်ကလေးများ စတင်တည်ထောင်၍၊ ထိုစက်ရုံများတွင် မွတ်စလင်မ်လုပ်သားများကို လုပ်အားခ ပိုပေးခြင်းအာဖြင့် ကူညီယိုင်းပင်းခြင်း။ ထိုစက်ရုံ အလုပ်ရုံများမှ ပိုလျှံငွေများဖြင့်ကျေးလက်ဆေးပေးခန်း ဖွင့်ပေးခြင်းများကို ဆောင်ရွက် ခဲ့လေသည်။

၎င်း၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကျမ်းမြတ်ကုရ်အာန်ကို အခြေ ခံ၍ ခေတ်မှီတိုးတက်သော အစ္စလာမ့်လူနေမှုစနစ်ကို နှစ်သက်သူများပြားလာခဲ့သည်။ မွတ်စလင်မ်များ စည်းလုံးညီညွတ်မှုရှိလာသည်။ ထိုကာလတွင် အီဂျစ်နိုင်ငံတွင်သာမက အနီးပတ်ဝန်းကျင် နိုင်ငံများကပါ ထိုစနစ်ကိုနှစ်သက် လက်ခံလာခဲ့ကြသည်။ ၁၉၄၉ ခုနှစ်တွင် ဟစန်အလ်ဘန်နာအားလူတစ်စု၏ လုပ်ကြံမှု ကြောင့် အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကွယ်လွန် သွားခဲ့ရှာလေသည်။ ဟစန်အလ်ဘန်နာ ကွယ်လွန်ခြင်းသည် အီဂျစ်နိုင်ငံ သားများအတွက်သာ မက ကမ္ဘာ့မွတ်စလင်မ်အများစုအတွက် ဆုံးရှုံးမှု တစ်ရပ် ဖြစ်ပေသည်။ ဟစန်အလ်ဘန်နာ၏ ကြိုးစားမှုအချိန် အတိုင်း အတာသည် တိုတောင်း သော်ငြားလည်း ၎င်း၏ ရည်ရွယ် ချက်ဖြစ်သော မွတ်စလင်မ်တိုင်း ခေတ် ပညာ တတ်မြောက်ရေး၊

ဘာသာ ရေးကျောင်း များတွင် ခေတ်သစ် ဝိဇ္ဇာသိပ္ပံပညာရပ်များပူးတွဲ သင်ကြားရေးဆိုသော မူဝါဒသည်ကား အီဂျစ်နိုင်ငံ အပါအဝင်မြောက်များစွာသော မွတ်စ လင်မ်နိုင်ငံများတွင် ပေါ်ပေါက် လာခဲ့လေသည်။

Sayed Qutb(1906-1966) သည်လည်း အီဂျစ်နိုင်ငံသား ပညာ ရှင်တစ်ဦးဖြစ်သည်။ အထက်မှ ဖေါ်ပြခဲ့သောခေတ် သစ်အမြင်ရှိ သည့် ပုဂ္ဂိုလ်များကဲ့သို့ ကျမ်းမြတ်ကုရ်အာန်ကို အခြေခံ၍ ခေတ်မှီတိုးတက်သော ဘဝတည်ဆောက်မှုစနစ်ကို တည်ထောင်လိုသူဖြစ်သည်။ မွတ် စလင်မ်တိုင်း ခေတ်ပညာတတ်ရမည်။ အစ္စလာမ်သာသနာသည် ခေတ်မှီသည်။ အစ္စလာမ့်အခြေခံဥပဒေဖြစ်သော ကျမ်းမြတ်ကုရ်အာန်သည် ခေတ် မှီသည်။ ထိုကျမ်းကို လက်တွေ့အသေးစိတ် အကောင်အထည်ဖေါ်ပြ သော တမန်တော်မြတ်သည် ခေတ်မှီသည်။ အထူးသဖြင့် မွတ်စလင်မ်တို့ကို ရှေ့ဆောင်ရှေ့ရှုက်ပြုသူများ ခေတ်ပညာတတ်ကျွမ်းရမည်။ သို့မှသာကျမ်းမြတ်ကုရ်အာန်ကို အခြေခံ၍ ခေတ်ရေစီးကြောင်းနှင့်အညီ အစ္စလာမ့်လူနေမှုစနစ်တည်ထောင်ရာ၌ ဦးဆောင်ဦးရွက်ပြုနိုင်ကြမည်ဟု ခံယူသူ ဖြစ်သည်။ ဖီဇွေလာလစ်လ်ကုရ်အာန်(ခေါ်) " ကျမ်းမြတ်ကုရ်အာန်၏ အရိပ်ဝယ် " ဟူသော အရဗီစာပေဖြင့် ကျမ်းမြတ်ကုရ်အာန်ကို ဖွင့်ဆိုခဲ့ သည်။ " ရှုဗ်ဟာသ်မင်ဟောင်းလွလ်အစ္စလာမ် " ဟူသောစာအုပ်သည် လည်းအလွန်ကျော်ကြားသော စာအုပ်ဖြစ်သည်။

၎င်း၏စာအုပ်မှ ကောက်နှုတ်၍ " သမိုင်းစာမျက်နှာပေါ်မှ သင်ခန်း စာများ " အမည်ဖြင့်၊ ဆရာဦးမြတ်သူ၏ဆောင်းပါးကို မူရင်းအတိုင်းဖေါ်ပြပါမည်။ ထိုဆောင်းပါးကို အစ္စလမ့်ဗိမာန် နှစ်သုံးဆယ်အထူးထုတ်မဂ္ဂဇင်းမှ ကူးယူ၍ ဖေါ်ပြခြင်းဖြစ်သည်။

## သမိုင်းစာမျက်နှာပေါ်မှ သင်ခန်းစာများ

အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်သော မွတ်စလင်မ်တို့ သည် မြေပြင်အရပ်ရပ်တွင် နေထိုင်ကြပြီး လူမျိုးအသီးသီးဖြစ်လျက်လည်းကောင်း၊ ယဉ်ကျေးမှု အသီးသီးဖြစ်လျက် လည်းကောင်း၊ စကားအပြော အဆိုကွဲပြားလျက်လည်းကောင်း ရှိလင့်ကစား တစ်ပါးတည်းသော ကိုးကွယ်ရာအရှင်အဖြစ် အလ္လာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်ကြလေသည်။ နောက်ဆုံးပေါ်ထွန်းခဲ့သော တမန်တော်မြတ်မုဟမ္မဒ်(ﷺ)၏နောက်လိုက်အဖြစ် လည်းကောင်း၊ မျက်နှာမူရာအရပ် တစ်ခုတည်းကို မျက်နှာမူရာတွင် လည်းကောင်း၊ တစ်စောင်တည်းသောကျမ်းကို ပြည့်ဝကုံလုံပြည့်စုံသော ဘဝလမ်းညွှန်အဖြစ် လိုက်နာရာတွင်လည်းကောင်း၊ ထပ်တူထပ်မျှဖြစ်ကြကုန်သည်။

ကိုယ်ကျင့်တရားတွင် အမြတ်ဆုံး၊ ကျင့်စဉ်ကျင့်ရပ်တွင် အစင်ကြယ် ဆုံး၊ လူမှုရေးတာဝန်တွင် အပီပြင်ဆုံး၊ လူ့အကျိုးပြုရာတွင် အထက်မြက်ဆုံးအုပ်စုအဖြစ် အတိတ်သမိုင်းက သက်သေခံလျက်ရှိသည်။ ကမ္ဘာ့သမိုင်းမှတ်တိုင်များအနက် အတိအကျမှတ်တိုင်တစ်ခုကို ထောက် ပြရသော်၊ ၁၈၈၂ ခုနှစ် အီဂျစ်နိုင်ငံ၏ " သောက် ဖီးက်သစ္စာဖေါက်မှုအရေး" ကြောင့် ဗြိတိသျှတို့သည် အစ္စလာမ်သာသနာဝင်တို့၏ နယ်မြေများ အနက် အမာခံဒေသတစ်ခုဖြစ်သော၊ အီဂျစ်နိုင်ငံကို စတင်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။ မွတ်စလင်မ်တို့ဖက်မှ အူရာဘီခေါင်းဆောင်မှုဖြင့် ပြန်လှန် တိုက်ခိုက်ခဲ့သော်လည်း ခေတ်မှီလက်နက်အင်အား မမျှတမှုကြောင့်မွတ် စလင်မ်တို့စစ်ရှုံးပြီး ဗြိတိသျှတို့သည် နယ်မြေတစ်ခုကို ခြေကုတ် ရခဲ့သည်။

လက်နက်အင်အားကြောင့် တစ်ကြိမ်ထိုးဖေါက်ဝင်ရောက် နိုင်လင့် ကစား မွတ်စလင်မ်တို့သည် နီးကြားထက်မျက်တက်ကြွသူများ ဖြစ်ကြ သည်။ သူတို့အားလုံးထံတွင် လူ့ဘဝဖွံ့ဖြိုးတိုးတက်မှု အမျိုးမျိုးကို ပို့ချသော ဘဝလမ်းညွှန်မှုကျမ်းရှိသည်။ ထိုလမ်းညွှန်ကျမ်းမှာ မည်သည့်အရပ်တွင်ရှိသည့် မွတ်စလင်မ်၊ မည်သည့် အမိဘာသာစကားကိုပင် ပြောပြော၊ မူရင်းအားဖြင့် အရဗီစာပေနှင့်ရေးသားထားသောကျမ်းကို ဖတ်ရွတ်ရာတွင်၊ နားလည်သဘောပေါက်ရာတွင်၊ လက်တွေ့လိုက်နာကျင့်သုံးရာတွင် အားလုံးသောမွတ်စလင်မ်တို့တွင် တူညီချက်တစ်ရပ်ရှိသည်ကို ဗြိတိသျှတို့က တဖြည်းဖြည်းလေ့လာ တွေ့ရှိရလေသည်။

ထို့ကြောင့် ဗြိတိသျှတို့သည် မွတ်စလင်မ်တို့၏ နယ်မြေတစ် ကွက်ကို အချိန်တော်ကြာ အုပ်စိုးနိုင်ဖို့ရာ အခက်အခဲရှိကြကြောင်း သိမြင် လာလေသည်။ ရရှိပြီးဖြစ်သော နယ်မြေကိုကောင်းစွာ အုပ်ချုပ်နိုင်ရေး၊ နောက်ထပ်

www.QuranInBurmese.com


မွတ်စလင်မ်များ၏ နယ်မြေများကိုဆက်ခါဆက်ခါ သိမ်းပိုက် နိုင်ရေးအတွက် ဗြိတိသျှတို့ အပြင်းအထန် ဆက်လက်လေ့ လာကြလေ တော့သည်။

စစ်ပွဲများအပွဲပွဲနွှဲပြီး အသက်ပေါင်းများစွာ သေဆုံးပြီးမှ အောင်မြင်ခြင်းထက် ရန်သူဖြစ်သူများကပင် အညံ့ခံလက်မြှောက်အရှုံးပေးပြီး ကျွန် တော်တို့မွတ်စလင်မ်များအတွက် အသင်တို့ဗြိတိသျှများသာ အုပ်ချုပ်စိုးမိုးသူအရှင်သခင်များဖြစ်သည်ဟု မွတ်စလင်မ်တို့၏ လက်တွေ့ဘဝ ကပင် သက် သေခံလာရလောက်အောင် ကြိုးပမ်းဆောင်ရွက်ချက်တစ်ရပ်ကို ပြုလုပ်ခဲ့
လေသည်။

သာမန်အားဖြင့်ပြောရလျှင် လိမ်မာပါးနပ်သည်ဟု ဆိုနိုင်သော် လည်း အကြံပက်စက်သော ဗြိတိသျှတို့မှာ အသိဉာဏ်ဖြင့် ပရိယာယ်ကို သုံးစွဲရာတွင် အလွန်ထက်မြက်လေသည်။ တစ်ဖက်သားအပေါ် လိမ်လည်လှည့်ဖြားရာတွင် တစ်ဖက်ရန်သူက အလိမ်ခံရသည်ဟု မထင်သည့်အပြင်ကျေးဇူးရှင်ဟုပင် ထင်မှတ်လာရန် ပြုနိုင်စွမ်းရှိ၏။ ရန်သူသည် မိမိနှင့် နောင်လာနောက်သား အဆက်အနွယ်များကိုပင် ယင်းအမွေဆိုးကို မက်မက်မောမော လိုလိုချင်ချင်ဆက်ခံ ယူစေကြသည်။

နယ်ချဲ့ဗြိတိသျှတို့သည် ထိပ်တိုက်တွေ့နေရသော မွတ်စလင်မ်အင်အားစု အရေးနှင့်ပတ်သက်၍ ကောင်းစွာလေ့လာဆည်းပူးပြီး ထိုအချိန်ထို အခါက ဗြိတိသျှအစိုးရ၏ နန်းရင်းဝန် “ ဝီလျံအက်(ဒ်)ဝါဒ်ဂလက်စတုံး (၁၈၀၉-၁၈၉၈)သည် မိမိ၏ ပါလီမန်တွင် မွတ်စလင်မ်တို့အပေါ် ထာဝစဉ်အောင်နိုင်ရေး သုတေသနစာတမ်းတစ်စောင် တင်သွင်းခဲ့သည်။

မစ္စတာ၊ ဂလက်စတုံးသည် ဗြိတိသျှပါလီမန်လွှတ်တော်တွင် မိန့်ခွန်းပြောကြားရင်း ကျမ်းမြတ်ကုရ်အာန်ကို မိမိလက်တွင် ကိုင်လျက်၊-

“ ရဲဘော်တို့ အဲဒီကျမ်းစာအုပ်ဟာ မွတ်စလင်မ်တို့ဘဝ တည် ဆောက်မှုအတွက် ဥပဒေ ဖြစ်တယ်။ မွတ်စလင်မ်တွေဟာ ဒီကျမ်းကိုသဘောပေါက်ပြီး လက်တွေ့လိုက်နာကျင့်သုံးနေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့ ဗြိတိသျှများအပါအဝင် မည်သည့်လူမျိုးမျှ မွတ်စလင်မ်တို့ကို ဖိနှိပ်အုပ်ချုပ်နေနိုင်မှာမဟုတ်။ ၎င်းတို့တို့နယ်မြေများတွင် ပိုင်ပိုင်နိုင်နိုင် အေးချမ်းစွာကြီးစိုးနိုင်ကြမှာမဟုတ်ဘူး။ ဘာကြောင့်လည်းဆိုတော့ မွတ်စ လင်မ်တို့၏ အတွေးအခေါ်အမျှော်အမြင်၊ လုပ်ရည်ကိုင်ရည်များကို ထက် မြက်မြင့်မားအောင် သွန်သင်ရာမှာ ဘယ်လုပ်ငန်းတာဝန်ဝတ္တရားနဲ့ ဆောင်ရွက်မှုတွေလုပ်ရင်းဖြင့် ဘဝတည်ဆောက်ရတယ်လို့ တစ်သွေ မတိမ်းလိုက်နာရန် မွတ်စလင်မ် ယောကျ်ားမိန်းမတို့အား ဒီကျမ်းက ပြဋ္ဌာန်းထားတယ်၊ ဒီတော့ ဗြိတိသျှအာဏာပိုင်တွေဟာ ရောက်လေရာအရပ်မှာရှိတဲ့မွတ်စလင်မ်တွေအတွက် အလိမ္မာတရားသုံးပြီး အောက်ပါပညာရေးမူဝါဒတစ်ခုကို မဖြစ်ဖြစ်အောင် ကြိုးစား အကောင်အထည်ဖေါ်ကြရမယ် ”

ဗြိတိသျှနန်းရင်းဝန် ဂလက်စတုံးက မွတ်စလင်မ်တို့အတွက် ပညာ ရေးမူဝါဒ ပြဋ္ဌာန်းချက်မှာ၊-

(၁) အစ္စလာမ်သာသနာသည် မွတ်စလင်မ်အားလုံးကို နေ့စဉ်နှင့်တစ်သက်တာပတ်လုံး အလ္လာဟ်အရှင်မြတ်အား တသသတိရလျက်၊ ဝတ် ပြုလျက်၊ ရှိနေရမည်ဖြစ်သည်။ တစ်ကိုယ်ရည် တစ်ကာယ တရား ဘဝနာ စီးဖြန်းပြီး ဤလောက အလှကို ရွံရှာမုန်းတီးမှုကိုသာ ပြဋ္ဌာန်းကြောင်း ကောင်းစွာ သဘောပေါက်စေရမည်။ ဤလူ့ဘောင်လောကသည် အကု သိုလ်အတိပြီးလျက်ရှိပြီး ကောင်းမှုနှင့်မကောင်းမှုကို နားလည်သည့်ကယ်တင်ရှင်လမ်းပြများကို ရှာဖွေပြီး တပည့်ခံလိုက်နာကြရမည်ဟု သင်ကြားပေးရမည်။

(၂) ကုရ်အာန်သည် အလွန်မြင့်မြတ်သောကျမ်းဖြစ်သည်။ လူတိုင်းနှင့်မဆိုင်။ လူတိုင်းမလေ့လာရ။ သာမန်လူသားများ လေ့လာပါကလမ်းလွဲသွားမည်။ ကျမ်းမြတ်ကို ဖွင့်ဆိုရန်မှာ ဘာသာရေးပညာရှင် အလင်းရပုဂ္ဂိုလ်များသာ ဖွင့်ဆိုနိုင်သည်။ ထိုပုဂ္ဂိုလ်တို့၏ သင်ကြားပြသမှုကိုသာ ခံယူရမည်။ သာမန်မွတ်စလင်မ်များအဖို့ ရွတ်ဖတ်သရဇ္ဈာယ်ရုံဖြင့် လာဘ် လာဘတိုးပွားပြီး လုံးလောက်လှပြီဟုသာ သင်ကြားပို့ချပေးရမည်။

ဒီအချက်နှစ်ချက်ကို ပိုင်ပိုင်နိုင်နိုင် မွတ်စလင်မ်များအား ပို့ချပြီး အသားသေနေအောင် ပြုလုပ်နိုင်လျှင် တို့နယ်ချဲ့ဗြိတိသျှတို့အတွက် မွတ် စလင်မ်များကို လက်နက်ဆွဲကိုင် တိုက်ခိုက်နေစရာမလို။ ယှဉ်ပြိုင်ကြိုးစားနေရန်မလိုပဲ သူတို့သည် တို့အဖို့ထာဝရ အလုပ်အကျွေးပြုမည့် တပည့်ကောင်း၊ ကျွန်ကောင်းများ အဖြစ် ကမ္ဘာတည်သရွေ့ ရပ်တည်နေကြမည် မှာမြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ ဤကဲ့သို့ သင်ကြားပေးခြင်းမျိုးမဟုတ်ပဲ အကယ်၍ ကုရ်အာန် လမ်းညွှန်မှုကို မွတ်စလင်မ်များ ဖတ်ရွတ်လေ့လာပြီး နားလည်သဘောပေါက် သည် ဆိုသည်နှင့် ဧကန်အမှန် အစ္စလာမ်သည် ၊-

(၁) လူမှုဆက်ဆံရေး၊ စီးပွားရေး၊ ကြီးပွားရေးတို့ကို လူ့လောကတစ်ခွင်တွင် တစ်သက်ပတ်လုံး မည်သို့ဆည်းပူးရှာဖွေခံစား၍ ဤသာယာ ဝပြောသော လောကသစ်ကို တည်ဆောက် ရန်သင်ကြား ပေး သည့်လမ်းညွှန် ဖြစ်ကြောင်း သိသွားကြပေမည်။ အဲဒီအခါ တို့ဗြိတိသျှတို့အဖို့ ဒီလောက ကြီးတွင် ကြီးပွားချမ်းသာတိုးတက်ဖို့ ရှိတော့မည် မဟုတ်သဖြင့် မွတ်စလင်မ်များအား ကုရ်အာန်ပါ လူမှုဆက်ဆံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နားလည်သဘောပေါက်ခြင်း မရှိစေပဲ အဖတ်သက်သက်(MERE RECITATION) ဖြင့်အလွန် မတန်ပြည့်စုံပြီဟု သိစေလျက် မြင်သာမြင်မကြင်စေနှင့်၊ ဖတ်သာဖတ်စေ နားလည်ရန် သဘောပေါက်ရန် စိတ်ကူးမပေါ်စေနှင့်။

(၂) အစ္စလာမ်သည် လူတို့နေထိုင်အသက်ရှင်ရာ ရပ်ကွက်နယ် ပယ်၊ တိုင်းပြည် လူ့ဘောင်တစ်ခုလုံးကို မည်သို့မည်ပုံ စီမံကွပ်ကဲအုပ်ချုပ်ရမည်ကို သင်ကြားပေးသောစနစ် ကျင့်စဉ်တစ်ခုဖြစ်သည်ကို လုံးဝအသိ မပေးရ။ ဒီနည်းတွေ ကုရ်အာန်မှာပါလို့ ပါမှန်းမသိစေရ။ ကုသိုလ်ရရေး၊ဂျန္နသ်ရရေးအတွက် ထပ်တစ်လဲလဲ ရွတ်ဖတ်စေရမည်။ ဒါမှသာ ဒီမြေဒီမိုးရှိရှိသမျှ တို့ရဲ့ပိုင်နက် ဖြစ်ပြီး မွတ်စလင်မ်တွေဟာ ယင်းပိုင်နက်မှ သစ္စာအရှိဆုံး ကျေးကျွန်များအဖြစ် သားစဉ်မြေးဆက် ရပ်တည်နေမည်ဖြစ်သည်။

(၃) အစ္စလာမ်သည် လူသားတို့ဘဝဖြစ်စဉ်၊ လူသားဘဝ၏ ရည်ရွယ်ချက်၊ လူ့တန်ဖိုး၊ လူ့အရည်အသွေးဖြင့် အပြည့်အဝ နေထိုင်အသက်ရှင်သန်ရန် လမ်းညွှန်ပြထားသည်ကို လုံးဝပြည့်ဖုံးကားချပြီသေနေ့မွေးနေ့နှစ်နေ့ အတွင်းဘဝကို အရှုံးပေးလက်မြှောက်ပြီး အညံ့ဆုံးသတ္တဝါအဖြစ် မိမိကိုယ်ကို ခံယူထားရုံမျှ အသိပေးပါ။

(၄) အစ္စလာမ်သာသနာတွင် အဆိုအမျိုးမျိုး အတွေးအခေါ်ကင်းမဲ့သော ပုံပြင် ဒဏ္ဍာရီသိန်းသောင်းဖြင့် သံသယဖြစ်ဖွယ် အသွယ်သွယ်နှင့်အငြင်းပွားစရာများ ပြည့်နှက်လျက် အသေးအဖွဲကွဲလွဲချက်များအပေါ် ငြင်းခုံနေခြင်း၊ ခိုက်ရန်ဖြစ်ပွားနေခြင်း၊ မွတ်စလင်မ်အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ပုတ်ခတ်ပြောဆိုနေခြင်း၊ အသေသတ်နိုင်သည်အထိ တိုင်ပွဲဝင်ခြင်းသည် သာသနာ့အာဇာနည်ဘွဲ့ရပြီး သာသနာကို ချစ်သည့်သူတိုင်း ပြုကိုပြုရမည့် တာဝန်ဖြစ်သည်ဟု သိနားလည်စေရမည် ဟူသောမိန့်ခွန်းဖြင့် “ဂလက်စတုံး” က မိန့်ခွန်းကို အဆုံးသတ်ခဲ့သည်။

ဤနေရာတွင် ဝိတိုရိယခေတ် ဗြိတိသျှနန်းရင်းဝန် “ဂလက်စတုံး”အကြောင်း အနည်းငယ်ပြောလိုသည်။ သူသည် ဗြိတိသျှသမိုင်းတွင် ကျော်ကြားဆုံး၊ အတော်ဆုံး အစွမ်းဆောင်နိုင်ဆုံး နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။ ၁၈၆၈ မှ ၁၈၉၄ ခုနှင့်အတွင်း ဗြိတိသျှနန်းရင်ဝန်အဖြစ် လေးကြိမ်တိုင်တိုင်ရွေးချယ်ခံခဲ့ရသူဖြစ်သည်။

မွတ်စလင်မ်များအတွက် ဗြိတိသျှ ပါလီမန်မှ ၁၈၈၂ ခုနှစ်တွင် အထက်ပါ ပြဋ္ဌာန်းချက်အတိုင်း၊ ရောက်လေရာအရပ်တိုင်း၊ အထူးသဖြင့် အရှေ့အလယ်ပိုင်း၊ အာဖရိကတိုက်၊ အိန္ဒိယ၊ မြန်မာ၊ အရှေ့ပါကစ္စတန်နှင့်အနောက်ပါကစ္စတန်တို့တွင် တိတိကျကျ ဆောင်ရွက်နိုင်ခဲ့သဖြင့် ယင်းနယ် မြေများရှိ မွတ်စလင်မ်များသည် အစ္စလာမ်သာသနာကို သဘောပေါက်ရာတွင် တူညီနေကြလေသည်။

မြန်မာတိုင်းရင်းသား မွတ်စလင်မ်တို့ထံ အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံများမှတစ်ဆင့် အစ္စလာမ်သာသနာ ပြန့်ပွားရောက်ရှိလာသည်။ ရှေးယခင်(Indian Subcontinent) ဟုခေါ်သောအိန္ဒိယတိုက်ငယ်တွင် အိန္ဒိယ၊ ပါကစ္စတန်၊ ဘန်ဂလာဒေ့ရှ်နှင့် မြန်မာပြည်တို့ပါဝင်လေသည်။ ဗြိတိသျှတို့ သည်အိန္ဒိယတွင် ရုံးစိုက်၍ ကျန်ပြည်နယ်ငယ်များကို အုပ်ချုပ်လေသည်။ ထို့ကြောင့် ယင်းဒေသရှိ အစ္စလာမ်သာသနာဝင်တို့အပေါ် ဗြိတိသျှနယ်ချဲ့တို့၏ ဖေါ်ပြပါ ပညာရေးမူဝါဒကို ကောင်းစွာပုံသွင်းနိုင်ခဲ့လေသည်။ ပေါ်လွင်လာသော ရုပ်သွင်မှာလည်း

အိန္ဒိယသဘာဝ၊ အိန္ဒိယစရိုက်၊ အိန္ဒိယဓလေ့၊ အိန္ဒိယယဉ်ကျေးမှုအတိုင်းဖြစ်ပြီး ၎င်းအားလုံးတို့ကို အစ္စလာမ့်အမွေအနှစ်ဟု နှစ်နှစ်ကာကာ ယုံကြည် လက်ခံထားကြ လေသည်။

သို့ရာတွင် ဗြိတိသျှနယ်ချဲ့တို့၏လှည့်ဖြားမှုက မည်မျှအထိ ထိရောက်ပိုင်နိုင်ပုံကိုလေ့လာလျှင် ယင်းဗြိတိသျှပညာရေးစနစ်ပျိုးထောင်မှုအောက် တွင် ကြီးပြင်းလာသူသည် "ဂလက်စတုံး" မရှိသည့်နောက် ဗြိတိသျှနယ်ချဲ့တို့၏ နေမဝင်နိုင်ငံများ၊ နေဝင်ပြီးသည့်နောက် ခေတ်အဆက်ဆက်တိုင် ယင်းဒေသများရှိ မွတ်စလင်မ်တို့မှာ ဗြိတိသျှတို့၏ သွန်သင်မှုအတိုင်း မပြောင်းမလဲ တွေ့နေရပေသည်။

ထို့ကြောင့် ဗြိတိသျှနယ်ချဲ့တို့၏ မွတ်စလင်မ်များအတွက် ပညာ ရေးမူဝါဒသက်ရောက်ရှင်သန်သည့်ဒေသရှိ မွတစလင်မ်တို့တွင် ကျမ်းမြတ်ကုရ်အာန်သည် အဓိပ္ပာယ်နားလည်ရန်မလိုအပ်၊ ဖတ်ရုံသက်သက်ဖြစ်ကျင့်သုံးကြသည်။ ကျမ်းမြတ်ကုရ်အာန်ကို ရေးသားပို့ချသော အရဗီစာပေသည်အခြားသောစာပေများကဲ့သို့ စာပေတစ်ခုအနေဖြင့် သိထားပုံမပေါ်ပေ။

ယနေ့မွတ်စလင်မ်အများစုကို လေ့လာကြည့်မည်ဆိုလျှင် ဗြိတိသျှနယ်ချဲ့တို့၏မွတ်စလင်မ်များအတွက် ပညာရေးမူဝါဒကို ယနေ့ထက်တိုင် အပီအပြင်ဆုံး အကောင်အထည်ဖေါ်ကြလျက် ရှိနေသည်။ သင်ခန်းစာယူကြဖို့ အချိန်တန်နေလေပြီ။ အဖြူနှင့်အမဲ ခွဲခြားဖို့ အချိန်တန်နေလေပြီ။ဘာသာရေးဆိုတိုင်း မစဉ်းစာမဆင်ခြင်ဘဲ လက်ခံနားထောင်မနေသင့်ဘဲ၊ ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်မှုဖြင့် လည်းကောင်း၊ တမန်တော်မြတ်၏ အသွန်အသင် အဆုံးအမအားဖြင့်လည်းကောင်း၊ မိမိတို့၏ဆင်ခြင်တုံ တရား၊ အသိတရားများဖြင့် အမှန်နှင့်အမှားကို ခွဲခြားသိဖို့ အချိန် တန်လေပြီ။

မွတ်စလင်မ်တိုင်း အမျိုးသားများရော အမျိုးသမီးများပါ၊ လူကြီး ရော လူငယ်ပါ၊ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ အရင်းအမြစ်ကျကျ လေ့လာဆည်းပူးသင့်ပါသည်။ လေ့လာဆည်းပူးရန်မှာလည်း တာဝန်ရှိပါသည်။

(ကိုးကားကျမ်း=ကူဝိတ်နိုင်ငံ "ဒါရွလ်ဘယမ် " စာအုပ်တိုက်မှ ၁၉၆၄ ခုနှစ်တွင် (၆)ကြိမ်မြောက် ရိုက်နှိပ်ထုတ်ဝေခဲ့သော မုဟမ္မဒ်ကုတ္တဗ် ရေးသားသော " ရှဗ်ဟာသ်ဟောင်းလွလ်အစ္စလာမ် " အရဗီကျမ်းမှ ထုတ်နှုတ်ရေးသားထားသော ဆရာဦးမြတ်သူ MSc. ၏ " သမိုင်းစာမျက်နှာပေါ်မှ သင်ခန်းစာများ " ဆောင်းပါးကို အစ္စလာမ့်ဗိမာန် (၁၀)ပြည့် မဂ္ဂဇင်းမှ မူရင်းအတိုင်း ဖေါ်ပြသည်။)

ဖေါ်ပြပါ Sayed Qutb ၏ရေးသားချက်၊ ဟောပြောချက်များ သည် တမန်တော်မြတ်ခေတ်၊ ဆွဟာဘာများခေတ်၊ အုပ်ချုပ်ရေးများကိုပီပီပြင်ပြင် ဖေါ်ပြနိုင်သကဲ့သို့ နောက်ပိုင်းခေတ် ခလီဖာအမည်ခံ သက်ဦးဆံပိုင်စနစ်များနှင့် နယ်ချဲ့ဗြိတိသျှတို့၏ မွတ်စလင်မ်များအပေါ် စီမံကိန်းဆွဲ၍ပုံသွင်းချယ်လှယ်ချက်များကို ထိရောက်စွာဖေါ်ပြနိုင်ခဲ့သော ပညာရှင်တစ်ဦးဖြစ်ပေသည်။

ယနေ့ခေတ်တွင်လည်း ဖေါ်ပြပါ အုပ်ချုပ်သူများ၏ အရိုက်အရာ ကို ဆက်လက်ခံယူလျက်ရှိသော မွတ်စလင်မ်နိုင်ငံများအတွင်းရှိ အများမွတ်စလင်မ်များကို နိုးကြားစေခဲ့သူလည်း ဖြစ်ပေသည်။

ထိုကဲ့သို့ အမှန်တရားကို သမိုင်းအထောက်အထားနှင့် ရဲ ဝံ့စွာတင်ပြစည်းရုံးခဲ့သူ ပညာရှင်တစ်ဦးအဖို့ ရှေ့တွင်ဖေါ်ပြခဲ့သော အိမာမ်ကြီးများ၊ ပညာရှင်ကြီးများတို့ ကဲ့သို့ပင် ၁၉၆၆ ခုနှစ် အီဂျစ်နိုင်ငံ သမ္မတ နာဆိရ်ခေတ်တွင် သေဒဏ်ပေးခြင်း ခံခဲ့ရပေသည်။

ooooooooooooooo

## Yusoof Abdullah al Qardawi

အီဂျစ်နိုင်ငံ Azhar အစ္စလာမ့်တက္ကသိုလ်မှ ပါမောက္ခဟောင်း တစ်ဦးဖြစ်သည်။ လက်ရှိ ကာတာနိုင်ငံရှိ University of Qatar တွင်ရှရီယဟ်နှင့်စွန္နဟ်ဌာန ဒါရိုက်တာတစ်ဦးဖြစ်သည်။ ၎င်းသည်လည်း အထက်ပါ ပုဂ္ဂိုလ်များကဲ့သို့ ကျမ်းမြတ်ကုရ်အာန်ကိုအခြေခံ၍ ခေတ်မှီတိုး တက်သော အစ္စလာမ့်ဘဝတည်ဆောက်မှုလမ်းစဉ်ကို

တည်ထောင်လိုသူတစ်ဦးဖြစ်သည်။ ဟဒီဆ်များနှင့်ပတ်သက်၍ သူမတူအောင် ဖွင့်ဆိုနိုင်သူ တစ်ဦးဖြစ်သည်။ နိုင်ငံအသီးသီးမှ မေးလာကြသော မေးခွန်းပေါင်းစုံကို ဖြေကြားထားသည့် “ ဖသ်ဝါမုအာစေရာ ” (ခေါ်)ခေတ်သစ်ဖသ်ဝါများ အမည် ရှိ အရဗီစာအုပ်သည် အလွန်ကျော်ကြားလူသိများသော စာအုပ်ဖြစ်သည်။ ၎င်း၏ **كيف نتعامل مع السنة النبوية** (ခေါ်) “ တမန်တော်မြတ်၏ စွန္နဟ်များ ဖြင့် ဘဝတည်ဆောက်ကြစို့ ” ဆိုသောအရဗီ မူရင်းကျမ်းကို အမေရိကန် နိုင်ငံ ဗားဂျီးနီးယားပြည်နယ်ရှိ အစ္စလာမ့်တက္ကသိုလ်တွင် ပြဋ္ဌာန်း စာအုပ် ဖြစ်သည်။

ထိုကျမ်းပါ စွန္နဟ်များနှင့်စပ်လျဉ်း၍ မွတ်စလင်မ်များ သိသင့်သိ ထိုက်သော အကြောင်းအရာများ ပါဝင်လေသည်။ ထိုအကြောင်းအရာများကို မတင်ပြမီအလျင် ဟဒီဆ်ကျမ်းများ၏ သမိုင်းကို တင်ပြပါမည်။

□□□□□□□□□

## ဟဒီဆ်ကျမ်းများ၏ဖြစ်စဉ်သမိုင်း

ဟဒီဆ်ကျမ်းများသည် ဟစ်ဂျရီ ၁၇၉ ခုနှစ်မှ စတင်၍ ဟစ်ဂျရီ ၅၅၈ ခုနှစ် အထိ ကျမ်းပေါင်း ၄၀ ကျော်ပေါ်ပေါက်ခဲ့သည်။ ထို ၄၀ ကျော်အနက် ကျော်ကြားသော ဟဒီဆ်ကျမ်း ၁၉ ကျမ်းကို ဟစ်ဂျရီခုနှစ် အလိုက် ဖော်ပြပါမည်။

| ကျမ်းအမည် | ဟစ်ဂျရီ | ကျမ်းရှင်အမည် |
|---|---|---|
| **1. AL MU-WATTA** | **179** | **MALIK BIN ANAS** |
| **2. AL MUSNAD** | **203** | **AL-TAYALISI-SULAYMAN** |
| **3. AL-MUSNAD** | **241** | **AHMED IBN HAMBAL** |
| **4. AL-BUKHARI** | **256** | **MOHAMED BIN ISMAIL** |
| **5. SA-HEEH MUSLIM** | **261** | **MUSLIM BIN HAJJAR** |
| **6. TIR MIDHI** | **268** | **ABU ISA MOHAMED** |
| **7. IBN MAJAH** | **273** | **SINAN IBN MAJAH** |
| **8. ABU DA'UD** | **275** | **ABU DA'UD SUNA** |
| **9. AL MUWATTA AL MUSNAD** | **282** | **ALBAZAR ABUBAKAR AHMED** |
| **10. AL NISAI** | **303** | **SINAN NISAI** |
| **11. AL-MUSNAD AL- KABI** | **307** | **ABU YALA AHMED** |
| **12. AL-HAKIM** | **320** | **AL-TIRMIDHI MOHAMED BIN ALI** |
| **13. MASAWI-AL-AKHLAAQ** | **337** | **AL-KHARAITY ABUBAKAR** |
| **14. AL-TABARANI** | **360** | **QASIM SULAYMAN BIN AHMED** |
| **15. AL-HAKIM** | **405** | **ABU ABDULLAH MOHAMED** |
| **16. AL-ASHAHA** | **430** | **ABU NAEEM AHMED BIN ABDULLAH** |
| **17. AL-BAYHAG** | **458** | **AHMED BIN AL HUSSAIN** |
| **18. SHARA-UL-SUNNAH** | **516** | **AL BAGAWI ABU AHMED HUSSAIN** |
| **19. MUSNAD AL-FIRDAWS** | **558** | **AL DAYLANI SHAH RADAR** |

အထက်ဖော်ပြပါ ကျမ်းများတွင် ပါဝင်သော ဟဒီဆ်များအားလုံး သည် တမန်တော်မြတ်၏ခေတ်တွင် တမန်တော်မြတ်၏ ပြောကြားချက်များကို ဆွဟာဘာကြီးများက စာရွက်ပေရွက်ဖြင့် မှတ်တမ်းတင်ထားသော

မှတ်တမ်းမှတ်ရာများမှ ကူးယူထားသော ဟဒီဆ်များပါဝင်ခြင်း မရှိပေ။

ဖေါ်ပြပါ ကျမ်းပြုသူအားလုံးသည် ၎င်းတို့ခေတ်များတွင် ၎င်းတို့ပတ်ဝန်းကျင်ရှိ ဟဒီဆ်များကို အလွတ်ကျက်မှတ်ထားသူများထံမှ စုဆောင်း၍မှတ်တမ်းတင်ထားသော ဟဒီဆ်များ ဖြစ်ပေသည်။ ထိုဟဒီဆ်များကို အလွတ်ကျက်မှတ်ထားသူများသည် မိမိတို့၏ ဆရာများ၊ ဘိုးဘွားမိဘများမှတစ်ဆင့်၊ ဆင့်ကဲဆင့်ကဲ ရရှိထားသော ဟဒီဆ်များဖြစ်ပေသည်။

တမန်တော်မြတ်ခေတ်တွင် ကျမ်းမြတ်ကုရ်အာန်အာယတ်များကိုဆွဟာဘာကြီးများက မှတ်တမ်းတင်ရာတွင် အချို့က စာရွက်ပေရွက်များပေါ်တွင် မှတ်တမ်းတင်ခြင်းအားဖြင့် လည်းကောင်း၊ အချို့က အာဂုံဆောင်ခြင်း အားဖြင့် လည်းကောင်း၊ မှတ်တမ်းတင်ခဲ့ပါသည်။

ဟဒီဆ်များ(ဝါ)တမန်တော်မြတ်၏ သြဝါဒများကို ရေးမှတ်၍ မှတ်တမ်းတင်ခြင်းမပြုရန် တမန်တော်မြတ်က မဟာသာဝကများကို တား မြစ်ခဲ့ကြောင်း မွတ်စလင်မ်ကျမ်း၏အဖွင့်တွင် ဖေါ်ပြထားပါသည်။

**لَاتَكْتُبُوْا عَنِّىْ غَيْرَ الْقُرْاٰنِ**

“ ကျွန်ုပ်ထံမှ ကျမ်းမြတ်ကုရ်အာန်မှလွဲ၍ ရေးသားမှတ်တမ်းတင်ခြင်း မပြုကြလေနှင့် ” ဆိုသောဟဒီဆ်သြဝါဒကို ဖေါ်ပြခဲ့ပါသည်။

ဗုခါရီကျမ်းတွင်မူ- **بَلِّغُوْا عَنِّىْ وَلَوْ اٰيَه**

“ ကျွန်ုပ်ထံမှ အာယတ်တစ်ခုဖြစ်စေ၊ အသင်တို့ပို့ကြ ” ဆိုသော ဟဒီဆ်သြဝါဒကို ဖေါ်ပြထားပါသည်။

အထက်ဖေါ်ပြပါ ဟဒီဆ်နှစ်ပုဒ်အား ယှဉ်တွဲ၍ကြည့်ခြင်းအားဖြင့် တမန်တော်မြတ်ခေတ်တွင် တမန်တော်မြတ်က ၎င်းထံကျရောက်လျက်ရှိ သော အာယတ်တော်များအနက် အာယတ်တစ်ခုတည်းကို သိရှိထားသူပင်ဖြစ်စေ၊ ထိုအာယတ်အား အခြားသူများသို့ အရောက်ပို့ချရန် အမိန့်ပေးထားသော ဟဒီဆ်ဖြစ်သည်။ ( **اٰيَةٌ** = တစ်ကိန်းဖြစ်သည်။ **اٰيَاتٌ** =အများကိန်းဖြစ်သည်။) ကျမ်းမြတ်ကုရ်အာန်ပါ အလ္လာဟ်အရှင်မြတ်၏ ဗျာဒိတ်များကို အာယတ်ဟု သုံးစွဲသည်။ ဥပမာ **اٰيَةُ الْقُرْاٰن** ကျမ်းမြတ်ကုရ်အာန်၏ အာယတ် **سُنَّةُ النَّبِى** တမန်တော်မြတ်၏ စွန္နဟ်။ **حَدِيْثُ النَّبِى** =တမန်တော်မြတ်၏ သြဝါဒဟူ၍ သုံးစွဲလေသည်။ **حَدِيْثُ الْقُرْاٰن** **اٰيَةُ النَّبِى،** ဟူ၍ အစ္စလာမ်သာသနာတွင် သုံးစွဲလေ့မရှိသကဲ့သို့ သုံးစွဲပိုင်ခွင့်လည်း မရှိပေ။

ဖေါ်ပြပါ တမန်တော်မြတ်က ၎င်း၏ပြောကြားချက်များကို မှတ်တမ်းတင်ခြင်းမပြုရန် တားမြစ်ခဲ့သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပညာရှင်များအတွင်း အဆိုကွဲလွဲမှုများ ရှိခဲ့လေသည်။ အချို့ပညာရှင်များ၏ အဆို အရတမန်တော်မြတ်ထံသို့ ကျမ်းမြတ်ကုရ်အာန် ကျရောက် နေစဲ ကာလဖြစ်၍ တမန်တော်မြတ်က ကုရ်အာန်မှလွဲ၍ ကျွန်ုပ်ထံမှ ကျွန်ုပ် ၏ပြောကြားချက် များကို ရေးသားမှတ်တမ်းတင်ခြင်းမပြုနှင့်ဟု ဆိုခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်၊ ကျမ်းမြတ်ကုရ်အာန်နှင့် တမန်တော်မြတ်၏ သြဝါဒတော်များရောထွေးသွားမည်ကို စိုးရိမ်၍ တားမြစ်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

အလ္လမဟ် ဆူလေမန်နဒ်ဝီသခင်၏ “ ရဟ်မသွလ်လစ်လ် အာ လမီန် ” ဟုခေါ်သော အွရ်ဒူဘာသာဖြင့် ရေးထားသောကျမ်းတွင် တမန် တော်မြတ်၏နောက်ပိုင်း ပထမဦးဆုံး ခလီဖာ အဗူဘက္ကရ်သခင်သည် အ ကြောင်း အရာတစ်ခုနှင့်စပ်လျဉ်း၍ ည အိပ်ရာအပြီးမှ စတင်စဉ်းစားခဲ့၏။ ဖဂျရ်အဇာန်သံကြားသည်နှင့် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာဆုံးဖြတ်ချက် ချခဲ့၏။ ၎င်း၏သမီး အအေယှာသခင်မ(တမန်တော်မြတ်၏ ကြင်ယာတော်)ထံ အပ်နှံခဲ့သော ဟဒီဆ်ပေါင်း၅ဝဝ ငါးရာကျော်ကို ယူ၍မီးရှို့ဖျက်စီးခဲ့လေသည်။ ထိုအခါ အာအေယှာသခင်မက “ ဖခင်ကြီးကိုယ်တော်တိုင် တမန်တော်မြတ်၏ သြဝါဒတော်များကို မှတ်တမ်းတင်ခဲ့ပြီး အဘယ်ကြောင့်မီးရှို့ဖျက်စီးရသနည်း ” ဟူသော မေးခွန်းကို ဖြေကြားရာ၌ “ ကျွန်ုပ်သည် တမန်တော်မြတ်၏ သြဝါဒတော်များကို မှတ်တမ်းတင်ခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ ကျွန်ုပ်မရှိသည့်နောက်ပိုင်း ထိုဟဒီဆ်သြဝါဒ ငါးရာကျော်ကို အကြောင်းပြုပြီး မြောက်များစွာသော ဟဒီဆ်များ ချဲ့ထွင်ရေးသားကြမည်ကိုစိုးရိမ်သောကြောင့် မီးရှို့ဖျက်စီးခဲ့ဖြင်းဖြစ်သည် ” ဟု ဖြေကြားခဲ့သည်။

မည်သို့ပင်ဆိုစေ မွတ်စလင်မ်ကျမ်းပါ ဟဒီဆ်သြဝါဒအရ လည်း ကောင်း၊ အလ္လမဟ်ဆူလေမန်နဒ်ဝီ၏“ ရဟ်မသွလ်လစ်လ်အာလမီန် ”ကျမ်းအရလည်းကောင်း၊ တမန်တော်မြတ်ခေတ်တွင် ရှိကြကုန်သော ဆွဟာဘာကြီးများ၏ မှတ်တမ်း တင်ထားသော ဟဒီဆ်သြဝါဒများသည် ရှိနိုင် တော့မည် မဟုတ်ပေ။ ရှိနေခဲ့မည်ဆိုပါကလည်း အထက်မှာဖော်ပြခဲ့သောဟစ်ဂျရီ ၁၇၉ ခုနှစ်မှ ဟစ်ဂျရီ ၅၅၈ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော ဟဒီဆ်သြဝါဒကျမ်းများတွင် ကူး၍ယူ၍ ဖော်ပြကြမည်သာ ဖြစ်ပေသည်။

ဟဒီဆ်သြဝါဒများကို ဆင့်ပြန်သူကို رَاوِى ဟုခေါ်သည်။ အဓိပ္ပာယ်မှာ အကြောင်းအရာ အဖြစ်အပျက် တစ်ခုကို ဆင့်ကဲဆင့်ကဲ့၊ တစ်ဆင့်ကြားသိရသည့်အတိုင်း ဆင့်ပြန်သူဖြစ်သည်။ ထိုဆင့်ပြန်သူ၏ ဆင့်ပြန်ချက်ကို رِوَايَة ဟုခေါ်သည်။ အဓိပ္ပာယ်မှာ ဆင့်ပြန်ချက်၊ ဖော်ပြချက်ဖြစ်သည်။ ထိုဖော်ပြချက် ဆင့်ပြန်ချက်သည် မိမိကိုယ်တိုင်မြင်တွေ့ရသော အကြောင်းအရာ မဟုတ်သကဲ့သို့ မိမိကို ပြန်လည်ပြောကြားသူကလည်း ဆင့်ကဲဆင့်ကဲကြားခဲ့ရသော အကြောင်းအရာ အဖြစ်အပျက်ဖြစ်ပေသည်။

## ဟဒီဆ်ကျမ်းရှင်များ၏ ရည်ရွယ်ချက်

ဟဒီဆ်ကျမ်းရှင်များ၏ ဟဒီဆ်များကို စုဆောင်းခြင်းနှင့် ပြန်လည်ဖော်ပြခဲ့သော ရည်ရွယ်ချက်ကို နားလည်ရန်မှာ အလွန်အရေးပါသော အချက်ဖြစ်ပေသည်။ ထိုဟဒီဆ်သြဝါဒကျမ်းများတွင် ပါဝင်သော ဟဒီဆ်သြဝါဒများသည် တမန်တော်မြတ်၏ ပြောကြားချက်၊ ဟောပြောချက်၊ သွားလာနေထိုင်ပုံများ၊ အများသူငှာနှင့် ဆက်ဆံရေး၊ ကလေးသူငယ်များနှင့် ဆက်ဆံရေး၊ မိမိကြင်ယာတော်များနှင့် ဆက်ဆံရေး၊ အများသူငှာနှင့်ဗလီတွင် စုပေါင်းဝတ်ပြုမှုနှင့် မိမိနေအိမ်တွင် တစ်ကိုယ်တည်းဝတ်ပြုမှုများအပါအဝင် ရှုထောင့်စုံမှ မြင်တွေ့ရသောဆွဟာဘာကြီးများ၊ တမန်တော်မြတ်၏ ကြင်ယာတော်များမှ ပြောကြားချက်များကို ဖော်ပြထားခြင်းဖြစ်ပေသည်။ ကျမ်းပြုသူအားလုံးက ၎င်းတို့စုဆောင်းရရှိချက်များအနက် အချို့ကိုသာ ပြန်လည်၍ ၎င်းတို့၏ကျမ်းများတွင် ဖော်ပြခဲ့ကြသည်။

အဟ်မဒ် အစ်ဗနေ ဟမ်ဗလ်သခင်သည် ဟဒီဆ်ပေါင်းတစ်သန်းကိုစုဆောင်းခဲ့ပြီး ၎င်း၏ “ မွဆ်နဒ် ” ကျမ်းတွင် နှစ်သောင်းကိုးထောင်ကိုသာဖော်ပြခဲ့ခြင်းဖြစ်သည်။

အိမာမ်ဗုခါရီသခင်သည် ဟဒီဆ်ပေါင်းခြောက်သိန်းကျော်ကို စုဆောင်းခဲ့ပြီး ၎င်း၏ဗုခါရီကျမ်းတွင် ဟဒီဆ်ပေါင်း ခုနှစ်ထောင်ကျော်ကိုသာဖော်ပြခဲ့သည်။

Imam Hafiz ibn Hajjar ၏ BULUGH AL MARAM ကျမ်းကို လေ့လာကြည့်မည်ဆိုပါက ကျမ်းမြတ်ကုရ်အာန်၏ အစိတ်အပိုင်းဖြစ်သော စွန္နဟ် ဥပဒေများလည်း ပါဝင်သကဲ့သို့ အစ္စလာမ်သာသနာနှင့် လုံးဝပတ်သက်မှုမရှိသော ရှေးအရပ်ဖိုးရာဆေးဝါးကုထုံးများလည်းပါဝင်လေသည်။ ထိုကဲ့သို့ တမန်တော်မြတ် နှင့်ခေတ်ပြိုင်နိုင်ငံအချို့မှ ဘုရင် များကတမန်တော်မြတ်နှင့်စပ်လျဉ်းပြီး ပြောဆိုဝေဖန်ချက်များလည်း ပါဝင် ပေသည်။ အလားတူ တမန်တော်မြတ်၏ သြဝါဒတော်များနှင့် စပ်လျဉ်းပြီး ကွဲလွဲချက်ရှိသော ဟဒီဆ်သြဝါဒတော်များကိုလည်း ယှဉ်တွဲ၍ဖော်ပြထား သည်ကို တွေ့ရပေသည်။ အချို့ဟဒီဆ်များသည် နားလည်ရန်ပင် မလွယ် သော ဟဒီဆ်များ ပါဝင်ပေသည်။ ဖော်ပြပါ ကွဲလွဲချက်ရှိသော ဟဒီဆ် သြဝါဒများ၊ နားလည်ရန်ပင်ခက်ခဲသော ဟဒီဆ်သြဝါဒများနှင့် စပ်လျဉ်းပြီးဗုခါရီကျမ်းအပါအဝင် ကျမ်းရှင်အားလုံးက ၎င်းတို့၏ ဟဒီဆ်ကျမ်းများ တွင်ပြန်လည်၍ ရှင်းလင်းထားခြင်း အလျဉ်းမရှိခဲ့ပေ။

ဖော်ပြပါ ဟဒီဆ်သြဝါဒကျမ်းများ ပေါ်ပေါက်ပြီး နှစ်ပေါင်းငါးရာ ကျော်နှင့်ခြောက်ရာ နောက်ပိုင်း ထိုဟဒီဆ်ကျမ်းများကို အကျယ်ဖွင့်ချက် ကျမ်းများပေါ်ပေါက်ခဲ့လေသည်။

ဗုခါရီကျမ်းသည် ဟစ်ဂျရီ ၂၅၆ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည်။ ထိုကျမ်းပါ ဟဒီဆ်သြဝါဒများကို အကျယ်တဝင့် ပြန်လည်ရှင်းလင်းထား သော “ ဖသ်ဟွလ်ဘာရီ ” ကျမ်းအဖြစ် အိမာမ် ဟာဖဇ် အစ်ဗနေဟဂျရ် သခင်က ဟစ်ဂျရီ ၈၁၇ မှ ၈၄၂ အထိ နှစ်ဆယ့်ငါးနှစ်ကြာ ပြုစုခဲ့သည်။ ဖသ်ဟွလ်ဘာရီကျမ်းပြုစုပြီးသော ကာလသည် ဗုခါရီမူရင်းကျမ်း၏ နှစ် ပေါင်း ၅၈၆ နှစ်နောက်ပိုင်းမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

ဖေါ်ပြပါ ဟဒီဆ်ဩဝါဒတော်များကို အများမွတ်စလင်မ်များ အတွက် အကျယ်တစ်ဝင့်ဖွင့်ဆိုမည့် မည်သည့်ပညာရှင်မဆို အောက်ဖေါ်ပြ ပါ ဟဒီဆ်များနှင့် ပတ်သက်သော ပညာရပ်များကို မလွဲမသွေနားလည် ရမည်မှာ တာဝန်တစ်ရပ်ဖြစ်သည်ဟု ဟဒီဆ်ပညာရှင်များက မိန့်ဆိုထား ပေသည်။

ဟဒီဆ်များကို လေ့လာလိုက်စားရာမှာ သော်လည်းကောင်း၊ တစ်ဆင့် ပြန်လည် သင်ကြား ပို့ချရာမှာသော်လည်းကောင်း၊ အဓိက အရေးကြီးဆုံးအချက်များ မိမိကိုယ်တိုင်က အရဗီစာပေကို တတ်သိနားလည်သူဖြစ်ရမည်။ သို့မှသာ ဟဒီဆ်ဩဝါဒများ၏ ရည်ရွယ်ချက် ရည်ညွှန်းချက်တို့ကို စေ့ငုံစွာ သိရှိနိုင်မည်ဖြစ်သည်။

## ဟဒီဆ်များနှင့်စပ်လျဉ်းသော ပညာရပ်များ

၁။ **جَمْعُ الْأَحَادِيْثِ الْوَارِدَةِ فِى الْوَضُوْعِ الْوَاحِدِ**

ဟဒီဆ်၏ရည်ရွယ်ချက်တစ်ခုကို သိရှိနိုင်ရန်အတွက် ထိုအကြောင်းအရာနှင့်စပ်လျဉ်းသော ဟဒီဆ်များကိုစုပြီး ဟဒီဆ်ရည်ရွယ်ချက်ကို ရှာဖွေတတ်သော အတတ်။

၂။ **اَلْحَدِيْثُ الْمُتَشَبِهْدُ وَالْمُحَكَّمَة**

အဓိပ္ပာယ်ထွေပြားသော ဆင်တူရိုးမှားဟဒီဆ်များနှင့်လိုရင်းကို အဓိပ္ပာယ်တစ်မျိုးတည်းနှင့် ရှင်းပြထားသော ဟဒီဆ်များကို ကွဲပြားစွာနားလည်သော အတတ်။

၃။ **اَلْحَدِيْثُ الْعَامُ وَالْخَاص**

အများနှင့်ဆိုင်သော ပညတ်တော်ဟဒီဆ်များနှင့် တစ်ဦးတစ် ယောက်နှင့်ဆိုင်သော ပညတ်ချက် ဟဒီဆ်များကို တိကျစွာခွဲခြားသိမြင်နိုင်သော အတတ်။

၄။ **اَلْحَدِيْثُ الْمُطْلَقُ وَالْمُقَيَّدُ**

ကာလစည်းကန့်သတ်မှု မရှိသော ပြဋ္ဌာန်းချက်အမိန့်များနှင့် ကာလစည်းကန့်သတ်မှု ရှိသော ပြဋ္ဌာန်းချက်အမိန့်များကို ခွဲခြားသိမြင် နိုင်သော အတတ်။

၅။ **اَلْحَدِيْثُ الْمُفَسَّرُ وَالْمُجَمَّل**

အကြောင်းအရာ အဖြစ်အပျက်တစ်ခုကို အကျယ်တဝင့် ရှင်း လင်းထားသော ဟဒီဆ်များနှင့် အတိုချုံး၍ရှင်းလင်းထားသော ဟဒီဆ်များကို ခွဲခြားသိမြင်နိုင်သော အတတ်။

၆။ **اَلْحَدِيْثُ الْحَقِيْقَةُ وَالْمَجَازُ**

တိုက်ရိုက် အဓိပ္ပာယ်ဖြင့် ဖေါ်ပြထားသော ဟဒီဆ်များနှင့် ဥပမာ ဥပမေယျများဖြင့် ဖေါ်ပြထားသော ဟဒီဆ်များကို ခွဲခြားသိမြင်နိုင်သောအတတ်။

၇။ **اَلْحَدِيْثُ الصَّرِيْحُ وَالْكِنَايَة**

လိုရင်းအဓိပ္ပာယ်ကိုပေါ်လွင် ထင်ရှားစွာဖွင့်ဆိုထားသော ဟဒီဆ် များနှင့် လိုရင်းအဓိပ္ပာယ်ကို သွယ်ဝိုက်သောဝေါဟာရဖြင့် ဖေါ်ပြထားသောဟဒီဆ်များကို ခွဲခြားသိမြင်နိုင်သော အတတ်။

၈။ **اَلْحَدِيْثُ النَّص**

တမန်တော်မြတ်၏ ၂၃ နှစ် သက်တမ်းတစ်လျှောက် နှုတ်အားဖြင့် ပြောခဲ့သော မူရင်းမှတ်တမ်းစာ အသွားအလာကို နားလည်ခြင်းအတတ်။

ဥပမာ၊- တမန်တော်မြတ်က ကျွန်ုပ်၏အဖေသည် အီမာန်သက်ဝင် ယုံကြည်မှုကို ငြင်းဆန်ခဲ့သည့်အတွက် အပယ်ငရဲတွင် ခံရမည့်အရေးကို အလွန်ပူဆွေးဝမ်းနည်းခဲ့ရသော ဟဒီဆ်များပါဝင်ပေသည်။ ဖေါ်ပြပါ ဟဒီဆ်များတွင် တမန်တော်မြတ်က ကျွန်တော်၏အဖေဟု ခေါ်ဆိုခြင်းမှာဘကြီးတော် အဗူသွာလစ်ဗ်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုကဲ့သို့သော အကြောင်းအရာများကို မူရင်းအတိုင်း သိနားလည်ခြင်း အတတ်။

၉။ **اَلْحَدِيْثُ النَّاسِخُ وَالْمَنْسُوخُ**

တမန်တော်မြတ်ထံ ကျမ်းမြတ်ကုရ်အာန် စကျရောက်ခဲ့ချိန်တွင် ယခင်ပြုလုပ်လေ့ ပြုလုပ်ထရှိသော လုပ်ရပ်ဆိုင်ရာ ဟဒီဆ်များနှင့် ကျမ်းမြတ်ကုရ်အာန်၏ အမိန့်များအရ နောက်ပိုင်းတွင် ပြောင်းလဲပြုလုပ်ခဲ့သော လုပ်ရပ်များဆိုင်ရာ ဟဒီဆ်များကို ခွဲခြားနိုင်သော အတတ်။

ဥပမာ၊- ဗူခါရီကျမ်း ရေချိုးခြင်းကဏ္ဍတွင်၊-

**اِذَا جَامَعَ الرَّجُلُ اَمْرَاَتَهُ فَلَمْ يُمْنِ يَتَوَضَّأُ كَمَا يَتَوَضَّاءُ لِلصَّلٰوةِ وَيَغْسِلُ ذَكَرَهُ**

အကြင် အမျိုးသားတစ်ဦးသည် ၎င်း၏ဇနီးနှင့် ပေါင်းသင်းခဲ့၏။ ၎င်း၏ သုတ်ရည်မထွက်ပါက ထိုနေရာသို့ ရေဆေး၍၊ ဆွလာသ်ဝတ်ပြု လျှင် ပြုသောဝုဇူပြုခြင်းဖြင့် ဆွလာသ်ဝတ်ပြုနိုင်သည်။

ဖေါ်ပြပါဟဒီဆ်ကို တမန်တော်မြတ်ထံမှ ဆင့်ပြန်သူများမှာ အွဆ်မာန်ဗင်န် အဖ္ဖာန်၊ အလီဗင်န် အဗူသွာလစ်ဗ်၊ ဇုဗိုင်(ရ်)ဗင်န် ဖဝါမ်၊ သွလ်ဟာ ဗင်န် အုဗိုက်ဒွလ္လာဟ်၊ အစ်ဗနေ ကအဗ်၊ ကဲ့သို့သောဆွဟာဘာကြီးများက ဆင့်ပြန်ထားသော ဟဒီဆ်ဖြစ်သည်။ ဟဒီဆ်အမျိုးအစားမှာ ဆွဟီဖြစ်သည်။ ထို ဟဒီဆ်ပါဝင်သော ကျမ်းများမှာ (ဗူခါရီကျမ်း ဝုဇူကဏ္ဍ-၂၄၊ ရေချိုးခြင်းကဏ္ဍ-၂၉၊ ဓမ္မတာကဏ္ဍ-၈၆ တို့တွင် ဖေါ်ပြထားသည်။
(မွတ်စလင်မ်ကျမ်း ဓမ္မတာကဏ္ဍ-၈၃)၊ (နေဆာအီကျမ်း သန့်စင်မှုကဏ္ဍ-၁၁၁)၊ အဟ်မဒ်၏ မွဆ်နဒ်ကျမ်း အခန်း၊ ၁/၆-၆၄၊ အခန်း ၅/၁၁၃၊ ၁၁၄၊ ၁၁၅၊ အခန်း ၆/၆၈-၁၁၀)၊ အဗူဒါဝူဒ်ကျမ်းတွင် အထက်ပါ ဟဒီဆ်ကိုအဗ္ဗဒွရ် ရဟ်မာန်ဗင်န် အဗီဆအီဒ်က ဆင့်ပြန်ထားသည်။

အထက်ပါ ဟဒီဆ်အတိုင်း တမန်တော်မြတ်သည် ဟစ်ဂျရီ ၁၀ ခုနှစ် မက္ကာမြို့ကို အောင်မြင်မှုမရခင် အလျင်က ကျင့်သုံးခဲ့သည်။ ဟစ်ဂျရီ၁၀ ခုနှစ် မက္ကာမြို့ကို အောင်နိုင်ပြီးနောက်ပိုင်း တမန်တော်မြတ်သည် အထက်ပါ ဟဒီဆ်အတိုင်း လိုက်နာကျင့်သုံးခြင်း မပြုတော့ပေ။ ဖေါ်ပြပါဟဒီဆ်များသည် “ ပလပ် ဖျက်သိမ်းပြီးသော ဟဒီဆ်များ ” ဖြစ်သည်။ အထက်ဖေါ်ပြပါ ဟဒီဆ်အမျိုးအစားသည် ဆွဟီ မှန်ကန်သော ဟဒီဆ်များဖြစ်သော်ငြားလည်း လက်ရှိမွတ်စလင်မ်များ လိုက်နာကျင့်သုံးရန် မလိုတော့သော ပလပ် ဖျက်သိမ်းပြီးဖြစ်သော ဟဒီဆ်များဖြစ်ပေသည်။ တမန်တော်မြတ်သည် မက္ကာမြို့ကို အောင်နိုင်ပြီးနောက်ပိုင်း ကျင့် သုံးသော ဟဒီဆ်မှာ ဗူခါရီကျမ်း ရေချိုးခြင်းကဏ္ဍ အခန်း ၂၀၁ ဖြစ်သည်။

**عَنْ اَبِى هُرَيْرَةَ عَنِ النَّبِيِّ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ قَالَ اِذَا جَلَسَ بَيْنَ**
**شُعَبِهَا الْاَرْبَعِ ثُمَّ جَهَدَهَا فَقَدْ وَجَدَا الْغُسْلُ تَابَعَهُ**

တမန်တော်မြတ်၏ မိန့်ဆိုချက်ကို အဗူဟုရိုင်ရဟ်က ဆင့်ပြန်ခဲ့ သည်မှာ အမျိုးသားတစ်ဦးနှင့် ၎င်း၏ဇနီးပေါင်းသင်းရာ၌ အရှက်အင်္ဂါနှစ်ခုထိခြင်းအားဖြင့် ရေချိုးရန် (ဝါဂျစ်ဗ်)တာဝန်ဖြစ်သည်။

ဖေါ်ပြပါ ဆန့်ကျင်သောဟဒီဆ်နှစ်မျိုးစလုံးကို ဗူခါရီကျမ်းရေချိုးခြင်း ကဏ္ဍတွင် ယှဉ်တွဲ၍ ဖေါ်ပြထားပေသည်။ အလားတူ အခြားကဏ္ဍ များ တွင် လည်း ထိုကဲ့သို့ ဆန့်ကျင်သော ဟဒီဆ်နှစ်မျိုးစလုံးကို ယှဉ်တွဲ၍ဖေါ်ပြ ထားပေသည်။ ထိုကဲ့သို့ ဆန့်ကျင်သော အကြောင်းအရာများနှင့်စပ်လျဉ်း ၍ ဗူခါရီကျမ်းရှင်အပါအဝင် ဟဒီဆ်များကိုစုဆောင်း၍ကျမ်း အဖြစ် တင်ပြခဲ့ကြ သော ကျမ်းရှင်များက ပြန်လည်၍ ရှင်းလင်းထားခြင်း အလျဉ်း မရှိခဲ့ပေ။ ရေချိုးခြင်းကဏ္ဍပါ ကွဲပြားခြားနားသော ဟဒီဆ်နှစ်မျိုးနှင့်စပ်လျဉ်း၍ ဗူခါရီကျမ်းကို ပထမဦးစွာ အကျယ်ဖွင့်ဆိုသော(ဟစ်ဂျရီ ၅၄၈-၅၈၄) **اَلْاِمام الحافظ العلاَمة ابى بكر محمد بن موسى الجازمى الهمذنى** က၏၎င်း၏ **الاعتبار فى النّاسخ والمنسوخ من الآثار** အရဗီမူရင်းကျမ်း စာမျက်နှာ ၅၂ - ၅၃ တို့တွင် ဖေါ်ပြထားသည်။

၁၀။ **اَلْحَدِيْثُ عِلْمُ الدِّرَايَة**

အစ္စလာမ်ဥပဒေပြုမှုဆိုင်ရာအလို့ငှာ ဖေါ်ပြပါ ပလပ် ဖျက်သိမ်းပြီးဟဒီဆ်များနှင့် အစားထိုး ဟဒီဆ်များကို ခွဲခြားသိရှိသကဲ့သို့ မည်ကဲ့သို့သောဟဒီဆ်များသည် ဥပဒေပြု၍ရသည်၊ မည်ကဲ့သို့သော ဟဒီဆ်များသည် ဥပဒေပြု၍

မရဆိုသည့် ဟဒီဆ်များကို ခွဲခြားစိတ်ဖြာတတ်သောအတတ်။

ဥပမာ၊- ဗူခါရီကျမ်း သန့်စင်မှုကဏ္ဍတွင်၊-

**اِذَاوَقَعَ الذُّبَابُ فِى شَرِبِّ اَحَدِكُمْ فَلْيَغْلِسهُ ثُمَّ لِيَنْزَعهُ فَانَّ فِى اَحَدِ جَنَاحَيهِ دَاء وَفِى الْاَخرِ شِفَاء**

ထိုဟဒီဆ်ကို တမန်တော်မြတ်ထံမှ အဗူဟုရိုင်ရဟ် သခင်ကဆင့် ပြန်ခဲ့သည်။ "အသင်တို့အနက် တစ်ဦးတစ်ယောက်၏ သောက်သုံးရာခွက်ထဲသို့ ယင်ကောင်တစ်ကောင်ကျသွားပါက ထိုယင်ကောင်ကို သောက်သုံးသောအရည်ထဲသို့ နှစ်မြှုပ်လိုက်ပါ။ ထို့နောက် ယင်ကောင်ကိုပစ်လိုက်ပါ။ယင်ကောင်၏အတောင်တစ်ဖက်တွင် အဆိပ်ရှိ၍ အခြားအတောင်တစ် ဖက်တွင် အဆိပ်ဖြေဆေးရှိသည် " ဟုမိန့်ဆိုခဲ့သည်။

ဖေါ်ပြပါ ဟဒီဆ်အမျိုးအစားသည် **عَظِيمه** (ခေါ်) အမိန့်ပညတ်ချက်မဟုတ်။ **رُخْصَه** (ခေါ်) ခွင့်ပြုချက်ဖြစ်သည်။ မိမိသောက်သုံးလျက်ရှိသောအရာထဲသို့ ယင်ကောင်ကျသွားပါက လွှင့်ပစ်ခွင့်လည်း ရှိသည်။ ဆက်လက် သောက်သုံးခွင့်လည်းရှိသည်။ မိမိစိတ်ကြိုက်ဆုံးဖြတ်ပိုင်ခွင့်ရှိသော ဟဒီဆ်ဖြစ်သည်။

၁၁။ **عِلْمُ طَبَقَاتِ الْحَدِيْث**

ဟဒီဆ်များ၏ အဆင့်အတန်းနှင့် ဆင့်ပြန်သူ **راوى** အပေါ်ယုံကြည်စိတ်ချနိုင်မှု အနည်းအများကို ချင့်ချိန်နိုင်သော အတတ်။ ဥပမာ၊- **حَدِيْثُ الْمُتَوَاتِرْ** (ခေါ်) တမန်တော်မြတ်လက်ထက်တွင်ဆွဟာဘာပေါင်း တစ်သိန်းကျော်မှ သာဗေအီန်ပေါင်း သန်းကျော်သို့ခါး ဆက်ပြတ်ခြင်းမရှိ လက်ဆင့်ကမ်းရောက်ရှိလာသော ဥပဒေပညတ် ချက် ဆိုင်ရာ ဟဒီဆ်များကို နားလည်ခြင်းအတတ်။ (ဥပမာ၊- ဆွလာသ်၊ ဇကာသ်၊ ဆွိယာမ်၊ ဟဂ်ျ ကဲ့သို့သော ကျမ်းမြတ်ကုရ်အာန်ပါ ဥပဒေများကိုတမန်တော်မြတ်က ဆွဟာဘာကြီးများနှင့်အတူ လက်တွေ့လိုက်နာဆောင်ရွက် ခြင်းအားဖြင့် ရောက်ရှိလာသော ရှင်သန်လျက်ရှိသည့် ပညတ်ချက်ဆိုင်ရာ ဟဒီဆ်များ)

အခြားအမျိုးအစားဖြစ်သော **الحديث الخبر الْاَحَدْ** ဟဒီဆ်များ။

တမန်တော်မြတ်ထံမှ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ လူနည်းစုကဖြစ်စေ၊ ဆင့်ပြန်သော ဟဒီဆ်များကို ခွဲခြားသိရှိရပေမည်။

၁၂။ **عِلْمُ الرِّوَايَه**

ဟဒီဆ်တစ်ပုဒ်ကို ကြည့်ခြင်းအားဖြင့် အထက်မှ ဖေါ်ပြခဲ့သော **حَدِيْثُ الْمُتَوَاتِرْ** တမန်တော်မြတ်ထံမှ လူအများဆင့်ပြန်သော ဟဒီဆ် အမျိုးအစား သို့မဟုတ် **الحديث الخبر الْاَحَدْ** တမန်တော်မြတ်ထံမှ တစ်ဦးတစ်ယောက်ဖြစ်စေ၊ လူနည်းစုဖြစ်စေ၊ ဆင့်ပြန်သော ဟဒီဆ်အမျိုးအစားကို ခွဲခြားသိရမည်။ ထိုလူနည်းစု ဆင့်ပြန်သည့် ဟဒီဆ်အမျိုးအစားတွင် **اَلْمَشْهُوْرُ** ကျော်ကြားသည့် ဟဒီဆ်များ၊ **اَلْحَسَنُ** ကောင်းမြတ် သင့်လျော် သောဟဒီဆ်များ၊ **غَرِيْبُ** ဆင့်ပြန်သူ ကွင်းဆက်ပြတ်သော အားနည်းသည့် ဟဒီဆ်များကို ခွဲခြားစိတ်ဖြာနိုင်သော အတတ်။

၁၃။ **عِلْمُ الْمُؤْتَلِفْ وَالْمُخْتَلِفْ**

အကြောင်းအရာတစ်ရပ်တွင် ဆင့်ပြန်သူတစ်ဦးတည်းမှ အမိန့် နှစ်မျိုးထွက်စေသော ဝေါဟာရတို့ဖြင့် တင်ပြချက်။ (သို့မဟုတ်) ဆင့်ပြန်သူနှစ်ဦးက ကွဲပြားခြားနားသော ဝေါဟာရ ဖြင့် အမိန့်တစ်မျိုးတည်းကို တင်ပြချက် တို့အပေါ် ခွဲခြားရှု မြင်တတ်သော အတတ်။

၁၄။ **عِلْمُ النُّزُوْل**

အကြင်ဟဒီဆ်ကို တမန်တော်မိန့်ရခြင်း၏ နောက်ခံအကြောင်းရင်းနှင့် အခြေအနေကိုလေ့လာသည့် ပညာရပ်တို့ ဖြစ်သည်။

ဟဒီဆ်များနှင့်စပ်လျဉ်း၍ သိသင့်သိအပ်သော ပညာရပ်များကို နားလည်ထားမှသာလျှင် ဟဒီဆ်များ နှင့်ပတ်သက်ပြီး အများမွတ်စလင်မ် များကို ရှုထောင့်စုံမှ မူရင်းအရှိအတိုင်း ရှင်းလင်းတင်ပြနိုင်မည် ဖြစ်ပေသည်။ သို့မဟုတ်ပါက ဟဒီဆ်ဆိုတိုင်း ဥပဒေဖြစ်သည်၊ လိုက်ကို လိုက်နာရမည်၊မလိုက်နာပါက ဟဒီဆ်ငြင်းပယ်သူများဖြစ်သည်၊ ဟဒီဆ်ကို ငြင်းပယ်ပါကကာဖိရ် သွေဖည်သူဖြစ်သည်ဆိုသော ဝေါဟာရ တစ်လုံးတည်းကို လှေနံဓါးထစ်

ဆွဲကိုင်ထားပါက အများမွတ်စလင်များအဖို့ ဟဒီဆ်များကို လိုက်နာ၊ လိုက်စားလိုစိတ် တစ်နေ့ထက်တစ်နေ့ လျှော့နည်းလာမည်မှာအမှန်ပင်ဖြစ်ပေသည်။

ဟဒီဆ်များနှင့်စပ်လျဉ်းပြီး မေးလာသည့်မေးခွန်းများကို ဓမ္မဓိဌာန်ကျကျဖြေဆိုနိုင်မှု၊ ဟဒီဆ်များ၏ အရှိကိုအရှိအတိုင်း ရှင်းလင်းပြသနိုင်မှုများကို အခြေခံမှသာ အများမွတ်စလင်မ်များကလည်း ဆည်းပူးလိုစိတ်၊ လိုက်နာလိုစိတ်များ ပေါ်ပေါက်လာမည်ဖြစ်ပေသည်။ အလားတူ လိုက်နာကျင့်သုံးလျက်ရှိသော ဟဒီဆ်များအပေါ် လွတ်လပ်စွာ ပြန်လည်သုံးသပ်ပိုင်ခွင့်၊ လိုက်နာကျင့်သုံးရ ခြင်း၏ အကြောင်းရင်း (ဝါ) အနှစ်သာရများကို ကိုယ်တိုင် တတ်သိနားလည် ခံစားနိုင်ကြမည်ဖြစ်ပေသည်။

သို့မဟုတ်ပါက ခေတ်အဆက်ဆက် ဘိုးဘေး၊ မိဘများလက်ထက် မှ ယနေ့တိုင် အဆက်မပြတ် လိုက်နာကျင့်သုံးလာသော ဟဒီဆ်များပါ အချို့ပညတ်ချက်များသည် မည်သည့် အတွက်ကြောင့် လိုက်နာကျင့်သုံးရမှန်းကို မိမိလည်းမသိ၊ သိနိုင်မည်ဟု ယူဆရသော တာဝန်ရှိသူများထံသို့သွားရောက်မေးမြန်းခြင်းအားဖြင့်လည်း တိကျသေချာသော အဖြေ တစ်စုံ တစ်ရာ မရရှိသည့်အပေါ် ဟဒီဆ်များနှင့်ပတ်သက်၍ စိတ်ဝင်စားမှုနည်းပါးလာသည်ကို တွေ့ရှိရပေသည်။

အချို့ခေတ်ပညာတတ် လူငယ်လူရွယ်များအကြားတွင် ဟဒီဆ် များဆိုသည်မှာ မွတ်စလင်မ်တစ်ဦး ရပိုင်ခွင့် လုပ်ပိုင်ခွင့်များကို ကျဉ်းကြပ်စေတစ်ရာ မရရှိသည့်အပေါ် ဟဒီဆ်များနှင့်ပတ်သက်၍ စိတ်ဝင်စားမှုနည်းပါး လာသည်ကို တွေ့ရှိရပေသည်။

အချို့ခေတ်ပညာတတ် လူငယ်လူရွယ်များအကြားတွင် ဟဒီဆ် များဆိုသည်မှာ မွတ်စလင်မ်တစ်ဦး ရပိုင်ခွင့် လုပ်ပိုင်ခွင့်များကို ကျဉ်းကြပ်စေသော ဥပဒေများဟုပင် ထင်ဟပ်စေသောအဆင့်သို့ပင် ရောက်ရှိခဲ့ပါသည်။

ပမာအားဖြင့် တင်ပြရမည်ဆိုပါက၊ ဝတ်စားဆင်ယင်မှုဆိုင်ရာ ဟဒီဆ်များထဲမှ ယောကျာ်းကလေးများ ခြေမျက်စေ့အုပ်သည့်အထိ အဝတ်ဝတ်ဆင်ခြင်းကို ပြင်းထန်သည့် ပြစ်ဒဏ်များခံရမည့်အကြောင်း၊ များစွာ သော ဟဒီဆ်များတွင် အခိုင်အမာ ဖေါ်ပြထားပါသည်။

ဖေါ်ပြပါ ဟဒီဆ်များနှင့်စပ်လျဉ်းပြီး အစ္စလာမ်သာသနာကို အလွန်လေးစား၍ စိတ်အားထက်သန်သော မွတ်စလင်မ်များက အဝတ်ဝတ်ဆင်ရာ၌ ခြေမျက်စေ့မဖုံးမိရန် အထူးသတိထားအလေးပေးပြီး ခပ်တိုတို ဝတ်ဆင်ကြပါသည်။

အချို့သော ခေတ်ပညာတတ် လူငယ်လူရွယ်များက၊ ထိုဟဒီဆ် သည် မွတ်စလင်မ်များအပေါ်သို့ အင်အားသုံးပြီး ခြိမ်းခြောက်သည့် အသွင်ဆောင်သည်ဟု အမြင်ရှိကြသည်။ ၎င်းတို့က စောဒက တက်သည်မှာ အကြင်သူတစ်ဦးသည် ၎င်းဝ တ်ဆင်သောအဝ တ်က ခြေမျက်စေ့အပေါ်သို့အုပ်သွားခြင်းအားဖြင့် မည်ကဲ့သို့ အကျိုးယုတ်နိုင်သနည်း။ သို့မဟုတ် ခြေမျက်စေ့ကို မဖုံးမိစေရန် တိုတိုဝတ်ဆင်ခြင်းအားဖြင့် မည်ကဲ့သို့သော အကျိုးကျေးဇူးများ ရနိုင်ပါသနည်းဆိုသော စောဒကအပေါ် ဗုခါရီကျမ်းနှင့်မွတ်စလင်မ်ကျမ်းပါ " ကိသာဗွလ်လိဘာဆ် " (ခေါ်) ဝတ်စားဆင်ယင်မှု အပေါ် တမန်တော်မြတ်၏ မိန့်ခွန်းချက် ဟဒီဆ်များအားလုံးကို စုပေါင်းပြီးသော ဥပဒေများဟုပင် ထင်ဟပ်စေသောအဆင့်သို့ပင် ရောက်ရှိခဲ့ပါသည်။

ပမာအားဖြင့် တင်ပြရမည်ဆိုပါက၊ ဝတ်စားဆင်ယင်မှုဆိုင်ရာ ဟဒီဆ်များထဲမှ ယောကျာ်းကလေးများ ခြေမျက်စေ့အုပ်သည့်အထိ အဝတ်ဝတ်ဆင်ခြင်းကို ပြင်းထန်သည့် ပြစ်ဒဏ်များခံရမည့်အကြောင်း၊ များစွာ သော ဟဒီဆ်များတွင် အခိုင်အမာ ဖေါ်ပြထားပါသည်။

ဖေါ်ပြပါ ဟဒီဆ်များနှင့်စပ်လျဉ်းပြီး အစ္စလာမ်သာသနာကို အလွန်လေးစား၍ စိတ်အားထက်သန်သော မွတ်စလင်မ်များက အဝတ်ဝတ်ဆင်ရာ၌ ခြေမျက်စေ့မဖုံးမိရန် အထူးသတိထားအလေးပေးပြီး ခပ်တိုတို ဝတ်ဆင်ကြပါသည်။

အချို့သော ခေတ်ပညာတတ် လူငယ်လူရွယ်များက၊ ထိုဟဒီဆ် သည် မွတ်စလင်မ်များအပေါ်သို့

အင်အားသုံးပြီး ခြိမ်းခြောက်သည့် အသွင်ဆောင်သည်ဟု အမြင်ရှိကြသည်။ ၎င်းတို့က စောဒကတက်သည်မှာ အကြင်သူတစ်ဦးသည် ၎င်း၀ တ်ဆင်သောအ၀ တ်က ခြေမျက်စေ့အပေါ်သို့အုပ်သွားခြင်းအားဖြင့် မည်ကဲ့သို့ အကျိုး ယုတ်နိုင်သနည်း။ သို့မဟုတ် ခြေမျက်စေ့ကို မဖုံးမိစေရန် တိုတို၀တ်ဆင်ခြင်းအားဖြင့် မည်ကဲ့သို့သော အကျိုးကျေးဇူးများ ရနိုင်ပါသနည်းဆိုသော စောဒကအပေါ် ဗူခါရီကျမ်းနှင့်မွတ်စလင်မ်ကျမ်းပါ " ကိသာဗုလ်လိဘာဆ် " (ခေါ်) ၀တ်စားဆင်ယင်မှု အပေါ် တမန်တော်မြတ်၏ မိန့်ခွန်းချက် ဟဒီဆ်များအားလုံးကို စုပေါင်းပြီးတင်ပြလိုက်ပါ သည်။

## ယောကျ်ားလေးများ ခြေမျက်စေ့အုပ်သည့် ၀တ်ဆင်မှု

ယခုတင်ပြမည့် ၀တ်စားဆင်ယင်မှု ဟဒီဆ်များမှာ ဗူခါရီကျမ်းနှင့်မွတ်စလင်မ်ကျမ်းတို့မှ ဖြစ်သည်။ ဗူခါရီကျမ်းတစ်အုပ်လုံးကို အိမာမ်ဟာဖဇ်အစ်ဗနေ ဟဂျရ်က အကျယ်ဖွင့်ဆိုထားသော " ဖသ်ဟွလ်ဘာရီ " ကျမ်းနှင့် မွတ်စလင်မ်ကျမ်း တစ်အုပ်လုံးကို အကျယ်ဖွင့်ဆိုသော အိမာမ် နဝါဝီတို့၏ ဖွင့်ဆိုချက်များကိုပါ မူရင်းအတိုင်း တင်ပြထားသော ရှင်းလင်းချက်များ ဖြစ်ပေသည်။

အစ္စလာမ့်ဘ၀ တည်ဆောက်မှုတွင် ယောကျ်ားလေးများ ခြေမျက်စေ့ဖုံးအောင် ၀တ်ဆင်ခြင်းအားဖြင် ့မည်သည့်အတိုင်းအတာအထိအကျိုးယုတ်သနည်း။ သို့မဟုတ် ခြေမျက်စေ့ မဖုံးမိစေရန် ၀တ်ဆင်ခြင်းအားဖြင့် မည်ကဲ့သို့အကျိုးများ ရရှိနိုင်သနည်း။ ဖေါ်ပြပါ ယောကျ်ားလေးများ ခြေမျက်စေ့အုပ်သည့် ၀တ်ဆင်ခြင်းနှင့်စပ်လျဉ်းသော ဟဒီဆ်များ၏အဓိကကျောရိုးက မည်သည့်အချက်ကို ရည်ညွှန်းနေသနည်း။ အမှန် တကယ်ပင် ခြေမျက်စေ့ဖုံး သည်အထိ မ၀တ်ဆင်ရဟု ညွှန်ပြနေသလောဆိုသည့်ဖေါ်ပြပါ ဟဒီဆ်၏ ကျယ်ပြန့်မှုနှင့် အရှိတရားများကိုအရှိအတိုင်း၊ ဗူခါရီကျမ်းနှင့် မွတ်စလင်မ်ကျမ်းတို့ကို အကျယ်ဖွင့်ဆိုကြသည့် အိမာမ် အစ်ဗနေ ဟဂျရ်နှင့် အိမာမ်နဝါဝီတို့၏ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်၊ ခံယူချက်များကိုပါ ဟဒီဆ်အမှတ်၊ စာမျက်နှာ၊ အတွဲများဖြင့် သေးစိတ်ဖေါ်ပြပါမည်။

မွတ်စလင်မ်ကျမ်းတွင် တမန်တော်မြတ်၏ မိန့်ခွန်းချက်ကို အဗူဇရ်သခင်က ဆင့်ပြန်ခဲ့သည်မှာ သုံးမျိုးသောသူများကို ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်က စကားပြောမည်မဟုတ်၊ ထိုသုံးမျိုးသောသူတို့မှာ-

(၁) သူတစ်ပါးထံမှ အကျိုးမျှော်ကိုး၍ ကျေးဇူးပြုသူ။

(၂) ရောင်းကုန်ပစ္စည်းကိုဈေးကောင်းရလို၍ လိမ်ညာပြီး ကျိန်ဆိုရောင်းချသူ။

(၃) အ၀တ်ကို ဒရွတ်တိုက် စွန်တောင်ဆွဲ၍ ၀တ်ဆင်သူ။ သခင်က ဆင့်ပြန်ခဲ့သည်မှာ သုံးမျိုးသောသူများကို ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်က စကားပြောမည်မဟုတ်၊ ထိုသုံးမျိုးသောသူတို့မှာ-

(၁) သူတစ်ပါးထံမှ အကျိုးမျှော်ကိုး၍ ကျေးဇူးပြုသူ။

(၂) ရောင်းကုန်ပစ္စည်းကိုဈေးကောင်းရလို၍ လိမ်ညာပြီး ကျိန်ဆိုရောင်းချသူ။

(၃) အ၀တ်ကို ဒရွတ်တိုက် စွန်တောင်ဆွဲ၍ ၀တ်ဆင်သူ။

(မွတ်စလင်မ်ကျမ်း သက်ဝင်ယုံကြည်မှုကဏ္ဍ မူရင်းဟဒီဆ်)

အဗူဇရ်သခင်က အခြားဟဒီဆ်တစ်ပုဒ်ကို ဆင့်ပြန်ခဲ့သည်မှာ သုံးမျိုး

သောသူအား၊ အလ္လာဟ်အရှင်မြတ်က ကိယာမသ်နေ့တွင် စကားမပြော သကဲ့သို့ စင်ကြယ်စေမည်လည်း မဟုတ်။ ထို့ပြင် ထိုသုံးမျိုးသောသူများအား ပြင်းထန်သည့် ပြစ်ဒဏ်ပေးမည်ဟု တမန်တော်မြတ်က ဆိုခဲ့သည်။

(၁) အ၀တ်ကို ဒရွတ်တိုက်စွန်ထောင်ဆွဲ၍ ၀တ်ဆင်သူ။

(၂) အကျိုးကိုမျှော်ကိုး၍ သူတစ်ပါးကို ကူညီသူ။

(၃) အကျိုးအမြတ်ရလို၍ ရောင်းကုန်ပစ္စည်းကို လိမ်ညာကျိန်ဆိုရောင်းသူ။

(မွစလင်မ်ကျမ်း သက်ဝင်ယုံကြည်မှုကဏ္ဍ)

အထက်ပါဟဒီဆ်သည် အ၀တ်ကိုစွန်ထောင်ဆွဲ၍ ၀တ်ဆင်သူ တိုင်းလော။ ထိုကဲ့သို့ ၀တ်ဆင်ခြင်းအားဖြင့်၊ စစ်ထွက်ရာ၌ ပေ့ါပါးသွက် လက်မှုကို အဟန့်အတားဖြစ်ခြင်းကြောင့်လော။ မောက်မာပလွှားမှုကိုပြလို ၍

ဝတ်ဆင်ခြင်းကြောင့်လော။ ဖော်ပြပါဟဒီဆ်သည် အထက်ပါ အကြောင်းအချက်များ မပါဝင်ပဲဝတ်ဆင်သူ အားလုံးကို ထိုတားမြစ်ချက်ကအကျုံးဝင်မှုရှိမရှိဆိုသည့် အကြောင်းရင်းဂဃနဏ ခွဲခြားပြီး သိထားရမည်မှာသခင်က ဆင့်ပြန်ခဲ့သည်မှာ သုံးမျိုးသောသူများကို ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်က စကားပြောမည်မဟုတ်၊ ထိုသုံးမျိုးသောသူတို့မှာ၊-

(၁) သူတစ်ပါးထံမှ အကျိုးမျှော်ကိုး၍ ကျေးဇူးပြုသူ။

(၂) ရောင်းကုန်ပစ္စည်းကိုဈေးကောင်းရလို၍ လိမ်ညာပြီး ကျိန်ဆိုရောင်းချသူ။

(၃) အဝတ်ကို ဒရွတ်တိုက် စွန်တောင်ဆွဲ၍ ဝတ်ဆင်သူ။

(မွတ်စလင်မ်ကျမ်း သက်ဝင်ယုံကြည်မှုကဏ္ဍ မူရင်းဟဒီဆ်)

အဗူဇရ်သခင်က အခြားဟဒီဆ်တစ်ပုဒ်ကို ဆင့်ပြန်ခဲ့သည်မှာ သုံးမျိုးသောသူအား၊ အလ္လာဟ်အရှင်မြတ်က ကိယာမသ်နေ့တွင် စကားမပြော သကဲ့သို့ စင်ကြယ်စေမည်လည်း မဟုတ်။ ထို့ပြင် ထိုသုံးမျိုးသောသူများအား ပြင်းထန်သည့် ပြစ်ဒဏ်ပေးမည်ဟု တမန်တော်မြတ်က ဆိုခဲ့သည်။

(၁) အဝတ်ကို ဒရွတ်တိုက်စွန်ထောင်ဆွဲ၍ ဝတ်ဆင်သူ။

(၂) အကျိုးကိုမျှော်ကိုး၍ သူတစ်ပါးကို ကူညီသူ။

(၃) အကျိုးအမြတ်ရလို၍ ရောင်းကုန်ပစ္စည်းကို လိမ်ညာကျိန်ဆိုရောင်းသူ။

(မွစလင်မ်ကျမ်း သက်ဝင်ယုံကြည်မှုကဏ္ဍ)

အထက်ပါဟဒီဆ်သည် အဝတ်ကိုစွန်ထောင်ဆွဲ၍ ဝတ်ဆင်သူ တိုင်းလော။ ထိုကဲ့သို့ ဝတ်ဆင်ခြင်းအားဖြင့်၊ စစ်ထွက်ရာ၌ ပေါ့ပါးသွက် လက်မှုကို အဟန့်အတားဖြစ်ခြင်းကြောင့်လော။ မောက်မာပလွှားမှုကိုပြလို ၍ ဝတ်ဆင်ခြင်းကြောင့်လော။ ဖော်ပြပါဟဒီဆ်သည် အထက်ပါ အကြောင်းအချက်များ မပါဝင်ပဲဝတ်ဆင်သူ အားလုံးကို ထိုတားမြစ်ချက်ကအကျုံးဝင်မှုရှိမရှိဆိုသည့် အကြောင်းရင်းဂဃနဏ ခွဲခြားပြီး သိထားရမည်မှာ(မွတ်စလင်မ်ကျမ်း သက်ဝင်ယုံကြည်မှုကဏ္ဍ မူရင်းဟဒီဆ်)

အဗူဇရ်သခင်က အခြားဟဒီဆ်တစ်ပုဒ်ကို ဆင့်ပြန်ခဲ့သည်မှာ သုံးမျိုးသောသူအား၊ အလ္လာဟ်အရှင်မြတ်က ကိယာမသ်နေ့တွင် စကားမပြော သကဲ့သို့ စင်ကြယ်စေမည်လည်း မဟုတ်။ ထို့ပြင် ထိုသုံးမျိုးသောသူများ အား ပြင်းထန်သည့် ပြစ်ဒဏ်ပေးမည်ဟု တမန်တော်မြတ်က ဆိုခဲ့သည်။

(၁) အဝတ်ကို ဒရွတ်တိုက်စွန်ထောင်ဆွဲ၍ ဝတ်ဆင်သူ။

(၂) အကျိုးကိုမျှော်ကိုး၍ သူတစ်ပါးကို ကူညီသူ။

(၃) အကျိုးအမြတ်ရလို၍ ရောင်းကုန်ပစ္စည်းကို လိမ်ညာကျိန်ဆိုရောင်းသူ။

(မွစလင်မ်ကျမ်း သက်ဝင်ယုံကြည်မှုကဏ္ဍ)

အထက်ပါဟဒီဆ်သည် အဝတ်ကိုစွန်ထောင်ဆွဲ၍ ဝတ်ဆင်သူ တိုင်းလော။ ထိုကဲ့သို့ ဝတ်ဆင်ခြင်းအားဖြင့်၊ စစ်ထွက်ရာ၌ ပေါ့ပါးသွက် လက်မှုကို အဟန့်အတားဖြစ်ခြင်းကြောင့်လော။ မောက်မာပလွှားမှုကိုပြလို ၍ ဝတ်ဆင်ခြင်းကြောင့်လော။ ဖော်ပြပါဟဒီဆ်သည် အထက်ပါ အကြောင်းအချက်များ မပါဝင်ပဲဝတ်ဆင်သူ အားလုံးကို ထိုတားမြစ်ချက်ကအကျုံးဝင်မှုရှိမရှိဆိုသည့် အကြောင်းရင်းဂဃနဏ ခွဲခြားပြီး သိထားရမည်မှာအလွန်အရေးပါသော အဓိကသော့ချက် ဖြစ်ပေသည်။

(ဗုခါရီကျမ်းတွင် အဗူဟုရိုင်ရဟ်သခင်ကဆင့်ပြန်ခဲသည်မှာ၊ အကြင်သူသည် မိမိ၏အဝတ်ကို ခြေမျက်စေ့အောက်သို့ ရောက်သည်အထိ ဝတ်ဆင်ပါက ထိုသူသည် အပယ်ငရဲသို့ ဝင်ရောက်ရမည်ဖြစ်သည်။)

(ဗုခါရီကျမ်းဝတ်စားဆင်ယင်မှုကဏ္ဍ၊ ဟဒီဆ်အမှတ်၊၅၇၈၇)

အလားတူ နိဆာအီကျမ်းတွင် ခြေမျက်စေ့အောက်ရောက်သည် အထိ ဝတ်ဆင်ပါက ထိုသူသည် အပယ်ငရဲသို့ဝင် ရောက်ရမည်ဖြစ်သည်။

(နိဆာအီ အလှတန်ဆာကဏ္ဍ၊ အတွဲ ၈/၂၀၈)

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

ဖေါ်ပြပါ ဟဒီဆ်၏ရည်ညွှန်းချက် သည် ခန္ဓာကိုယ်ပေါ်၌ ဝတ်ဆင်သောအဝတ်အစား၏ အတိုင်းအတာ တိုခြင်း၊ ရှည်ခြင်းကို ဆိုခြင်းမဟုတ်။ထို ဝတ်စားဆင်ယင်သူ၏ လုပ်ရပ်အမူအရာကိုသာ ပြောဆိုခြင်းဖြစ်သည်။(ဗုခါရီကျမ်း အကျယ်ဖွင့်ဆိုချက် ဖသ်ဟွလ်ဘာရီကျမ်း အတွဲ၁၀ သုံးသပ်ချက်- ၂၅၇)

بَابُ مَنْ جَرَّ إِزَارَهُ مِنْ غَيْرِ خُيَلَاءَ

## မာနမပါဘဲ အဝတ်ကိုစွန်ထောင်ဆွဲ၍ ဝတ်ခြင်းကဏ္ဍ

အထက်ပါ မာနမပါဘဲ အဝ တ်ကို စွန်ထောင်ဆွဲ၍ဝတ်ဆင်မှုနှင့်စပ်လျဉ်း၍ ဗုခါရီကျမ်းကို ဖွင့်ဆိုသူ အိမာမ်အစ်ဗနေဟဂျရ်နှင့် မွတ်စ လင်မ်ကျမ်းကို အကျယ်ဖွင့်ဆိုသူ အိမာမ် နဝါဝီ တို့နှစ်ဦးသည် ဖေါ်ပြပါ ဝတ်စားဆင်ယင်မှု ဟဒီဆ်အပေါ် အသေးစိတ်ပြန်လည် ဖွင့်ဆိုရာ၌ တစ်ဦးနှင့်တစ်ဦး တူညီနေသောအချက်မှာ ဝတ်စားဆင်ယင်ရာ၌ မာနထောင်လွှား မှုကို အခြေခံ၍ ဝတ်ဆင်ခြင်းကိုသာ တားမြစ်ခြင်းဖြစ်သည်ဆိုသော အချက်ပင်ဖြစ်သည်။

ဗုခါရီကျမ်း ဝတ်စားဆင်ယင်မှုကဏ္ဍတွင် မာနထောင်လွှားမှု မပါ ပဲအဝတ်ကိုစွန်ထောင်ဆွဲ၍ ဝတ်ဆင်ခြင်း အခန်း၌ (အဗ္ဗဒွလ္လာဟ်ဗင်န်အွမ္မရ် သခင်က ဆင့်ပြန်ခဲ့သည်မှာ၊ တမန်တော်မြတ်က မိန့်ဆို၏၊ အကြင်သူ သည်မာနထောင်လွှားခြင်းအားဖြင့် မိမိအဝတ်ကို စွန်ထောင်ဆွဲ၍ ဝတ်ဆင်လျှင်ကိယာမသ်နေ့တွင် ထိုသူအား အလ္လာဟ်အရှင်မြတ်က ကြည့်မည်မဟုတ်) ဟု မိန့်ဆိုခဲ့သည်။

ထိုမိန့်ဆိုချက်နှင့်စပ်လျဉ်းပြီး အဗူဘက္ကရ်သခင်က၊ အို-အလ္လာဟ် အရှင်မြတ်၏ တမန်တော် ကျွန်ုပ်သည်လည်း အဝတ်ကို စွန်ထောင်ဆွဲ၍ ဝတ်ခဲ့ပါသည်။ ထိုအတွက်ကြောင့် ထိုသူများကဲ့သို့ အပြစ်ကျူးလွန်သူများတွင် ပါဝင်ခြင်း ရှိမရှိ လျှောက်ထားရာ၊ တမန်တော်မြတ်က အသင်သည် မာနထောင်လွှားမှုဖြင့် ဝတ်ဆင်ခြင်းမဟုတ်သောကြောင့် ထိုအပြစ်ကျူးလွန်သူများတွင် အသင်ပါဝင်ခြင်းမရှိပါဟု ဖြေကြားခဲ့သည်။

(ဗုခါရီကျမ်း စာမျက်နှာ၊ ၂၅၄၊ ဟဒီဆ်အမှတ်-၅၇၈၄)

ဗုခါရီကျမ်း အထက်ပါကဏ္ဍ၌ပင် အဗူဘက္ကရ်သခင်က ဆင့်ပြန်ခဲ့သည်မှာ ကျွန်ုပ်တို့သည် တမန်တော်မြတ် နှင့်အတူ ရှိနေချိန်တွင် နေကြတ် သွား၏။ ထိုအခါ တမန်တော်မြတ်က ဗလီဝတ်ကျောင်းတော်သို့ ကတိုက် ကရိုက် ထွက်သွား၏။ ထိုအခါ ကိုယ်တော်၏ဝတ်ရုံသည် ဒရွတ်တိုက်စွန်ထောင်ဆွဲလျက် ဗလီသို့ အရောက်သွားခဲ့သည်။

တဖန် ဗုခါရီကျမ်း ဝတ်စားဆင်ယင်မှု ကဏ္ဍ၌ပင် (အဗူဟုရိုင်ရဟ်သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော် မြတ်က မိန့်ချွေခဲ့သည်မှာ အကြင်သူသည် မာနထောင်လွှာမှုကို ပြလိုမှုဖြင့် ၎င်း၏အဝတ်ကို ဒရွတ်တိုက်ဆွဲ၍ဝတ် ဆင်ပါက အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်နေ့တွင် ထိုသူအားကြည့်မည်မဟုတ်) ဟု မိန့်ဆိုထား၏။

(ဗုခါရီကျမ်း ဟဒီဆ်အမှတ် ၅၇၈၈)

ဆက်လက်ပြီး အဗူဟုရိုင်ရဟ်သခင်က ဆင့်ပြန်ခဲ့သည်မှာ တမန် တော်မြတ်က မိန့်ချွေခဲ့၏။ အကြင်သူသည် မိမိကိုယ်မိမိ အထင်ကြီးပြီး အများရှေ့တွင် မော်ကြွားစွာ လမ်းလျှောက်သူအား ကမ္ဘာမြေကြီးထဲသို့ နစ်မြုပ်စေမည်။

(ဗုခါရီကျမ်း ဟဒီဆ်အမှတ်-၅၇၈၉)

အလားတူ အစ်ဗနေအွမ္မရ်သခင်ကလည်း ဆင့်ပြန်ခဲ့၏။ တမန်တော်မြတ်က မိန့်ချွေခဲ့သည်မှာ၊ အကြင်သူသည် အဝတ်ကို စွန်ထောင်ဆွဲ၍ဝတ်ဆင်ပါက ထိုသူအား အလ္လာဟ်အရှင်မြတ်က မြေကြီးထဲသို့ နစ်မြုပ်စေမည်ဖြစ်သည်။

မွတ်စလင်မ်ကျမ်းတွင် အဗူဟုရိုင်ရဟ်သခင် ဆင့်ပြန်ခဲ့သည့်နည်းတူအစ်ဗနေအွမ္မရ်ကလည်း ဆင့်ပြန်ခဲ့သည်။ ဆင့်ပြန်ပုံဝါကျ တူနေသည့် အချက်မှာ တမန်တော်မိန့်ကြားသည်ကို ကျွန်ုပ်၏ ဤနားနှစ်ဖက်ဖြင့် ကြားခဲ့သည်မှာ၊ အကြင်သူသည် မာနထောင်လွှားလိုမှုမှတစ်ပါး အခြားရည်ရွယ် ချက်မရှိပဲ အဝတ်ကို စွန်ထောင်ဆွဲ၍ ဝတ်ဆင်သူအား အလ္လာဟ်အရှင်မြတ် က ကိယာမသ်နေ့တွင် လှည့်၍ပင်ကြည့်မည်မဟုတ်ပါ ဆိုသည့်အချက်ကို မွတ်စလင်မ်ကျမ်းအား အကျယ်ဖွင့်ဆိုသူ အိမာမ် နဝါဝီက " ဖေါ်ပြပါ ဟဒီဆ်၏ ရည်ညွှန်းချက် အစစ်အမှန် " မှာ အဝတ်ကို ဝတ်ဆင်ရာ၌ ခြေမျက်စေ့ဖုံးသည်အထိ ဝတ်ဆင်ခြင်း၊ (သို့မဟုတ်) အဝတ်ကို ဒရွတ်တိုက်စွန်ထောင်ဆွဲ၍ ဝတ်ဆင်ခြင်းဆိုသည့် "

ဝတ်စားဆင်ယင်မှုပုံစံ " ကို ဆိုလိုခြင်းမဟုတ်။ ထိုဝတ်စား ဆင်ယင်သူ၏ "မာနထောင်လွှားမှု၊ မော်ကြွားမှု"ကိုသာ တားမြစ်သော ဟဒီဆ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဟဒီဆ်၌ خَيَلَا (မာန) ဟူသော စကားလုံးအားဖြင့် خاص အထူးပြု ကန့်သတ်ထားပြီး ဖြစ်သည်။

(အီမာမ် နဝဝီ၏ မွတ်စလင်မ်ကျမ်း ဖွင့်ဆိုချက် မာနထောင်လွှားမှုကဏ္ဍ၊ အတွဲ ၄၊ စာမျက်နှာ-၇၉၅)

لِغَيْرِ الخُيَلَا မာနထောင်လွှားမှုမပါပဲ အဝတ်ကို စွန်ထောင် ဆွဲဝတ်ခဲ့သော အဗူဘက္ကရ်သခင်ကို တမန်တော်မြတ်က အသင်သည် မာနထောင်လွှားမှုဖြင့် ဝတ်စားဆင်ယင်သူတွင် မပါဝင်ဟု မိန့်ဆိုခဲ့ခြင်းသည် မာနမပါပဲ စွန်ထောင်ဆွဲ၍ ဝတ်ခြင်း၊ တစ်နည်း ခြေမျက်စေ့ဖုံးအုပ်သည်အထိဝတ်ဆင်ခြင်းအပေါ် ခွင့်ပြုချက်ပေးပြီး ဖြစ်လေသည်။

ဖေါ်ပြပါ ဟဒီဆ်များနှင့် ထိုဟဒီဆ်များကို အကျယ်ဖွင့်ဆိုထား သော အီမာမ်နှစ်ပါးသည် လူအများလွယ်ကူစွာ သိရှိနိုင်ရန် တင်ပြထားခြင်းဖြစ်ပေသည်။ ထိုတင်ပြချက်များကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် အဝတ် ကို စွန်ထောင်ဆွဲ၍ ဝတ်ဆင်ခြင်း သို့မဟုတ် ခြေမျက်စေ့အပေါ်သို့ အုပ်သည်အထိ ဝတ်ဆင်ခြင်းများကို တားမြစ်ခြင်း မဟုတ်ပေ။ မာနထောင်လွှားမှု اَلْخَيَلَاءُ ကိုသာ တားမြစ်ခြင်းဖြစ်ပေသည်။

(အီမာမ်နဝဝီဖွင့်ဆိုထားသော မွတ်စလင်မ်ကျမ်း၊ အတွဲ၁ စာ မျက်နှာ-၃၀၅)

ဗုခါရီကျမ်းကို ဖသ်ဟွလ်ဘာရီကျမ်းအဖြစ် အကျယ်ဖွင့်ဆိုထားသော အီမာမ် အစ်ဗနေ ဟဂျရ် က ဆိုခဲ့သည်မှာ ဤဟဒီဆ်တွင် အဝတ်ကို စွန်ထောင်ဆွဲ၍ ဝတ်ဆင်ခြင်း သို့မဟုတ် ခြေမျက်စေ့ဖုံးသည်အထိ ဝတ်ဆင် ခြင်းသည် ကြီးမားသော မာနထောင်လွှားမှုတစ်မျိုးပင်ဖြစ်ပေရာ မာနထောင် လွှားရန် မဟုတ်ပဲ ထိုကဲ့သို့ဝတ်ဆင်ခြင်းသည်လည်း ဟဒီဆ်၏ပြင်ပအမြင်သဘောအရမှာလည်း တားမြစ်ထားခြင်းဖြစ်သည်။ သို့ရာတွင် ဤဟဒီဆ်၌ مُقَيِّدٌ ကာလစည်း ကန့်သတ်ဝေါဟာရဖြစ်သာ اَلْخَيَلَاءُ မာနထောင်လွှားမှု တည်းဟူသော စကားလုံးကို ရည်ညွှန်းထားသည့်အတွက် မာနထောင် လွှားမှုမပါသော ဝတ်ဆင်မှုသည် ခြေမျက်စေ့ဖုံးအုပ်သည်အထိ ဝတ် ဆင်ခြင်း သို့မဟုတ် စွန်ထောင်ဆွဲ၍ ဝတ်ဆင်ခြင်းကို တားမြစ်သည့် ဥပဒေ အဖြစ် အကျုံးမဝင်တော့ပေ။

မော်ကြွားရန်ဟူသော စိတ်ပြဌာန်းချက်မရှိပဲ အဝတ်ကိုခြေမျက်စေ့ဖုံးသည်အထိ ရှည်လျားစွာဝတ်စား ဆင်ယင်ခြင်းသည် " ဟရာမ် " တားမြစ် ချက် မဟုတ်ပေ။ ဟာဖစ်ဖကိဟ် အစ်ဗနေ အဗ္ဗဒွရ်ဗရ် ကလည်း ထိုဟဒီဆ် ၏ဆိုလိုရင်းမှာ မာနထောင်လွှာလိုမှုမပါပဲ ဝတ်ဆင်ခြင်းသည် ထိုသတိပေးချက်၌ ပါဝင်ခြင်းမရှိပေ။ လူတစ်ယောက်၏ ဝတ်ဆင်ထားသော အဝတ် သည် မြေကြီးကိုထိသည့် ဒရွတ်တိုက်ဖြစ်နေခြင်းမှာမူ မည်သည့်အချိန်၌မဆို အပြစ်တင်ဖွယ်ရာ ဖြစ်သည်။

(ဖသ်ဟွလ်ဘာရီ အတွဲ ၁၀ စာမျက်နှာ-၂၆၃)

ဖေါ်ပြခဲ့သော ဟဒီဆ်များနှင့် ထိုဟဒီဆ်များ၏ အဓိပ္ပာယ်ရည်ရွယ်ချက်၊ ရည်ညွှန်းချက်များကို အသေးစိတ်ခွဲခြားစိတ်ဖြာပြီး အကျယ်ဝင့်ဖွင့်ဆိုထားသော အီမာမ်ကြီးများ၏ ဖွင့်ဆိုချက်များအရ 'ယောကျ်ားလေး' များသည် အဝတ်ကိုခြေမျက်စေ့အုပ်သည်အထိ ဝတ်ဆင်ခြင်း (ဝါ) စွန်ထောင်ဆွဲ၍ ဝတ်ဆင်ခြင်းကို တားမြစ်ခြင်းမဟုတ်။ အဝ တ်ဝ တ်ဆင်ရာ၌ မာနထောင်လွှားမှု ကြွားဝါလိုမှုဖြင့် ဝတ်ဆင်ခြင်းကိုသာ တားမြစ်ခြင်းဖြစ်သည်။

ထို ဟ ဒီ ဆ် ၏ ရည် ရွယ် ချက် အစစ် အမှန် သည် မာန ထောင် လွှား လို မှု ကြွား ဝါ လို မှု ဖြင့် အဝတ်ကို တိုတိုဝတ်ဆင်ပါကလည်း " ဟရာမ် " တားမြစ် ထားသော အမိန့်တစ်ရပ်ဖြစ်သည်ကို လုံးဝယုံမှား သံသယဖြစ် ဖွယ်ရာမရှိဟုအခိုင်အမာဆိုထားသော ဟဒီဆ်ဖြစ်ပေသည်။

(ဖသ်ဟွလ်ဘာရီကျမ်း အတွဲ ၁၀ စာမျက်နှာ-၂၆၂)

အစ္စလာမ်သာသနာ၏ ဝိဥာဉ်ဖြစ်သော အခြေခံဥပဒေကို လိုက်နာခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မွတ်စလင်မ်တိုင်းအတွက် ဂုဏ် သိက္ခာကို တင့်တယ်စေမည့်သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပေသည်။ အဝတ်တိုတိုဝတ်ခြင်းသည်လည်း ဝတ်စားဆင်ယင်မှုတွင် အကျုံးဝင်သော အချက်တစ်ချက် ဖြစ်ပေသည်။ ထိုကဲ့သို့ ဝတ်စားဆင်ယင်ရာ၌ တိုတိုဝတ်ခြင်းနှင့် ရှည်ရှည်ဝတ်ခြင်းများသည် မိမိတို့ပတ်ဝန်းကျင်ရှိ ဒေသများတွင် နေထိုင်လျက်ရှိသော လူများ၏ရိုးရာယဉ်ကျေးမှုနှင့် ဆက်နွယ်နေသောကိစ္စရပ်ဖြစ်ပေသည်။

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

လူ့ဘောင် အဖွဲ့အစည်းကြီးတစ်ခုလုံးတွင် လူသားတို့အတွက် အရေးကြီးသော လိုအပ်ချက်များ၏အလယ်တွင် ဝတ်စားဆင်ယင်မှုကဏ္ဍ သည် ပြောပလောက်ဖွယ်ရာ မရှိသော အလွန်သေးငယ်သည့် ကိစ္စရပ်သာလျှင် ဖြစ်ပေသည်။ ကမ္ဘာ့လူသားထုတစ်ရပ်လုံးတွင် မိမိတို့၏ နေထိုင်ရာသဘာဝရေမြေ ရာသီဥတု၊ ဓလေ့စရိုက်အလိုက် အမျိုးမျိုးအဖုံဖုံ ကွဲပြား ခြားနားစွာ ဝတ်ဆင်ကြပါသည်။ ဝင်ရိုးစွန်းဒေသတွင် နေထိုင်ကြသော အဆ်ကီးမိုး လူမျိုးတို့သည် ဆယ်နှစ်ရာသီလုံး ရေခဲပြင်ပေါ်တွင် နေထိုင်ကြ ရခြင်းများကြောင့် ၄င်းတို့နှင့် ၄င်းတို့ကဲ့သို့သော ဒေသတွင် နေထိုင်ကြသူများ၏ ဝတ်စားဆင်ယင်မှုများ နှင့် ကမ္ဘာ့အီကွေတာဒေသများတွင် နေထိုင်ကြသူများ၏ ဝတ်စားဆင်ယင်မှုသည် သဘာဝအနေအထားအရ ဆန့်ကျင်နေမည်သာဖြစ်ပေသည်။ ယင်းဒေသအတွင်း နေထိုင်သူအချင်းချင်း အတွင်း၌ပင်လျှင် ဆင်းရဲသူများ၏ ဝတ်စားဆင်ယင်မှုနှင့် ချမ်းသာသူများ၏ ဝတ်စားဆင်ယင်မှုများသည်လည်း တူညီနိုင်မည် မဟုတ်ပေ။ ခေတ်အဆက်ဆက်ကွာဟမှု ရှိနေမည်သာ ဖြစ်ပေသည်။

တမန်တော်မြတ်က မိန့်ဆိုခဲ့သည်မှာ ဖြုံးတီးမှုနှင့်ကြွားဝါမှုများမှ ရှောင်ကြဉ်၍ စားကြကုန်၊ သောက်ကြကုန်၊ ဝတ်စားဆင်ယင်ကြကုန်၊ ပေးကမ်းလှူဒါန်းကြကုန်။ (ဗုခါရီကျမ်း)

ဗုခါရီကျမ်းကို အကျယ်ဖွင့်ဆိုသူ အိမာမ် ဟာဖစ် အစ်ဗနေဟဂျရ် သခင်က မိမိ၏ဆရာဖြစ်သော “ သိရ်မိဇီကျမ်း ”အား ကျယ်ဖွင့်ဆိုသူ ဟာဖစ်အိရာကီ၏ အဆိုပါ ဝတ်စားဆင်ယင်မှုနှင့် စပ်လျဉ်း၍ သုံးသပ်ချက် များကို ပြန်လည်တင်ပြရာတွင် (ထိုဟဒီဆ်များသည် အဝတ်ကို ခြေမျက်စေ့အုပ်ခြင်း၊ သို့မဟုတ် စွန်ထောင်ဆွဲ၍ ဝတ်ဆင်ခြင်းများကို တားမြစ်ခြင်း မဟုတ်။ မာနထောင်လွှားမှုနှင့် ကြွားဝါလိုမှုကိုသာ တားမြစ်ခြင်းဖြစ်သည်) ဟု သိရ်မိဇီကျမ်းဖွင့်ဆိုချက်ကိုပါ ပူးတွဲတင်ပြထားသည်။ (ဖသ်ဟွလ်ဘာရီကျမ်း အတွဲ ၁၀ စာမျက်နှာ-၂၆၂)

လူသားဘဝ၏ တိုတောင်းလှစွာသော သက်တမ်းတွင် အသိ ဉာဏ်ဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ကျင့်တရား ထူးကဲစွာ နက်နဲသိမ်မွေ့မှုတို့ကိုကြိုးပမ်းရမည်။ ဂုဏ်သရေပျက်စေသော အမူအကျင့်များ၊ အများသူငှာ၏ ပြစ်တင်ရှုံ့ချဖွယ်ရာ ဓလေ့စရိုက်များ၊ အစ္စလာမ်သာသနာ၏ ဆန့်ကျင်ဖက်ဖြစ်သော ပျက်စီးခြင်းဆိုသော လမ်းကြောင်းမှ မိမိ၏ကိုယ်ကို ကာကွယ်ထိန်းသိမ်း ရမည်။

အလားတူ မြင်တွေ့ရသော ရုပ်ပိုင်းဆိုင်ရာ လုပ်ရှားမှုသဏ္ဍာန်များ၏ အခြားတစ်ဖက်တွင်ရှိသော မမြင်မတွေ့ရသည့် စိတ်ပိုင်းဆိုင်ရာ နှလုံး သားမှ တစ်ပါးတည်းသောအရှင်အား ကြောက်ရွံ့ရိုသေခန့်ငြားမှုကို အစဉ် နှလုံးသွင်း၍ မိမိ၏စိတ်ဓါတ်ကို ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်မပြတ်ကြိုးပမ်း အားထုတ်ရမည်။ လူသား၏အောင်မြင်မှုကို အညွန့်တုံးစေသော မာန ထောင်လွှားမှု၊ ဘဝင်မြင့်မှု၊ ကြွားဝါလိုမှု၊ မနာလိုဝန်တိုမှု၊ လောဘ၊ ဒေါသ၊မောဟ ဆိုသည့် စိတ်ပိုင်းဆိုင်ရာ ရောဂါများကို စင်ကြယ်သန့်ရှင်းစေရန်ကြိုးပမ်းအားထုတ်ရမည့် တာဝန်မှာ မွတ်စလင်မ်များအတွက် မရှိမဖြစ် လိုအပ်သော ရေသောက်မြစ်ကြီးကဲ့သို့ အရေးပါသည့် တာဝန်များဖြစ် ပေသည်။

အမှန်တကယ် “ ဒီန် ” အစ္စလာမ့် ဘဝ တည်ဆောက်မှု လမ်းစဉ်ကြီးတစ်ခုလုံးတွင် အဓိကကျသော ဆောင်ရွက်ရမည့် အချက်မှာ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု ဆိုသည့်ကျမ်း မြတ်ကုရ်အာန်၏ လမ်းညွှန်မှုကို တမန်တော်မြတ်က စံပြအကောင်အထည်ဖေါ်ပြသော ပုံစံခွက်ထဲသို့ မိမိတို့၏ ကိုယ်စိတ်နှစ်ပါးစလုံးကို ထည့်သွင်းသွန်းလောင်းပုံဖေါ်ရမည် ဖြစ်ပေသည်။

အစ္စလာမ့်ပြဌာန်းချက် ဥပဒေများသည် လူသားများအတွက် ပေါ့ပါးသော တာဝန်များဖြင့်သာ နှောင်ဖွဲ့ထားပါသည်။ ကာလံဒေသံအရခေတ်တိုင်းနှင့်လည်း အံဝင်၍ လိုက်လျောညီထွေရှိသော ခေတ်မှီသည့်စနစ် ကြီးဖြစ်ပေသည်။ လူတစ်ယောက်၏ ထမ်းဆောင်နိုင်သော တာဝန်ထက်ပို ၍ တာဝန်ပေးထားခြင်း အလျဉ်းမရှိသကဲ့သို့ မည်သည့်ကျဉ်းကြပ်မှု တစ်စုံတစ်ရာမျှ မရှိကြောင်းကိုလည်း ကျမ်းမြတ်ကုရ်အာန်တွင် အကြိမ်ကြိမ် မိန့် ဆို ထားပါသည်။

မွတ်စလင်မ်များအတွင်း ဝတ်စားဆင်ယင်မှုနှင့် စပ်လျဉ်းပြီး၊ ယောကျ်ားလေးများ ခြေမျက်စေ့ဖုံးသည်အထိ ဝတ်စားဆင်ယင်မှုအပေါ် ကွဲကွဲပြားပြား တိတိကျကျ သိရှိနိုင်ရန် ဗုခါရီကျမ်း၊ မွတ်စလင်မ်ကျမ်းနှင့် ထိုကျမ်းများကို အကျယ်ဖွင့်ဆိုသော အိမာမ် အစ်ဗနေ ဟဂျရ် ၊ အိမာမ်နဝါဝီတို့အပြင် သိရ်မိဇီကျမ်းကို အကျယ်ဖွင့်ဆိုခဲ့သော

ဟာဖစ်အိရာကီတို့၏ ဖွင့်ဆိုသုံးသပ်ချက်များအား မူရင်းအတိုင်းဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။

ဖော်ပြပါ ဟဒီဆ်များကို ဖွင့်ဆိုရာ၌ တတ်သိနားလည်ရမည့် ပညာရပ်များကဏ္ဍနှင့် ဝတ်စားဆင်ယင်မှုကဏ္ဍများ အကြောင်းကို အီဂျစ်နိုင်ငံအလ်အဇ်ဟရ် အစ္စလာမ့် တက္ကသိုလ်ပါမောက္ခဟောင်း၊ လက်ရှိ **University of Qatar** ၌ " စွန္နဟ်နှင့်ရှရီအာ " ဌာနတွင် ဒါရိုက်တာအဖြစ် တာဝန် ထမ်းဆောင်နေသော " ဒေါက်တာ ယူဆွဖ် ကရ်ဒွါဝီ " ၏ **كَيفَ نَتَعامَلُ مَعَ سُنَّةِ النَّبَوِيَّة** (ခေါ်) " တမန်တော်မြတ်၏စွန္နဟ်များနှင့်ဘဝ တည်ဆောက်ကြစို့ " အရဗီမူရင်းကျမ်းမှ မြန်မာမှုပြု၍ တင်ပြခဲ့ခြင်းဖြစ်ပေသေည်။

မွတ်စလင်မ်ကျမ်းကို အကျယ်ဖွင့်ဆိုသူ အိမာမ် နဝါဝီသခင်မှာ ဟစ်ဂျရီ (၆၃၁-၆၇၆) ဖြစ်သည်။ ဗူခါရီကျမ်းကို ဖသ်ဟွလ်ဘာရီ ကျမ်းအဖြစ် အကျယ်ဖွင့်ဆိုသူ အိမာမ် ဟာဖစ် အစ်ဗနေ ဟဂျရ်သခင်မှာ ဟစ်ဂျရီ (၇၇၃-၈၅၂)ဖြစ်သည်။

ယခင် အုမိုင်ယဟ်နှင့်အဗ္ဗာဆီယဟ်ခေတ်များတွင် အဓိကအခြေခံရမည့် ကျမ်းမြတ်ကုရ်အာန်ကို အခြေမခံပဲ အတွေးအခေါ် ဝါဒ၊ လူပုဂ္ဂိုလ်တို့၏ ယူဆချက်ဝါဒများကို အခြေခံ၍ ဥပဒေပြုခြင်းအားဖြင့် အစ္စလာမ့်အနှစ်သာရများမှ လွဲချော်ခဲ့ရလေသည်။ တမန်တော်မြတ်နှင့် ဆွဟာဘာများခေတ်တို့တွင် ရှိခဲ့သော အစ္စလာမ့်ဂုဏ်ရောင်သည် အထက်မှဖော်ပြသူတို့၏ခေတ်ကာလများ၌ မှားယွင်းသော အယူဝါဒများကြောင့် အစ္စလာမ်သာ သနာသည် ကမ္ဘာ့အလယ်တွင် အထင်မှား အမြင်မှားခံရသော သာသနာဖြစ်ခဲ့ရလေသည်။

ဖော်ပြပါ စနစ်များမှ လွတ်မြောက်စေလိုသော အိမာမ်ရှာဖီအီ၊ အိမာမ် ဟမ်ဗလ်ကဲ့သို့သော အိမာမ်ကြီးများက အစ္စလာမ်ဥပဒေပြုရာတွင်လည်းကောင်း၊ တရားဆုံးဖြတ်ရာတွင် လည်းကောင်း၊ ကျမ်းမြတ်ကုရ်အာန် ကို အခြေခံရမည်၊ တမန်တော်မြတ်၏ စွန္နဟ်များကို အခြေခံရမည်ဟု ခံယူကြသည်။ ၎င်းတို့၏ခေတ်တွင် ရှိကြကုန်သော ပညာရှင်အများစုသည် **عَقلِى دَلِيل** ဟုခေါ်သော မိမိတို့၏ အတွေးအခေါ် အယူအဆကို အခြေခံ၍ တရားဆုံးဖြတ်ချက် ပေးကြသည်။ ထိုကဲ့သို့ မိမိတို့၏အတွေးအခေါ် အယူအဆကို အခြေခံ၍ တရားဆုံးဖြတ်ခြင်းထက် ၊ တမန်တော်မြတ်ခေတ်၊ဆွဟာဘာများခေတ်တို့၏ လုပ်ထုံးလုပ်နည်းများကို ရှာဖွေစုဆောင်း၍ရရှိချက်များကို အခြေခံ၍ တရားဆုံးဖြတ်ခြင်းက ပို၍သင့်လျော်သည် ပို၍ ကောင်းမြတ်သည်ဟု ဆိုခဲ့ကြခြင်းဖြစ်သည်။

ဖော်ပြပါ အိမာမ်ကြီးများ၏ နောက်ပိုင်းတွင် ဟဒီဆ်ဩဝါဒတော်များကို စုဆောင်းသူများ၊ များပြားလာသည်။ ဟဒီဆ်ကျမ်းများသည်လည်းများပြားလာခဲ့သည်။တမန်တော်မြတ်ခေတ်၊ ဆွဟာဘာကြီးများခေတ်၊သာ ဗေအီန်များခေတ်တို့တွင် မရှိခဲ့ဘူးသော ဟဒီဆ်ကျမ်းများသည်ဟစ် ဂျရီ ၁၉၇ ခုနှစ်မှ ၅၅၈ ခုနှစ်အတွင်း ဟဒီဆ်ကျမ်း ပေါင်း ၄၁ ကျမ်းပေါ်ပေါက်ခဲ့သည်။

ဖော်ပြပါ ဟဒီဆ်ကျမ်းများအားလုံးတွင် ပါဝင်သော ဟဒီဆ်ဩဝါဒများသည် " စွန္နဟ် " ဟုခေါ်သော ဥပဒေဆိုင်ရာ ဟဒီဆ်များပါဝင်သကဲ့သို့ဥပဒေများနှင့် ပတ်သက်မှုမရှိသော ဟဒီဆ်များလည်း ပါဝင်ပေသည်။ အကြောင်းအရာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဖက်ဟဒီဆ်များကိုလည်း ယှဉ်တွဲ၍ ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ အချို့ဟဒီဆ်များသည် လိုက်နာ ကျင့်သုံးရန် မဆိုထားနှင့် နားလည်သဘောပေါက်ရန်ပင် ခက်ခဲသော ဟဒီဆ်များလည်း ပါဝင်ခဲ့လေသည်။ ကျမ်းရှင်အားလုံးသည် ၎င်းတို့အားပြန်လည်ပြောပြသောသူများ၏ အာဘော်အတိုင်း ၎င်းတို့၏ကျမ်းများတွင်ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ ဥပမာ၊- **اَوَكَمَاقَال** ဒါမှမဟုတ်ဒီလိုပြောတာလည်း ဖြစ်နိုင်တယ်ဆိုသည့် ပြောပြသူ၏ ပြောပြသည့်အတိုင်းတင်ပြထားပေသည်။

ထိုကျမ်းများပေါ်ပေါက်ပြီး နှစ်ပေါင်းငါးရာကျော် နောက်ပိုင်း လောက်တွင် ဟဒီဆ်ကျမ်းများပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖွင့်ဆိုသောဟဒီဆ်ပညာရှင်များ ပေါ်ပေါက်လာခဲ့သည်။ ထိုဟဒီဆ်ပညာရှင်များက တစ်ခုနှင့်တစ်ခု ဆန့်ကျင်လျက်ရှိသော ဟဒီဆ်များနှင့် စပ်လျဉ်း၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပြီး ရှင်းလင်းကျမ်းများ ပေါ်ပေါက်လာခဲ့သည်။ ထိုကဲ့သို့ပင် ဟဒီဆ်ပညာရှင်များက ဟဒီဆ်များကို လေ့လာလိုက်စားနိုင်ရန် လွယ်ကူစေမည့် ကြားခံပညာရပ်များကို ရေးသားဖော်ပြခဲ့ကြသည်။ ထိုကဲ့သို့ ဟဒီဆ်များကို နားလည်သဘောပေါက်ရန်အတွက် ဟဒီဆ်များကို အကျယ်ဖွင့်ဆိုကျမ်းများ၊ ဟဒီဆ်များကို လေ့လာလိုက်စားရာ၌ အထောက်အကူပြုပညာရပ်များဆိုင်ရာ

www.QuranInBurmese.com


ကျမ်းများသည်လည်း ပေါ်ပေါက်ခဲ့လေသည်။

နောက်ပိုင်းခေတ်များတွင် ဖေါ်ပြပါ ဟဒီဆ်များ၊ ဟဒီဆ်များအားဖွင့်ဆိုချက်ကျမ်းများ၊ ဟဒီဆ်များကို နားလည်ရန် အထောက်အကူပြု ပညာရပ်ဆိုင်ရာကျမ်းများကို ဘာသာရေးကျောင်းများတွင် သင်ကြားပေး လျက်ရှိခဲ့ကြသည်။ ခေတ်ကာလရွေ့လျား၍ ကြာမြင့်လာသော နောက် ပိုင်းခေတ်၊ ဘာသာရေးကျောင်းများတွင်၊ ဟဒီဆ်ကျမ်းများ၊ ဟဒီဆ်များကိုဖွင့်ဆိုချက်ကျမ်းများနှင့် ဟဒီဆ်များကိုနားလည်ရန် အထောက်အကူပြုကျမ်းများကို အဓိကဘာသာရပ်အဖြစ် ပြဌာန်းသင်ကြားခဲ့ကြသည်။

အစ္စလာမ်သာသနာတွင် အဓိကကျသော၊ တမန်တော်မြတ်နှင့် မဟာသာဝကများ လက်တွေ့ကျင့်သုံးခဲ့သော ကျမ်းမြတ်ကုရ်အာန်ကိုမူ ဖတ်ရုံသက်သက် သင်ကြားပေးသော အခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့ပေသည်။

## ကွဲပြားဆန့်ကျင်သော ဟဒီဆ်များ

အဘီအမာမားသခင်က စိုက်ပျိုးရေးအပေါ် တမန်တော်မြတ်၏ မိန့်ခွန်းချက်ကို ကြားသိရသည်မှာ၊ စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်သို့ အလ္လာဟ်အရှင်မြတ်က ဂုဏ်သိက္ခာနိမ့်ပါးစေသူများမှအပ၊ အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ ဝင်စေမည်မဟုတ်ဟု မိန့်ကြားခဲ့သည်။

(ဗုခါရီကျမ်း စိုက်ပျိုးရေးကဏ္ဍ)

ထိုဟဒီဆ်ကို ကြည့်ခြင်းအားဖြင့် တမန်တော်မြတ်သည် စိုက်ပျိုးရေးကိုမနှစ်သက်ကြောင်း ထင်ရှားနေပေသည်။ စိုက်ပျိုးခြင်းသည် အကျိုးမရှိသောလုပ်ငန်းဖြစ်ပြီး၊ စိုက်ပျိုးသူများသည် အလ္လာဟ် အရှင်မြတ်၏ထံတော်ပါးတွင် ဂုဏ်သိက္ခာနိမ့်ကျသော သူများဖြစ်နေပေသည်။

ဖေါ်ပြပါ ဟဒီဆ်များနှင့်စပ်လျဉ်းပြီး၊ အစ္စလာမ်ကို သိက္ခာချလိုသောအရှေ့တိုင်းသားအချို့က အစ္စလာမ် သာသနာတွင် စိုက်ပျိုးရေးနှင့်စပ်လျဉ်း သောရပ်တည်ချက်သည် အလွန်ရှုပ်ထွေးအကျည်းတန်လှပါ၏ဟု ဖေါ်ပြပါဟဒီဆ်တစ်မျိုးတည်းကို ကိုးကားရေးသားကြသည်။

အမှန်တကယ်ပင် ဖေါ်ပြပါဟဒီဆ်က ၄င်းတို့ဆိုသကဲ့သို့ ရည်ညွှန်းပါသလော။ သို့မဟုတ် အစ္စလာမ် သာသနာတွင် စိုက်ပျိုးရေးနှင့်စပ်လျဉ်းပြီးမည်ကဲ့သို့ ခံယူပါသနည်းဆိုသည့် စောဒကများကို ထပ်ဆင့်တင်ပြမည့် ဟဒီဆ်များကို လေ့လာကြမည်ဆိုလျှင်၊ အထက်ကဖေါ်ပြပြီးဟဒီဆ်နှင့် ယခုတင်ပြဟဒီဆ်များသည် မူရင်းစာ သားနှင့်အဓိပ္ပာယ် တစ်ခုနှင့်တစ်ခု ဗီလာ ဆန့်ကျင်နေသည်ကို တွေ့ရပါမည်။

မဒီနာမြို့သား အန်ဆွာရ်ဆွဟာဘာကြီးများ အားလုံးလိုလို သည် စိုက်ပျိုးခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ကြပါသည်။ သို့သော်ငြားလည်း တမန်တော်မြတ်သည် မည်သည့်အခါမျှ ထို အန်ဆွာရ် ဆွဟာဘာကြီးများအား စိုက်ပျိုးရေးလုပ်ငန်းများကို စွန့်လွှတ်ကြရန် အမိန့်ပေးခြင်း အလျင်းမရှိခဲ့ပေ။ အစ္စလာမ်သာသနာ့ ဥပဒေပညတ်ချက်များတွင်လည်း စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ တားမြစ်ချက်တစ်စုံတစ်ရာ မရှိခဲ့ပေ။

ဗုခါရီကျမ်းနှင့် မွတ်စလင်မ်ကျမ်း နှစ်ကျမ်းစလုံးတွင် အဆိုညီစွာဖေါ်ပြထားသော ဟဒီဆ်မှာ၊ အကြင်မွတ်စလင်မ်တစ်ဦးသည် ထွန်ယက်စိုက်ပျိုး ခဲ့၏။ ထိုစိုက်ခင်းမှ သီးနှံများအနက် လူများ၊ ငှက်များ၊ တိရစ္ဆာန်များ၊ စားကြပါက ထိုစိုက်ခင်းရှင်အတွက် လှူဒါန်းမှု၏အကျိုးကို ရရှိမည်ဖြစ် သည်။ အနဆ်သခင်က ဆင့်ပြန်ခဲ့သည်။ (ဗုခါရီကျမ်း၊ ဟဒီဆ်-၁၀၀၁)

မွတ်စလင်မ်ကျမ်းတွင် အလားတူဟဒီဆ်မျိုးကို ဂျာဗိရ်သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်က မိန့်ဆိုခဲ့သည်မှာ အကြင်မွတ်စလင်မ်တစ်ဦးသည် ထွန်ယက်စိုက်ပျိုးခဲ့၏။ ထိုစိုက်ခင်းမှ မည်သူမဆို မည်သည့်တိရစ္ဆာန်မဆို စားသုံးပါက စိုက်ပျိုးသူအတွက် " ဆွဒ္ဒကာ " လှူဒါန်းခြင်းမည်၏။ အကယ်၍ တစ်ဦးဦးက ခိုးယူစားသုံးခြင်း၊ တိရစ္ဆာန်များဝင်ရောက် စား သုံးခြင်း၊ သက်ရှိတစ်ဦးဦးအတွက် ရိက္ခာဖြစ်ခြင်းအားလုံး အကျုံးဝင်သည်။

(မွတ်စလင်မ်ကျမ်း၊ စိုက်ပျိုးခြင်းကဏ္ဍ၊ ဟဒီဆ်-၁၅၅၂)

ဖေါ်ပြပါဟဒီဆ်များသည် ပိုင်ရှင်က လျှဒါန်းခြင်း “ နီယသ် ” ရည်ရွယ်ချက်မရှိပဲ သူခိုးခိုးယူစားသုံးခြင်း၊ တိရစ္ဆာန်များ ဝင်ရောက်စားသုံးခြင်းသက်ရှိဟူသမျှ စားသုံးခြင်းအားဖြင့် “ ဆွဒ္ဒကာ ” လျှဒါန်းမှုအကျိုးကို ခံစားရမည်ဖြစ်သည်။ စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးနှင့်စပ်လျဉ်းပြီး အဟ်မဒ် အစ်ဗနေ ဟမ်ဗလ်၏ မွဆ်နဒ်ကျမ်းနှင့် ဗူခါရီကျမ်းတွင် အနဆ်သခင်တစ်ဦး တည်းက ဆင့်ပြန်ထားသည်မှာ ၎င်းတို့ခေတ်တွင် တစ်ဦးတစ်ယောက်၏ လက်ထဲတွင် စွံပလွန်ပျိုးပင် တစ်ပင်တည်းရှိပါက ထိုပျိုးပင်တစ်ပင်တည်းကိုစိုက်ပျိုးကြပါဟု တမန်တော်မြတ်က မိန့်ဆိုခဲ့လေသည်။(အဟ်မဒ်မွဆ်နဒ်ကျမ်း၊ အတွဲ၃၊ ဟဒီဆ်-၁၈၃၊ ၁၈၄၊၁၉၅ နှင့် ဗူခါရီကျမ်း **الادب المفرد** နှင့် မွတ်စလင်မ်ကျမ်း အကျယ်ဖွင့်ဆိုချက် **٩ الصحيح رقم**)

ဖေါ်ပြပါ ဟဒီဆ်များအပေါ် ရှုထောင့်စုံမှ သုံးသပ်ကြည့်မည်ဆိုလျှင်ထိုဟဒီဆ်များသည် ခေတ်တိုင်းနှင့် အလွန်လျော်ညီပြီး ခေတ်မှီတိုးတက် သောအယူအဆ ဟဒီဆ်များဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာမြေကြီးကို သဘာဝပေါက်ပင်များ စိုက်ပင်များဖြင့် ဖွဲ့စည်းတည် ဆောက်ထားခြင်း ဖြစ်ပေသည်။ စိုက်ပျိုးရေးသည် လူသားတို့၏ ဘဝရပ် တည်ချက်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပေသည်။ လူသားတစ်ရပ်လုံးရှင်သန်ရေး၊ လောကီ လောကုတ္တရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေးများသည် စိုက်ပျိုးရေးပေါ်တွင် အခြေခံလျက် ရှိပေသည်။

ဤသည် စိုက်ပျိုးရန်နှင့် စိုက်ပျိုးခြင်း၏အကျိုးများနှင့် စပ်လျဉ်း၍ တမန်တော်မြတ်၏ ဩဝါဒများဖြစ်သည်။

အထက်ပါ စိုက်ပျိုးရေးလုပ်ကိုင်သူအိမ်သို့ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်သိက္ခာနိမ့်စေသောသူများမှအပ မဝင်ရဆိုသည့် ဟဒီဆ်ကို ဗူခါရီကျမ်းတွင် အဘီအမာမားက ဆင့်ပြန်သော ဟဒီဆ်ဖြစ်သည်။

ထိုဟဒီဆ်နှင့် အခြားမဟာသာဝကကြီးများ ဆင့်ပြန်ခဲ့သောဟဒီဆ်များမှာ တစ်ခုနှင့်တစ်ခု လုံးဝဆန့်ကျင်လျက်ရှိပါသည်။ ဖေါ်ပြပါ စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ကွဲလွဲဆန့်ကျင်သော ဟဒီဆ်အပေါ် ဗူခါရီကျမ်းကို အကျယ်ဖွင့်ဆိုထားသော အိမာမ် အစ်ဗနေ ဟဂျရ်သခင်၏ ဖသ်ဟွလ်ဘာရီကျမ်းတွင် ရှင်းလင်းထားသည်မှာ၊-

မွတ်စလင်မ်များအတွက် ဂျိဟာဒ်အချိန်တွင် ဂျိဟာဒ်ပြုခြင်းသာ ဝါဂျစ်ဗ် တာဝန်တစ်ရပ်ဖြစ်ပေသည်။ ထိုခေတ်တွင် အချို့မွတ်စလင်မ်များသည် စိုက်ပျိုးစရိတ်အား ငွေကြိုယူစနစ်ဖြင့် ကြိုယူပြီး သီးနှံပေါ်ချိန်တွင် ထိုငွေအစား သီးနှံကိုဈေးလျှော့၍ ကြိုတင်သတ်မှတ်သောစနစ်ကို ကျင့်သုံးကြ၏။ (သီးနှံမစိုက်ခင်အလျင် ငွေကြိုယူပြီး သီးနှံ၏တန်ဖိုးကို လျှော့ဈေးဖြင့်ကြိုတင်၍ သတ်မှတ်ခြင်းသည် အတိုးသဘောဆောင်၍လည်းကောင်း၊ စိုက်ပျိုးပင်များကို ပြုစုမည့်သူမရှိ၍စိုက်ပျိုးပင်များပျက်စီးသွားပါက၊ သူတစ်ပါးထံမှ ချေးငွေပြန်မဆပ်နိုင်မည်ကို စိုးရိမ်၍ ဂျိဟာဒ်တွင် ဂျိဟာဒ်ကို ကျောခိုင်းသူများနှင့်စပ်လျဉ်း၍ မိန့်ဆိုခဲ့သော ဟဒီဆ်ဖြစ်ပေသည်။

အခြားဟဒီဆ်များတွင် တမန်တော်မြတ်က မိန့်ချွေခဲ့သည်မှာ အသင်တို့၏ စိုက်ပျိုးခင်းများ ဆုံးရှုံးခြင်းက ဆုံးရှုံးခြင်းမဟုတ်၊ ဂျိဟာဒ်တွင်ဆုံးရှုံးပါက အသင်တို့အားလုံး သူတစ်ပါး၏ကျေးကျွန် ဖြစ်သွားမည်ဟု မိန့်ဆိုချက်ဟဒီဆ်များ ပါဝင်လေသည်။ ဖေါ်ပြပါ ဟဒီဆ်များသည် ကာလံဒေသံအရ တမန်တော်မြတ်၏ မိန့်ကြားသောဟဒီဆ်များဖြစ်သည်။ စိုက်ပျိုးရေး သည် လူသားများအတွက်၊ အကျိုးရှိသည်၊ စိုက်ပျိုးရမည်၊ ပျိုးပင်တစ်ပင်တည်းရှိပါက ထိုပျိုးပင်တစ်ခုတည်းကို စိုက်ပျိုးရမည်။ ဂျိဟာဒ်ကာလတွင် စိုက်ပျိုးခင်းကိုစွန့်၍ ဂျိဟာဒ်တွင် ပါဝင်ရမည်။ စိုက်ပျိုးခင်းဆုံးရှုံးခြင်းသည်ပစ္စည်းဆုံးရှုံးခြင်းသာဖြစ်သည်။ ဂျိဟာဒ်ဆုံးရှုံးပါက လူမျိုးတစ်မျိုးလုံးဆုံးရှုံးမည့်အတွက် စိုက်ပျိုးခြင်းကို အကြောင်းပြုပြီး ဂျိဟာဒ်ကိုကျောခိုင်းခဲ့သောသူများနှင့်စပ်လျဉ်းပြီး အလ္လာဟ်အရှင်မြတ်၏ ဂုဏ်သိက္ခာနိမ့်ကျခြင်းခံရသူ များဟု ဆိုခြင်းဖြစ်သည်။

ဖေါ်ပြပါ ကွဲပြားခြားနားသော ဟဒီဆ်များသည် အဓိကနှင့်သာမည ကို အချိန်အခါပေါ်တွင်မူတည်၍ မိန့်ဆိုခဲ့သော ဟဒီဆ်များဖြစ်ပေသည်။

(ဒေါက်တာ ယူဆွဖ်ကရ်ဒွါဝီ၏ **كَيْفَ نَتَعَامَلُ مَعَ سُنَّةِ النَّبَوِيَّة** စာအုပ်၊ စိုက်ပျိုးခြင်းကဏ္ဍမှ ကောက်နှုတ်တင်ပြသည်။)

▲▲▲▲▲▲▲▲▲▲▲▲

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

နားလည်ရန်ခက်ခဲသော ဟဒီဆ်များအနက် ဗုခါရီကျမ်းပါ နေဝင် ခြင်းစပ်လျဉ်းသော ဟဒီဆ်တစ်ပုဒ်အား အိမာမ် အစ်ဗနေ ဟဂျရ် ၏ အကျယ်ဖွင့်ဆိုချက် " ဖသ်ဟွလ်ရဘာရီ " ကျမ်းတွင်၊-

" အဗူဇရ်သခင်သည် ဗလီဝတ်ကျောင်းတွင် တမန်တော်မြတ်နှင့် အတူရှိနေ၏။ ထိုအချိန်သည် နေဝင်ချိန်ဖြစ်၏။ တမန်တော်မြတ်က **يَا أَبَاذَرٍّ أَتَدْرِي أَيْنَ تَغْرُبُ الشَّمْسُ** = အို-အဗူဇရ်၊ နေသည် မည်သည့်အရပ်သို့ ဝင်သွားသည်ကို အသင်သိပါသလား။ အဗူဇရ်သခင်ကအလ္လာဟ်နှင့် အလ္လာဟ်၏တမန်တော်က ပို၍သိပါမည်ဟု ဖြေကြားခဲ့၏။ ထိုအခါ တမန်တော်မြတ်က **فَإِنَّهَا تَذْهَبُ حَتَّى تَسْجُدَ تَحْتَ الْعَرْشِ** ဧကန်အမှန်နေသည် အလ္လာဟ်ရှင်မြတ်၏ပလ္လင်တော်အောက်သို့ ဦးချရန် ငုံ့လျှိုးသွားခြင်းဖြစ်သည် ဟု မိန့်ကြားခဲ့သည်။

အလားတူ ဗုခါရီကျမ်းပါ အခြားဟဒီဆ်တစ်ပုဒ်တွင် နေအား ကောင်းကင်တမန်များက လူတို့၏ဦးခေါင်းအထက် ၊ မိုးကောင်းကင်မှ နေဝင်ရာ အရပ်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်၏ ပလ္လင်အောက်သို့သယ်ဆောင်သွားပြီး ဦးချစေ၏။ နောက်နေ့ အလ္လာဟ်အရှင်မြတ်က ပလ္လင် အောက်မှ ထွက်စေချက်အမိန့်အရ နေသည် ပြန်ထွက်ခဲ့လေသည်။ ထိုကဲ့သို့ နေသည် နေ့စဉ်နေထွက်ရာအရပ်မှထွက်၍ နေဝင်ရာအရပ်ဖြစ် သော အလ္လာဟ်အရှင်မြတ်၏ ပလ္လင်အောက်သို့ ငုံ့လျှိုးဝင်ရောက်၍ ဦးချခဲ့သည်။

(ဗုခါရီအကျယ်ဖွင့် ဖသ်ဟွလ်ဘာရီကျမ်း၊ ၄-၂၃၁၊ ၈-၄၀၃၊၂၀-၅၁၇)

ဖေါ်ပြပါ ဟဒီဆ်အမျိုးအစားသည် "ဆွဟီဟ်" ဆင့်ပြန်သူ "ဆနဒ်"အချိတ်အဆက် မှန်ကန်သော ဟဒီဆ်များဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်စူရဟ်(၃၆) အာယတ်(၃၈) တွင်၊ နေလည်ပတ်မှုနှင့်စပ်လျဉ်းသော အာယတ်ကို ဖေါ်ပြပါဟဒီဆ်များအားဖြင့် (သဖ်စီရ် အစ်ဗနေကဿီရ်၊ ဟစ်ဂျရီ၊ ၇၀၁-၇၇၄)ကဖွင့်ဆိုထားသည်။ အရဗီမူရင်း သဖ်စီရ်ကျမ်း အတွဲ ၃၊ စာမျက်နှာ-၅၈၉ မှ ၅၉၁ အထိဖေါ်ပြပါ ဟဒီဆ်အမျိုးအစား ၁၀ ပုဒ်အားဖြင့် ရှင်းလင်းထား သည်။

## ကျမ်းမြတ်ကုရ်အာန်ပါ နေလည်ပတ်ပုံ

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၃၆) အာယတ်(၃၈)တွင်၊-

"၎င်းအပြင် နေသည်လည်း မိမိ၏ နေပတ်လမ်းကြောင်းထဲတွင် လည်ပတ်လျက် ရှိနေသည်။ ဤသည်ကား အလွန်တရာ နိုင်နင်းလွှမ်းမိုးတော်မူသော၊ အကြွင်းမဲ့သိတော်မူသော အရှင်မြတ်၏ တိုင်းတာသတ်မှတ် ချက် ဖြစ်၏"

ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန် စူရဟ်(၃၆) အာယတ်(၃၈)နှင့် ထိုကဲ့ သို့သော အာယတ်တော်များကို တွေ့ရှိလေ့လာမိခဲ့သော ပြင်သစ်နိုင်ငံသား ဒေါက်တာ မောရစ်ဗျူကိုင်း (**Maurice Bucaille**) က **The Bible The Quran And Science** ဟူသောအမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့လေသည်။ အလားတူ ၁၉၇၈ ခုနှစ် အမေရိကန်နိုင်ငံ နယူးယောက်မြို့ မယ်ဒီဆန်စကွဲ ယားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ **W.H.O** မှ ကြီးမှူးကျင်းပသော ဆေးသိပ္ပံ နှီးနှောဖလှယ်ပွဲကြီးတွင် စာတမ်းသုံးစောင်ကို တင်သွင်းဖတ်ကြားခဲ့၏။ ထိုစာတမ်းများမှာ " ကျမ်းမြတ်ကုရ်အာန်တွင် သန္ဓေအစမွေးဖွားမှု၊ ခန္ဓာဗေဒနှင့် နက္ခတ္တဗေဒဆိုင်ရာ အချက်အလက်များ တည်ရှိနေခြင်းဆိုသော စာတမ်းများ ဖြစ်သည်။

### နက္ခတ္တဗေဒ

နက္ခတ္တဗေဒဆိုင်ရာ စာတမ်းတွင် နေသည်နေပတ်လမ်းကြောင်းထဲ တွင် လည်ပတ်နေသည်ဆိုသော သိပ္ပံ၏ တွေ့ရှိချက်ထက် ကျမ်းမြတ်ကုရ် အာန်က နှစ်ပေါင်း ထောင်ကျော်စော၍ ဖေါ်ပြထားကြောင်းပါဝင်သည့် ကျမ်းမြတ်ကုရ်အာန်ကို ဖွင့်ဆိုရာ၌ အရဗီဝေါဟာရ၏ ကျယ်ပြန့်မှုများကို ရှုထောင့်စုံမှ ဖွင့်ဆိုနိုင်ခဲ့သူဖြစ်သည်။

၎င်း၏ဖွင့်ဆိုချက်တွင် နေ၏အလင်းရောင်အား "ဒွေယားအွန်" ဟုလည်းကောင်း၊ လ၏အလင်းရောင်ကို "နူးရွန်"ဟူ၍လည်းကောင်း၊ ကျမ်းမြတ်ကုရ်အာန်တွင် ခွဲခြားသုံးနှုန်းထားကြောင်းနှင့်စပ်လျဉ်းပြီး နေ၏အလင်း

"ဒွေယားအွန်" ဆိုသည်မှာ ကိုယ်ပိုင်အလင်း၊ အခြားအရာ များကိုည်း အလင်းပေးသော အလင်းရောင်ဟု အဓိပ္ပာယ်ရပြီး၊ လ၏ အလင်း "နူရွန်" ဆိုသော လင်းရောင်ခြည်သည် မိမိ၏ကိုယ်ပိုင်အလင်းရောင်မဟုတ်။ အခြားအလင်းရောင်၏ အလင်းပြန်မှုအပေါ် လင်းဝ င်းခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရကြောင်း အလင်းနှစ်ခုကိုခွဲခြား၍ ပထမဦးဆုံး ကျမ်းမြတ်ကုရ်အာန်ကို ခေတ်သိပ္ပံဖြင့် ဖွင့်ဆိုခဲ့သူဖြစ်သည်။

**Dr. Maurice Bucaille** သည် သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိချက်များနှင့် ကျမ်းမြတ်ကုရ်အာန်ပါ သိပ္ပံဆိုင်ရာ အာယတ်များကို ယှဉ်တွဲ၍ဖော်ပြနိုင် ခဲ့သူဖြစ်သည်။ ဥပမာအားဖြင့် တင်ပြရမည်ဆိုလျှင် စကြဝဠာကြီးသည် အချိန်တိုင်း ကျယ်ပြန့်လျက်ရှိနေကြောင်းကို" **Hubble Radio Telescope**"ခေါ် အာကာသအနုကြည့်မှန်ပြောင်းမှာ နှစ်အနည်းငယ်အလျင်ကမှ တွေ့ရှိချက်ဖြစ်ပေသည်။ အာကာသဆိုင်ရာ သိပ္ပံပညာရှင် များက အထက်ပါ စကြဝဠာကြီး အချိန်တိုင်း ကျယ်ပြန့်လျက်ရှိပုံ ရှင်းပြရာ၌ လေဘူဘောင်း တစ်လုံး၏အပေါ်တွင် ရောင်စုံအစက်အပြောက်များတစ်ညီတစ်ညာတည်း ရေးချယ်ပြီး လေဘူဘောင်းအတွင်းသို့ ဖြည်းဖြည်းလေမှုတ်သွင်းပါက လေဘူဘောင်းအပေါ်တွင် ရေးချယ်ထားသော အစက်အပြောက်များသည်တစ်ခုနှင့်တစ်ခု ဟန်ချက်ညီညီ အကွာအဝေးအချိုးညီစွာ ဝေးကွာလျက်ရှိပေမည်။ စကြဝဠာကြီးသည်လည်း ကျယ်ပြန့်လျက်ရှိရာ၊ စကြဝဠာတွင်ရှိနေသောဂြိုဟ်များအားလုံးသည်လည်း ဟန်ချက်ညီညီ အကွာအဝေး အချိုး ညီစွာ ကျယ်ပြန့်လျက်ရှိနေကြောင်းကို ဖော်ပြပါအနုကြည့် အာကာသမှန် ပြောင်းမှ တွေ့ရှိခဲ့ကြသည်။

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅၁) အာယတ်(၄၇)တွင်၊-

" ငါအရှင်မြတ်သည် မိုးကောင်းကင်ကို ကျယ်ပြန့်လျက်ရှိသော အရာအဖြစ် ဖန်ဆင်းခဲ့၏ "

ဖော်ပြပါ စကြဝဠာကြီး ကျယ်ပြန့်နေမှုအပေါ် သိပ္ပံတွေ့ရှိချက်နှင့်ကျမ်းမြတ်ကုရ်အာန်ပါ ဖော်ပြမှုတို့ကို ယှဉ်တွဲဖော်ပြသူဖြစ်သည်။

## ခေတ်တိုင်းအတွက် လမ်းညွှန်ကျမ်း

ကျမ်းမြတ်ကုရ်အာန်သည် လူသားတစ်ရပ်လုံးအတွက် ကိယာမသ် နေ့တိုင် လမ်းညွှန်လျက်ရှိနေမည့် ကျမ်းဖြစ်သည်။ ထိုကျမ်းပါ အာယတ်များ ကို ခေတ်အဆက်ဆက်ဖွင့်ဆိုခဲ့ကြသော مُفَسِّر များ၏ဖွင့်ဆိုချက်များသည် ၎င်းတို့ခေတ်၊ ၎င်းတို့ကာလနှင့်သာ အံဝင်ဂွင်ကျ ဖြစ်ပေမည်။ ခေတ်သစ်သိပ္ပံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အလျောက် ခေတ်သစ်အမြင်နှင့် ဖွင့်ဆိုချက်များသည် ထိုခေတ် ထိုကာလနှင့် လျော်ညီသော သိပ္ပံဆိုင်ရာ စွယ်စုံကျမ်းအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ နောင် နှစ်ပေါင်းများစွာနောက်ပိုင်းမက၊ ကိယာ မသ်တိုင် ခေတ်သစ်သိပ္ပံပညာရပ်များနှင့် ခေတ်သစ်သိပ္ပံဆိုင်ရာ ပညာရှင် များ၏ ရှေ့မှအမြဲရှိနေမည့် ကျမ်းမြတ်ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်အား လူသားတို့၏ ဘဝလမ်းညွှန်မှု ရှုထောင့်မှ ကြည့်ခြင်းအားဖြင့်လည်း ကမ္ဘာ့ဥပဒေစွယ်စုံကျမ်း အဖြစ် မြင်တွေ့ရပေမည်။

ကျမ်းမြတ်ကုရ်အာန်အား အလ္လာဟ်အရှင်မြတ်၏ ကရုဏာရလိုမှု ဖြင့် ဖတ်ရွတ်သရဇ္ဈာယ်ခြင်းအားဖြင့်လည်း အလ္လာဟ်အရှင်မြတ်၏ ကရုဏာများကို ရရှိခံစားရမည်ဖြစ်ပေသည်။

ကျမ်းမြတ်ကုရ်အာန်အား သတင်းကောင်းအဖြစ် ဖတ်ရှုလေ့လာ မည်ဆိုလျှင် မွတ်စလင်မ်များအတွက် သတင်းကောင်းပေးသော ကျမ်း အဖြစ်တွေ့ရှိ ခံားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်-------

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၁၆) အာယတ်(၈၉)တွင်၊-

"ငါအရှင်သည် အသင့်အပေါ်သို့ ကျမ်းမြတ်ကုရ်အာန်ကို အရာခပ်သိမ်းတို့၏ ရှင်းလင်းချက်အဖြစ်လည်းကောင်း၊ လမ်းညွှန်မှုအဖြစ်လည်း ကောင်း၊ မဟာကရုဏာအဖြစ်လည်းကောင်း၊ သတင်းကောင်းအဖြစ်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား အပ်နှင်းသူများအတွက် ချပေးခဲ့ လေသည် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၄၁) အာယတ်(၅၃)တွင်၊-

" မကြာမြင့်မီ ငါအရှင်သည် ထိုသူတို့အား မျက်စေ့တစ်ဆုံးမြင်တွေ့ရသော မိုးကုတ်စက်ဝိုင်းအတွင်းများ၌

လည်းကောင်း၊ ထိုသူတို့၏ ခန္ဓာကိုယ်ကိုယ်များအတွင်း၌လည်းကောင်း၊ ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို ပြသတော်မူမည်။ နောက်ဆုံးတွင် ၄င်းတို့၌ ဧကန်စင်စစ် (ကျမ်းမြတ်ကုရ်အာန်)မှန်ကန်ကြောင်း သိသာထင်ရှား၍ လာပေမည် "ဟုမိန့်ဆိုထား၏။

## တမန်တော်မြတ်၏ တာဝန်သည်

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၆) အာယတ်(၁၉)တွင်၊-

" (အို-နဗီ) မည်သူ၏ သက်သေခံခြင်းသည် အကြီးကျယ်ဆုံးဖြစ်ပါသနည်းဟု ထိုသူတို့အား မေးပါလေ။ အသင်ကပင် ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည်ပင် ကျွန်ုပ်နှင့်အသင်တို့စပ်ကြားတွင် သက်သေဖြစ်တော်မူပါသည်။ စင်စစ် ကျွန်ုပ်၏ထံ ဝ ယ် ဤကျမ်းမြတ်ကုရ်အာန်သည်(အလ္လာဟ်အရှင်မြတ် ထံတော်မှ ) ဝဟီအဖြစ် ပို့ချခဲ့ခြင်းဖြစ်ပေသည်။ ထိုကျမ်းမြတ်ကုရ်အာန်ဖြင့်၊ အသင်တို့အားလည်းကောင်း၊ ထိုကျမ်းမြတ်ကုရ်အာန် ရောက်ရှိသောသူတို့အား လည်းကောင်း၊ သတိပေးနှိုးဆော်ရန် ဖြစ်ပေသည် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၁၆) အာယတ်(၄၄)တွင်၊-

" ထို့မှတစ်ပါး ငါအရှင်မြတ်သည် အသင့်ထံသို့ ကျမ်းမြတ်ကုရ်အာန်ကို ချပေးတော်မူခဲ့၏။ အသင်သည် လူသားတို့အား ထိုကျမ်းပါ အမိန့် ပညတ်ချက်များကို အသေးစိတ်ရှင်းလင်းပြသရန် လည်းကောင်း၊ ထိုသူတို့သည် စဉ်းစားဆင်ခြင်ကြအံ့သောငှာ လည်းကောင်း၊ ဖြစ်ပေသည် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၄) အာယတ်(၁၀၅)တွင်၊-

" ဧကန် ငါအရှင်သည် အသင့်ထံသို့ ကျမ်းမြတ်ကုရ်အာန်ကို မှန် ကန်မှုနှင့်တကွ ချပေးခဲ့၏။ အသင်သည် ထိုသူတို့စပ်ကြားဝယ် အလ္လာဟ်အရှင်မြတ် ပြသတော်မူသည့်အတိုင်း ဆုံးဖြတ်ပါလေ "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၁၆) အာယတ်(၆၄)တွင်၊-

" စင်စစ်သော်ကား ငါအရှင်မြတ်သည် အသင်၏အပေါ်သို့ ကျမ်း မြတ် ကုရ်အာန်ကို ချပေးခဲ့သည်မှာ အသင်သည် ၄င်းတိုအား ကွဲလွဲ လျက်ရှိ ခဲ့ကြသော အကြောင်းအရာများကို ရှင်းလင်းအံ့သောငှာ လည်း ကောင်း၊ သက်ဝင်ယုံကြည်သူတို့အဖို့ တရားလမ်းညွှန်အဖြစ်လည်းကောင်း၊ ကရုဏာ အဖြစ်လည်းကောင်း ချပေးတော်မူခဲ့လေသည် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅) အာယတ်(၄၈)တွင်၊-

" ၄င်းအပြင် (အို-နဗီ) ငါအရှင်သည် အသင့်ထံသို့ မှန်ကန်သော ကျမ်း မြတ်ကုရ်အာန်ကို ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ ထိုကျမ်းသည်၄င်းအလျင်ရှိခဲ့သော ကျမ်းများကို ထောက်ခံလျက်ရှိ၏။ ၄င်းအပြင် ယင်း ကျမ်းများကိုလည်း ထိန်းသိမ်းစောင့်ရှောက်၏။ သို့ဖြစ်ပေရာ (အို-နဗီ)အသင်သည် ထိုသူတို့၏စပ်ကြားဝယ် အလ္လာဟ်အရှင်မြတ် ထုတ်ပြန် ချမှတ်ခဲ့ သည့်ကျမ်းဂန်နှင့်အညီ တရားဆုံးဖြတ်ပါလေ။ ၄င်းအပြင် အသင် သည်မိမိထံရောက်ရှိလာသော မှန်ကန်သောကျမ်းကိုစွန့်၍ ၄င်းတို့၏ အလိုဆန္ဒ ကို မလိုက်လေနှင့် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅) အာယတ်(၆၇)တွင်၊-

" အို-ရစူလ်တမန်တော် အသင်သည် မိမိ၏အရှင်မြတ်ထံမှ မိမိထံ သို့ ချပေးခြင်းခံရသော ဒေသနာများကို ပို့ဆောင်ဟောကြားပါလေ။ အကယ်၍ အသင်သည် ပို့ဆောင်ခြင်းမပြုခဲ့ပါလျှင် အသင်သည် ထိုအရှင်မြတ်၏ အကြောင်းကြားချက်ကို ပို့ဆောင်သည် မမည်ချေ။ (တနည်း)နဗီ တမန်တော်ဖြစ်ခြင်း၏ တာဝန်ကို ကျေ ပွန်စွာ ဆောင်ရွက်သည် မမည်ချေ။

အထက်ဖေါ်ပြပါ အာယတ်များကို ကြည့်ခြင်းအားဖြင့် တမန်တော် မြတ်သည် ကျမ်းမြတ်ပါ ဥပဒေများကို အသေးစိတ်ရှင်းလင်းပြသူ၊ လက်တွေ့အသေးစိတ် အကောင်အထည်ဖေါ်ပြသူဖြစ်သည်။ ထိုတမန်တော်မြတ်၏ကျမ်းမြတ်ပါ ဥပဒေများကို အသေးစိတ်ရှင်းလင်းပြချက်၊ ဖေါ်ပြချက်၊ ဘဝ တည်ဆောက်ပြမှုများကို

“ စွန္နဟ် ” ဟုခေါ်ဆိုသည်။ ထို စွန္နဟ် များသည် ကျမ်းမြတ်ကုရ်အာန်နှင့်အတူ ကိယာမသ်နေ့တိုင် ရှင်သန်နေမည့် ဥပဒေများဖြစ်ပေသည်။ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ ပို့ချခဲ့သော “ ဝဟီ ” မှလွဲ၍ မိမိသဘောဖြင့် ဘာတစ်ခုမျှ ပြောဆိုခြင်း မရှိခဲ့ပေ။ တမန်တော်မြတ်၏ ပြောဆိုခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ထုတ်ပြန်ပို့ချသော ဝဟီအတိုင်းသာ ပြောဆိုသည်။

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅၃) အာယတ် (၃-၄)၌-

“ ထိုမှတစ်ပါး (တမန်တော်)သည် (မိမိ)စိတ်အလိုဆန္ဒအရ ပြောဆို လေ့မရှိပေ။ ယင်းပြောဆိုမှုကား အလ္လာဟ်အရှင်မြတ်၏ ထုတ်ပြန်ပို့ချသော “ဝဟီ” ထုတ်ပြန်ချက်ဖြစ်သည် ”

ဖေါ်ပြပါ အာယတ်၏ ဝ ဟီ ဆိုသည်မှာ ကျမ်းမြတ်ကုရ်အာန်ကိုဆိုခြင်းဖြစ်သည်။ အထက်တွင် တင်ပြခဲ့သော စူရဟ်(၆) အာယတ်(၁၉)အရ[စင်စစ် ကျွန်ုပ်ထံဝယ် ထိုကျမ်းမြတ်ကုရ်အာန်သည် (အလ္လာဟ်ထံတော်မှ)ဝဟီ အဖြစ်ပို့ချခြင်း ဖြစ်သည်။] တမန်တော်မြတ်ထံသို့ အလ္လာဟ်အရှင်မြတ်စတင် ဝဟီပို့ချချိန် “ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ ရွေးချယ်ခံရသော နဗီဖြစ်ကြောင်း ” အများသူငှာက ယုံကြည်ရန်မှာ အဓိကကျသောအချက်ဖြစ်ပေသည်။ ထိုအချက်သည် အစ္စလာမ်သာသနာ စတင်ချိန်တွင်လိုအပ်သော ယုံကြည်မှုပိုင်းဆိုင်ရာ ကဏ္ဍဖြစ်သည်။

ထိုအချက်ကို ယုံကြည်သူများအတွက် တမန်တော်မြတ်ထံချပေးသော ဝဟီ (ခေါ်) ကျမ်းမြတ်ကုရ်တွင် ဖေါ်ပြထားသော တစ်ပါးတည်းသောအလ္လာဟ်အရှင်မြတ်ကို ယုံကြည်နိုင်မည်ဖြစ်သည်။ ထိုတစ်ပါးတည်းသော အလ္လာဟ်အရှင်မြတ်ကို လက်ခံယုံကြည်ခြင်းအားဖြင့်၊ နောင်တမန်လွန်ဘဝ၊ ကောင်းကင်တမန်များ၊ ဂျန္နသ်သုခဘုံ၊ ဂျဟန္နမ်အပယ်ငရဲ ကိယာမသ်(ခေါ်)သေပြီးနောက် ပြန်လည်ရှင်သန်ခြင်း၊ ကောင်းမြတ်သော ကျင့်စဉ်ကျင့်ရပ်၏ ရလဒ်အကျိုး၊ မကောင်းသော ကျင့်စဉ်ကျင့်ရပ်၏ ဆိုးကျိုးများကို အစားပေးမည့်နေ့၊ ကမ္ဘာဦးအစမှ ခေတ်အဆက်ဆက် စေလွှတ်ခဲ့သော နဗီတမန်တော်များ အကြောင်း၊ ထိုနဗီတမန်တော်များ၏ ခြေဖဝါးထပ်တူ လိုက်နာကျင့်သုံးသူများကို အလ္လာဟ်အရှင်မြတ် ဘေးအန္တရာယ်အသွယ်သွယ်မှ ကာကွယ်ခဲ့သည့်အကြောင်းများ၊ ထိုနဗီတမန်တော်မ ျားအား ဆန့်ကျင်ခဲ့သူများအပေါ် ကျရောက်ခဲ့သော ဘေးအန္တရယ်များအကြောင်းအပြင်၊ ဆွလာသ်၊ ဇကာသ်၊ဆွိယာမ်၊ ဟဂ်ျ ကဲ့သို့သော ပြုလုပ်ဆောင်ရွက်ရမည့် အပိုင်းများနှင့် တားမြစ်ထားသော ပြစ်မှုဒုစရိုက်များအကြောင်းများကို နားလည်သဘောပေါက် လိုက်နာကျင့်သုံးနိုင်မည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်က ဝဟီအဖြစ် တမန်တော်မြတ်ကို ချပေး သော ကျမ်းမြတ်ကုရ်အာန်ကို ပြန်လည်ပြောပြသူမှာ တမန်တော်မြတ်ဖြစ်သည်။ ထိုတမန်တော်မြတ်က ပြောပြခဲ့သော ကုရ်အာန်သည် တမန်တော်က သူ့သဘောနှင့်သူ ပြောပြခြင်းမဟုတ်။ အလ္လာဟ်အရှင်မြတ်က ဝဟီပို့ချသည့်အတိုင်းသာ ပြောခြင်းဖြစ်သည်ဟု အလ္လာဟ်အရှင်မြတ်က လူသား တစ်ရပ်လုံးကို လေးလေးနက်နက် ယုံကြည်နိုင်ရန် မိန့်ဆိုထားသောလ္လာဟ်ပို့ချသော ဝဟီများကို တမန်တော်က လိုတိုးပိုလျှော့ တည်းဖြတ်ခြင်းမပြုပဲ အတိအကျပြောသည်မှာ မှန်ကန်ပါသည်။ အသင်တို့ ယုံကြည်ကြ၊ အကယ်၍ တမန်တော်က အလ္လာဟ်ပို့ချသော ဝဟီများကို တမန်တော်မြတ်က လိုတိုးပိုလျှော့ပြုလုပ်ခဲ့လျှင်၊ မည်ကဲ့သို့ အရေးယူမည်ဆို သည်ကို ကျမ်းမြတ်ကုရ်အာန် စူရဟ်(၆၉) အာယတ်(၄၄-၄၅-၄၆)တို့၌၊-‘

“ စင်စစ်သော်ကား အကယ်၍သာ ထို(နဗီ)သည် ငါအရှင်မြတ်၏အချို့သောစကားများကို လုပ်ကြံပြောဆိုခဲ့ပါလျှင်၊ ငါအရှင်သည် ၎င်း၏ လက်ယာကို ဆွဲတော်မူမည်။ ထို့နောက် ငါအရှင်သည် ၎င်း၏နှလုံးကြော ကို ဖြတ်တောက်တော် မူခဲ့ပေမည် ”

## ဝဟီဆိုသည်မှာ

ကျမ်းမြတ်ကုရ်အာန်တွင် ပျားများထံသို့ အလ္လာဟ်အရှင်မြတ်က ဝဟီ ချပေးကြောင်းပါဝင်ပေသည်။ အလားတူ ကိယာမသ်နေ့တွင် ကမ္ဘာ မြေကြီးကို ဝဟီ ပို့၍ သတင်းစကားကို ပြောဆိုစေမည်ဟု ပါဝင်ပေသည်။ မူဆာ(عليه السلام)၏ မိခင်ထံသို့ ဝဟီချပေးကြောင်းပါဝင်ပေသည်။မရ်ယမ်သခင် မထံသို့ ကောင်းကင်တမန်တစ်ပါးကို စေလွှတ်၍ ပို့ပေးသော သတင်း စကားသည်လည်း ဝဟီ ဖြစ်ပေသည်။

ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန်အရ ၊ တမန်တော်မဟုတ်သူများ၊ ပျားသတ္တဝါများ၊ ကမ္ဘာမြေကြီးအား ပို့ချသည့်ဝဟီများနှင့် နဗီတမန်တော်များထံပို့ချပေးသော ဝဟီ များ၏ ကွာခြားချက်များကို သိရန်မှာ အလွန်အရေးပါသော အချက်ဖြစ်ပေသည်။

ဖေါ်ပြပါ မူဆာ(عليه السلام) ၏မိခင်၊ အီဆာ(عليه السلام) ၏မိခင် မရ်ယမ်သခင်မတို့အား ချပေးခဲ့သော ဝဟီများမှာ ၄င်းတို့နှင့်သာဆိုင်သော ဝဟီသတင်း စကားများ ဖြစ်ပေသည်။ အများသူငှာနှင့်ဆိုင်သော ဝဟီများမဟုတ်ပေ။

တမန်တော်များထံသို့ ချပေးသောဝဟီများမှာ ထိုတမန်တော်များကိုယ်စားပြု၍ ပွင့်ပေါ်ရသော လူမျိုးစုများ၊ နယ်ပယ်များ၊ ခေတ်များတွင်ရှိသူများနှင့်ဆိုင်သော ဝဟီများဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် နဗီ တမန်တော်များသည် ခေတ်တိုင်း၊ နေရာတိုင်း၊ လူမျိုးတိုင်းတွင် ထိုခေတ်၊ ထိုနေရာ ထိုလူမျိုးစုများအတွက် တရားလမ်းညွှန်မှုပြုရန် စေလွှတ်ခဲ့ပေသည်။

ဖေါ်ပြပါ ခေတ်တိုင်း၊ နေရာတိုင်း၊ လူမျိုးတိုင်းတွင် ပွင့်ပေါ်ခဲ့ကြသောနဗီတမန်တော်များထံ ကျရောက်ခဲ့သော ဝဟီများသည်လည်း၊ ထိုနဗီ တမန်တော်များ မရှိသည့်နောက်ပိုင်းတွင် မူရင်းများ ကွယ်ပျောက်ခဲ့ရ လေသည်။

ဖေါ်ပြပါတမန်တော်များ၊ ၄င်းတို့ထံကျရောက်ခဲ့သော ဝဟီများနှင့်တမန်တော်မြတ် မုဟမ္မဒ်(ﷺ) နှင့် ထိုတမန်တော်မြတ်ထံ ကျရောက်သောဝဟီ(ခေါ်)ကျမ်းမြတ်ကုရ်အာန်၏ ကွာခြားချက်ကိုလည်း သိထားရန် အရေးပါလှပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် တမန်တော်မြတ်အား **خَتَمُ النَّبِيِّينَ** ၊ နဗီတမန်တော်များ၏ ဥသျှောင်(ဝါ) နောက်ဆုံးနဗီဟု ဆိုထား သည်။ **رَحْمَةً لِّلْعٰلَمِيْنَ** စကြဝဠာအနန္တအတွက် မဟာက ရုဏာရှင် ဟု ဆိုထားပေသည်။ ထိုတမန်တော်မြတ်ထံ ဝဟီအဖြစ်ချပေး ခဲ့သော ကျမ်းမြတ်ကုရ်အာန်ကို **ذِكْرٌ لِّلْعٰلَمِيْنَ** စကြဝဠာတစ်ခုလုံးအတွက် လမ်းညွှန်ကျမ်းဟုဆိုထားပေသည်။

ဖေါ်ပြပါ တမန်တော်မြတ်ထံသို့ ဝဟီအဖြစ်ချပေးသော ကုရ်အာန်မှာ ကမ္ဘာ့လူသားများနှင့် ဆိုင်သော၊ ကိယာမသ်နေ့တိုင်၊ လူသားတစ်ရပ်လုံးလိုက်နာကျင့်သုံးရမည့် လူသားတို့၏ ဘဝတည်ဆောက်မှု ဥပဒေကျမ်းကြီးဖြစ်ပေသည်။ ထိုဝဟီ ဥပဒေကြီးကို ချပေးခဲ့ခြင်း၊ ထိုဥပဒေကျမ်းပါ စကားလုံးများ “ ၏သည် မလွဲ ” မူရင်းအတိုင်း အမြဲထာဝရ ထိန်းသိမ်း ခြင်းကို အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် တာဝန်ယူထားပေသည်။

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၁၅) အာယတ်(၉)တွင်၊-

“ ဧကန်စင်စစ် ငါအရှင်မြတ်သည်ပင်လျှင် ဆုံးမသြဝါဒတည်းဟူ သော ကျမ်းမြတ်ကုရ်အာန်ကို ချပေးတော်မူခဲ့၏။ ထို့မှတစ်ပါး ဧကန်အမှန်ငါအရှင်သည်ပင်လျှင်၊ ထို(ကျမ်း)ကို ထိန်းသိမ်းစောင့်ရှောက်တော်မူမည့် အရှင်ဖြစ်ပေသည် ”

တမန်တော်သည် နောက်ဆုံးတမန်တော်ဖြစ်သည်။ တမန် တော်မြတ်၏နောက်တွင် နဗီပွင့်ပေါ်ရန်မရှိတော့ပေ။ တမန်တော်မြတ် သည် ကမ္ဘာ့လူသားတစ်ရပ်လုံးအတွက် ပွင့်ပေါ်ခဲ့သော နဗီတမန်တော်ဖြစ်သည်။ ကမ္ဘာ့လူသားတစ်ရပ်လုံးအတွက် နောက်ဆုံးပွင့်ပေါ်ခဲ့သော တမန်တော်မြတ်ထံ ဝဟီအဖြစ်ချပေးခဲ့သော ကျမ်းမြတ်ကုရ်အာန်သည်လည်း လူသားတစ်ရပ်လုံးအတွက် ပြည့်ဝကုံလုံပြီး၊ ပြီးပြည့်စုံသည့် လူသားတစ်ရပ် လုံးအတွက် ဘဝတည်ဆောက်မှုဥပဒေ ဖြစ်လေသည်။ ကျမ်းမြတ်ကုရ် အာန်သည် လူသားဘဝတစ်ခုလုံးအတွက် လမ်းညွှန်ကျမ်းဖြစ်သည်။

## တမန်တော်မြတ်၏ စကားအားလုံး ဝဟီဖြစ်သလော။

အထက်တွင် ဖေါ်ပြခဲ့သည့် ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅၃) အာယတ် (၃-၄)တို့တွင်၊-

“ ထို့မှတစ်ပါး တမန်တော်သည် မိမိ၏ စိတ်အလိုဆန္ဒအရ ပြောဆိုလေ့မရှိ။ ယင်းပြောဆိုမှုကား အလ္လာဟ်အရှင်မြတ်၏ ထုတ်ပြန်ပို့ချသောဝဟီ ထုတ်ပြန်ချက်ဖြစ်သည် ”

ဖေါ်ပြပါ အာယတ်သည် တမန်တော်မြတ်ကပြန်လည်ပြောပြ သော ကျမ်းမြတ်ကုရ်အာန်တစ်အုပ်လုံးကို ဆိုခြင်းဖြစ်သည်။ ထိုကုရ်အာန်ပါ အာယတ်များအားလုံးသည် တမန်တော်မြတ်က မိမိသဘောနှင့် ပြော ခြင်းမဟုတ်။

တမန်တော်မြတ်၏ ပြောကြားချက်သည် အလ္လာဟ်အရှင် မြတ်က ထုတ်ပြန်ပို့ချသော ဝဟီ ထုတ်ပြန်ချက်ဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။ အထက်ပါ ဝဟီအတိုင်းသာ တမန်တော်မြတ်က ဆိုခြင်းဖြစ်သည်ဆိုသောအချက်သည် ကျမ်းမြတ်ကုရ်အာန်ကို ဆိုခြင်းဖြစ်ကြောင်း **مُفَسِّر** အားလုံးအဆိုညီစွာ လက်ခံထားပေသည်။

တမန်တော်မြတ်က နဗီအဖြစ် စတင်ကြေညာချိန်တွင် အရဗ်မျိုး နွယ်အားလုံး လိုလိုက စောဒက တက်ကြသည်မှာ အသင်နဗီဖြစ်ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်ထံမှ ဝဟီအဖြစ် ချပေးသော အာယတ်များ မှန်ကန်ကြောင်းကို သက်သေပြပါဟု ဆိုခဲ့ကြသည်။ ထိုအချိန်တွင် ကျမ်းမြတ်ကုရ်အာန် စူရဟ် (၆) အာယတ်(၁၉) ကျရောက်ခဲ့သည်။

" (အို-နဗီ) မည်သူ၏ သက်သေခံခြင်းသည်အကြီးဆုံးဖြစ်ပါသနည်းဟု ဆိုသူတို့အား မေးပါလေ။ အသင်ကပင် ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည်ပင် ကျွန်ုပ်နှင့် အသင်တို့စပ်ကြားတွင် သက်သေဖြစ်တော်မူပါသည်။ စင်စစ် ကျွန်ုပ်ထံဝယ် ဤကျမ်းမြတ်ကုရ်အာန်သည် အလ္လာဟ်ထံတော်မှ ဝ ဟီအဖြစ် ပို့ချခဲ့ခြင်းဖြစ်သည်။ ထိုကျမ်းမြတ်ကုရ်အာန်အားဖြင့်အသင်တို့အားလည်းကောင်း၊ ထိုကျမ်းမြတ်ကုရ်အာန်ရောက်ရှိသောသူတို့ အားလည်းကောင်း၊ သတိပေးနှိုးဆော်ရန် ဖြစ်ပေသည် "

တမန်တော်မြတ်သည် လူသားသဘာဝအလျောက် ပြောမှားဆိုမှားရှိခဲ့ကြောင်း ကျမ်းမြတ်ကုရ်အာန် စူရဟ်(၆၆) အာယတ်(၁)တွင်၊-

" အို-နဗီတမန်တော် ငါအရှင်မြတ်က ခွင့်ပြုထားသည့် သန့်ရှင်း သောအရာများကို အသင်က၊ အသင်၏ဇနီးများ၏ အလိုကျအဘယ် ကြောင့် " ဟရာမ် " ဟူ၍ တားမြစ်သနည်း "

အလားတူ စူရဟ်(၁၈) အာယတ်(၂၃-၂၄)တွင်၊-

" အို-တမန်တော် တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အလိုတူပါလျှင်ဆိုသော စကားလုံးမဆိုပဲ၊ နက်ဖြန်လုပ်မည်(ပြောမည်)ဆို သည့် အသုံးအနှုန်းကို ဘယ်သောအခါမျှ မဆိုလေနှင့် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၁၈) အာယတ်(၁၁၀)တွင်၊-

" (အို-နဗီ) အသင်ပြောကြားလိုက်၊ ကျွန်ုပ်သည် အသင်တို့ကဲ့သို့သော လူသားဖြစ်သည်။ သို့သော် ကျွန်ုပ်ထံသို့ ဝဟီ ပို့ချခြင်းခံခဲ့ရသည် "

ဗူခါရီကျမ်းနှင့် မွတ်စလင်မ်ကျမ်းတို့တွင် အဆိုညီစွာဖေါ်ပြခဲ့သောဟဒီဆ်များ၊-

**اِنَّمَا اَنَا بَشَرٌ مِثْلُكُمْ اَنْسٰى كَمَا تَنْسَوْنَ فَاِذَا نَسِيْتُ فَذَكِّرُوْنِىْ وَاِذَا شَكَّ اَحَدُكُمْ**
**فِىْ صَلاَتِهٖ فَلْيَتَحَرَّ الصَّوَابَ فَلْيُتِمَّ عَلَيْهِ ثُمَّ لِيَسْجُدْ سَجْدَتَيْنِ (مُتَّفَقٌ عَلَيْهِ)**

ကျွန်ုပ်သည် အသင်တို့ကဲ့သို့ လူသားဖြစ်သည်။ အသင်တို့မေ့တတ်သကဲ့သို့ ကျွန်ုပ်လည်း မေ့မှားတတ်သည်။ ကျွန်ုပ်၏ဆွလာသ်များတွင် မှားယွင်းမှုရှိပါက အမှားပြင်ပေးပါ။ သို့မဟုတ် စဂျ်ဒဟ်ဆဟူ ပြုပါ။

ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန်အာယတ်များအရ လည်းကောင်း၊ ဟဒီဆ်အရလည်းကောင်း၊ တမန်တော်မြတ်သည် လူသားတစ်ဦးဖြစ်သည်။

လူသားသဘာဝ မေ့မှားပြောဆိုမှုများ ရှိခဲ့သည့်အတွက် ကျမ်းမြတ်ကုရ်အာန်တွင် တမန်တော်မြတ်အား တိုက်ရိုက် တားမြစ်ခဲ့ခြင်း ဖြစ်ပေသည်။

## ကုရ်အာန်မှအပ အခြားဝဟီများ

တမန်တော်မြတ်ထံသို့ ကျမ်းမြတ်ကုရ်အာန် ဝဟီအပြင် အခြားဝဟီများ ကျရောက်ခဲ့ခြင်း ရှိမရှိဆိုသော ကိစ္စရပ်နှင့်စပ်လျဉ်း၍ တမန်တော်ထံသို့ကမ္ဘာ့လူသားတစ်ရပ်လုံးနှင့်ဆိုင်သော ကိယာမသ်နေ့တိုင် တည်ရှိနေမည်ဖြစ် သော ကျမ်းမြတ်ကုရ်အာန် ဝဟီသည် လူ့ဘဝတစ်လျှောက်လုံးအတွက် ပြီးပြည့်စုံခဲ့ပြီဖြစ်ကြောင်း စူရဟ်(၅) အာယတ်(၃)တွင်၊-

" ယနေ့သော်ကားငါအရှင်သည် အသင်တို့အဖို့ 'ဒီန်' သာသနာကို ပြီးပြည့်စုံတော်မူခဲ့လေသည်။ ၎င်းအပြင် ငါအရှင်သည် အစ္စလာမ်သာ သနာကို အသင်တို့အဖို့ ဘဝတည်ဆောက်မှုလမ်းစဉ်အဖြစ် သဘောတူ နှစ်မြို့တော်မူခဲ့လေသည် "

အထက်ပါအာယတ်အရ အစ္စလာမ်သာသနာပြီးပြည့်စုံခဲ့သည်မှာတမန်တော်မြတ် မကွယ်လွန်မီ (၈၁) ရက်အလိုကပင် ဖြစ်ပေသည်။ ထိုကျမ်းမြတ်ကုရ်အာန် ဝဟီများကို တမန်တော်မြတ်က မိမိကိုယ်တိုင် အာဂုံ ဆောင် မှတ်တမ်းတင်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်ကိုယ်တိုင်က တမန် တော်မြတ်အား စူရဟ်(၈၇) အာယတ် (၆-၇)တို့တွင်၊-

" ငါအရှင်သည် အသင့်အားဖတ်ကြားစေတော်မူမည်။ သို့ဖြစ်ပေရာအလ္လာဟ်မြတ် အလိုတော်ရှိသည်မှအပ၊ အသင်သည် မေ့လျော့မှုရှိမည်မဟုတ် တော့ပြီ "

ဖေါ်ပြပါအာယတ်သည် တမန်တော်မြတ်အား အလ္လာဟ်အရှင် မြတ်က ကျမ်းမြတ်ကုရ်အာန်ဝဟီကို မမေ့နိုင်သောနည်းဖြင့် သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ တမန်တော်မြတ်သည် ကျမ်းမြတ်ကုရ်အာန် ဝဟီများ စတင် ကျရောက်ချိန်မှ ပြီးပြည့်စုံသည်အထိ ၂၃ နှစ်လုံးလုံး ၎င်းကိုယ်တိုင် အလွတ်ကျက်မှတ်ခြင်း၊ ဆွဟာဘာများကိုလည်း အလွတ်ကျက်မှတ်စေခြင်း၊ ပေ ပရပိုက်များပေါ်တွင်လည်း မှတ်တမ်းတင်စေခြင်း။ ထိုဝဟီဥပဒေများကို ဆွဟာဘာများနှင့်အတူ ဘဝတည်ဆောက်ခြင်းအားဖြင့် လက်တွေ့ အကောင်အထည်ဖေါ် ကျင့်သုံးခဲ့လေသည်။

မန်တော်မြတ်သည် ကျမ်းမြတ်ကုရ်အာန်ကဲ့သို့ လူသားတစ်ရပ် လုံးနှင့်ဆိုင်သော အခြားဝဟီများရှိခဲ့ပါက ကျမ်းမြတ်ကုရ်အာန်ကို မှတ်တမ်းတင်သကဲ့သို့ အခြားအများနှင့်ဆိုင်သော ဝဟီများကိုလည်း မှတ်တမ်းတင်ခဲ့မည်ဖြစ် ပေသည်။ တမန်တော်မြတ်ထံသို့ တမန်တော်တစ်ဦးတည်းနှင့်ဆိုင်သော အခြားဝဟီများ ကျရောက်ခဲ့ကြောင်း ကျမ်းမြတ်ကုရ်အာန်တွင် ဖေါ်ပြထားပေသည်။ ကျမ်းမြတ်ကုရ်အာန် စူရဟ်(၄) အာယတ်(၁၁၃)တွင်၊-

" ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်၏အပေါ်ဝယ် ကျမ်းမြတ်ကုရ်အာန်ကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်းကောင်း၊ ချပေးတော်မူခဲ့၏။ ၎င်းပြင် အသင်မသိနားမလည်ခဲ့သော အရာများကိုလည်း အသင့် အား သင်ကြားပြသတော် မူခဲ့၏ "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၂) အာယတ်(၁၅၁)တွင်၊-

" ငါအရှင်သည် အသင်တို့ထံဝယ် အသင်တို့အနက်မှ ရစူလ်တစ်ပါးကိုစေလွှတ်ခဲ့၏။ ထိုတမန်တော်သည် ငါအရှင်မြတ်ပို့ချသော ဒေသနာများကို အသင်တို့ရှေ့ဝယ် ရွတ်ဖတ်သရဇ္ဈာယ်သည်။ ထို့ပြင် အသင်တို့၏ စိတ်နှလုံးများကို သန့်စင်အောင်ပြုပေးသည်။ ထိုမျှမက အသင်တို့အားကျမ်းဂန်နှင့် အသိအလိမ္မာများကို သင်ကြားပြသခဲ့လေသည်။ ထို့ပြင် အသင်တို့ မသိနားမလည်သော အကြောင်းအရာ အရပ်ရပ်တို့ကိုလည်း သင်ကြားပေးခဲ့သည် "

ဖေါ်ပြပါ အာယတ်များအရ တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ်က သင်ကြားပေးခဲ့သည်။ ထိုကဲ့သို့ တမန်တော်မြတ်အား အလ္လာဟ်အရှင်မြတ်က သင်ကြားပေးခြင်းသည် ဝဟီအားဖြင့် သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ထိုဝဟီသည် တမန်တော်မြတ်တစ်ပါးတည်းနှင့် ဆိုင်သော ဝဟီ ဖြစ်ပေသည်။ ဥပမာ- လူသားအားလုံးနှင့် စပ်ဆိုင်သော ကျမ်းမြတ်ကုရ် အာန်တွင် ဆွလာသ်၊ ဇကာက်၊ ဟဂ်ျ ကဲ့သို့သော ဥပဒေများကို အသေးစိတဆောင်ရွက်ပုံ ဆောင်ရွက်နည်း ကျမ်းမြတ်ကုရ်အာန်တွင် ဖေါ်ပြထားခဲ့ခြင်း မရှိပေ။ အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်တစ်ဦးတည်းနှင့်ဆိုင် သော ဝဟီအားဖြင့် တမန်တော်အား သင်ကြားပေးခဲ့သည်။ ထိုဝဟီအားဖြင့် သိရှိခဲ့သော တမန်တော်မြတ်က လူသားတစ်ရပ်လုံးနှင့်ဆိုင်သော ဥပဒေများကို အသေးစိတ်သင်ကြားပေးခြင်း၊ ကိုယ်တိုင်သရုပ်ပြဆောင်ရွက်ခဲ့ခြင်းများကို "စွန္နဟ်" ဟုခေါ်သည်။

အဘယ်ကြောင့်ဆိုသော်၊ <u>စွန္နဟ်</u>ဆိုသည်မှာ ကျမ်းမြတ် <u>ကုရ်အာန်</u>၏<u>အရှင်းအမြစ်ပင်စည်</u>မှ ဖြာထွက်လာသော <u>အကိုင်းအခက်</u>၊ <u>အသီးအပွင့်</u>တို့ ဖြစ်သည်။ စွန္နဟ်များသည် ကျမ်းမြတ်ကုရ်အာန်နှင့် မဆိုင်

သော သီးခြားအပင်ကွဲများမဟုတ်ပေ။ အလားတူ တမန်တော်မြတ်ထံသို့၂၃ နှစ်တိုင်တိုင် ကျမ်းမြတ်ကုရ်အာန် ကျရောက်ခဲ့သည်။ ထို ၂၃ နှစ်လုံးလုံးတစ်ဖြည်းဖြည်းခြင်း ကျရောက်ခဲ့သော ဥပဒေများကို တမန်တော်မြတ်က အသေးစိတ် ဆောင်ရွက်ခြင်း၊ ဆွဟာဘာကြီးများနှင့် ဘ၀တည်ဆောက်ခဲ့ခြင်းအားဖြင့် အစ္စလာမ်သည် ပြီးပြည့်စုံပြီးဖြစ်သည်။ ထိုကဲ့သို့ ပြီးပြည့်စုံပြီးဖြစ်သော အစ္စလာမ်သာသနာ(ဝါ)ဘ၀တည်ဆောက်မှုလမ်းစဉ်ကြီးသည် အရှိန်အဟုန်ဖြင့် ကမ္ဘာတစ်ဝှမ်းလုံးကိုလွှမ်းခြုံနိုင်ခဲ့သည်။ တမန်တော်မြတ်ကွယ်လွန်ပြီး နှစ်ပေါင်း နှစ်ရာပတ်ဝန်း ကျင်လောက်တွင် အစ္စလာမ်သာသနာအတွင်း ခလီဖာအမည်ခံ သက်ဦးဆံပိုင်ဝါဒများနှင့်အတူ သာသနာပိုင်ဝါဒများက ခေါင်းထောင်ထလာခဲ့သည်။ ဤကဲ့သို့ သက်ဦးဆံပိုင်ဝါဒနှင့် သာသနာပိုင်ဝါဒသည် အတိတ်ကာလ အစ္စလာမ် အလျင်က ရှိခဲ့သော ဝါဒများဖြစ်သည်။

ထိုအချိန်မှစ၍ ဖေါ်ပြပါ အစ္စလာမ်သာသနာနှင့် ဆန့်ကျင်သော ကျမ်းမြတ်ကုရ်အာန်က တားမြစ်ထားသော သက်ဦးဆံပိုင်ဝါဒနှင့် သာသနာ ပိုင်ဝါဒက လွှမ်းမိုးခဲ့သည်။ ထိုဝါဒများ တည်မြဲရေးအတွက် အစ္စလာမ် သာသနာ၏ အခြေခံဥပဒေဖြစ်သော ကျမ်းမြတ်ကုရ်အာန်သည် ဖတ်ရုံ သက်သက်အဖြစ် တည်ရှိခဲ့သည်။ ဖေါ်ပြပါ သက်ဦးဆံပိုင် ခလီဖာများ ခေတ် သာသနာပိုင်များက လူရေးကျမ်းများ၊ လူရေးဥပဒေများကို အခြေခံသောဥပဒေများအားဖြင့် တရားဆုံးဖြတ်ခြင်း၊ ဘာသာရေးကျောင်းများ တွင် သင်ကြားပေးခြင်းအားဖြင့် အများမွတ်စလင်မ်များ၏ အသိဉာဏ်များ ကို ဆေးကျော်ခြင်းခံခဲ့ရသည်။ ဖေါ်ပြပါ လူရေးကျမ်းများ၊ လူရေးဥပဒေများသာလျှင် အစ္စလာမ်၏ အနှစ်သာရများဖြစ်သည်ဟု ခေတ်အဆက်ဆက်ခံယူလာခဲ့ကြသည်။ ထိုခံယူချက်များသည် ရှိုတွင်းချဉ်ဆီအတွင်းသို့ပင် စွဲစေ ခဲ့သည်။ ထိုအစွဲ၊ ထိုအယူဝါဒများကိုလည်း ခေတ်အဆက်ဆက် မက်မက် မောမော လိုလိုချင်ချင် ဆည်းပူး လာခဲ့ကြသည်။

ထိုကဲ့သို့သော ဝါဒမှိုင်းများအောက်တွင် နှစ်ပေါင်းများစွာ၊ မျိုးဆက်ပေါင်းများစွာ၊ နေခဲ့ကြရသည်အတွက် အစ္စလာမ်သာသနာသည် အမြဲ တမ်းလိုအပ်ချက်များရှိနေသည်။ ထိုလိုအပ်ချက်များကို ဖြည့်စွက်ပေးနိုင်ရန်ကယ်တင် ရှင်များ ရှိရမည်ဆိုသော အယူဝါဒက လွှမ်းမိုးလျက်ရှိပေသည်။ ထိုခေတ် သာသနာပိုင်များ၏ ဆိုထုံးရှိခဲ့သည်မှာ ပညာရှင်တစ်ဦး၏ ဆုံး ဖြတ်ချက်မှန်လျှင် ကုသိုလ်ဆ၀ါဗ် တစ်ခုသာလျှင်ရမည်။ ထိုပညာရှင်၏ ဆုံးဖြတ်ချက်မှားပါက ကုသိုလ်ဆ၀ါဗ် ၁၀ ဆရမည်ဟူ၏။ ပညာရှင် အချင်းချင်း အငြင်းပွားခြင်းသည် “ရဟ်မသ်” ဟူသောအဆိုများအား ရှေ့တမ်းတင်ခဲ့သည်။ အယူအဆ ကွဲပြားခြားနားသော ပညာရှင်များကို၄င်းတို့ခေတ်ကျောင်းများမှ မွေးထုတ်ပေးခဲ့ကြသည်။ ထိုအယူအဆမတူ သော ကျောင်းများမှ မွေးထုတ်လိုက်သော ပညာရှင်များအချင်းချင်း အငြင်းပွားခြင်းများအတွင်း အချိန်ကုန်ခဲ့ကြသည်။ စည်းလုံးညီညွတ်မှုပြိုကွဲ လာကြသည်။ အယူဝါဒမတူသူ နောက်လိုက် မွတ်စလင်မ်အချင်းချင်း ဝါဒရေးရာပြဿနာများ ပွားများကြသည်။ ဤသည်မှာ သာသနာပိုင်ဝါဒ နှင့် သက်ဦးဆံပိုင်စနစ်တို့၏ ဆိုးမွေးများပင်ဖြစ်ပေသည်။

♣♣♣♣♣♣♣♣♣♣♣♣

# ဟဒီဆ်များကို စုဆောင်းခြင်း

ဟဒီဆ်များအားရေးသား မှတ်တမ်းတင်ရန် တမန်တော်မြတ်က တားမြစ်ခဲ့၏။ ထိုကဲ့သို့ တားမြစ်ခြင်းသည် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီဆ်များရောထွေးသွားမည်ကို စိုးရိမ်၍ တမန်တော်မြတ် တားမြစ်ခဲ့သည်။ ဟဂ်ျ ဂျသွလ်ဝိဒဟ်တွင် တမန်တော်မြတ်က မှတ်တမ်းတင်ရန် ခွင့်ပြုခဲ့သည်။ တမန်တော်မြတ် နောက်ပိုင်း ဆွဟာဘာများက တိုင်းပြည်အရေး၊ မွတ် စလင်မ် အရေးတို့ဖြင့် ရှုပ်ထွေးနေ၍ တမန်တော်မြတ်၏ ဟဒီဆ်များကို မှတ်တမ်းတင် နိုင်ခဲ့ခြင်းမရှိပေ။ ထိုကဲ့သို့ပင် သာဗေအီန်များခေတ်တို့ တွင်လည်း တိုင်းပြည်အရေး၊ အစ္စလာမ့်အုပ်ချုပ်ရေးများကြောင့် မှတ်တမ်းမတင်နိုင်ခဲ့ပေ။

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

အွမ္မရ်ဗင်န်အဗ္ဗဒွလ်အဇီဇ် ( **AD 717-720** ) အုပ်ချုပ်ချိန်က ဦးဆောင်၍ ဟဒီဆ်များကို မှတ်တမ်းတင်ရန် ပြုလုပ်နေစဲ ကွယ်လွန်သွားခဲ့သည်။ ထို့အတွက်ကြောင့် ဟဒီဆ်များကို ဆွဟာဘာများ၊ သဗေအီန် များ ခေတ်တို့တွင် မှတ်တမ်းတင်နိုင်ခဲ့ခြင်းမရှိဟု ဆိုခဲ့ကြသည်။

ဆွဟာဘာများနှင့် စပ်လျဉ်းပြီး ကျမ်းမြတ်ကုရ်အာန်တွင် "ငါအရှင်မြတ်သည် ထိုသူများအား ကျေနပ်နှစ်သက်သကဲ့သို့ ထိုသူများကလည်း ငါအရှင်မြတ်အား ကျေနပ်နှစ်သက်သည် " ဟု ဆိုထားသည်။ သူတို့သည် တမန်တော်မြတ်လက်ထက်တွင် ကျမ်းမြတ်ကုရ်အာန် ဥပဒေ များကို လိုက်နာကျင့်သုံးရာ၌ တမန်တော်မြတ်၏ ဖဝါးထပ်တူ တသွေမတိမ်းလိုက်နာကျင့်သုံးခဲ့ကြသော ဆွဟာဘာများဖြစ်သည်။ ဖော်ပြပါဆွဟာဘာ ကြီးများသည် သာသနာနှင့်ပတ်သက်၍ ပြုလုပ်ဆောင်ရွက်ရမည့် တာဝန်များရှိခဲ့ပါက မည်သည့်အရေးကိစ္စများပင် ရှိနေပါစေ၊ လုပ်ဆောင်ရမည့် တာဝန်များကို ပျက်ကွက်ကြမည် မဟုတ်ပေ။

ဆွဟာဘာကြီးများနှင့် စပ်လျဉ်း၍ မြောက်များစွာသော သမိုင်းမှတ်တိုင်များအနက် မှတ်တိုင်တစ်ခုဖြစ်သော ပထမဆုံး ခလီဖာကြီး အဗူဘက္ကရ်၏ အကြောင်းကို တင်ပြပါမည်။ ဟဂ်ျဂျသွလ်ဝိဒဟ်တွင် တမန်တော်မြတ်ထံသို့ ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅) အာယတ်(၃)တွင် သာ သာနပြီးပြည့်စုံသည့် နောက်ဆုံးအာယတ်ကျရောက်ခဲ့၏။ ထိုအာယတ် ထိုနေ့ ထိုအချိန်မှစ၍ အဗူဘက္ကရ်သခင်သည် မျက်နှာမကောင်းပဲ ဗလီ၏ ထောင့်တစ်နေရာတွင် မှိုင်နေခဲသည်။ အဖြစ်အပျက်ကို ရိပ်စားမိသော အခြားဆွဟာဘာများက အဖြစ်အပျက်မှန်ကို မေးမြန်းကြ၏။ ထိုအခါ အဗူဘက္ကရ်သခင်က ဆိုသည်မှာ အစ္စလာမ့်သာသနာပြည့်စုံပြီးဖြစ်၍ တမန်တော်မြတ်သည်လည်း ကျွန်ုပ်တို့နှင့်အတူ ရှိနိုင်တော့မည်မဟုတ်ဟု တမန်တော်မြတ် ကွယ်လွန်တော့မည့်အကြောင်းကို ကြိုတင်သဘောပေါက် သူဖြစ်သည်။ (မက်သူဘာသ်၊ အိမာမ် ရဗ္ဗာနီကျမ်း)

တမန်တော်မြတ် အလွန်အမင်း အပြင်းဖျားနေချိန်တွင် အိုဆာမဟ်သခင်ဦးစီးသော စစ်တပ်ကြီးသည် စစ်ချီတက်မည့်အရေး နှောင့်နှေးခဲ့ရ သည်။ တမန်တော်မြတ် သတိလစ်သွားရာမှ ပြန်လည်သတိရတိုင်း အိုဆာမဟ်သခင်၏ စစ်တပ်ကို စစ်ထွက်ခိုင်းပါဆိုသောစကားကို ထပ်ခါ တစ်လဲလဲ ဆိုခဲ့လေသည်။ နောက်ဆုံး တမန်တော်မြတ် ကွယ်လွန်ခဲ့၏။ တမန်တော်မြတ် ကွယ်လွန်သည့်သတင်း ပျံ့နှံ့သွားသည် နှင့် ရောမမှ စစ်တပ်တစ်တပ် စစ်ချီလာတော့မည်သတင်း၊ အချို့နယ်ပယ်များ က တမန်တော်မရှိတော့၍ ဂျိဇ်ယာမပေးတော့ ဟုကြွေး ကျော်သူများကကြွေးကျော်ခဲ့ကြသည့်သတင်း၊ အချို့ပြည်နယ်များတွင် နဗီအတုများပေါ် ထွက်လာသည့်သတင်းကလည်း ထွက်လာခဲ့သည်။

တမန်တော်မြတ် ကွယ်လွန်ပြီးနောက် အများမွတ်စလင်မ်များ၏ ရွေးချယ်မှုအရ အဗူဘက္ကရ်သခင်သည် မွတ်စလင်မ်များ၏ ပထမဦးဆုံး ခလီဖာ ဖြစ်လာခဲ့သည်။ အဗူဘက္ကရ်သခင်သခင် ခလီဖာ ဖြစ်ဖြစ်ချင်းပင်ပထမဦးဆုံး အကောင်အထည်ဖော်သောလုပ်ငန်းမှာ အိုဆာမဟ်သခင်၏စစ်တပ်ကြီး စစ်ချီတက်ရန်ဖြစ်သည်။ ထိုအခါ အခြားဆွဟာဘာကြီးများ က ရောမကလည်း စစ်ချီတက်၍ မွတ်စလင်မ်များကို တိုက်ခိုက်တော့မည်၊ လက်အောက်ခံနယ်မြေ အချို့ကလည်း ပုန်ကန်တော့မည့်သတင်း ထွက်နေသည်။ နဗီအတုအယောင်ကိစ္စကလည်း ရှိသေးသည်။ ထိုကဲ့သို့သော အချိန်တွင် အလွန်အင်အားကြီးမားသော အိုဆာမဟ်သခင်၏ စစ်တပ်ကို စစ်ထွက်ခိုင်းပါက အများမွတ်စလင်မ်များအတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်ဟုဝိုင်းဝန်းအကြံပေးခဲ့ကြသည်။

ထိုအခါ အဗူဘက္ကရ်သခင်က ဆိုသည်မှာ တမန်တော်မြတ်၏ဆန္ဒဖြစ်သော အိုဆာမဟ်သခင်၏ စစ်တပ်ကို စစ်ထွက်ရန် ဆောင်ရွက်ရမည်မှာကျွန်ုပ်၏တာဝန်ဖြစ်သည်။ ထိုကဲ့သို့ တမန်တော်မြတ်၏ မကွယ်လွန်မီ အလျင်က စီစဉ်ခဲ့သော၊ ကွယ်လွန်ခါနီး၌ပင် တစ်ဖွဖွပြောခဲ့သော ကိစ္စကိုအကောင်အထည်ဖော်ခြင်းအားဖြင့် ရောမစစ်တပ်များက လာရောက်တိုက်ခိုက်၍ ကျွန်ုပ်အပါအဝင် တမန်တော်မြတ်၏ ကြင်ယာတော်များ၊ မွတ် စလင်မ်များအားလုံး စစ်ပွဲတွင် ကျဆုံးခဲ့ပါစေ၊ ထိုကဲ့သို့ ကျဆုံးခဲ့သော အလောင်းများကို သင်္ဂြိုဟ်မည့်သူ မရှိ၍ ကျေးငှက်၊ လင်းတကဲ့သို့သော သားကောင်များစားခဲ့လျှင် စားကြပါစေ။ ကျွန်ုပ်ကတော့ တမန်တော်မြတ်၏ဆန္ဒကို အကောင်အထည်

ဖေါ် ရမည်ဖြစ်သည်ဟု မိန့်ခွန်းချွေခဲ့သည်။ ထိုမိန့်ခွန်းပြီးသည်နှင့် အိုဆာမဟ်သခင်ကို မြင်းပေါ် တက်စေ၍ ၎င်းကမြင်း ဇက်ကြိုးကိုကိုင်ကာ မြို့ပြင်အထိ လိုက်ပို့ခဲ့သည်။

ဖေါ်ပြပါ အဗူဘက္ကရ်သခင်၏ ဆောင်ရွက်မှုကြောင့် ရောမမှ စစ်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းတို့၏ စစ်ကြေညာချက်ကို သိရှိပါလျက်၊ အိုဆာမဟ်သခင် ဦးဆောင် သော စစ်တပ်ကြီးကို စစ်ထွက်စေခြင်းသည် မွတ်စလင်မ်တို့တွင် အလွန် အင်အားကြီးသော စစ်တပ်များလည်း ရှိနေဦးမည်ဟု ယူဆခဲ့သောကြောင့်ဖြစ်ပေသည်။

(မောင်လာနာ ယူစွဖ် ကန်ဒလဝီ၏ ဟယာသွဆ်ဆွဟာဗာကျမ်း)

တမန်တော်မြတ်၏ဆန္ဒကို အကောင်အထည်ဖေါ်ရာတွင် မည် သည့်ကိစ္စရပ်များကြောင့်မှ အဟန့်အတားမဖြစ်စေခဲ့သော ဆွဟာဘာ များအနေဖြင့် ကျမ်းမြတ်ကုရ်အာန်ကို မှတ်တမ်းတင်သကဲ့သို့ ကျမ်းမြတ်ကုရ် အာန်၏ ပြင်ပမှဖြစ်သော အများမွတ်စလင်မ်များနှင့်ဆိုင်သည့် ဝဟီများကိုလည်း တမန်တော်မြတ်၏ဆန္ဒအတိုင်း မှတ်တမ်းတင်ခဲ့ကြမည်သာ ဖြစ်ပေ သည်။ ယနေ့ မျက်မှောက်ခေတ်တွင် ရှိနေသော ဟဒီဆ်ကျမ်းများတွင် ဆွဟာဘာကြီးများ ကိုယ်တိုင်ရေးသားထားသော မှတ်တမ်းမှတ်ရာဟူ၍ တစ်စုံတစ်ရာမှ မတွေ့ခဲ့ရပေ။

## ဟဒီဆ်ငြင်းသူများနှင့် ဆန့်ကျင်သူများ

ငြင်းသူနှင့်ဆန့်ကျင်သူဆိုသော ဝေါဟာရနှစ်မျိုးသည် ကွဲပြားခြား နားသော ဝေါဟာရများ ဖြစ်သော်ငြားလည်း အဓိပ္ပာယ်ဖွင့်ဆိုရာ၌ တူညီသော သဘောကိုဆောင်နေပေသည်။

ဥပမာ၊----- ဟဒီဆ်များကို လက်မခံသူကို ဟဒီဆ်ငြင်းပယ်သူဟုခေါ် ဆိုကြမည်။ အလားတူ ဟဒီဆ်သြဝါဒပါ ကိစ္စများနှင့် ဆန့်ကျင်၍ ပြုလုပ်သူများကို ဟဒီဆ်ဆန့်ကျင်သူဟု ခေါ်ဆိုကြမည်ဖြစ်သည်။ ဖေါ်ပြပါငြင်းသူနှင့် ဆန့်ကျင်သူကို ဥပဒေရှုထောင့်မှ ကြည့်မည်ဆိုပါက နှစ်ဦးစလုံးသည် တူညီသော ပြစ်မှုကျူးလွန်သူများ ဖြစ်ကြပေသည်။

ဗူခါရီကျမ်း ဆွလာသ်ကဏ္ဍတွင် တမန်တော်မြတ်နှင့်အတူ အမျိုး သားများကဲ့သို့ အမျိုးသမီးများလည်း အနောက်ဆုံးအတန်းမှ ဂျမာအသ်ဖြင့်ဝတ်ပြုခဲ့ကြသည်။ အမျိုးသမီးများနှင့် ပါလာသော ကလေးငယ်များ၏ ငိုသံကြောင့် တမန်တော်မြတ်က ဆွလာသ်ဝတ်ပြုမှုကို စူရဟ်တိုတိုတွဲ၍ အဆုံးသတ်ခဲ့သည်။ အလားတူ ဂျနာဇဟ် ဆွလာသ်ဝတ်ပြုရာ၌လည်း အမျိုးသမီးများပါဝင်၍ ဝတ်ပြုခဲ့ကြသည်။ သင်္ချိုင်းများတွင် အမျိုးသားများနည်းတူ အမျိုး သမီးများလည်း ဇေယာရသ်ပြုလုပ်ခဲ့ကြသည်။ အစ်ဒဂါကွင်းပြင်တွင် တမန်တော်မြတ်၏ ဦးဆောင်မှုဖြင့် အီဒ်ဆွလာသ်များကို အမျိုးသားများနည်းတူ အမျိုးသမီးများပါ စုပေါင်း၍ ဝတ်ပြုခဲ့ကြသည်။ ကိုယ်မသန့်သောအမျိုး သမီးများကိုပင် အစ်ဒဂါသို့လာရောက်ခွင့်ပြုပြီး နောက်ဆုံးမှနေကာ တောင်းဆုဒုအာ၌ ပါဝင်ခွင့် ပြုခဲ့သေးသည်။

ဗူခါရီကျမ်း တွလာက်ကဏ္ဍတွင် စူရဟ်သွလ်တွလာက်အားဖြင့် ဖွင့်ဆိုထားသည်။ အွမ္မရ်သခင်၏သား အဗ္ဗဒွလ္လာဟ်သခင်က ၎င်း၏ဇနီးကိုယ်မသန့်ချိန်တွင် တွလာက်ပေးခဲ့သည်။ ထိုအကြောင်းနှင့်စပ်လျဉ်းပြီး အွမ္မရ်သခင်က တမန်တော်မြတ်အား လျှောက်ထားရာ၊ အသင်၏သားကိုပြောကြားလိုက်ပါ၊ ကိုယ်မသန့်ချိန်ပေးသော တွလာက် အထမမြောက်ပေ။

ထိုတွလာက်ကို ပြန်လည်ရုပ်သိမ်းခိုင်း။ ပြန်ပေါင်းလိုက ပြန်ပေါင်းနိုင်သည်။
တွလာက်ပေးလိုပါက နောက်တစ်ခါ ရာသီပွင့်ချိန်အထိစောင့်၊ ထိုရာသီလာချိန်ပြီး၍ ကိုယ်သန့်စင်ချိန်တွင် တွလာက်ပေးဟု မိန့်ဆိုခဲ့သည့် ဟဒီဆ်ဖြင့် စတင်ထားသည်။

ဖေါ်ပြပါ ဟဒီဆ်များသည် အရဗီစာပေဖြင့် စုဆောင်းထားသော ကျမ်းများဖြစ်သည့်အတွက် အရဗီစာပေကို တတ်သိနားလည်မှု အားနည်းသောကြောင့် ဖေါ်ပြပါ ဟဒီဆ်များအတိုင်း လိုက်နာကျင့်သုံးမှု မပြုခဲ့ကြ သည်ဟု ယူဆ၍ ရပါသည်။ ယနေ့ခေတ်တွင် ဗူခါရီမူရင်းကျမ်း အပါအဝင်ဟဒီဆ် ကျမ်းများအားလုံးကို ဘာသာပေါင်းစုံဖြင့် ပြန်ဆိုပြီးဖြစ်ပါသည်။ ဖေါ်ပြပါ ဟဒီဆ်ကျမ်းများပါ ဥပဒေအတိုင်း လိုက်နာကျင့်သုံးမှုလည်း မပြုကြပေ။ လိုက်နာကျင့်သုံး ရကောင်းမှန်းလည်း မသိကြပေ။ လိုက်နာကျင့်သုံးလျက်ရှိသူများကိုလည်း တားမြစ်ပိတ်ပင်နေခြင်းများသည် ဟဒီဆ်များ

ကို ဆန့်ကျင်ခြင်းပင်ဖြစ်ပေသည်။

ထိုကဲ့သို့ ဟဒီဆ်များကို ဆန့်ကျင်သူများနှင့် ဟဒီဆ်များကို ငြင်းပယ်သူများမှာ ကွဲပြားခြားနားသော ဝေါဟာရကို သုံးစွဲ၍ တူညီသောအမှုကိုပြုကြသူများ ဖြစ်ကြပေသည်။ အထက်တွင် ဖေါ်ပြခဲ့သော ဗုခါရီကျမ်းပါဟဒီဆ်များသည် လိုက်နာဟဒီဆ်များဖြစ်သည်ဟု ဗုခါရီကျမ်းကို အကျယ်ဖွင့်ဆိုသော"အစ်ဗနေ ဟဂျရ်၏ ဖသ်ဟွလ်ဘာရီကျမ်း" တွင်လည်းဖေါ်ပြထားခြင်း အလျင်းမရှိခဲ့ပေ။ တမန်တော်မြတ်၏ မွေးဇာတိဖြစ်သော မက္ကာရွှေမြို့တော်ရှိ ကအ်ဗာ ကျောင်းတော်ကြီးနှင့် တမန်တော်မြတ်၏ အခြေချနေထိုင်ခဲ့သော မဒီနာရှိဗလီဝတ်ကျောင်းကြီးတို့တွင် အမျိုးသားများနည်းတူ အမျိုးသမီးများလည်းဂျမာအသ်ဖြင့် ဆက်တိုက်ဝတ်ပြုလာခဲ့သည်မှာ တမန်တော်မြတ်လက်ထက်မှ ယနေ့တိုင်ဖြစ်သည်။

၁၉၉၃ ခုနှစ် မေလ(၁)ရက်မှ ဂျူလိုင်လ(၃၁)ရက်အထိ အီဂျစ်နိုင်ငံအလ်အဇ်ဟရ် တက္ကသိုလ်ကြီးတွင် ဖွင့်လှစ်သော အစ္စလာမ့်ရေးရာ အဆင့် မြင့်သင်တန်းနှင့် စည်းပွားရေးဆိုင်ရာ သင်တန်းများတွင် နိုင်ငံစုံမှ သင်တန်းသား ၂၈ ဦးတက်ရောက်ခဲ့ပါသည်။ ဖေါ်ပြပါသင်တန်းတွင် ဘာသာရပ် ဆိုင်ရာသင်တန်းပို့ချသူ ပညာရှင်များက ၎င်းတို့ပို့ချသော ဘာသာရပ်များနှင့်စပ်လျဉ်း၍ မေးခွန်းများမေးနိုင်ကြောင်း သင်တန်းသားများအား ဖိတ်ခေါ်ခဲ့ပါသည်။ ခေတ်ပြိုင်ဖိကဟ်ဓမ္မသတ်များ အကြောင်းကို သင်ကြားသောဒေါက်တာ ဆွဗရီ အဗ္ဗဒွလ်ရအူဖ်အား စာရေးသူက မေးခွန်းနှစ်ခုမေးခဲ့၏။ ထိုမေးခွန်းများကို ကြားရသောဆရာ အပါအဝင် အခြားနိုင်ငံများမှ တက်ရောက်သော သင်တန်းသားများအားလုံးက တစ်အံ့တစ်သြ ဝိုင်းကြည့်ခြင်း ကို ခံခဲ့ရပါသည်။ စာရေးသူ၏ မေးခွန်းမှာ ရိုးရိုးစင်းစင်းလေး ဖြစ်သော် ငြားလည်း ၎င်းတို့အဖို့ အံ့သြဖွယ်ရာ ဖြစ်နေပေသည်။

စာရေးသူ - ဆရာခင်ဗျာ၊ အမျိုးသမီးများ ဗလီဝတ်ကျောင်း များအတွင်း ဂျမာအသ်ဖြင့် ဆွလာသ်ဝတ်ပြုမှုအပေါ် ဖိကဟ်ဓမ္မသတ်များ၌ ခွင့်ပြုချက်ရှိပါသလား။

ဆရာ - (အံ့သြစွာဖြင့်) ကမ္ဘာတစ်ဝှမ်းမှာရှိကြတဲ့ ဗလီဝတ်ကျောင်းများအနက် အမျိုးသမီးများကို ဆွလာသ်ဝတ်ပြုခွင့်မပေးသည့် ဗလီဟူ၍ ရှိပါသလားဗျာ။ ဟု ကျွန်တော့အား ပြန်၍ မေးခွန်းထုတ်ခဲ့သည်။

စာရေးသူ - မည်သို့ပြန်ပြောရမှန်းမသိ၍ ၎င်းအားငေးကြည့်နေမိသည်။

ဆရာ - အစ္စလာမ့်ဓမ္မသတ်ဆိုင်ရာ ဖိကဟ်ဓမ္မသတ်လေးခုစလုံးတွင် တားမြစ်ချက်လုံးဝ မရှိပေ။ တမန်တော်မြတ်ခေတ်မှ ယနေ့တိုင် ဗလီဝတ်ကျောင်းများအားလုံးတွင် အမျိုးသမီးများ ဂျမာအသ်ဖြင့်ဝတ်ပြု ကြပါသည် ဟုဖြေကြားခဲ့သည်။

စာရေးသူ - အမျိုးသမီးများ ဂျနာဇဟ်ဆွလာသ်ဝတ်ပြုခြင်းနှင့်ကဗရ်သင်္ချိုင်းများအတွင်း ဝင်ရောက်၍ ဇေယာ ရသ် ပြုပိုင်ခွင့် ရှိ မရှိ ဖြေကြားပေးပါခင်ဗျား။

ဆရာ - အမျိုးသမီးများ ဂျနာဇဟ်ဆွလာသ်ဝတ်ပြုခြင်း၊ ကဗရ်သင်္ချိုင်းများအတွင်း ဇေယာရသ် ပြုခြင်းများအပေါ် ဖိကဟ်ဓမ္မသတ်လေးခုစလုံး၌ တားမြစ်ချက် မရှိ ဟု ဖြေကြားခဲ့သည်။

၎င်းက ဆက်လက်၍ ရှင်းပြသည်မှာ အမျိုးသမီးတစ်ယောက် သူ့အိမ်မှာ သူသေသွားရင်တောင် ဗလီဝတ်ကျောင်းအတွင်းသို့ သွင်း၍ ဂျနာဇဟ်ဆွလာသ်ဝတ်ပြုခြင်း၊ ကဗရ်အတွင်းသို့ ထည့်သွင်းမြှုပ်နှံခြင်းများပြုလုပ်ကြသည်။ အသက်ရှင်လျက်ရှိသော မွတ်စလင်မ်အမျိုးသမီးတစ်ဦးအား ဗလီဝတ်ကျောင်းအတွင်းသို့ ဝင်ရောက်၍ ဆွလာသ်ဝတ်ပြုခြင်း၊ ကဗရ် သင်္ချိုင်းအတွင်းသို့ ဇေယာရသ်ပြုခြင်းများကို တားမြစ်သူဟူ၍ ရှိနိုင်ပါ့မလားဟု ဖြေကြားခဲ့လေသည်။

## ဟာဒီဆ်များကို ငြင်းခြင်းသည် တမန်တော်၏ ဩဝါဒကို ငြင်းပယ်ခြင်းလော

ဟာဒီဆ်များကို စုဆောင်းပြီး ကျမ်းစာအုပ်အဖြစ် ပြုစုခဲ့ကြသော ကျမ်းပြုသူများသည် ၎င်းတို့စုဆောင်းရရှိသော ဟာဒီဆ်များအနက်မှ အလွန်တရာမျှ နည်းလွန်းသော ဟာဒီဆ်အရေအတွက်ကိုသာလျှင် ဖေါ်ပြခဲ့ကြခြင်းဖြစ်သည်။ အိမာမ် အဟ်မဒ်အစ်ဗနေ ဟမ်ဗလ်သခင်သည် ၎င်းစုဆောင်းရရှိခဲ့သော တစ်သန်းအနက် ၎င်း၏မွဆ်နဒ်ကျမ်းတွင် နှစ်သောင်းကိုးထောင်ကိုသာ ဖေါ်ပြခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် (၂. ၉%) ကိုသာတင်ပြခဲ့ခြင်း ဖြစ်သည်။

အိမာမ်ဗူခါရီသည် ဟာဒီဆ်ပေါင်းခြောက်သိန်းကျော်အား စုဆောင်းခဲ့ပြီး ၎င်း၏ ဗူခါရီကျမ်းတွင် ဟာဒီဆ်ပေါင်း ၇၀၅၂ ကိုသာဖေါ်ပြခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် (၁. ၁၆%)ကိုသာဖေါ်ပြခဲ့ခြင်းဖြစ်သည်။

(အစ်ဗနေဟဂျရ် ၏ **BULUGH AL MARAM** )

အိမာမ်ဗူခါရီသည် ဟာဒီဆ်တစ်ပုဒ်ကို ဆင့်ပြန်သူတစ်ဦးထံမှ ရရှိခဲ့၏။ ထိုဟာဒီဆ် ဆင့်ပြန်သူသည် မတ်တပ်ရပ်၍ ရေသောက်သည်ကို မြင်တွေ့ရသည့်အတွက် ၎င်းဆင့်ပြန်သော ဟာဒီဆ်ကို ဗူခါရီကျမ်းတွင် ဖေါ်ပြခဲ့ခြင်းမရှိပေ။ အလားတူ အခြားဟာဒီဆ်တစ်ပုဒ်ကို ဆင့်ပြန်သူသည် ၎င်း၏မြင်းများကို အစာပြ၍ မြင်းခြံထဲသို့ မျှားခေါ်ခဲ့၏။ မြင်းများခြံထဲ ရောက်ရှိသွားသောအခါ အစာကျွေးခြင်းမပြုပဲ မြင်းခြံကိုပိတ်လိုက်သည်ကို တွေ့ရ၍ထိုသူဆင့်ပြန်ခဲ့သော ဟာဒီဆ်ကို ဗူခါရီကျမ်းတွင် ဖေါ်ပြခဲ့ခြင်း မရှိကြောင်းကို ဗူခါရီ မူရင်းကျမ်းဦးစကားတွင် ဖေါ်ပြထားပေသည်။ အိမာမ်ဗူခါရီ ဖေါ်ပြခဲ့သော ဟာဒီဆ်များသည် ဆင့်ပြန်သူက တမန်တော်မြတ်၏ "စွန္နဟ်"နှင့်ညီပြီး၊ သက္ကဝါရှိသည့် ပုဂ္ဂိုလ်များ၏ ဟာဒီဆ်များကိုသာ ဖေါ်ပြခဲ့သည်။

အိမာမ်ဗူခါရီနှင့် ခေတ်ပြိုင် ပညာရှင်များက၊ အိမာမ်ဗူခါရီ၏ ဟာဒီဆ်များကို စုဆောင်းခြင်းနှင့် ပြန်လည် တင်ပြခြင်းစနစ်သည်၊ ဆင့်ပြန်သူ၏ ကိုယ်ကျင့်တရားပေါ်တွင် အခြေခံ၍တင်ပြခြင်း ဖြစ်သည်။ ဆင့်ပြန်သူသည် စွန္နဟ်နှင့်မညီသော်ငြားလည်း၊ ၎င်းကြားသိရသော ဟာဒီဆ်သည် ခိုင်လုံမှုရှိပြီး စွန္နဟ်နှင့်ညီသော ပုဂ္ဂိုလ်ထံမှ ဖြစ်တန်ရာ၏။ အလားတူ ဆင့်ပြန်သူကစွန္နဟ်နှင့်ညီသော်ငြားလည်း ၎င်းရရှိသော ဟာဒီဆ်သည် ခိုင်လုံမှုအားနည်းသော ဟာဒီဆ်လည်း ဖြစ်တန်ရာ၏။ ထို့ကြောင့် ၎င်း၏ကျမ်းတွင် ဖေါ်ပြခဲ့ခြင်းမရှိခဲ့သော ဟာဒီဆ်များသည် ခိုင်လုံမှုရှိသော ဟာဒီဆ်များ ပါဝင်နိုင်သည် ဟု ဝေဖန်ခဲ့ကြ၏။ (စွမ္မသသဖက္ကရှန်၊ အရဗီ မူရင်းကျမ်း)

ကျမ်းကြီး ခြောက်ကျမ်းအနက် အချို့ကျမ်းများပါ ဟာဒီဆ်များတွင်ဝုဇူရှိသော ယောကျ်ားလေးတစ်ဦးက ၎င်း၏ဇနီးကို ထိမိရုံဖြင့် ဝုဇူပျက်၏။အလားတူ တမန်တော်မြတ်က မီးဖြင့် ချက်ပြုတ်ထားသော အစားအစာကိုစားပါက ဝုဇူပျက်သည်ဟု မိန့်ဆို၏။ အချို့ဟာဒီဆ်များတွင် ဆိတ်၏လက်ကိုချက်ပြုတ်ထားသော ဟင်းကိုစားပြီး ဝုဇူမပြုပဲ ယခင်ရှိပြီးသား ဝုဇူဖြင့် ဆွလာသ်ဝတ်ပြုခဲ့ကြောင်း ဟာဒီဆ်များလည်း ရှိပေသည်။ အချို့ဟာဒီဆ်များတွင် တမန်တော် မြတ်သည် ဖဂျရ်ဆွလာသ်၏ ဒုတိယ ရကာသ် ရကူအပြီး ပြန်အထတွင် ဒုအာအေကုနူသ်ကို အမြဲရွတ်ဖတ်သည်ဟု ဆိုသောဟာဒီဆ် များ ပါဝင်လေသည်။

ဖေါ်ပြပါ ဝုဇူဖြင့် ဇနီးကိုထိပါက ဝုဇူပျက်ခြင်း၊ ချက်ပြုတ်ပြီးသား အစာကိုစားပါက ဝုဇူပျက်ခြင်း၊ ဖဂျရ်ဆွလာသ်၏ ဒုတိယ ရကာသ် ရကူအပြီး ပြန်အထတွင် ဒုအာအေကုနူသ်ဖတ်ခြင်းများသည် ဝါဂျစ်ဗ်တာဝန်များဖြစ်သည်ဟု အိမာမ်ရှာဖီအီက ၎င်း၏ ဓမ္မသတ်တွင် ပြဋ္ဌာန်းခဲ့လေသည်။

အိမာမ်အဗူ ဟနီဖာသခင်၏ ဓမ္မသတ်တွင် အထက်မှ ဝုဇူဖြင့် ဇနီးကိုထိခြင်း၊ ချက်ပြုတ်ပြီးသား အစာကိုစားခြင်းတို့သည် ဝုဇူမပျက်ပေ၊ ဖဂျရ်ဆွလာသ်၏ ဒုတိယ ရကာသ် ရကူအပြီး ပြန်အထတွင် ဒုအာအေ ကုနူသ် ဖတ်ခြင်းသည် ဝါဂျစ်ဗ်တာဝန်မဟုတ်ပေ။

အိမာမ်အဗူဟနီဖာသခင် လက်ထက်တွင်မူ ဟာဒီဆ်များသည် တစ်စုတစ်စည်းတည်း ကျမ်းစာအုပ်အဖြစ်၊ ပေါ်ပေါက်ခဲ့ခြင်း မရှိခဲ့သေးပေ။ အဘယ်ကြောင့်ဆိုသော်၊ ပထမဦးဆုံး ဟာဒီဆ်ကျမ်းအဖြစ် ဟစ်ဂျရီ ၁၇၉ ခုနှစ်တွင် အိမာမ်မာလစ်က်၏ **Muwatta** ပေါ်ထွက်ခဲ့သည်။ အိမာမ်အဗူဟနီဖာ ကွယ်လွန်ချိန်သည် ဟစ်ဂျရီ ၁၅၀ ခုနှစ်ဖြစ်သည်။ အိမာမ် အဗူဟနီဖာသခင်သည် ထိုကဲ့သို့ ဟာဒီဆ်များနှင့် ကြုံကြိုက်ခွင့် မရရှိ၍ ၎င်း၏ဓမ္မသတ်များသည်

ဖော်ပြပါ ဟဒီဆ်များနှင့် ဆန့်ကျင်နေသည်ဟု စောဒကတက်၍ ရနိုင်ပေသည်။

သို့သော် အိမာမ် အဟ်မဒ် အစ်ဗနေ ဟမ်ဗလ်လက်ထက်တွင်မူ ဟဒီဆ်များသည် ကျမ်းအဖြစ် တစ်စုတစ်စည်းတည်း သုံးကျမ်းပေါ်ပြီးဖြစ် သည်။ အိမာမ် ဟမ်ဗလ်သခင်သည် အိမာမ်ရှာဖီအီထက် ၃၇ နှစ်နောက်ကျသူဖြစ်သည်။ ဟဒီဆ်များကို စုဆောင်းရာ၌လည်း အများဆုံးစုဆောင်းခဲ့သူဖြစ်သည်။ ၄င်း၏ မွဆ်နဒ်ကျမ်းတွင်ပါဝင်သော ဟဒီဆ်အရေအတွက် များမှာ အခြားဟဒီဆ်ကျမ်းများထက် အများဆုံးဖြစ်ပေသည်။ ၄င်း၏ ဓမ္မသတ်များတွင် ဝုဇူဖြင့် ဇနီးကိုထိခြင်း၊ ချက်ပြုတ်ပြီးသား အစာကိုစားခြင်း များသည် ဝုဇူမပျက်ပေ။ ဖဂျရ်ဆွလာသ်၏ ဒုတိယ ရကာသ် ရကူအပြီး ပြန်အထတွင် ဒုအာအေကုနူသ်ဖတ်ခြင်းသည် ဝါဂျစ်ဗ်မဖြစ်ပေ။

ဟဒီဆ်ကျမ်းများတွင် ပါဝင်သော ဟဒီဆ်များသည် ပလပ်ဖျက် သိမ်းပြီးသော ဟဒီဆ်များလည်း ပါဝင်ပေသည်။ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဖက်ဖြစ်သော ဟဒီဆ်များကိုလည် ယှဉ်တွဲဖော်ပြထားသည်ကို တွေ့ရပေသည်။ ဘာသာရေးနှင့်လုံးဝ ပတ်သက်မှုမရှိသော ရှေးဟောင်းအရဗ် ရိုးရာ၊ ဆေးဝါးကုထုံးများအကြောင်းလည်း ပါဝင်ပေသည်။ အဓိပ္ပာယ်နားလည်ရန် ခက်ခဲသော ဟဒီဆ်များလည်း ပါဝင်ပေသည်။

ဟဒီဆ်များကို စုဆောင်းခဲ့သော ကျမ်းရှင်အားလုံးက ၄င်းတို့၏ ဟဒီဆ်ကျမ်းများကို ဥပဒေအဖြစ် ဖော်ပြခဲ့ခြင်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်၊ ဥပဒေအဖြစ် ဖော်ပြခဲ့မည်ဆိုပါက ပလပ်ဖျက်သိမ်းပြီးသော ဟဒီဆ်များ၊ ဥပမာ တမန်တော်မြတ်က ပထမပိုင်းကျင့်သုံးခဲ့ပြီး၊ နောက်ပိုင်းလုံးဝ ကျင့်သုံးခြင်းမပြုတော့သော ဟဒီဆ်များကို ၄င်းတို့၏ကျမ်းများတွင် ဖော်ပြခဲ့ကြမည် မဟုတ်ပေ။ ထိုကဲ့သို့ လိုက်နာကျင့်သုံးရန် မလိုတော့သော ဟဒီဆ်များကို ဖော်ပြခြင်းအားဖြင့် မွတ်စလင်မ်များအတွင်း ဝိဝါဒကွဲခြင်းဖြစ်ပေမည်။ ၄င်းတို့၏ကျမ်းများတွင် ပလပ်ဖျက်သိမ်းပြီး ဟဒီဆ်များရော၊ အစားထိုးကျင့်သုံးသော ဟဒီဆ်များရော၊ ဆင့်ပြန်သူများထံမှ ကြားသိရသည့်အတိုင်း စုစည်း၍ဖော်ပြထားသော ဟဒီဆ်ကျမ်းများ ဖြစ်ပေသည်။

အဗ္ဗာဆီယဟ်ခလီဖာ မန်စူရ်(ဟစ်ဂျရီ၊ ၁၃၆ မှ ၁၅၈)ခုနှစ်အတွင်းအုပ်ချုပ်ခဲ့သူသည် အိမာမ်မာလစ်က်၏ **Muwatta** ကျမ်းကို ကမ္ဘာ့မွတ် စလင်မ်များအားလုံးသို့ မိတ္တူပွား၍ ဖြန့်ချီရန် ခွင့်တောင်းခဲ့၏။ ထိုအခါ အိမာမ်မာလစ်က်က ခလီဖာမန်စူရ်အား ခွင့်မပြုခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဆွဟာဘာကြီးများသည် ကမ္ဘာအရပ်ရပ်ရှိနိုင်ငံများသို့ ကွဲပြားခြားနားစွာ ရောက်ရှိခဲ့ပြီး ဖြစ်သည်။ ထိုဒေသများမှ မွတ်စလင်မ်များသည်လည်းထိုကဲ့သို့ ဟဒီဆ်များကို ကြားထားပြီးဖြစ်မည်။ ဟဒီဆ်များသည် ခေတ် အဆက်ဆက် ကျက်မှတ်ထားသူများထံမှ ကွဲပြားခြားနားသော အဆိုများကိုရှုထောင့်စုံမှကြည့်၍ ၄င်းတို့နှစ်သက်ရာအဆိုကို ၄င်းတို့၏အသိဉာဏ်ဖြင့်ရွေးချယ်ခြင်းက ပို၍ကောင်းသည်ဟု ဖြေကြားခဲ့သည်။ (**Al Sharani** ၏ **Al Mizan** အတွဲ-၁၊ စာမျက်နှာ-၃၀၊ အရဗီကျမ်း)

ဖော်ပြပါ အိမာမ်မာလစ်က်၏ **Muwatta** ဟဒီဆ်ကျမ်းသည် ကမ္ဘာပေါ်တွင် ပထမဦးဆုံး ဟဒီဆ်ကျမ်းဖြစ်ခဲ့သည်။ ထိုခေတ် ထိုအခါရှိမွတ်စလင်မ်များအတွင်းတွင် **Muwatta** ကျမ်းသည် ကျမ်းမြတ်ကုရ်အာန်ပြီးလျှင် မိုးနှင့်မြေအကြားတွင် အမှန်ကန်ဆုံးကျမ်းဟု နောက်ပိုင်းခေတ် ပညာရှင်များက ခံယူခဲ့ကြသည်။ ယနေ့ခေတ် ဟဒီဆ်ပညာရှင်များ၏ ခံယူချက်အရ ကျမ်းကြီး (၆) ကျမ်းသည် ဟဒီဆ်ကျမ်းများတွင် အမှတ်စဉ်(၁) ဗူခါရီကျမ်းမှ အမှတ်စဉ် (၆) နိဆာအီကျမ်းအထိ အမှန်ကန်ဆုံးကျမ်းများဟု ခံယူကြသည်။ **Muwatta** သည် အစောဆုံးကျမ်းဖြစ်သည်။ ဆွဟာ ဘာကြီးများခေတ်နှင့် ပို၍နီးစပ်သည်။ ဗူခါရီကျမ်းမပေါ်ခင်အထိ ကျမ်းမြတ်ကုရ်အာန်ပြီးလျှင် အမှန်ကန်ဆုံးဖြစ်ခဲ့သည်။ ဗူခါရီကျမ်းအပါအဝင် ဟဒီဆ်ကျမ်းပေါင်း ၄၁ ကျမ်းပေါ်ပြီး နောက် **Muwatta** သည်အမှတ်စဉ် ၃၈ အဆင့်သို့ ရောက်ရှိခဲ့သည်။

(အစ်ဗနေဟဂျရ်၏ **Bulugh Al Maram** စာမျက်နှာ-၅၅၈)

## ဟဒီဆ်ငြင်းပယ်သူကို ကာဖိရ်ဟုဆိုရာဝယ်

အထက်မှ တင်ပြခဲ့သည့်အတိုင်း ဟဒီဆ်ကျမ်းများတွင် ပါဝင်သောဟဒီဆ်များသည် ပလပ်ဖျက်သိမ်းပြီး

လိုက်နာကျင့်သုံးရန်မလိုတော့သောဟဒီဆ်များလည်း ပါဝင်သည်။ အချို့နားလည်သဘောပေါက်ရန်ပင်မလွယ် သော ဟဒီဆ်များလည်း ပါဝင်ပေသည်။ အချို့ဘာသာရေးနှင့် လုံးဝပတ် သက်မှုမရှိသော ဟဒီဆ်များလည်း ပါဝင်သည်။ အချို့ တစ်ခုနှင့်တစ်ခု ဖီလာဆန့်ကျင်နေသော ဟဒီဆ်များလည်း ပါဝင်ပေသည်။

ဟဒီဆ်ငြင်းသူကို ကာဖရ်ဟုဆိုခြင်းမှာ ဟဒီဆ်များနှင့်စပ်လျဉ်း၍ လေ့လာလိုက်စားမှု အားနည်းခြင်း သို့မဟုတ် ဟဒီဆ်ကျမ်းပါ ကဏ္ဍတစ်ခုတည်းကို မိမိတတ်မြောက်ထားသော ဘာသာစာပေဖြင့် အစမှအဆုံးတိုင် ဖတ်ဖူးခြင်း မရှိသောသူတို့၏ အဆိုသာလျှင်ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော်၊ ဘာသာပေါင်းစုံဖြင့် ဘာသာပြန်ဆိုပြီး ဖြစ်သောဟဒီဆ်ကျမ်းများ ထဲတွင်၊ အကျော်ကြားဆုံးဖြစ်သည့် ဗူခါရီကျမ်းပါ ရေချိုး ခြင်းကဏ္ဍ တစ်ခုတည်းကို မိမိတတ် မြောက်သော ဘာသာစာပေဖြင့် အစမှအဆုံးတိုင် ဖတ်ရှုဖြင့် ဟဒီဆ်ငြင်းသူကို ကာဖိရ်ဟူသော အပြောအဆိုကို ပြောဆို တော့မည် မဟုတ်ပေ။

ဖေါ်ပြပါ ကဏ္ဍတစ်ခုတည်း၌ပင်လျှင် ကွဲပြားခြားနားသော ဟဒီဆ် များကို ယှဉ်တွဲဖေါ်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ ဖေါ်ပြပါ ကွဲပြားခြားနားဆန့်ကျင်သော ဟဒီဆ်အမျိုးအစားနှစ်မျိုးအနက် တစ်မျိုးကို လိုက်နာ ကျင့်သုံးသော မွတ်စလင်မ်တစ်ယောက်အဖို့ အခြားဆန့်ကျင်သော အမျိုး အစား ဟဒီဆ်တစ်မျိုးကို ငြင်းပယ်ရမည်ဖြစ်သည်။

**اِذَا جَامَعَ الرَّجُلُ اَمْرَاَتُهُ فَلَمْ يُمْنِ يَتَوَضَّا ءُكَمَا يَتَوَضَّا ءُلِصَّلٰوةِ يُغْسِلُ ذَكَرَهُ**

“အကြင် အမျိုးသားတစ်ဦးသည် မိမိ၏ဇနီးနှင့် ပေါင်းသင်းဆက်ဆံ ခဲ့၏။ ၎င်း၏ သုတ်ရည်မထွက်သေးပါက အရှက်ကိုရေဆေး၍ ဆွလာသ်ဝတ်ပြုရာတွင် ပြုလုပ်သော ဝုဇူဖြင့် ဆွလာသ်ဝတ်ပြုနိုင်သည် ”

ထိုဟဒီဆ်အမျိုးအစားမှာ မှန်ကန်သော ဆွဟီဟဒီဆ်ဖြစ်သည်။ဆင့်ပြန်သူများမှာ အွဆ်မာန်သခင်၊ အလီသခင်၊ ဇုဗေရ်သခင်၊ သွလ်ဟာ သခင်တို့ ဖြစ်ကြသည်။ (ဗူခါရီကျမ်း၊ ရေချိုးခြင်းကဏ္ဍနှင့်ဓမ္မတာကဏ္ဍ)

ဖေါ်ပြပါ ရေချိုးခြင်းကဏ္ဍ၌ပင် ယှဉ်တွဲ၍ ဖေါ်ပြထားသော အခြားဟဒီဆ်တစ်ပုဒ်မှာ အဗူဟုရိုင်ရဟ်သခင်က ဆင့်ပြန်ခဲ့သည်။

**اِذَا جَلَسَ بَيْنَ شُعُبَهَا الْاَرْبَعَ ثُمَّ جَهَدَهَا فَقَدْ وَجَدَا لْغُسْلُ تَابَعَهُ**

“ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးပေါင်းသင်းဆက်ဆံရာ၌ အရှက် အင်္ဂါနှစ်ခု ထိခြင်းအားဖြင့် ရေချိုးရန် ဝါဂျစ်ဗ်တာဝန်ဖြစ်သည် ”

ဖေါ်ပြပါ ဗူခါရီကျမ်း ရေချိုးခြင်းကဏ္ဍတစ်ခုတည်းကို အစအဆုံး ဖတ်ရှုဖြင့် ထိုကဲ့သို့ ကွဲပြားခြားနားသော ဟဒီဆ်အမျိုးအစားနှစ်မျိုးကို တွေ့မည်ဖြစ်သည်။ ဖေါ်ပြပါ ဟဒီဆ်နှစ်မျိုးစလုံးသည် တမန်တော်မြတ်ထံမှ ဆင့်ပြန်ခဲ့သော ဟဒီဆ်များဖြစ်သည်။ မွတ်စလင်မ်တိုင်းသည် ဖေါ်ပြပါ ဟဒီဆ်အမျိုးအစားနှစ်မျိုးအနက် တစ်မျိုးကိုသာ လိုက်နာကျင့်သုံးခြင်းဖြစ်သည်။ နှစ်မျိုးအနက် တစ်မျိုးကိုသာ လက်ခံခြင်းဖြစ်သည်။ ဆန့်ကျင်ဖက်ဖြစ်နေသော ဟဒီဆ်နှစ်မျိုးအနက် တစ်မျိုးကိုလက်ခံတိုင်း အခြားတစ်မျိုး အား ငြင်းပယ်ကြခြင်းဖြစ်သည်။

ဟဒီဆ်ကျမ်းတစ်ကျမ်း၏ ကဏ္ဍတစ်ခုတည်း၌ပင်လျှင် ကွဲပြားခြား နားသော ဟဒီဆ်များကို ဖေါ်ပြထားပေသည်။ အလားတူ ကွဲပြားခြားနားသော ဟဒီဆ်ကျမ်းများတွင် ပါဝင်သော ဟဒီဆ်များသည်လည်း ဆန့်ကျင်လျက်ရှိပေသည်။ ဖေါ်ပြပါ ဟဒီဆ်များကို အခြေခံ၍ ဥပဒေပြုခဲ့ကြသောအိမာမ်ကြီးများ၏ ဓမ္မသတ်များသည်လည်း ကွဲပြားခြားနားခဲ့ကြသည်။

ဖေါ်ပြပါ ဟဒီဆ်ကျမ်းရှင်များ၏ ဟဒီဆ်များကို စုဆောင်းခြင်းနှင့်ပြန်လည်ဖေါ်ပြခြင်း ဟဒီဆ်များသည် မိမိတို့ စုဆောင်းရရှိထားသော ဟဒီဆ်များမှာ အချို့ကိုသာ တည်းဖြတ်ဖေါ်ပြ ခဲ့ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ ဖေါ်ပြခဲ့သော ဟဒီဆ်ကျမ်းများကို စေ့ငုံနားလည်စွာဖတ်မည်၊ လေ့လာဆည်းပူးမည်ဆိုပါက တမန်တော်မြတ်၏ သက်တမ်းတစ်လျှောက် သွားလာနေထိုင်ပြောဆိုဆက်ဆံပုံများကို ရှုထောင့်စုံမှ ပုံဖေါ်ပြထားသည်ကို တွေ့မြင်ရပေမည်။

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

ဖေါ်ပြပါ ဟဒီဆ်များသည် အရဗီစာပေဖြင့် ပြုစုခဲ့သော ကျမ်းများဖြစ်ပေသည်။ အရဗီစကားပြော နိုင်ငံများနှင့် အရဗီစာပေဖြင့် သင်ကြား သော ဘာသာရေးကျောင်းများမှ အောင်မြင်ခဲ့ကြသော ပညာရှင်များသည်ဟဒီဆ်များ၏ရည်ရွယ်ချက်၊ ဟဒီဆ်များ၏ အရှိတရားများကို ရှုထောင့်စုံမှ အရှိအတိုင်း သိရှိကြသည်။ ထိုကဲ့သို့ ပညာရှင်များအချင်းချင်းတို့တွင်လည်းကောင်း၊ ထိုပညာရှင်များနှင့် အများမွတ်စလင်မ်များတို့တွင် လည်းကောင်း၊ အများမွတ်စလင်မ်များ အချင်းချင်းတို့တွင်လည်းကောင်း၊ ဟဒီဆ်များကို အကြောင်းပြု၍ ဟဒီဆ်ငြင်းသူများ၊ ဟဒီဆ်ဆန့်ကျင်သူများဟူ၍ ပြဿနာတစ်စုံတစ်ရာ မရှိခဲ့ပေ။

ဟဒီဆ်များကိုအခြေခံ၍ ဟဒီဆ်ငြင်းသူများ၊ ဟဒီဆ်ဆန့်ကျင်သူများဟဒီဆ်များကို လက်ခံရာ၌ လုံးဝဉဿုံဘဝလမ်းညွှန်မှုဥပဒေများအဖြစ် ခံယူသူများ၊ ကျမ်းမြတ်ကုရ်အာန်သည် ဖတ်ရွတ်သရဇ္ဈာယ်ရသောကျမ်း၊ ဟဒီဆ်ကျမ်းများသည် လိုက်နာကျင့်သုံးရသောဥပဒေကျမ်းများဟု ခံယူသူများဟု ပေါ်ပေါက်ခဲ့သောနေရာများနှင့် ပတ်ဝန်းကျင်များမှာ အများအားဖြင့် အရဗီစကားမပြောသော နိုင်ငံများတို့တွင်ဖြစ်သည်။ ထိုနိုင်ငံများရှိ ဘာသာရေးကျောင်းများတွင် အရဗီစာပေကို ဘာသာစာပေ တစ်ခုအဖြစ် ရေးတတ်၊ ပြောတတ်၊ ဖတ်တတ်သည့်အထိ သင်ကြားပေးခြင်းမရှိသော ကျောင်းများမှအောင်မြင်လာသော ပညာရှင်များအချင်းချင်းတို့အတွင်း လည်းကောင်း၊ ထိုပညာရှင်များနှင့် အများမွတ်စလင်မ်တို့ အတွင်းတွင်လည်းကောင်း၊ မွတ်စလင်မ်အချင်းချင်းတို့ အတွင်းတွင်လည်းကောင်း၊ ဟဒီဆ်များကို အကြောင်းပြု ၍ ပဋိပက္ခ အငြင်းအခုံကိစ္စရပ်များ ပေါ်ပေါက်လျက် ရှိကြသည်။

ဖေါ်ပြပါနိုင်ငံများအတွင်း ပေါ်ပေါက်ခဲ့သော ပြဿနာများမှာ-

(၁) ဝါဝင်ဝါထွက် လကြည့်ခြင်းနှင့် လမြင်ခြင်းအပေါ် လက်ခံအတည်ပြုခြင်း မပြုခြင်းဆိုင်ရာ ပဋိပက္ခ။

(၂) မွတ်စလင်မ်များ မုတ်ဆိတ်ထားခြင်း မထားခြင်းအပေါ် ပဋိပက္ခ။

(၃) လင်မယားပြတ်စဲမှုဆိုင်ရာ သုံးတွလာက် တစ်ကြိမ်တည်းပေး ခြင်းအပေါ် ပိုင်မပိုင် ဆိုသော ပဋိပက္ခ။

(၄) အမျိုးသမီးများ ဗလီဝတ်ကျောင်းများ၊ အစ်ဒ်ဂါကွင်းပြင်များတွင် ဆွလာသ်ဝတ်ပြုပိုင်ခွင့် ရှိမရှိဆိုင်ရာ ပဋိပက္ခ။

(၅) ကဗရ်သင်္ချိုင်းများအတွင်း အမျိုးသမီးများ ဝင်ရောက်ဇေယာရသ်ပြုပိုင်ခွင် ရှိမရှိဆိုသော ပဋိပက္ခ။

(၆) ဗလီဝတ်ကျောင်းများတွင် သောကြာနေ့နှင့် အီဒ်နေ့များတွင်ခွတ္တဗဟ်ပေးရာ၌ အရဗီစာပေနှင့်ရေးထားသော ခွတ္တဗဟ်ကျမ်းအတိုင်း ခွတ္တဗဟ်ပေးခြင်းနှင့် မိမိတို့ သက်ဆိုင်ရာဘာသာစကားများဖြင့် ခွတ္တဗဟ်ပေးခြင်းအပေါ် ပဋိပက္ခ။

(၇) "ဒါရွလ်ဟာရဗ်" မွတ်စလင်မ်မဟုတ်သော နယ်ပယ်များ၊ နိုင်ငံများ၌ အတိုးစားခွင့်ရှိသည်ဟု ဆိုသူများအချင်းချင်း "ဒါရွလ်ဟာရဗ်" ဖြစ်ခြင်းနှင့်မဖြစ်ခြင်း ဆိုသော နယ်ပယ်သတ်မှတ်ရာတွင် ပဋိပက္ခတို့ ဖြစ်ကြသည်။

အထက်ဖေါ်ပြပါ ကိစ္စရပ်များ၏ ပြဿနာအရင်းအမြစ်ကို လေ့လာကြည့်မည်ဆိုလျှင်၊-

(၁) ဘာသာရေးကျောင်းများတွင် မွတ်စလင်မ်များ၏ အခြေခံဥပဒေဖြစ်သော ကျမ်းမြတ်ကုရ်အာန်ကို အရဗီစာပေဖြင့်ဂဃနဏ စေ့ငုံစွာနားလည် သဘောပေါက်အောင် သင်ကြားပေးနိုင်မှု မရှိခြင်း။

(၂) ဟဒီဆ်များ ပေါ်ပေါက်လာပုံနှင့် ဟဒီဆ်ကျမ်းများပါ "စွန္နဟ်" ဥပဒေဆိုင်ရာ ဟဒီဆ်များနှင့် "စွန္နဟ်" ဥပဒေမဟုတ်သော ဟဒီဆ်များအား ခွဲခြားတတ်သော ပညာရပ်များကို သင်ကြားပေးနိုင်မှု မရှိခြင်း။

(၃) ဖိကဟ်ဓမ္မသတ်များကို သင်ကြားပေးရာ၌ ဟနဖီဂိုဏ်းဝင် ဓမ္မသတ်တစ်ခုတည်းကိုသာ သင်ကြားပေးခြင်း၊ အခြား မာလီကီ၊ ရှာဖီအီ၊ ဟမ်ဗလီ ဂိုဏ်းဝင်များ၏ ဓမ္မသတ်များကို ပါ ယှဉ်တွဲ၍ သင်ကြားပေးနိုင်မှု မရှိခြင်း။

(၄) ကျောင်းတော်ဝါဒ(ခေါ်) မိမိတို့၏ ဆရာ့ဆရာများ၏အယူအဆ အစဉ်အလာများကို ရှေ့တန်းတင်လွန်းခြင်း။

(၅) ကျမ်းမြတ်ကုရ်အာန်သည် အရာခပ်သိမ်းတို့၏ မှတ်ကျောက် ဖြစ်သည်။ ဟဒီဆ်များ၊ ဓမ္မသတ်များ၊

ဆရာ့ ဆရာများအဆိုအမိန့်များကို ကျမ်းမြတ်ကုရ်အာန်၏ မှတ်ကျောက်ဖြင့် စမ်းသပ်သော ပညာရပ်
စမ်းစစ်တတ်သော ပညာရပ်များကို သင်ကြားပေးနိုင်မှုမရှိခြင်း။ ထိုကဲ့သို့ ဟဒီဆ်များ၊ ဖိကဟ်ဓမ္မသတ်များ၊ ဆရာ့ဆရာတို့၏ အဆိုအမိန့်များကို ကျမ်းမြတ်ကုရ်အာန် မှတ်ကျောက်ဖြင့် စမ်းစစ်ခြင်းအားဖြင့် ကိုက်ညီက လက်ခံ၍၊ မကိုက်ညီက ပယ်ရကောင်းမှန်း မသိခြင်းတို့ကြောင့် ဖြစ်ပေသည်။

အထက်ဖော်ပြပါ ပဋိပက္ခများနှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်၊ ဟဒီဆ်များ၊ ဖိကဟ်ဓမ္မသတ်များ၊ ကမ္ဘာ့မွတ်စလင်မ်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အစ္စလာမ့်သာသနာ့အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ၊ ခံယူချက်များကို တင်ပြပါမည်။

## ဝါဝင်ဝါထွက် လကြည့်ခြင်း

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၅၅) အာယတ်(၅)တွင်၊-

" နေသည်လည်းကောင်း၊ လသည်လည်းကောင်း၊ တွက်ချက်ရန်အတွက် အချိန်ကိုက်ညီစွာ သွားလာလျက်ရှိကြသည် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၃၆) အာယတ်(၃၈)တွင်၊-

" နေသည် ၎င်း၏နေပတ်လမ်းကြောင်းထဲတွင် အရှင်မြတ်၏ တိုင်းတာသတ်မှတ်ထားသည့်အတိုင်း လည်ပတ်လျက်ရှိသည် "

ကျမ်းမြတ်ကုရ်အာန် စူရဟ်(၃၆) အာယတ်(၃၉)တွင်၊-

" လသည်လည်း ခြောက်သွေ့သော စွန်ပလွန်ကိုင်းကဲ့သို့ ပြန်၍ ဖြစ်သွားသည် "

ဖော်ပြပါ ကျမ်းမြတ်ကုရ်အာန်အာယတ်များကို ကြည့်ခြင်းအားဖြင့်နေသည် လည်းကောင်း၊ လသည် လည်းကောင်း၊ တွက်ချက်ရန်အတွက်၊အလ္လာဟ်အရှင်မြတ်က အချိန်မှန်လည်ပတ်နေစေကြောင်း၊ သည်လည်းလည်ပတ်နေခြင်းအားဖြင့် ဆန်းဦးစလ၊ လပြည့်၊ လကွယ်၊ ဟူ၍အတိအကျဖြစ်ပေါ်နေကြောင်းကို ဆိုထားသော အာယတ်များဖြစ်သည်။

လူသားများသည် ကမ္ဘာဦးစမှ စတင်၍ နေဝင်နေထွက်များကို တွက်ချက်၍ **Solar Calendar** ခေါ် နေပြက္ခဒိန် ဟူ၍လည်းကောင်း၊ လဝင်လထွက်ကို တွက်ချက်၍ **Lunar Calendar** ခေါ် လပြက္ခဒိန် ဟူ၍ လည်းကောင်း၊ ပြက္ခဒိန်နှစ်မျိုးကို သုံးစွဲခဲ့ကြပါသည်။ နေပြက္ခဒိန်ဆိုသည်မှာ အင်္ဂလိပ် ပြက္ခဒိန်ဖြစ်ပြီး၊ လပြက္ခဒိန်ဆိုသည်မှာ အရဗီ ပြက္ခဒိန်နှင့် မြန်မာပြက္ခဒိန် တို့ဖြစ်ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ မြို့ပြများနှင့် ကျေးလက်တောရွာများ အပါ အဝင် မိမိတို့ တည်ရှိနေသော နေရာရှိ လောင်ဂျီတွဒ်၊ လတ္တီတွဒ်များအရ၊ နေသည် မည်သည့်အချိန်ထွက်မည်၊ မည်သည့်အချိန်ဝင်မည်၊ လသည် မည်သည့်အချိန် မြင်နိုင်သည်၊ မည်သည့်အချိန် မမြင်နိုင်ဆိုသော တွက်ချက်မှုများကို မိုးလေဝသနှင့်ဇလဗေဒဌာနမှ ထုတ်ပြန်ထားချက်များ ရှိပေသည်။ ထိုကဲ့သို့ ထုတ်ပြန်ချက်များတွင် တစ်နှစ်တာလုံးအတွက် ထုတ်ပြန်ထားပေသည်။ နေဝင်နေထွက် အချိန်ဇယားများကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဗလီဝတ်ကျောင်းများတွင် တစ်နှစ်ပတ်လုံးအတွက် ချိတ်ဆွဲထားကြပါသည်။ မက္ကာမြို့ရှိ ကအ်ဗာကျောင်းတော် ဗလီဝတ်ကျောင်းအတွင်း၌ပင်လျှင် နေထွက်ချိန်၊ မွန်းတည့်ချိန်၊ နေဝင်ချိန်များကို **Electronic** နာရီများဖြင့် ဖော်ပြ ထားပါသည်။

အလားတူ လဝင်လထွက်ခြင်း များသည်လည်း တိကျသေချာသော ဇယားများရှိပြီးဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်အရ နေနှင့်လ နှစ်ခုစလုံးကိုဖန်ဆင်းခြင်း၊ လည်ပတ်စေခြင်းများသည် နေ့၊ ရက်၊ လ၊ နှစ် ဟူ၍ တွက်ချက်ရန်ဖြစ်ပေသည်။ နေဝင်နေထွက်ဇယားကို လက်ခံကြသော မွတ်စလင်မ်များ အနေဖြင့် လဝင်လထွက်စနစ်ကို လက်မခံနိုင်စရာ အကြောင်းမရှိပေ။ နေဝင် နေထွက်ခြင်း၊ လဝင်လထွက်ခြင်း၊ နေကြတ်ခြင်း၊ လကြတ်ခြင်းများကို ကြိုတင်ကြေညာနိုင်ခြင်းများသည် နေနှင့်လတို့အပါအဝင် ဂြိုဟ်များ အား လုံးသည်အလ္လာဟ်အရှင်မြတ်၏ တိုင်းတာသတ်မှတ်သည့်အတိုင်း ၎င်းတို့ ၏ လည်ပတ်လမ်းကြောင်းများအတွင်း အတိအကျ လည်ပတ်သွားလာ

နေခြင်းများကြောင့် ဖြစ်သည်။

ဗုခါရီကျမ်းတွင် ဆန်းဦးစလကို ကြည့်၍ ဝါဝင်ပါ၊ ဆန်းဦးစလကိုကြည့်၍ ဝါထွက်ပါဟု တမန်တော်မြတ်က မိန့်ကြားထားသည်။ ရာသီဥတုအရ မြင်နိုင်ချေ မရှိပါက တွက်ချက်၍ ဝါဝင်၊ တွက်ချက်၍ ဝါထွက်ဟု မိန့်ဆိုထားသည်။

လကိုကြည့်ရမည့် ရာသီဥတုအရ မြင်နိုင်ချေမရှိက တွက်ချက်ရ မည်။ ထိုကဲ့သို့ တွက်ချက်ရခြင်း ဆိုသည်မှာ မိမိနိုင်ငံ မြို့ရွာ စသည်ဖြင့်တည် ရှိသော တည်နေရာများမှ မိုးလေသဝ၊ ဇလဗေဒများမှ တွက်ချက်ထား သော လဝင် လထွက် အချိန်ဇယားများအရ ဝါဝင်ခြင်း၊ ဝါထွက်ခြင်း ပြုလုပ် ခြင်းအားဖြင့် မွတ်စလင်မ်အားလုံး ညီညွတ်စွာပါဝင်ခြင်း၊ ဝါထွက်ခြင်းများ တစ်ညီတစ်ညွတ်တည်း ပြုလုပ်နိုင်ကြမည်ဖြစ်သည်။ ကမ္ဘာ့သာသနာ့ ပညာ ရှင်အများစု လိုက်နာကျင့်သုံးသော စနစ်မှာ" ကမ္ဘာတစ်ဝှမ်းလုံးတွင် တစ် နိုင်ငံနှင့်တစ်နိုင်ငံ နှစ်ဆယ့်လေးနာရီ " ကွာခြားသော နိုင်ငံဟူ၍ မရှိ သော ကြောင့် ကမ္ဘာ့နိုင်ငံ တစ်နိုင်ငံမှ မွတ်စလင်မ်တစ်ဦးက လမြင်တွေ့ပါက ကျန်နိုင်ငံများ အတွင်း ရှိ မွတ်စလင်မ်များက ဝါဝင်ခြင်းဝါထွက်ခြင်းများကို ပြုလုပ်နိုင်ကြောင်း ကို ဆုံးဖြတ်ထားကြပေသည်။ (ဖသ်ဝါ ဂျာမေအဇ်ဟာရ်)

## မုတ်ဆိတ်ထားခြင်း

အစ္စလာမ်သာသနာဝင် မွတ်စလင်မ်အများစု တူညီစွာလက်ခံထားသော အချက်မှာ၊ တမန်တော်မြတ်သည် မုတ်ဆိတ်ထားသည်။ မွတ်စလင်မ်များ မုတ်ဆိတ်ထားရမည်မှာ "စွန္နဟ်" ဖြစ်သည်။

မုတ်ဆိတ်ထားခြင်းနှင့်စပ်လျဉ်း၍ ဗုခါရီကျမ်း၊ အဗူဒါဝူဒ်ကျမ်းနှင့် **Muwatta** ကျမ်းသုံးကျမ်းတွင် ဝါဝင်ပေသည်။ ဖေါ်ပြပါ သုံးကျမ်းတွင် ပါဝင်သော မုတ်ဆိတ်ထားခြင်းနှင့်စပ်လျဉ်းသော ဟဒီဆ်ကို ဆင့်ပြန်သူမှာဆွဟာဘာကြီး အဗ္ဗဒွလ္လာဟ်ဗင်န် အွမ္မရ်တစ်ဦးတည်းသာ ဆင့်ပြန် ခဲ့သည်။

ဖေါ်ပြပါ ဟဒီဆ်အမျိုးအစားကို ဟဒီဆ်ပညာရှင်များ၏ ဟဒီဆ်များကို ခွဲခြားစိတ်ဖြာသော ပညာရပ်များအရ **اَلْخَبَرُ الْاَحَدْ** အမျိုးအစားဖြစ် သည်။ အလားတူ ဟဒီဆ်ပါ မိန့်ဆိုချက်သည် **مُطْلَقْ** ချွင်းချက်မရှိ မုတ်ဆိတ်ထားရမည်ဟု မိန့်ဆိုထားသော ဟဒီဆ်အမျိုးအစား မဟုတ်ပေ။ **مُقَيَّدْ** ခြွင်းချက်ဖြင့် မိန့်ကြားထားသော ဟဒီဆ်အမျိုးအစားဖြစ်သည်။

## ဗုခါရီကျမ်း ဝတ်စားဆင်ယင်မှုကဏ္ဍ

အဗ္ဗဒွလ္လာဟ်ဗင်န် အွမ္မရ်သခင်က တမန်တော်မြတ်ထံမှ ဆင့်ပြန်ခဲ့ သည်မှာ၊- မွရှ်ရစ်က်များကို ဆန့်ကျင်ခြင်းအားဖြင့် နှုတ်ခမ်းမွှေးကိုရိတ်၍ မုတ်ဆိတ်ကိုထားပါဟု မိန့်ဆိုခဲ့သည်။ (ဟဒီဆ်အမှတ်-၁၉၁၇)

ဖေါ်ပြပါ ဟဒီဆ်သည် "မွရှ်ရစ်က်" များကို ဆန့်ကျင်ရသောအချိန်ကိုအထူးပြုထားသော ဟဒီဆ်ဖြစ်သည်။

အလားတူ အမျိုးအစားတူ ဟဒီဆ်တစ်ပုဒ်ကိုလည်း တွဲ၍ ဖေါ်ပြထားပေသည်။ ယဟူဒီများသည် ဖိနပ်ဝတ်၍ ဝတ်ပြုလေ့ မရှိပေ။ အသင်တို့သည် ယဟူဒီများကို ဆန့်ကျင်ခြင်းအားဖြင့် ဖိနပ်စီး၍ ဝတ်ပြုကြဟု မိန့်ဆိုထားသော ဟဒီဆ်ဖြစ်သည်။

ထိုကဲ့သို့ အဗူဟုရိုင်ရဟ်သခင်က တမန်တော်မြတ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ ယဟူဒီများနှင့် နဆ်ရာနီများသည် ဆံပင်များကို ဆေးမဆိုးကြ၊ အသင်တို့သည် ၎င်းတို့အား ဆန့်ကျင်ခြင်းအားဖြင့် ဆံပင်ဆေးဆိုးကြ။

(ဟဒီဆ်အမှတ်-၁၉၁၈)

ဖေါ်ပြပါ ဟဒီဆ်သုံးပုဒ်သည် အမျိုးအစားတူ ဟဒီဆ်များဖြစ်သည်။ မွရှ်ရစ်က်များ၊ ယဟူဒီများနှင့် နဆ်ရာနီများကို ဆန့်ကျင်ခြင်းအားဖြင့်၊ မုတ်ဆိတ်ထားကြ၊ ခေါင်းဆေးဆိုးကြ၊ ဖိနပ်စီး၍ ဆွလာသ်ဝတ်ပြုကြ ဆိုသောဟဒီဆ်များကို အကျယ်ဖွင့်ဆိုကြသော ဟဒီဆ်ပညာရှင်များက တစ်ညီတစ်ညွတ်တည်း လက်ခံထားကြသည်မှာ ဆန့်ကျင်ရသော အချိန်ဆိုသည်မှာ တစ်ဖက်နှင့်တစ်ဖက် စစ်ဖြစ်ခြင်းတွင်၊ မွရှ်ရစ်က်များသည် မုတ်ဆိတ်ထားလေ့မရှိ၊ နှုတ်ခမ်းမွှေးထားကြသည်။

ယဟူဒီနှင့်နဆ်ရာနီများသည် ခေါင်းဆေးဆိုးခြင်း အလျှင်းမရှိကြ။ ထိုကဲ့သို့ပင် ဖိနပ်စီး၍ ဝတ်မပြုကြပေ။ ၎င်းတို့ကို ဆန့်ကျင်ခြင်းအားဖြင့် မုတ်ဆိတ်ထားခြင်း၊ ခေါင်းဆေးဆိုးခြင်း၊ ဖိနပ်စီး၍ ဝတ်ပြုခြင်းပြုလုပ်ပါက စစ်အတွင်း သူ့လူကိုယ့်လူ ခွဲခြားနိုင်အောင်ပြောကြားသော ဟဒီဆ်များဖြစ် ပေသည်။

ဖေါ်ပြပါ ဟဒီဆ်များသည် စစ်ကာလ၌ သူ့လူကိုယ့်လူ ခွဲခြားနိုင်ရန်မိန့်ဆိုချက်များ ဖြစ်သည်။ ထိုကဲ့သို့ ကာလမျိုးတွင် ဖေါ်ပြပါ အမိန့်များသည်အမိန့်အဖြစ် သက်ရောက်သည်။ ထိုကဲ့သို့ ကာလမျိုးမဟုတ်သောအချိန်များ တွင် အမိန့်အဖြစ် အမြဲသက်ရောက်မှု မရှိပေ။ မုတ်ဆိတ်ထားခြင်း၊ ဖိနပ်စီး၍ ဆွလာသ်ဝတ်ပြုခြင်း၊ ခေါင်း ဆေးဆိုးခြင်းအားလုံးသည် စစ်အတွင်း မွှရှိရစ်ကမ်များ၊ ယဟူဒီနှင့်နဆ်ရာနီများနှင့် ဆန့်ကျင်ချိန်အတွက်သက်ရောက် မှုရှိသော အမိန့်ဖြစ်သည်။

ဖေါ်ပြပါ ဟဒီဆ်အမျိုးအစားကို ဟဒီဆ်ပညာအရ၊ **اَلْخَبَرُالْاَحَدْ** တမန်တော်မြတ်ထံမှ တစ်ဦးတစ် ယောက်တည်း (ဝါ) လူနည်းစုများက ဆင့် ပြန်သော ဟဒီဆ်ဖြစ်သည်။ ဖေါ်ပြပါ **اَلْخَبَرُالْاَحَدْ** တွင် **مَشْهُوْر** (ခေါ်) ကျော်ကြားသော ဟဒီဆ်များလည်း ရှိပေသည်။ ဥပမာ-------

**اِنَّمَاالْاَعْمَالُ بِنِيَّاتْ** " လုပ်ဆောင်ချက်ရလဒ်သည် ရည်ရွယ်ချက်ပေါ်တွင် မူတည်သည် " ဆိုသော ဟဒီဆ်အား တမန်တော်မြတ်ထံမှ အွမ္မရ်ဗင်န် ခတ္တာဗ် သခင် တစ်ဦးတည်းက ဆင့်ပြန်ခဲ့သော ဟဒီဆ်ဖြစ်ပေသည်။ သို့ သော် ထိုဟဒီဆ်ကို ကျမ်းကြီးခြောက်ကျမ်းစလုံးတွင် အကြိမ်ပေါင်း ၆၀၀ ကျော် ဖေါ်ပြခံရသော ဟဒီဆ်ဖြစ်သည့်အတွက် ဟဒီဆ်ပညာရှင်များက **مَشْهُوْر** ကျော်ကြားသော ဟဒီဆ်ဖြစ်သည်ဟု မှတ်တမ်းတင်ခဲ့ကြသည်။

ကျမ်းမြတ်ကုရ်အာန်တွင် မုတ်ဆိတ်ထားခြင်းဆိုင်ရာ ပညတ်ချက် များ ပါဝင်ခြင်း မရှိခဲ့ပေ။ ကျမ်းမြတ်ကုရ်အာန်သည် **ذِكْرٌلِّلْعٰلَمِيْنَ** (ခေါ်)စကြဝဠာရှိလူသားတစ်ရပ်လုံး လိုက်နာကျင့်သုံးရမည့် ဥပဒေဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်တွင် မုတ်ဆိတ်ထားရန် ဥပဒေပြဋ္ဌာန်းခဲ့ခြင်း မရှိသည်မှာသဘာဝကျပေသည်။ အဘယ်ကြောင့်ဆိုသော်၊ ကမ္ဘာနိုင်ငံအသီးသီးရှိ အချို့လူမျိုးများတွင် မုတ်ဆိတ်မပေါက်သော လူမျိုးများလည်း ပါဝင်ပေ သည်။ မုတ်ဆိတ်သည် လူသား၏သဘာဝနှင့် စပ်ဆိုင်သောကိစ္စရပ် ဖြစ်ပေသည်။ မုတ်ဆိတ်ထားရန် ဥပဒေပြ ဋ္ဌာန်းပါက မုတ်ဆိတ်မပေါက်သော မွတ်စလင်မ်တစ်ဦးအဖို့ အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို လိုက်နာကျင့်သုံးနိုင်သည့် အခွင့်အလန်းတစ်ရပ် ဆုံးရှုံးရပေမည်။

အလားတူ တမန်တော်မြတ်က မုတ်ဆိတ်ထားရန် ချွင်းချက်မရှိ မိန့်ဆိုခဲ့ပါက ဆွဟာဘာပေါင်း တစ်သိန်းကျော်အနက်၊ အဗ္ဗဒွလ္လာဟ် ဗင်န် အွမ္မရ်သခင်ကဲ့သို့ အခြားဆွဟာဘာအများစုကလည်း ဆင့်ပြန်ခဲ့သော ဟဒီဆ်များကို တွေ့ရှိရပေမည်။

## မုတ်ဆိတ်နှင့် စပ်လျဉ်း၍

အစ္စလာမ်သာသနာ စတင်ရာနယ်မြေသည် မက္ကာရွှေမြို့တော်မှ ဖြစ်သည်။ နောက်ပိုင်း တမန်တော်မြတ် အခြေချနေထိုင်ခဲ့သောမြို့မှာ မဒီနာဖြစ်သည်။ ထိုမက္ကာနှင့် မဒီနာအပါအဝင် အရဗ်နိုင်ငံများရှိ မွတ်စလင်မ်များရော၊ မွတ်စလင်မ်မဟုတ်သူများရော၊ အများအားဖြင့် မုတ်ဆိတ်ထားသူ ဦးရေနည်းသည်ကို တွေ့ရပေသည်။ ထိုကဲ့သို့ မက္ကာ၊ မဒီနာ အပါအဝင် အရဗ်နိုင်ငံများအတွင်း မုတ်ဆိတ်ထားသူများကို လေ့လာကြည့်မည်ဆိုလျှင် မွတ်စ လင်မ်များရော၊ မွတ်စလင်မ်မဟုတ်သူများရော၊ မုတ်ဆိတ်တိုတိုထား သည်ကိုတွေ့ရပေမည်။ ထိုကဲ့သို့ မုတ်ဆိတ် တိုတိုထားခြင်း ဓလေ့သည် **Pre-Islamic Arabian culture** (ခေါ်) အစ္စလာမ်မတိုင်ခင် အရဗ်များ၏ရိုးရာယဉ်ကျေးမှု တစ်ခုဖြစ်ပေသည်။ တမန်တော်မြတ်နောက် ပိုင်း အွမ္မရ်သခင်လက်ထက်တွင်၊ အုပ်ချုပ် ရေးမှူးများအား စေလွှတ်၍ အရဗ်နိုင်ငံအားလုံးနှင့် အာဖရိကတိုက်ရှိ အီဂျစ်နိုင်ငံတို့အား အစ္စလာမ့် အုပ်ချုပ်ရေးစနစ်ဖြင့်အုပ်ချုပ်ခဲ့လေသည်။ မုအာဝိယဟ်သခင်သည် ဂျေရုဆလမ်မြို့၏ အုပ်ချုပ်ရေးမှူးဖြစ်သည်။ အွမ္မရ်ဗင်န်အာဆ်သခင်သည် အီဂျစ်နိုင်ငံ၏ အုပ်ချုပ်ရေးမှူး ဖြစ်သည်။

နောက်ပိုင်း အုမိုင်ယဟ်မင်းဆက် အုပ်ချုပ်သက်တမ်း ၄၅ နှစ်လုံးလုံးဆီရီးယားနိုင်ငံအား မြို့တော်အဖြစ်

သတ်မှတ်၍ အုပ်ချုပ်ခဲ့သည်။ အလားတူအဗ္ဗာဆီယဟ်မင်းဆက်များကလည်း အီရာက်နိုင်ငံ၊ ဘဂ္ဂဒါဒ်ကို မြို့တော်အဖြစ် သတ်မှတ်၍ ၁၈၅ နှစ် အုပ်ချုပ်ခဲ့သည်။ ဖေါ်ပြပါ အစ္စလာမ့်အုပ်ချုပ် ရေးလက်အောက်များရှိ အရပ်နိုင်ငံများနှင့် အာဖရိကတိုက်ရှိ အီဂျစ်နိုင်ငံ အပါအဝင် အခြားအာဖရိကနိုင်ငံများအတွင်းရှိ မွတ်စလင်မ် များသည် မုတ် ဆိတ်ထား သော ဦးရေထက် မုတ်ဆိတ်မထားသော ဦးရေက ပိုများသည် ကိုတွေ့ရ ပေသည်။ ထိုကဲ့သို့ တမန်တော်မြတ်လက်ထက်မှ နှစ်ပေါင်း၃၅၀ ကျော်ဆက်တိုက် အစ္စလာမ့်အုပ်ချုပ်ရေးအောက်တွင် ရှိခဲ့ကြသော မွတ်စ လင်မ် များအဖို့ မုတ်ဆိတ်ထားခြင်း၊ မထားခြင်းအပေါ် မည်သည့် ပဋိပက္ခမျှ မရှိခဲ့ပေ။ အလားတူ ထားသူများအားလုံးသည်လည်း မုတ်ဆိတ်တိုတို ထားသူများ ကိုသာ တွေ့ရပေမည်။

ပါရှန်းနိုင်ငံနှင့် ပါရှန်း(ဖါရစီ) စကားပြောနိုင်ငံများတွင် အဖဂနစ္စတန်အပါအဝင် မွတ်စလင်မ်များရော၊ မွတ်စလင်မ်မဟုတ်သောသူများရော၊ အများစုသည် မုတ်ဆိတ်ရှည်ရှည်ထားသည်ကို တွေ့ရပေသည်။ အလား တူ အိန္ဒိယနိုင်ငံအတွင်းရှိ မွတ်စလင်မ်များနှင့် မွတ်စလင်မ်မဟုတ်သူများအားလုံးသည်လည်း မုတ်ဆိတ်ရှည်ရှည်ထားခြင်းကို တွေ့ရှိရပေသည်။ ဘန်ဂလာဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့လည်း ပါဝင်သည်။

မုတ်ဆိတ်သည် လူသားသဘာဝနှင့် ဆိုင်သောကိစ္စရပ်ဖြစ်ပေသည်။ အစ္စလာမ်သာသနာဝင် မွတ်စလင်မ်များသည် တမန်တော်မြတ်၏ စွန္နဟ်ကိုအကောင်အထည်ဖေါ်ခြင်းအားဖြင့် မုတ်ဆိတ်ထားရာ၌လည်း ၎င်းတို့၏ နိုင်ငံ၊ လူမျိုး ယဉ်ကျေးမှုများအရ အရပ်နိုင်များနှင့် အာဖရိကနိုင်ငံများရှိမွတ်စလင်မ်များသည် မုတ်ဆိတ်တိုတိုထားကြသည်။ ပါရှန်းနှင့် ပါရှန်း စကားပြောသောနိုင်ငံများ၊ အိန္ဒိယနိုင်ငံအပါအဝင်၊ ထိုနိုင်ငံများအတွင်းရှိ မွတ်စလင်မ်များသည် တမန်တော်မြတ်၏စွန္နဟ်ကို အကောင်အထည်ဖေါ် ခြင်းအားဖြင့် မုတ်ဆိတ်ထားကြသည်။ မုတ်ဆိတ်ထားရာ၌ ရှည်ရှည်ထား လေ့ရှိကြသည်။ အလားတူ ဥရောပတိုက်ရှိ တူရကီနိုင်ငံသည် မွတ်စလင်မ် နိုင်ငံတစ်ခုဖြစ်သည်။ မွတ်စလင်မ် ၉၅ ရာခိုင်နှုန်းရှိသည်။ ထိုနိုင်ငံရှိ မွတ်စ လင်မ်အများစုသည် မုတ်ဆိတ်ထားခြင်း မရှိကြပေ။

အစ္စလာမ်သာသနာသည် အလွန်တစ်ရာမျှ ဓမ္မဓိဌာန်ကျသော သာသနာဖြစ်သည်။ ထိုသာသနာတွင် အဓမ္မစနစ်မရှိပေ။ ခေတ်တိုင်း၊ နေရာတိုင်း၊ လူမျိုးတိုင်းအတွက် လိုက်နာကျင့်သုံးရာ၌ လွယ်ကူမှုကိုသာလျှင် ညွှန်ပြလျက်ရှိသော သာသနာဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန် စူရဟ်(၆၈) အာယတ်(၄)တွင်၊-

وَاِنَّكَ لَعَلٰى خُلُقٍ عَظِيۡمٍ

" ဧကန်အမှန် အသင်(တမန်တော်) သည် ကိုယ်ကျင့်တရားအရာ၌အမြတ်ဆုံး ဖြစ်သည် "

ဤသည် ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်က တမန် တော်မြတ်၏ ကိုယ်ကျင့်တရားနှင့်စပ်လျဉ်းပြီး မိန့်ကြားထားသော အာယတ်ဖြစ်ပေသည်။ အစ္စလာမ်သာသနာသည် ကိုယ်ကျင့်တရားကို အခြေခံသောသာသနာ ဖြစ်သည်။ မွတ်စလင်မ်တစ်ယောက်၏ ကိုယ်ကျင့်တရား ကောင်း မွန်ခြင်းသည် မရှိမဖြစ် လိုအပ်သောတာဝန်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော်၊ အစ္စလာမ်သာသနာဝင် မွတ်စလင်မ်များနှင့်စပ်လျဉ်းပြီး ကျမ်းမြတ် ကုရ်အာန် စူရဟ်(၄၉) အာယတ်(၁၃)တွင်၊-

" အသင်တို့အနက် 'သက္ကဝါ' (အလ္လာဟ်အရှင်မြတ်အား ချစ် ကြောက် ရိုသေခန့်ငြားမှု စိတ်ဓါတ်)အရှိဆုံးသူသည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် အမွန်မြတ်ဆုံး ဖြစ်သည် "

အစ္စလာမ်သာသနာဝင် မွတ်စလင်မ်များအနေဖြင့် အဓိကနှင့် သာမည ဆိုသောကိစ္စရပ်များကို ခွဲခြားသိရမည်မှာ တာဝန်တစ်ရပ်ဖြစ်ပေ သည်။ တမန်တော်မြတ်၏ စွန္နဟ်များကို အကောင်အထည်ဖေါ်ရာ၌ တမန်တော်မြတ်၏ မြင်တွေ့ရသော ရုပ်ပိုင်းဆိုင်ရာစွန္နဟ်များကိုလည်း အကောင်အထည်ဖေါ်၍ မမြင်မတွေ့ရသော စိတ်ပိုင်းဆိုင်ရာ စွန္နဟ်များကိုလည်း အကောင်အထည်ဖေါ်ရမည် ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင်၊-

اِتَّقُوا اللّٰهَ مَا اسۡتَطَعۡتُمۡ ဟူ၍ အမိန့်ပေးမိန့်ကြားချက် မြောက်များစွာပါဝင်ပေ သည်။ အဓိပ္ပာယ်မှာ " အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား အတတ်နိုင်ဆုံး သက္ကဝါ(ခေါ်)(ချစ်ကြောက်ရိုသေခန့်ငြား)ကြလေကုန် " ဟု ဆိုထား ပေသည်။

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

စူရဟ်(၃၃) အာယတ်(၂)တွင်၊-

" ဧကန်မလွဲ အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊နောက်ဆုံးနေ့ကိုလည်းကောင်း၊ ကြောက်ရွံ့သည့်အပြင် အလ္လာဟ်အရှင်မြတ်အား များစွာ အောက်မေ့တသ သတိရလျက်ရှိသူအဖို့ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၌ မွတ်မြတ်လှစွာသောစံနမူနာသည် ရှိပေသည် "

ဖေါ်ပြပါ အာယတ်များကို စေ့ငုံစွာဖတ်ရှုလေ့လာဆည်းပူး၍ သုံးသပ်ဆင်ခြင်မည်ဆိုပါက တမန်တော်မြတ်အား စံနမူနာယူရာ၌တမန် တော်မြတ်၏ စိတ်ပိုင်းဆိုင်ရာ စံများကိုနှလုံးသွင်း၍ မိမိတို့၏ စိတ်ဓါတ်များကိုဖွံ့ဖြိုးတိုးတက်စေရန် မိန့်ဆိုထားချက်များကို ကွက်ကွက်ကွင်းကွင်းမြင်တွေ့ နိုင်ပေသည်။

## ကျမ်းမြတ်ကုရ်အာန်နှင့်တွလာက်

ကျမ်းမြတ်ကုရ်အာန်ပါ အချို့အမိန့်များသည်တမန်တော်မြတ်၏ စွန္နဟ်(ခေါ်) အသေးစိတ် အကောင် အထည်ဖေါ်ပြမှု မပါပဲ လိုက်နာကျင့်သုံး ၍ မရနိုင်ပေ။ ဥပမာ၊- ဆွလာသ်၊ ဇကာသ်၊ ဟဂ်ျ ကဲ့သို့သော ဥပဒေများကို ဆိုလိုခြင်းဖြစ်သည်။

လင်ခန်းမယားခန်း ပြတ်စဲမှု တွလာက်ပေးခြင်းနှင့်စပ်လျဉ်း၍ "တွလာက်" နှင့် တွလာက်အကြောင်းပါဝင်သော အာယတ်များကို လိုက်နာကျင့်သုံးရာ၌ လည်းကောင်း၊ နားလည်သဘောပေါက်ရာ၌ လည်းကောင်း၊အလွယ်ကူဆုံး အရှင်းလင်းဆုံးနည်းများဖြင့် ဖေါ်ပြထားပေသည်။

မွတ်စလင်မ်မဟုတ်သော၊ အရဗီစာပေကို မသိနားမလည်သည့် လူတစ်ယောက်အား ၄င်းနားလည်တတ်ကျွမ်းသော ဘာသာစကားဖြင့် ဘာသာပြန်ထားသော ကုရ်အာန်ကိုပေး၍ တွလာက်ဆိုင်ရာ ဥပဒေများကို

ဖတ်ခိုင်းခြင်းအားဖြင့် ကုရ်အာန်ပါ တွလာက်ဥပဒေကို တစ်ထိုင်တည်းနှင့် နားလည်းသဘောပေါက်သွားမည် ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်တွင် တွလာက်ပေးခြင်းဆိုင်ရာ ဥပဒေသည် "အစ်ဒသ်" ဟုခေါ်ဆိုသော စောင့်ဆိုင်းကာလကို လုံးလုံးလျားလျား အခြေခံ ထားခြင်းဖြစ်သည်။ ဇနီးမောင်နှံတို့အား တစ်ဦးနှင့်တစ်ဦး ခွဲခွာလိုက ခွဲခွာခွင့်ပြုထားသည်။ ထိုကဲ့သို့ ခွဲခွာပြတ်စဲတော့မည်ဆိုပါက အောက်ပါစည်းကမ်းများကို တစ်သွေမတိမ်း လိုက်နာကြရမည်ဖြစ်သည်။

၁။ ခင်ပွန်းနှင့်ဇနီးသည်တို့ ပဋိပက္ခရှိပါက ခင်ပွန်းဖက်မှ လူကြီးတစ်ယောက်၊ ဇနီးဖက်မှ လူကြီး တစ်ယောက်ခေါ်၍ ပြေလည်စေရန် ညှိနှိုင်းရမည်။ (၄ း ၃၅)

၂။ ကွာရှင်းပြတ်စဲရာ၌ သမာဓိရှိသော လူကြီးနှစ်ယောက်ကိုသက်သေထားရမည်။ (၆၅ း ၂)

၃။ ဇနီးသည် ရာသီပန်းပွင့်ပြီး ကိုယ်ပြန်သန့်သည့် အချိန်ကိုစောင့်၍ ပြတ်စဲရမည်။ (၆၅ း ၁)

၄။ ကွာရှင်းပြီးပါက " အစ်ဒသ် " စောင့်ဆိုင်းကာလ ရက်ကို ရေတွက်ရမည်။ (၆၅ း ၁)

၅။ ကွာရှင်းခံရသော ဇနီးသည် ရာသီပန်းသုံးခါပွင့်သည့်တိုင် မိမိကိုယ်ကို စောင့်ဆိုင်းရမည်။ (၂ း ၂၂၈)

၆။ ကွာရှင်းခံရသော ဇနီးသည် ရာသီပန်းပွင့်ခြင်းမရှိပါက မိမိကိုယ်ကို သုံးလ စောင့်ဆိုင်းရမည်။ (၆၅ း ၄)

၇။ ကွာရှင်းခံရသော ဇနီးသည်ကိုယ်ဝန်ရှိပါက ၄င်း၏"အစ်ဒသ်" စောင့်ဆိုင်းကာလသည် ကလေးမွေးပြီး ချိန်အထိဖြစ်သည်။ (၆၅ း ၄)

၈။ ကွာရှင်းခံရသော ဇနီးသည်တွင် ထင်ရှားသော စက်ဆုပ်ဖွယ်ရာ တစ်စုံတစ်ရာ ကျူးလွန်မှု မရှိပါက၊ ခင်ပွန်းကလည်းအိမ်မှ နှင်မချရ။ ဇနီးကလည်း အိမ်မှဆင်းမသွားရ။ (၆၅ း ၁)

၉။ ကွာရှင်းခံရသော ဇနီးသည် စောင့်ဆိုင်းကာလ တွင် ကိုယ်ဝန်ရှိနေပါက မထိန်ချန်ရ။ အိမ်တွင်အတူ

နေချိန် ခင်ပွန်းကဇနီးသည်အား ပြန်လည်သိမ်းပိုက်ရန် အခွင့်အရေးပိုရှိသူဖြစ်သည်။ (၂း ၂၂၈)

၁၀။ ဇနီးမောင်နှံ (ပြန်လည်ပေါင်းသင်းနိုင်သော) ကွာရှင်းခြင်းသည် နှစ်ကြိမ်သာဖြစ်သည်။ ဒုတိယ ကွာရှင်းပြတ်စဲပြီး ဒုတိယ သုံးလစောင့်ဆိုင်းကာလအတွင်း ပြန်ပေါင်းခွင့်ရှိသည်။ ပြန်မပေါင်းလိုကနောက်အပြီး ခွဲခွာရမည်။ (၂း၂၂၉)

၁၁။ ထို အပြီးပြတ်စဲသွားသော အမျိုးသမီးသည် အခြားအမျိုးသားတစ်ဦးဦးနှင့် အိမ်ထောင်ကျပြီး ကွဲကွာသည်ဖြစ်စေ၊ ထိုအမျိုးသား သေဆုံးသွားသည်ဖြစ်စေ၊ ပထမ ခင်ပွန်းကပြန်လည်ပေါင်းသင်းလိုပါက နှစ်ဦးစလုံး အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းများကို စောင့်ထိန်းနိုင်မည်ဟု ယုံကြည်ပါက "နိကဟ်" ဖတ်၍ပေါင်းသင်းနိုင်သည်။ (၂း ၂၃၀)

၁၂။ အလ္လာဟ့်အမိန့်ဥပဒေများကို ပြောင်လှောင်ပျက်ရယ်မှုမပြု ကြနှင့်။ အသင်တို့အား ပြုထားသော ကျေးဇူးများကိုသတိရကြ။ ထိုကျမ်းမြတ်(ကုရ်အာန်)ဖြင့် အသင်တို့အား ဆုံးမတော်မူသည်။ အလ္လာဟ့် အား ကြောက်ရွံ့ရိုသေခန့်ငြားကြ။ ထိုအရှင်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်သည်။ (၂း၂၃၁)

အထက်ဖေါ်ပြပါ အကြောင်းအရာများသည် ကျမ်းမြတ်ကုရ်အာန် ပါ လင်ခန်းမယားခန်း ပြတ်စဲသော ဥပဒေဖြစ်သည်။ ထိုဥပဒေ၏ အသက်သည် **فَطَلِّقُوهُنَّ لِعِدَّتِهِنَّ** စောင့်ဆိုင်းကာလ "အစ်ဒသ်" ရက်ကို "ရေတွက်နိုင်"သောအချိန်ကာလ၌ တွလာက်ပေးကြ။ ဆိုလိုသည်မှာ ဇနီးသည် ရာသီပန်းပွင့်ပြီး ကိုယ်ပြန်သန့်သောအချိန်ကို ဆိုခြင်းဖြစ်သည်။ သို့မှသာ အထက်မှဖေါ်ပြခဲ့သော အာယတ်များအရ ရာသီပန်းပွင့်ချိန်သုံးချိန်ကို ရေတွက်နိုင်မည်ဖြစ်သည်။ တွလာက်တစ်ကြိမ်ပေးခြင်းအပေါ် သုံးလစောင့်ရမည်။ ထိုသုံးလအတွင်း အိမ်မှာအတူနေ၍ ပြန်လည်သင့်မြတ်ခြင်းကို ဖန်တီးရမည်။ ထိုကဲ့သို့ သုံးလအတူနေ၍ ပြေလည်မှုမရှိပါက ဒုတိယတွလာက်ကို ပေးရမည်။ ဒုတိယသုံးလ ပြန်စောင့်ရမည်။ အိမ်မှာအတူနေပြီး ပြေလည်မှုကို ဖန်တီးရမည်။ ထိုကဲ့သို့ ဒုတိယသုံးလတွင်လည်း ပြေလည်မှုမရှိပါက အပြီးအပြတ်တွလာက်ပေး၍ လမ်းခွဲရမည်။ ဤသည်မှာ အလွန်သဘာဝကျ သော လင်မယားပြတ်စဲမှု ဖြစ်ပေသည်။

ပထမ တွလာက်၏ စောင့်ဆိုင်းကာလ သုံးလ၊ ဒုတိယတွလာက်၏စောင့်ဆိုင်းကာလ သုံးလပေါင်း ခြောက်လအတူနေ၍ပင် ပြန်လည်ပေါင်းသင်းလိုစိတ် ကုန်ခန်းသွားသော ဇနီးမောင်နှံတို့၏ လမ်းခွဲမှုသည် သွေးအေးအေးနှင့် လမ်းခွဲကြခြင်းဖြစ်သည်။ ထိုကဲ့သို့ သွေးအေးအေးဖြင့် လမ်းခွဲခြင်းသည် နောက်ကြောင်း ရှုပ်စရာအကြောင်းမရှိတော့ပေ။ အကယ်၍ ဇနီးမောင်နှံ စိတ်ဆိုးချိန်ခဏ မသင့်မမြတ်ဖြစ်သော စိတ်လိုက်မာန်ပါ ဒေါသ အလျောက် ကွာရှင်းပြတ်စဲခဲ့သည်ဆိုပါက အိမ်မှာအတူနေစဉ် သုံးလ အတွင်း ပြန်လည်ပြေလည်သွားမည်ဖြစ်သည်။ ထိုကဲ့သို့ သုံးလနှင့် မပြေလည်ပါက ခြောက်လအတွင်း ပြေလည်ရေးကို ဦးတည်ပြီး ရေးဆွဲထားသောဥပဒေ ဖြစ်သည်။

လက်ရှိ အမေရိကန်ပြည်ထောင်စု၏ လင်ခန်းမယားခန်း ပြတ်စဲမှုဥပဒေသည်၊ လင်နှင့်မယား နှစ်ဦးသဘောတူ တရားရုံးသို့ ကွာရှင်းပြတ်စဲလိုကြောင်း လျှောက်လွှာတင်ရသည်။ ထိုလျှောက်လွှာတင်ချိန်မှ စတင်၍ခြောက်လပြည့်သည့်အထိ စောင့်ရသည်။ ခြောက်လအတွင်း လင်နှင့်မယားအပြီးပြတ်စဲ၍ မရ။ ခြောက်လကျော်ပြီးမှ ဒုတိယလျှောက်လွှာအရ လင်ခန်းမယားခန်းပြတ်သည်။

## ဗူခါရီကျမ်းမှ တွလာက်ကဏ္ဍ

ဗူခါရီကျမ်းပါ တွလာက်ကဏ္ဍကို စူရဟ်တွလာက်ဖြင့် စတင်ထားပါသည်။ ထို့နောက် အဗ္ဗဒုလ္လာဟ်ဗင်န် အွမ္မရ်သခင်က ၎င်း၏ဇနီး ကိုယ်မသန့်ချိန်တွင် တွလာက်ပေးခဲ့၏။ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ အွမ္မရ်သခင်က တမန်တော်မြတ်အား ပြောပြခဲ့၏။ ထိုအခါ တမန်တော်မြတ်က မိန့်ဆိုသည်မှာ၊ ကိုယ်မသန့်ချိန် တွလာက်ပေး၍

www.QuranInBurmese.com


မရ။ အသင့်သားအား ပြန်ပေါင်းလိုက ပြန်ပေါင်းနိုင်သည်ဟု ပြောကြားလိုက်။ အကယ်၍ ပြန်မပေါင်းလိုကနောက် တစ်ချိန် ကိုယ်မသန့်ချိန်ကို ပြန်စောင့်။ ကိုယ်သန့်ပြီးမှ တွလာက်ပေးဟု မိန့်ဆိုခဲ့သော ဟဒီဆ်ကို ဖေါ်ပြထားသည်။

(ဗုခါရီကျမ်း၊ တွလာက်ကဏ္ဍ၊ ဟဒီဆ်-၁၈၇၈)

မွတ်စလင်မ်များ၏ အခြေခံဥပဒေဖြစ်သော ကျမ်းမြတ်ကုရ်အာန် တွင် ကဏ္ဍပေါင်း (၁၁၄)ကဏ္ဍပါဝင်ပေသည်။ ထိုကဏ္ဍများအနက် စူရဟ်တွလာက်ဟူ၍ ကဏ္ဍတစ်ခု သီးခြားဖေါ်ပြထားပေသည်။ ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန်၏ ဥပဒေနှင့်ဆန့်ကျင်၍ ဗုခါရီကျမ်းအပါအဝင် မည်သည့်ဟဒီဆ်ကျမ်းများတွင်မှ ဆန့်ကျင်၍ မိန့်ဆိုထားသော ဟဒီဆ်များ မပါဝင်ပေ။ ဖေါ်ပြပါ ကျမ်းမြတ်ကုရ်အာန်နှင့် ဆန့်ကျင်၍ ဖေါ်ပြခဲ့သော ဟဒီဆ်များရှိပါကလည်း လိုက်နာကျင့်သုံးရန် မလိုအပ်ပေ။

အထက်မှ ဖေါ်ပြပြီး ဖြစ်သော တမန်တော်မြတ်ပင်လျှင် ကျမ်းမြတ်ခွသ်ဗဟ်ပေးခြင်း သို့မဟုတ် မိမိတို့ တတ်သိနားလည်သော ဘာသာစကား ဖြင့်ပေးခြင်းအပေါ် အိမာမ်ကြီးလေးပါးအနက် အဗူဟနီဖာသခင်၊ အိမာမ် ရှာဖီအီသခင်၊ အိမာမ်ဟမ်ဗလ်သခင်တို့သုံးဦးတို့က ခသ်ဗဟ်နားထောင်သူတို့သည် အရဗ်များမဟုတ်ပဲ အင်္ဂလိမီခေါ် အရဗ်မဟုတ်သူများဖြစ်ပါက၊ ထိုနားထောင်သောသူများနားလည်သော ဘာသာစကားဖြင့် ခွသ်ဗဟ်ပေးရမည် ဟု ၎င်းတို့ဓမ္မသတ်များတွင် ဆုံးဖြတ်ခဲ့သည်။

မိမာမ် မာလစ်က်သခင်ကမူ၊ ခွသ်ဗဟ်တရားရေအေးတိုက်ကျွေးရာ၌ နားထောင်သူများသည် အရဗ်မဟုတ်ပဲ အင်္ဂျမီခေါ် အရဗ် မဟုတ်သူများ ဖြစ်ပါကလည်း၊ အရဗီဘာသာဖြင့်သာ ခွသ်ဗဟ်ပေးရမည်ဟု ၎င်း၏ဓမ္မသတ်တွင် ဖေါ်ပြထားသည်။

## كِتَابُ الْفِقةَ علىَ الْمَذْهَبِ الْعَرَبَعةِ

(အရဗီမူရင်းကျမ်းအတွဲ-၁၊စာမျက်နှာ-၃၁၅၊ ခွတ္တဗဟ်ဆိုင်ရာဓမ္မသတ်ကဏ္ဍ)

ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဗလီဝတ်ကျောင်းများတွင် ခွသ်ဗဟ်ပေးရာ၌ ထိုနိုင်ငံအတွင်းရှိ မွတ်စလင်မ်များ နားလည်သော ဘာသာစကားဖြင့် ခွသ်ဗဟ်ပေးလျက် ရှိကြပါသည်။ ကျမ်းမြတ်ကုရ်အာန်အရလည်း၊ ခွသ်ဗဟ်နားထောင်ရန်အတွက် ဗလီဝတ်ကျောင်းများသို့ အဆောတလျင်သွား ရောက် နှီးဆော်ထားပေသည်။ ခွသ်ဗဟ်ကိုနားထောင်ခြင်းအား ဝါဂျစ်ဗ်တာဝန်အဖြစ် အိမာမ်လေးပါးစလုံးက အဆိုညီစွာလက်ခံထားကြပါသည်။ ခွသ်ဗဟ်အချိန်တွင် စကားပြောခြင်း၊ ခွသ်ဗဟ်ကို အာရုံစိုက်၍ နားမထောင်ခြင်းသည် ကျမ်းမြတ်ကုရ်အာန်ကို သယ်ဆောင်ထားသော မြည်းသတ္တဝါ ဖြစ်သည်ဟု အိမာမ်လေးပါးစလုံးက လက်ခံထားကြသည်။ ထိုဝါဂျစ်ဗ် တာဝန်ဖြစ်သော ခွသ်ဗဟ်ကို နားထောင်သူများသည် မိမိတို့နားလည်သောဘာသာစကားဖြင့် ကြားသိရမှသာ၊ ထိုခွသ်ဗဟ်အား တစ်လေးတစ်စား နားထောင်ကြမည်ဖြစ်ပေသည်။ သို့မှသာ ကျမ်းမြတ်ကုရ်အာန်ပါ (အလ္လာဟ် အရှင်မြတ်အား တသ သတိရရှိရာသို့) အဆောတလျင် သွားကြသူများ အတွက် ခွသ်ဗဟ်၏ အကျိုးသက် ရောက်မှုများကို ခံစားနိုင်ကြမည်ဖြစ်ပေသည်။

♣♣♣♣♣♣♣♣♣

**ဗလီဝတ်ကျောင်းများနှင့် အမျိုးသမီးများ**

وَعَنْهَا اَنَّ وَلِيْدَةً سُوْدَاءَ كَا نَ لَهَا خِبَاءً فِى الْمَسْجِدِ فَكَانَتْ تَأْتِيْنِى فَتَحَدَّثُ عِنْدِى (اَلْحَدِيْثُ مُتَّفَق عَلَيْهِ)

အာအေယှာဟ်သခင်မက ဆင့်ပြန်ခဲ့သည်မှာ၊ ဗလီဝတ်ကျောင်း အတွင်းတွင် လူမည်းအမျိုးသမီးတစ်ဦးက၊

တဲထိုး၍ နေခဲ့သည်။ ထိုအမျိုးသမီးသည် ကျွန်မထံလာရောက်၍ စကားစမြည်ပြောလေ့ရှိသည်။
(ဗူခါရီနှင့်မွတ်စလင်မ် နှစ်ကျမ်းစလုံးတွင်ပါဝင်၍ အဆိုညီသော ဟဒီးဆ်ဖြစ် သည်။ **BULUGH AL-MARAM** ဆွလာသ်ကဏ္ဍ)

အာအေယှာသခင်မက ဆင့်ပြန်ခဲ့သည်မှာ၊ တမန်တော်မြတ်၏ နောက်မှ ဖဂျရ်ဆွလာသ် ဝတ်ပြုခဲ့ကြသော အမျိုးသမီးများအနက် အချို့ သည် ခြုံထည်တစ်ခုတည်းနှင့် တစ်ကိုယ်လုံးကို လုံအောင် ပတ်၍ ဝတ်ပြုကြသည်။ (ဗူခါရီကျမ်း၊ ဆွလာသ်ကဏ္ဍ၊ ဟဒီးဆ်အမှတ်-၃၆၈)

တမန်တော်မြတ်၏နောက်တွင် အမျိုးသမီးများ ဂျမာအသ်ဖြင့် ဆွလာသ်ဝတ်ပြုမှုနှင့်စပ်လျဉ်း၍ ဗူခါရီကျမ်းအပါအဝင် ကျမ်းကြီးခြောက် ကျမ်းစလုံးတွင် ပါဝင်ပေသည်။ အလားတူ တမန်တော်မြတ်ခေတ်မှ စတင်၍ ကအ်ဗာကျောင်းတော်နှင့် မဒီနာရှိ တမန်တော်မြတ်၏ ဝတ်ကျောင်း တော်တို့တွင် အမျိုးသမီးများ ငါးကြိမ်ဆွလာသ်ဝတ်ပြုခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပေသည်။ ထိုကဲ့သို့ပင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဗလီဝတ်ကျောင်းများတွင်လည်း ဆွလာသ်ငါးကြိမ်စလုံးကို ဂျမာအသ်ဖြင့် အမျိုးသမီးများ ဝတ်ပြုခြင်း၊ ဂျုနာဇဟ်ဆွလာသ်ဝတ်ပြုခြင်း၊ အစ်ဒဂါကွင်းပြင်များတွင်လည်း အီဒ်ဆွလာသ်ဝတ်ပြုခြင်းများကို အမျိုးသားများနည်းတူ အမျိုးသမီးများလည်း ဝတ်ပြုလျက်ရှိကြပေသည်။

အထက်မှ ဖော်ပြခဲ့သော လူမည်းအမျိုးသမီးတစ်ဦး ဗလီ ဝတ်ကျောင်းအတွင်း တဲထိုး၍နေခြင်းဟဒီးဆ်သည် ဗူခါရီကျမ်းမှ ဟဒီးဆ်ဖြစ်သည်။ အလားတူ မွတ်စလင်မ်ကျမ်းတွင်လည်း ပါဝင်ပေသည်။ ထိုဟဒီးဆ်ကို အစ်ဗနေဟာဂျရ်သခင်က ၎င်း၏ **BULUGH AL MARAM** ဆွလာသ် ကဏ္ဍတွင် အကျယ်တစ်ဝင့် ဖော်ပြခဲ့သည်မှာ၊ အမျိုးသမီးများသည်အခြေ အနေအရ ဗလီဝတ်ကျောင်းအတွင်းတွင် သီးခြားကာ၍ နေခွင့်ရှိကြောင်းဖော်ပြထားပေသည်။ ထိုလူမည်းအမျိုးသမီး တဲထိုး၍နေခဲ့သော ဗလီဝတ်ကျောင်းမှာ တမန်တော်မြတ်၏ " မဆ်ဂျိဒေနဗဝီ " ကျောင်းတော်ဖြစ်သည်။

အလားတူ တမန်တော်မြတ်က အသင်တို့၏ဇနီးများ၊ သမီးများကလည်း ဗလီဝတ်ကျောင်းသို့ ဆွလာသ်ဝတ်ပြုရန် ခွင့်တောင်းပါက မတားကြနှင့်ဆိုသော ဟဒီးဆ်များလည်း ပါဝင်ပေသည်။ အစ္စလာမ်တရားတော်၏ အရင်းအမြစ်ဖြစ်သော ကျမ်းမြတ်ကုရ်အာန်တွင် အမျိုးသမီးများ ဗလီဝတ်ကျောင်းများတွင် ဆွလာသ်ဝတ်ပြုမှု၊ ကဗ်ရ်သင်္ချိုင်းများတွင် ဇေယာရသ်ပြုမှုများကို ပိတ်ပင်တားဆီးခြင်း အလျင်းမရှိခဲ့ပေ။ တမန်တော်မြတ်၏ ဟဒီးဆ်များတွင်လည်း ပိတ်ပင်တားဆီးခြင်း မရှိခဲ့ပေ။ ကအ်ဗာကျောင်းတော်နှင့် မဒီနာရှိ တမန်တော်မြတ် ဗလီဝတ်ကျောင်း ဝတ်ကျောင်း အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဗလီဝတ်ကျောင်းများတွင်လည်း နေ့စဉ် ဆွလာသ်ငါးကြိမ်အမျိုးသားများနည်းတူ အမျိုးသမီးများလည်း ဝတ်ပြုလျက်ရှိကြပါသည်။

ထိုကဲ့သို့ ကိစ္စရပ်များကို အကြောင်းပြု၍ ငြင်းခုံမှု၊ ပြဿနာဖြစ်မှုခိုက်ရန်ဖြစ်မှု များသည် မရှိသင့်မရှိထိုက်သော ကိစ္စရပ်များဖြစ်ပေသည်။

စူရဟ်(၂) အာယတ် (၂၇၈)တွင်၊-

" အို-ယုံကြည်သူအပေါင်းတို့ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါမူ၊ အလ္လာဟ်အရှင်အား ချစ်ကြောက်ရိုသေခန့်ငြားကြလေ ကုန်။ ၎င်းအပြင် ကြွင်းကျန်လျက်ရှိသော အတိုးများကို စွန့်လွှတ်ကြ "

စူရဟ် (၂) အာယတ် (၂၇၉)တွင်၊-

" တစ်ဖန် အကယ်၍ အသင်တို့သည် အတိုးနှင့်ပတ်သက်သောအလ္လာဟ်အရှင်မြတ်၏ အမိန့်ကို မလိုက်နာခဲ့ပါမူ၊ အလ္လာဟ်အရှင်မြတ်နှင့် လည်းကောင်း၊ အလ္လာဟ်အရှင်၏ တမန်တော်နှင့်လည်းကောင်း၊ စစ်မက်ပြိုင် တိုက်ခိုက်ကြရန် အဆင်သင့် ရှိကြကုန် "

စူရဟ်(၃) အာယတ်(၁၃၀)တွင်၊-

" အို-သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အတိုးမစားကြလေနှင့်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်ကို

ချစ်ကြောက်ရိုသေခန့်ငြားကြလေကုန်။ သို့မှသာ အသင်တို့ အောင်မြင်ကြကုန်အံ့ "

စူရဟ်(၄) အာယတ်(၁၆၁)တွင်၊-

" ထို့ပြင်တ၀ ထိုသူတို့၏ အတိုးစားမှုကြောင့်လည်းကောင်း၊ သူတစ်ပါးတို့၏ ဉစ္စာပစ္စည်းကို မတရားသောနည်းဖြင့် စားသုံးခြင်းကြောင့် လည်း ကောင်း၊ တားမြစ်ခဲ့ရလေပြီ။ ထိုမှတစ်ပါးတုံ ငါအရှင်မြတ်သည် ထိုသူတို့ အနက်မှ သွေဖည်ငြင်းပယ်သူတို့အဖို့ အလွန်ပြင်းထန်သော ပြစ်ဒဏ်ကို အဆင် သင့် ပြုလုပ်ထားလေသည်"

ဤသည်တို့မှာ ကျမ်းမြတ်ကုရ်အာန်ပါ အတိုးနှင့်စပ်လျဉ်း၍ ပိတ်ပင်တားဆီးထားသော ဥပဒေဖြစ်သည်။ နေရာအားဖြင့် ခြောက်နေရာတွင် ပါ၀င်ပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် မြောက်များစွာ ပိတ်ပင်တားဆီးခဲ့သော ဥပဒေများတွင် ချွင်းချက်ဖြင့် ခွင့်ပြုထားသော ဥပဒေများ ပါ၀င်ပေသည်။ ဥပမာ- စားသုံးခြင်းနှင့်စပ်လျဉ်း၍ တားမြစ်ထားသော စူရဟ်(၅)အာယတ်(၃)တွင်၊-

" အလိုအလျောက်သေသော သားကောင်သည်လည်းကောင်း၊ သွေးသည်လည်းကောင်း၊ ၀က်၏အသားသည် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုရည်စူးထားသော တိရစ္ဆာန်သည် လည်း ကောင်း၊ လည်မျိုညှစ်၍ သေသောသားကောင်သည် လည်းကောင်း၊ ရိုက် နှက်၍ဖြစ်စေ၊ ထိခိုက်၍ဖြစ်စေ၊ သေသော သားကောင်းသည် လည်း ကောင်း၊ မြင့်ရာမှကျ၍ သေသောသားကောင်သည် လည်းကောင်း၊ ဦးချိုဖြင့်ဝှေ့ခတ်ခြင်းခံရ၍ သေသောသားကောင်းသည် လည်းကောင်း၊ (အသက်မထွက်မီ တရားတော်နှင့်အညီ) အသင်တို့ "ဇဗဟ်" လှီးဖြတ်နိုင်ခဲ့သော တိရစ္ဆာန်များမှအပ၊ သားရဲတိရစ္ဆာန်များ သတ်ဖြတ်ထားသောသားကောင်သည် လည်းကောင်း၊ အသင်တို့အပေါ်၌ " ဟရာမ် " ဟူ၍ တားမြစ်ထားပြီးဖြစ်သည်။ ရုပ်ပွားများထားရှိရာနေရာဌာနများတွင် ပူဇော်လှီးဖြတ်ထားသည့်သားကောင်သည်လည်းကောင်း၊ မဲ၊ မြားတို့ဖြင့် အသင်တို့ ဝေစုဝေပုံခွဲခြင်းသည်လည်းကောင်း၊ အသင်တို့အဖို့(စားသုံးခြင်း မပြုကြရန်)တားမြစ်ထားပြီးဖြစ်သည်။ ဤသည်တို့သည်ကား ပြစ်မှုဒုစရိုက်များပင်တည်း။ သို့ရာတွင် မည်သူမဆို အပြင်းအထန် ဆာလောင်မွတ်သိပ်၍ မလွဲမရှောင်သာသည့် အခြေအနေသို့ စိုက်ရောက်ခဲ့သဖြင့် ထိုသူသည် ပြစ်မှုကို နှစ်သက်လိုမှုမရှိပဲတားမြစ်ထားသော အရာများကို စားသုံးမိပါက မချွတ်ဧကန် အလ္လာဟ် အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်အလွန်ကြင်နာတော်မူသော အရှင်ပင်ဖြစ်တော်မူ၏ "

အကြင်သူတစ်ဦးသည် အခြေအနေအရ ထိုတားမြစ်ထားသော အရာများသာ ရှိသည့်နေရာတွင် ရောက်ရှိခဲ့၏။ ထိုအရာများကို ကြိုက်နှစ်သက်ခဲ့ခြင်းလည်းမရှိ၊ အစားကျူးသည်လည်းမဟုတ်ပဲ၊ ထိုအရာများကို အသက်မသေရန် စားပိုင်ခွင့် ပြုထားသည်။

သို့သော် အတိုးနှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်ပါ ခြောက် နေရာစလုံးတွင် ချွင်းချက်ဖြင့်လည်း စားပိုင်ခွင့် ပြုထားသည်ကို အလျင်း မတွေ့ရှိရပေ။

တမန်တော်မြတ်သည် ဟစ်ဂျရီ(၁၀)ခုနှစ် ဇွလ်ကဒဟ် ၂၆ ရက်နေ့တွင် မဟာသာ၀ကပေါင်း ၉၀၀၀၀ နှင့်အတူ မဒီနာမြို့မှ ဟဂ်ျပြုရန် ထွက်ခွာခဲ့သည်။ ဇွလ်ဟဂ်ျဂျ ၉ ရက်နေ့တွင် အရဖသ်ကွင်းပြင်ရှိ ရဟ်မသ်တောင် ပေါ်မှ မိန့်ခွန်းချွေခဲ့သည်။ ထိုမိန့်ခွန်းကို နားထောင်ခဲ့သော ဆွဟာဘာကြီးများမှာ ၁၁၅၀၀၀ ခန့်ရှိခဲ့သည်။ ထိုမိန့်ခွန်းကို တမန်တော်မြတ်၏ နှုတ်ဆက်မိန့်ခွန်းအဖြစ် လူသိများခဲ့သည်။ ထိုမိန့်ခွန်းတွင် အကြောင်းအရာ မြောက်များ စွာ ပါ၀င်ခဲ့သည်။ ထိုမြောက်များစွာအနက် အတိုးနှင့်စပ်လျဉ်း၍၊-

فَاِنَّ كُلَّ رِبَا مُوَضُوْعٌ

"အတိုးနှင့်စပ်လျဉ်း၍ ယူထားခြင်း၊ ပေးထားခြင်းများအားလုံးကို ဖျက်သိမ်းပြီးဖြစ်သည်" မိမိယူထားပါကလည်း ပြန်ပေးရန်မလို၊ မိမိကပေးထား ပါကလည်း၊ ပြန်ယူရန်မလို၊ အလ္လာဟ်အရှင်မြတ်သည် အတိုးနှင့်စပ်လျဉ်း ၍တား မြစ်ချက်ဥပဒေ ပြဋ္ဌာန်းထားပြီး ဖြစ်သည်။

قَضَى اللّٰهُ اَنَّهُ لَا رِبَا

**အစ္စလာမ့်အတိတ်သမိုင်းမှ အယူဝါဒဆိုင်ရာရှုပ်ထွေးမှုများ**

"အတိုးယူခြင်း၊ ပေးခြင်းစနစ်အစ္စလာမ်တွင် မရှိတော့ပေ"

وَاَنَّ رِبا عبَّاس بن عبدا لمطلب موضوع كلّه

"ကေန် အဗ္ဗဒ္ဒလ်မွတ္တလစ်ဗ်၏သား အဗ္ဗာဆ်သခင်၏ အတိုး အား လုံးကိုလည်း ပယ်ဖျက်၊ ဖျက်သိမ်းပြီးလေပြီ" (ယူထားသူများ ပြန်လည် ပေးရန်မလိုပေ။)

အတိုးနှင့်စပ်လျဉ်း၍ ကျမ်းမြတ်ကုရ်အာန်တွင်လည်း တားမြစ်ခဲ့ သည်။ ထိုကဲ့သို့ပင် တမန်တော်မြတ်ကလည်း အတိုးနှင့်စပ်လျဉ်း၍ တားမြစ်ခဲ့ပြီးဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန် အာယတ်များအရရော၊ တမန်တော်မြတ်၏ အထက်ပါမိန့်ခွန်းအရရော၊ ပထမပိုင်းတွင် အတိုးပေးခြင်း၊ အတိုးယူခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ပါဝင်ပေသည်။ ထိုကဲ့သို့ အတိုးပေးခြင်း ယူခြင်းစနစ်များကို ကျမ်းမြတ်ကုရ်အာန်တွင် တားဆီးပိတ်ပင်မိန့်များကျရောက်ပြီးနောက်ပိုင်း တမန်တော်မြတ်ကလည်း တားဆီးပိတ်ပင်ခဲ့သည်။

အချို့ပညာရှင်များအကြား **لاَ رِبا دار الحرف** ဆိုသော"ဒါရွလ်ဟရဖ်" အစ္စလာမ်အုပ်ချုပ်မှု နယ်ပယ်မဟုတ်သော ဒေသတွင် အတိုးစားပိုင်ခွင့်ရှိသည်ဆိုသော ဟဒီဆ်များအရ၊ အတိုးစား၍ရသည်ဟု ခံယူကြသည်။ အချို့ပညာရှင်များက ဖေါ်ပြပါ ဟဒီဆ်အရ စားလို့ရသည်ကား မှန်၏။ သို့သော် "ဒါရွလ်ဟရဖ်" ဆိုသော ဝေါဟာရကို ဖွင့်ဆိုရာ၌ မွတ်စလင်မ်များအပေါ် စစ်တိုက်ခိုက်သော နေရာများကိုသာလျှင် ဒါရွလ်ဟရဖ် ဟုခေါ်သည်ဟု စောဒက တက်ကြသည်။

မည်သို့ပင်ဆိုစေ၊ **لاَ رِبا دار الحرف** ဆိုသောဟဒီဆ်သည် အမှန် တကယ် ရှိခဲ့ပါကလည်း ကျမ်းမြတ်ကုရ် အာန်တွင် အတိုးနှင့်စပ်လျဉ်း၍ပိတ်ပင်တားဆီးသော အာယတ်များမကျရောက်ခင်အလျင်က ဆိုကောင်းဆိုခဲ့နိုင်သည်။ ထိုကဲ့သို့ ဆိုကောင်းဆိုခဲ့ပါကလည်း ထိုဟဒီဆ် အမျိုးအစားသည်ကျမ်းမြတ်ကုရ်အာန် အာယတ်များအရ လည်းကောင်း၊ တမန်တော်မြတ်၏ဟဂ်ျဂျသွလ်ဝိဒဟ် ဆွဟာဘာပေါင်း တစ်သိန်းတစ်သောင်းငါးထောင်ခန့်ရှေ့တွင် မိန့်ကြားခဲ့သော တမန်တော်မြတ်၏ နောက်ဆုံးမိန့်ခွန်းအရ လည်းကောင်း၊ ပလပ်ဖျက်သိမ်းပြီးသော ဟဒီဆ်သာလျှင် ဖြစ်ပေသည်။

ဖေါ်ပြပါ ကိစ္စရပ်များသည် ပြဿနာအဖြစ် မပေါ်ကောင်း၊ မဖြစ်ကောင်းသော ကိစ္စရပ်များဖြစ်ပေသည်။ ထိုကဲ့သို့ ကျမ်းမြတ်ကုရ်အာန်က ခြွင်းချက်မရှိလုံးဝဥဿုံ တားမြစ်ပြီးဖြစ်သော ကိစ္စဖြစ်သည်။ အလားတူ တမန်တော်မြတ်ကလည်း ဟဂ်ျဂျသွလ်ဝိဒဟ်တွင် ကျမ်းမြတ်ကုရ်အာန် အတိုင်းသာလျှင် ပြန်လည် မိန့်ခွန်းချွေပြီးဖြစ်ပေသည်။ ထိုကဲ့သို့ နှစ်ပေါင်း၁၄၀၀ ကျော်ကထဲက မရှိတော့သောကိစ္စရပ်များကို ပြန်လည် အသက်သွင်းနေခြင်းများသည်၊ ကျမ်းမြတ်ကုရ်အာန်ကို ဌာန်ကရိုဏ်းကျကျဖတ်တတ်ရုံကလွဲပြီး၊ မိမိတို့ ဖတ်ရွတ်သရဇ္ဈာယ်သည့်အတိုင်း နားလည်သဘောမပေါက်ခြင်း၊ နားလည်သဘောပေါက်အောင် မကြိုးစားခြင်း၊ နားလည်သဘော ပေါက်ရကောင်းမှန်း မသိခြင်းတို့ ကြောင့်ဖြစ်သည်။

# ကျမ်းမြတ်ကုရ်အာန်

အစ္စလာမ့်အခြေခံဥပဒေသည် ကျမ်းမြတ်ကုရ်အာန်ဖြစ်သည်။ ထိုကျမ်းပါ ဥပဒေများကို အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်၏ နှလုံးသားထဲသို့ " ဝဟီ " အားဖြင့် ပို့ချပေးခဲ့သည်။ ထိုကျမ်းပါ အာယတ်များသည် တမန် တော်မြတ်ထံသို့ ဝဟီ အဖြစ်ပို့ချခဲ့သည့်အတိုင်း လိုတိုး ပိုလျှော့အလျင်းမရှိပဲ ထာဝရ တည်ရှိနေမည်ဖြစ်သည်။ ထိုကဲ့သို့ တည်ရှိ နေရန်လည်း အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။ စူရဟ်(၁၅) အာယတ် (၉)တွင်၊-

" ဧကန်စင်စစ် ငါအရှင်သည်ပင်လျှင် ဤဆုံးမသြဝါဒတည်းဟူသောကျမ်းမြတ်ကုရ်အာန်ကို ချပေးတော်မူခဲ့လေသည်။ ထို့မှတစ်ပါး ငါအရှင် သည်ပင်လျှင် ထိုကျမ်းကို စောင့်ရှောက်တော်မူမည့် အရှင်ဖြစ်ပေသည်"

အလားတူ ထိုကျမ်းသည် ပြီးပြည့်စုံ အသေးစိတ်ရှင်းလင်းထားသောကျမ်းဖြစ်သည်ကို စူရဟ်(၁၁) အာယတ်(၁)တွင်၊-

" ဤသည် အကြင်ကျမ်းဂန်တစ်ဆူတည်း။ ထိုကျမ်းဂန်၏ အာ ယတ်တော်များသည် မြဲမြံခိုင်ခန့်အောင် ပြုလုပ်ခြင်းဖြစ်ချေသည်။ ထို့ပြင်ထိုအာယတ်တော်များသည် ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်မှ အသေးစိတ်ရှင်းလင်းဖေါ်ပြပြီးဖြစ်ပေသည် "

စူရဟ်(၁၆) အာယတ်(၄၃)နှင့် စူရဟ်(၂၁) အယတ်(၇)တို့တွင်၊-

فَسْئَلُوٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ

" အသင်တို့ မသိကြပါက သိသောသူများအား မေးမြန်းကြ "

အထက်ပါ အာယတ်များအရ ကျမ်းမြတ်ကုရ်အာန်သည် အသေး စိတ်ရှင်းလင်းထားပြီးဖြစ်သည်။ ၎င်းနောက် အသင်တို့မသိလျှင် သိသောသူများကို မေးမြန်းကြဟု ဆိုထားသည်။ ဖေါ်ပြပါ အာယတ်များအပေါ် လေးလေးနက်နက် စဉ်းစားခဲ့သော ဆွဟာဘာကြီး အဗူဘက္ကရ်သခင်ကအကယ်၍ ကုလားအုတ်တစ်ကောင်၏ ကြိုးလေးတစ်ချောင်းကဲ့သို့ သေးမွှားသည့် ပစ္စည်းကလေး ပျောက်ဆုံးသွားပါကလည်း ပြန်လည်ရရှိရန် နည်းလမ်းကို ကျမ်းမြတ်ကုရ်အာန်တွင် လမ်းညွှန်ချက်ပါရှိပြီးဖြစ်သည် ဟု ဆိုခဲ့သည်။

(ဒေါက်တာ ယူဆွဖ်ကရ်ဒွါဝီ၏ **Islamic Law in The Modern World** စာမျက်နှာ -၁၀)

စူရဟ်(၁၄) အာယတ်(၁)တွင်၊-

" ဤသည် ကျမ်းဂန်ဖြစ်သည်။ အသင်သည် လူသားတစ်ရပ်လုံးတို့အား အလ္လာဟ်၏အမိန့်တော်နှင့် အမှောင်ထုများမှ အလင်းရောင်သို့ဆွဲထုတ်နိုင်အံ့သောငှာ၊ ထိုကျမ်းဂန်ကို ချပေးခဲ့လေသည် "

ကျမ်းမြတ်ကုရ်အာန်အလျှင်က ချပေးခဲ့သော ဥပဒေများနှင့် ရွေးချယ်ခဲ့သော နဗီတမန်တော်များသည် လူမျိုးစုများအတွက်သော်လည်းကောင်း၊ခေတ်တစ်ခေတ်အတွက် လည်းကောင်း၊ နယ်ပယ်များအလိုက်သော်လည်း ကောင်း၊ ဖြစ်ပေသည်။ ထိုတမန်တော်များ မရှိတော့သည့် နောက်ပိုင်းတွင်၎င်တို့ထံချပေးခဲ့သော ဥပဒေများသည်လည်း မူရင်းအတိုင်း မရှိတော့ပဲ၊ လူသားများ၏ အယူအဆများနှင့် ရောထွေးခဲ့သည်။ ထိုကဲ့သို့ မူရင်းပျောက်၍ လူသားများ၏ အတွေးအခေါ် အယူဝါဒရိုင်းများနှင့် ရောထွေးနေသောဥပဒေများကို ကျမ်းမြတ်ကုရ်အာန်၏ ဥပဒေအားဖြင့် ပလပ်ဖျက်သိမ်းခဲ့လေ၏။ စူရဟ်(၈၁) အာယတ်(၂၇)တွင်၊-

اِنْ هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ

" ထို(ကုရ်အာန်ကျမ်း)သည် စကြဝဠာခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒသာလျှင်ဖြစ်ပေသည် "

ထိုကုရ်အာန်သည် စကြဝဠာတစ်ခုလုံးနှင့်ဆိုင်သော ခေတ်တိုင်း၊ လူမျိုးတိုင်းအတွက် ဘဝလမ်းညွှန် ကျမ်းဖြစ်ပေသည်။ တမန်တော်မြတ်သည်လည်း رَحْمَةً لِّلْعٰلَمِيْنَ " စကြဝဠာတစ်ခုလုံးရှိ လူသားတစ်ရပ်လုံး အတွက်ကရုဏာရှင်ဖြစ်ပေသည် " တမန်တော်မြတ်သည် လူသားတစ်ရပ်လုံး၊ အတွက်၊ ခေတ်တိုင်းအတွက်၊

www.QuranInBurmese.com


ကိယာမသ်နေ့တိုင်ပေါ်ပေါက်လာလတ္တံ့ သော လူသားများအတွက်လည်း မဟာတမန်တော်ဖြစ်ပေသည်။ ကျမ်းမြတ်ကုရ်အာန်သည် အတုလံအတုမရှိသော အလ္လာဟ်အရှင်မြတ်၏ စကားဖြစ်သည်။ ထိုကျမ်းပါ ဥပဒေများသည် ခေတ်တိုင်း၊ နေရာတိုင်း၊ လူမျိုးတိုင်းနှင့်အမြဲလိုက်လျောညီထွေရှိနေမည် ဖြစ်သည်။ ထိုကျမ်းပါ ဥပဒေများတွင် လူမျိုးစုတစ်စု၊ တိုင်းပြည်တစ်ပြည်၊ အဖွဲ့အစည်းတစ်ဖွဲ့၊ ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာ လူပုဂ္ဂိုလ်များ၊ အုပ်ချုပ်သူလူတန်းစားများ၊ သူဌေး ဆင်းရဲသားဟူ သောလူတန်းစားများ၊ အခွင့်ထူးခံလူတန်းစား၊ လူတစ်ဦးတစ်ယောက်တို့အတွက် ကိုယ်စားပြု၍ ကျရောက်ခဲ့သော ကျမ်းမဟုတ်ပေ။ ထိုကျမ်းသည်လူသားတစ်ရပ်လုံးအတွက် တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရန် ချပေးခဲ့သောကျမ်းဖြစ်သည်။

ထိုကျမ်းအား အရဗီစာပေဖြင့် အရဗ်ဖြစ်သော တမန်တော်မြတ်အားချပေးခဲ့သော်ငြားလည်း ထိုကျမ်းတွင် အရဗ်ရိုးရာယဉ်ကျေးမှုများ ပါဝင်ခြင်းအလျင်းမရှိခဲ့ပေ။ ကျမ်းမြတ်ကုရ်အာန်သည် လူ့ဘဝအောင်မြင်မှုအတွက်လမ်းညွှန်ဖြစ်သည်။ လူသား၏အတွေးအခေါ် အဆင့်အတန်းကို မြှင့်တင်ပေးသည် စိတ်ပိုင်းဆိုင်ရာ ယုံကြည်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ကျင့်ကြံအားထုတ်နည်းများ ပါဝင်သည်။ မိသားစုဆက်ဆံရေးမှ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးအထိ ကျယ်ပြန့်စွာ လမ်းညွှန်ထားသည်။ ကိုယ်ကျင့်တရားကောင်းမွန်ရန်နှင့်၊ စိတ်ထားဖြူစင်၍ ကြံ့ခိုင်မှုရှိရန် တိုက်တွန်းထားသည်။ ကောင်းရာကိုကျင့်၍၊ ကောင်းရာကိုညွှန်ခြင်း၊ မကောင်းရာမှ ရှောင်ကြဉ်၍၊ မကောင်းရာ ကို တားမြစ်ခြင်းတို့ကို ပြဋ္ဌာန်းထားသည်။

ကျမ်းမြတ်ကုရ်အာန်၏ လမ်းညွှန်မှုသည်သာ လူသားများအတွက် လွယ်ကူမှုရှိပြီး ချို့တဲ့မှုအပေါင်းမှ စင်ကြယ်လျက်ရှိသောဥပဒေ ဖြစ်သည်။ လူသားတစ်ဦး၏ ထမ်းဆောင်နိုင်သောဝန်ထက်ပို၍ တာဝန်ပေးထားခြင်းမရှိပေ။ ထိုကျမ်းပါ ဥပဒေများအတိုင်းသာလျှင် တမန်တော်မြတ်က ၂၃ နှစ်လုံးလုံး ဆွဟာဘာကြီးများနှင့်အတူ ကျင့်ကြံအားထုတ်ခဲ့ခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်းလုံးသို့ အစ္စလာမ့်ရောင်ခြည်တော်ကို ထွန်းတောက်စေခဲ့လေသည်။ ထိုစံများအတိုင်း ဖဝါးထပ်တူ လိုက်နာကျင့်သုံးခဲ့သော သာဗေအီန်ကြီးများ ခေတ်တွင်လည်း၊ ဘာသာ၊ သာသနာဆိုင်ရာ ဝိဝါဒကွဲပြားခြားနားမှု၊ မဇ္ဈိပက္ခ များ၊ စောဒကများ မရှိခဲ့ပေ။ ဤသည်မှာ ကျမ်းမြတ်ကုရ်အာန်မှလွဲ၍ လိုက်နာကျင့်သုံးရန် အခြားကျမ်းဂန်များ မရှိခဲ့ခြင်း၏ အကျိုးရလဒ်ပင် ဖြစ်ပေတော့သည်။

**ဦးစိုးလွင်**

**(ငြိမ်းချမ်း လျှပ်စစ်)**

ဒီဇင်္ဘာလ(၁)ရက်၊ ၂၀၀၃ခုနှစ်၊တနင်္လာနေ့။

www.QuranInBurmese.com


## ကိုးကားကျမ်းများ


၁။ ကုရ်အာန်ကျမ်းမြတ်၏ အလင်းပြန်ကျမ်း။ (မြန်မာဘာသာပြန်)
ဃာဇီမုဟမ္မဒ်ဟာရှင်မ်နှင့် မက္ကဆူဒ်အဟ်မဒ်ခါန်(ခ)ဦးခင်မောင်ကြီး။

၂။ ကျမ်းမြတ်ကုရ်အာန်(အရဗီဘာသာပြန်) ٧٧٤، امام اسماعيل بن كثيره

၃။ **Sahih-AL-BUKHARI (ARABIC-ENGLISH)**
**DR.MUHAMED MUHSIN KHAN (Translated)**

၄။ بلوغ المرام من ادلّة لاحكام
العلاَمة الحافظ ابن حجر العسقلاَنى رحمة اللّٰه

၅။ الدكتور محمّد حسين الذّهبى — الوحى والقران الكريم

၆။ الدكتور يوسف القرضاوى — السنة النبوية

၇။ الاعتبار فى الناسخ والمنسوخ من الآثار
الاما الحافظ ابى بكر محمّد بن موسى الهمذنى

၈။ عبد الرحمٰن الجزيرى — كتاب الفقه على المذهب الاربعه

၉။ الدكتور يوسف القرضاوى — فتاوى معاصرة

၁၀။ احمد حسين صقر — خطبة حجّة الوداع

၁၁။ امام ربّانى احمد سرهند — مكتوبات امام ربّانى (اردو)

၁၂။ علاَمة سيد سليمان ندوى — رحمة للعلمين (اردو)

၁၃။ **AL-IFQAN FI ULUM AL AQRAM (EINGLISH-1971)**
**JALAL-AL-DIN SUYUTI**

၁၄။ **SIRAT RASUL-ALLAH (ENLISH-1955)**
**MOHAMED IBN ISHAQ**

၁၅။ **LIVING ISLAM AND ISLAM TODAY(ENLISH-1993)**
**AHMED AKBAR**

၁၆။ **A HISTORY OF THE ARAB PEOLE (ENGLISH-1991)**
**HOURANI ALBERT**

၁၇။ **THE RECONSTRUCTION OF RELIGIOUS THOUGHT IN ISLAM (1989) IQBAL-ALLAMA MOHAMMED**

၁၈။ **WESTERN VIEWS OF ISLAM INTHE MIDDLE AGES**
**(1962) SOUTHERN.R.W**

၁၉။ **ISLAM (U.S.A2000) - KAREN AMSTRONG**

၂၀။ **IBN TAYMIYYAH'S EXPOUNDS ON ISLAM**
**(U.S.A-2000) - MOHAMED ABDUL HAQ ANSARI**

၂၁။ **ISLAMIC LAW IN THE MODERN WORLD (1998)**
**DR. YUSOOF AL QARDAWI**